အင်္ဂါ၊ ဒီဇင်ဘာ (၃၁)

**၁ ရာ ၃၁**

၁ ကော ၁၅း၅၅-၅၈

*“ငါတို့ သခင်ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွတကား”*

## ဖိလိတ္တိလူတို့သည် ဣသရေလအပေါ် အောင်မြင်မှုရခဲ့၏

ရှောလုသည် ထိုသို့သော အဆုံးသတ်နှင့်ကြုံတွေ့ရမည်အကြောင်း ဘုရားသခင် ခွဲခန့်မှတ်သားတော်မူခဲ့ပါသည်။ သို့သော်လည်း၊ သူ၏သေဆုံးမှုသည် ဝမ်းမြောက်စရာ မဟုတ်ဘဲ၊ ဝမ်းနည်းစရာဖြစ်ပါသည်။ ဘုရားသခင်၏လူတို့သည် အထူးသဖြင့် အရေးကြီးသောအချိန်၌ ဘုရားသခင်ကို ယုံကြည်ကိုးစား ဖို့လိုပါသည်။

ရှောလု၏လက်နက်ဆောင် လုလင်သည်လည်း မိမိကိုယ်ကို အဆုံးစီရင်ခဲ့ပါသည်။ သူသည်လည်း ဓါးကိုထောင်လျက် ဓါးဖျားပေါ်၌ လှဲ၍ သေခဲ့ပါသည်။ ထို့ပြင်၊ ရှောလု၏ စစ်သူရဲအပေါင်းတို့သည် အသတ်ခံခဲ့ကြ၏။ အသတ်မခံရသောသူတို့သည် ထွက်ပြေးခဲ့ရကြ၏။ ဖိလိတ္တိလူတို့သည် ဣသရေလကို အနိုင်ရခဲ့ပါသည်။ အကြောင်းမှာ၊ ဘုရားသခင်သည် ဣသရေလ ရှင်ဘုရင်အား ဆုံးမသောအားဖြင့် သူတို့လက်ထဲသို့ အပ်တော်မူသောကြောင့်ဖြစ်ပါသည်။

ဣသရေလနှင့် ဖိလိတ္တိလူတို့ အကြား စစ်ပွဲသည် အသစ် မဟုတ်ပါ။ ထို့ကြောင့်၊ ရှောလုနှင့် သူ့လူတို့သည် ထိုအမှုကို သိလျက်၊ ပြင်ဆင်ခဲ့သင့်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် မိမိ၏ အလိုတော်ကို ဆောင်ရွက်တော်မူခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ဤဝမ်းနည်းမှု သူ့တို့အပေါ် ကျရောက်ခဲ့ပါသည်။ ဣသရေလသည် စစ်ရှုံးလျက်ရှိကြောင်း သေချာသောအခါ၊ ကျန်လူတို့သည် အသက်ရှင်ဖို့အတွက် ထွက်ပြေးခဲ့ကြ၏။

ကျန်လူအပေါင်းတို့သည် မြို့မှထွက်ပြေး ခဲ့ကြပါသည်။ ဤအခြေအနေတွင်၊ သူတို့သည် သူတို့၏အိမ်နှင့် ပစ္စည်း ဥစ္စာများထက်၊ အသက်ရှင်ဖို့ကို အဓိကထားလျက် ထွက်ပြေးခဲ့ကြ၏။ တိုက်ပွဲတိုင်း၌ ဤအမှုကို တွေ့ရပါသည်။ စစ်ရှုံးသောသူများသည် ရန်သူ၏လက်ထဲ၌ ရှိကြ၏။ ဣသရေလသည် ယောရှု၏ ခေါင်းဆောင်မှုအောက်၌ ခါနန်ပြည်သို့ ဝင်ရောက်လျက် ကြီးမားသော အောင်မြင်မှုကို ရခဲ့ကြ၏။ သို့သော်လည်း၊ ဘုရားသခင်၏လမ်းမှ လွဲကြသောအခါ၊ ဒဏ်ခတ်ခြင်း ခံခဲ့ကြပါသည်။ တရားသူကြီးကာလတွင် အခြားလူမျိုးတို့၏ အနိုင်ယူမှုကို သူတို့ ခံခဲ့ရပါသည်။ ထိုအခါ သူတို့သည် ထာဝရဘုရားအား ရှင်ဘုရင် တောင်းခဲ့ကြပြီး၊ ရှောလုကို ပေးခဲ့ပါသည်။ ထိုအမှု၏ရလဒ်သည် ယခုတွေ့ရသော အဖြစ်အပျက်ပင်ဖြစ်ပါ၏။ ထာဝရဘုရားသည် မိမိထံမှ လမ်းလွှဲသောအခါတိုင်း၌ သူတို့ကို ဆုံးမဖို့ရန် သူတို့၏ရန်သူလူမျိုးများကို အသုံးပြုတော်မူခဲ့ပါသည်။ ရှောလု သေခြင်းသည်လည်း ထိုသို့ဖြစ်ပါသည်။ ယခု ကျဆုံးခြင်းအမှုသည်လည်း ရှောလု အပြုအမူ၏ ရလဒ်ပင်ဖြစ်ပါသည်။ သို့သော်လည်း၊ ထာဝရဘုရားသည် ဤလူမျိုးကို စွန့်ပစ်တော် မမူခဲ့ပါ။ မကြာမီ ပြန်လည် တည်ထောင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စကားတော် နာခံခြင်းအမှုကို ကျွန်ုပ်တို့၏ စိတ်အလိုသဘော အတိုင်း ပြုရမည့်အရာ မဟုတ်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ထံ အစဉ် သစ္စာရှိမည်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။



အင်္ဂါ၊ အောက်တိုဘာ (၁)

**၁ ရာ ၁၃း၁၄၊ ၁၅း၂၂**

၂ ပေ ၁း၁၉-၂၁

*“ထိုမှတပါး၊ သာ၍မြဲမြံသော အနာဂတ္တိစကားတော်သည် ငါတို့၌ ရှိသေး၏”*

## အဆုံးသတ်ခြင်းနှင့်စတင်ခြင်း စာစောင်

ဓမ္မဟောင်းကျမ်း ၃၉ ကျမ်းကို ပညတ္တိကျမ်း၊ သမိုင်းကျမ်း၊ ဉာဏ်ပညာနှင့်ယှဉ်သောကျမ်းနှင့် အနာဂတ္တိကျမ်းဟူ၍ ပိုင်းခြားထားပါသည်။ ယောရှုမှတ်စာ သည် သမိုင်းကျမ်းများ၏ အစဖြစ်၍ ခါနန်ပြည်၌ ဣသရေလအခြေချခြင်းဖြင့် စတင်ခဲ့ပါသည်။ ဓမ္မရာဇဝင်ကျမ်း ပထမစောင်သည် (သမိုင်းကျမ်းများ၏ စတုတ္ထမြောက်ကျမ်းဖြစ်၍) တရားသူကြီးများခေတ်မှ ရှင်ဘုရင်ခေတ်သို့ ကူးပြောင်းခြင်းအကြောင်းဖြစ်ပါသည်။ အစတွင်၊ ဓမ္မရာဇဝင်ကျမ်း ပထမစောင်မှ စတုတ္ထစောင်အထိသည် ကျမ်းတကျမ်း (သို့) တအုပ်တည်းဖြစ်ပါသည်။ သို့သော်လည်း၊ ဓမ္မဟောင်းကျမ်းကို ဂရိဘာသာစကားသို့ ဘာသာပြန်ထားသော Septuagint က ယခုကဲ့သို့ ၄ စောင်အဖြစ် ခွဲပိုင်းခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ ခွဲပိုင်းခြင်းသည် မှတ်သားရလွယ်ကူစေရန်သာဖြစ်၍ အကြောင်းအရာများ ပြောင်းလဲခြင်း မရှိပါ။ ထို ကျမ်းစာ ပိုင်းခြားသတ်မှတ်ခြင်းကို ကျွန်တော်တို့ ဆက်လက်အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။

ဓမ္မရာဇဝင် ပထမစောင် ရေးသားသောသူကို ဖော်ပြမထားခဲ့ပါ။ ထို့သို့ ဘုရားသခင် ဖော်ပြတော်မမူခြင်းသည် “လူတို့ သိဖို့ မလို” ဟု သတ်မှတ်သောကြောင့် ဖြစ်ပါလိမ့်မည်။ ရေးသားသောသူသည် ဘုရားသခင်ကိုယ်တိုင်ဖြစ်ကြောင်း သိမှတ်ပါလော့။ ဂတိတော်ပြည်ကို သိမ်းပိုင်ဖို့ရန် ဣသရေလလူတို့အား ယောဒန်မြစ်အနောက်ပိုင်းသို့ ယောရှု ခေါ်ဆောင်သောအချိန်မှစ၍ နှစ်ပေါင်း ၃၀၀ မှ ၄၀၀ ကြာမြင့်ခဲ့ပြီဖြစ်၏။ ထိုအချိန်၌ ဘုရားသခင်သည် ဣသရေလကို အုပ်စိုးတော်မူသောသူ ရှင်ဘုရင်ဖြစ်၏ (ဘုရားသခင်က ကောင်းကင်မှ တိုက်ရိုက်အုပ်စိုးတော်မူ၏)။ ဓမ္မရာဇဝင် ပထမစောင်တွင် ထိုဘုရားသခင်၏တိုက်ရိုက် အုပ်စိုးခြင်း အဆုံးသတ်ခြင်းနှင့် အဆုံးသတ်ရခြင်း အကြောင်းကို ဖော်ပြခဲ့ပါသည်။ “လူတိုင်း မိမိ ကောင်းသည်ဟု ထင်မှတ်သောအရာကို ပြုခြင်း” ဟူသော အကျင့်ဆိုးကို ငြီးငွေ့ကြသောကြောင့်၊ ဣသရေလလူတို့သည် ထာဝရာဘုရားအား ရှင်ဘုရင် တောင်းလျှောက်ခဲ့ကြ၏။ သူတို့၏မှားယွင်းသော တောင်းလျှောက်မှုကို ဘုရားသခင် ခွင့်ပြုတော်မူခဲ့ပါသည်။ ဤသည်ကား၊ ရှင်ဘုရင် စနစ် စတင်ခြင်းဖြစ်ပါသည်။

ရှင်ဘုရင် ပိုင်ဆိုင်ခြင်းသည် မှားယွင်းခြင်း မဟုတ်ပါ၊ သို့သော်လည်း ဣသရေလ၏ ရှင်ဘုရှင် တောင်းလျှောက်ရခြင်း အကြောင်းရင်း မှားယွင်းခဲ့ပါသည်။ ဣသရေလ၏ ဝိညာဉ်ရေးရာ အမှုသည် ရှင်ဘုရင်ပိုင်ဆိုင်ခြင်းဖြင့် ကောင်းမွန်တိုးတတ်လာမည် မဟုတ်ပါ။ ရှင်ဘုရင် ပိုင်ဆိုင်ခြင်းဖြင့် သူတို့သည် သူတပါးလက်အောက်သို့ ကျွန်ကျခံရကြလိမ့်မည်သာ ဖြစ်ပါသည်။ ရုပ်တုကိုးကွယ်ခြင်းသည် အလွန်ဆိုးယုတ်သော အပြစ်ဖြစ်သောကြောင့် ယုံကြည်သူသည် အထူးသတိပြုရပါမည်။

**ဆင်ခြင်ရန်** - နည်းစနစ် မဟုတ်၊ လူသာလျှင် အစဉ် ပြဿနာဖြစ်ပါ၏။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော်အဖို့ အသက်ရှင်ရန်အတွက် ကျွန်တော် လိုအပ်သော တရားအပေါင်းကို ကိုယ်တော်၏နှုတ်ကပတ်တော်က ဖော်ပြတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂)

**၁ ရာ ၁၃း၁၄၊ ၁၅း၂၂**

မာကု ၁း၁-၂

*"ထာဝရဘုရားသည် စိတ်နှလုံးတော်နှင့် ညီညွတ်သောသူကို ရှာတော်မူ၏"*

## ဘုရားသခင်၏စိတ်နှလုံးတော်နှင့် ညီညွတ်သောသူ

၁ ရာ ၁၃း၁၄ ၌ ဒါဝိဒ် အကြောင်းဖော်ပြခြင်း အကြောင်းရင်းမှာ ဘုရားသခင်အပေါ် ပြစ်မှားသောအပြစ်မှ ရှင်ဘုရင် ရှောလု နောင်တမရခြင်းပင်ဖြစ်ပါသည်။ သူသည် မိမိအပြစ်၌ သူတပါးကို အပြစ်ဖို့ခဲ့ပါသည်။ ရှင်ဘုရင် ရှောလုသည် နောင်တ မရဘဲ၊ တသက်လုံးနေခဲ့ပါသည်။ ဣသရေလ၏ ပထမဆုံး ရှင်ဘုရင်အဖြစ် ခန့်ထားတော်မူသော ထာဝရဘုရားကိုယ်တိုင်က ရှောလု၏ နိုင်ငံတော်ကို အဆုံးသတ်စေခဲ့ပါသည်။ ထိုသို့ ရှင်ဘုရင်ရှောလု ငြင်းပယ်ခံရခြင်း၌ ဘယ်သူကိုမျှ အပြစ်တင်စရာ မရှိပါ၊ သူကိုယ်တိုင်သာလျှင် တရားခံဖြစ်ပါသည်။

သူ့ ဘုရင့်အရိုက်အရာကို လုယူသည်ဟုထင်ရသော ဒါဝဒ်ကိုလည်း အပြစ်တင်၍ မရပါ၊ အကြောင်းမှာ ရှင်ဘုရင် ရှောလုအပေါ်၌ ဘုရားသခင် အပြစ်ဒဏ်ပေးခဲ့ပြီးနောက် ရှစ်နှစ်အကြာ ၌သာ ဒါဝိဒ်သည် မွေးဖွားခဲ့ပါ၏။ "ဘုရားသခင်၏စိတ်နှလုံးတော်နှင့် ညီညွတ်သောသူ" ဟူသော အချက်က ဒါဝိဒ်၏အသက်တာကို ဖော်ပြလျက်ရှိ၏။ ထိုသို့ ဖော်ပြခံရခြင်းသည် သူပြုသောအမှု၌ မတည်ပါ။ သူသည် ရှောလုကဲ့သို့ အပြစ်ပြုခဲ့ပါသည်။ သို့သော်လည်း၊ သူ့အပြစ်ကြောင့် အပြစ်တင်ခြင်းခံရသောအခါ၊ မိမိအလိုသို့လိုက်သော ရှောလုကဲ့သို့ မဟုတ်ဘဲ၊ ဒါဝိဒ်သည် နောင်တရခဲ့ပါသည်။ ရှောလုသည် ဘုရားသခင်၏နာမတော်ကို အရေးမလုပ်ဘဲ၊ မိမိ၏ နာမည်ကျော်စောခြင်းကိုသာ အဓိက ထားခဲ့၏။ သို့သော်လည်း၊ ဒါဝိဒ်မူကား မိမိအသက်ကို သတ်ဖို့ရန် ရှာနေသော ရှင်ဘုရင် ရှောလုကို မသတ်ဘဲ၊ တောထဲ၌ ပုန်းခိုနေခဲ့ပါသည်။ ရှင်ဘုရင် ရှောလုကို ဆန့်ကျင် တိုက်ခိုက်ခြင်း (သို့) သတ်ခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်ရာရောက်၏။ အကြောင်းမှာ၊ ရှောလုကို ဘိသိက် သောသူသည် ဘုရားသခင်ဖြစ်တော်မူသောကြောင့်၊ ဘုရားသခင်ကသာလျှင် သူ့အသက်ကို ယူပိုင် ခွင့်ရှိ၏။ ဒါဝိဒ်သည် ဘုရားသခင်အပေါ် အပြစ်လွန်ကျူးသောအခါ၊ မိမိကိုယ်ကို နှိမ့်ချလျက် အပြစ်မှ နောင်တရပြီး၊ ဘုရားသခင်၏နာမတော်အတွက် မိမိအသက်တာကို ပြုပြင်ခဲ့ပါသည်။

ယုံကြည်သူအပေါင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုပြုတော်မူခြင်း အားဖြင့် စစ်မှန်သော နောင်တရခြင်းရှိခဲ့ကြသော ဘုရားသခင်၏စိတ်တော်နှင့် ညီညွတ်သောသူ ဖြစ်ကြပါ၏။ ဒါဝိဒ်၏အသက်တာသည် အပြစ် ကင်းမဲ့သောအသက်တာ လုံးဝ မဟုတ်ခဲ့ပါ။ ဗာသရှေဘအပေါ် သူ့မယားပြစ်မှားခြင်းအမှုကို သူလွန်ကျူးခဲ့ကြောင်း အားလုံးသိခဲ့ပါသည်။ ရှောလုနှင့် မတူသည်မှာ၊ သူသည် ပရောဖက် နာသန်က သူ့အပြစ်ကို ဖော်ပြသောအခါ၊ ဒါဝိဒ်သည် ချက်ချင်း နောင်တရခဲ့ ပါသည်။ ယုံကြည်သူအပေါင်းတို့သည် စစ်မှန်သော နောင်တရခြင်းအကြောင်းကို သင်ယူဖို့ရန်၊ ဒါဝိဒ်၏ နောင်တရခြင်း ဆုတောင်းချက်ကို ဆာလံ ၅၁ တွင် ရေးသားဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - အို ဘုရားသခင်၊ ကိုယ်တော်၏စိတ်နှလုံးတော်နှင့် ညီညွတ်သောသူ ဖြစ်မည် အကြောင်း မစတော်မူပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ခရစ်တော်အကြောင်းကြောင့် ကိုယ်တော် သန့်ရှင်းသည်နည်းတူ ကျွန်တော် သန့်ရှင်းခြင်း ရှိမည်ကြောင်း မစတော်မူပါ။



တနင်္လာ၊ ဒီဇင်ဘာ (၃၀)

**၁ ရာ ၃၁**

လု ၂၃း၃၉-၄၃

*"ငါ အမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ ရှိလိမ့်မည်"*

## ရှင်ဘုရင်ရှောလုသည် စစ်ပွဲ၌ သေခဲ့ပါသည်

ရှင်ဘုရင် ရှောလုသည် မကြာမီ အဆုံးသတ်တော့မည်ဖြစ်ပါသည်။ သူသည် ဒါဝိဒ်ကို ဣသရေလပြည်မှ နှင်ထုတ်ခဲ့၏။ သူ ယုံကြည်ကိုးစားခဲ့ဖူးသောကျွန်သည် ယခုတွင် ရန်သူ ဖိလိတ္တိ ပြည်၌ ခိုလှုံလျက် ရှိပါသည်။ ဘုရားသခင်သည် ဒါဝိဒ်ကို ကွယ်ကာသောကြောင့်၊ ရှောလု အသတ်ခံ ကို ရသော တိုက်ပွဲ၌ သူ မပါဝင်ခဲ့ပါ။ ဒါဝိဒ် ဇိကလက်မြို့သို့ ပြန်သွားပြီးမှ ဖိလိတ္တိလူတို့သည် ဣသရေလကို သွားတိုက်ခဲ့ကြ၏။

ဘုရားသခင်သည် ဣသရေလ ရှင်ဘုရင်အား သူ့ရန်သူများလက်၌ ကျဆုံးစေတော်မူ၏။ တိုက်ပွဲ အစကတည်းက ဖိလိတ္တိလူတို့သည် ပို၍အားကြီးကြောင်း တွေ့ရပါသည်။ သူတို့က ရှောလု ၏သားသုံးယောက်ဖြစ်သော၊ ယောနသန်၊ အဘိနဒပ်နှင့် မေလခိရှေတို့ကို သတ်ခဲ့ပါသည်။ ရှင်ဘုရင် သည်လည်း မြှားထိခံရပါသည်။ သူ့စစ်တပ်သည်လည်း ကျဆုံးလုဖြစ်ခဲ့ပါပြီ။ ထိုသို့ ရန်သူ့လက်ထဲသို့ ရှောလု ကျရောက်ခဲ့၏။ သူသည် ဘုရားသခင်၏ငြင်းပယ်ခြင်းကို ခံခဲ့သောသူဖြစ်သောကြောင့်တည်း။

ရှောလုနှင့်သူ့သုံးယောက်တို့သည် အသတ်ခံရပြီး၊ ဣသရေလ ရှုံးနိမ့်ခဲ့ပါသည်။ ဖိလိတ္တိလူ တို့သည် ဣသရေလကို နိုင်ခဲ့ပြီး၊ ပစ္စည်းဥစ္စာများသိမ်းယူခဲ့ပါသည်။ ဂိလဒ်ပြည် ယာဗက်မြို့သားတို့က ရှောလုနှင့်သူ့သားများ၏အလောင်းများကို မီးရှို့လျက်၊ သူတို့၏အရိုးများကို သင်္ဂြိုဟ်ခဲ့ကြ၏။ ထို့ပြင် လေးစားသောအားဖြင့် အစာရှောင်လျက် ဝမ်းနည်းကြောင်း ပြသခဲ့ကြပါသည်။ အဖြစ်အပျက် တိုင်း၌ ဘုရားသခင်၏လက်တော်ကို တွေ့ရပြီး၊ ဣသရေလသည်လည်း ကျော်ကြားခဲ့ပါသည်။ ယခုတွင် ခေတ်တခု ပြီးဆုံးသည်ဖြစ်၍၊ အခြား ခေတ်တခု စတင်တော့မည်ဖြစ်ပါသည်။

အဖြစ်အပျက်အရ၊ ရှောလုနှင့် ဣသရေလလူတို့သည် အဆင်သင့် မဖြစ်သေးကြောင်း၊ အားနည်းလျက်ရှိကြောင်း တွေ့ရပါသည်။ ရှောလုသည် သေရတော့မည်ကို သိသဖြင့်၊ ဖိလိတ္တိလူတို့ လက်ထဲ၌ သေမည့်အစား၊ မိမိကိုယ်ကို သတ်သေဖို့ ရွေးချယ်ခဲ့ပါသည်။ မိမိ၏လက်နက်ဆောင် လုလင်အား သူသည် ပြင်းထန်သော ဒဏ်ရာကို ရသည်ဖြစ်၍ အရေဖျားလှီးခြင်း မခံသောသူများ လက်၌ မသေလိုဘဲသောကြောင့်၊ သူ့ကို သတ်ဖို့ရန် အမိန့် ပေးခဲ့ပါသည်။ မသေမီ မိမိ၏သိက္ခာကို ထိန်းလိုခဲ့ခြင်းဖြစ်ပါသည်။ လက်နက်ဆောင်လုလင်သည် သူ့သခင်၏အမိန့်ကို ငြင်းဆန်ခဲ့ပါသည်။ သူတို့သည် တိုက်ပွဲအတွင်း၌ ရှိနေသောကြောင့် အချိန်ဖြုန်း၍ မရပါ။ ရှောလုသည် မိမိကိုယ်ကို အဆုံးစီရင်ဖို့ရန် ဆုံးဖြတ်ခဲ့ပြီး၊ မိမိ၏ဓါးကို ထောင်လျက် ထိုဓါးဖျားပေါ်၌ လှဲ၍ သေလေ၏။ ဤသည် ကား၊ ဝမ်းနည်းစရာကောင်းသော ဣသရေလ ရှင်ဘုရင်၏ အဆုံးသတ်ဖြစ်ပါသည်။ ထာဝရဘုရားကို သူ ယုံကြည်ကိုးစားခဲ့လျှင်၊ ကယ်နှုတ်ခြင်း ခံခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့သော်လည်း၊ သူ မကိုးစားခဲ့ပါ။ ဤသည်ကား၊ ကျွန်ုပ်တို့အားလုံးအတွက် ဝိညာဉ်ရေးရာ သင်ခန်းစာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းသည် နောက်ဆုံးထွက်သက် အထိ အခွင့်အရေး ရှိသေး၏။

**ဆုတောင်းချက်** - အဖဘုရား၊ "ပျက်စီးနေသူများကို ကယ်တင်လျက်၊ သေလုသောသူများကို မစ ပါလော့။"

တနင်္ဂနွေ၊ ဒီဇင်ဘာ (၂၉)
**၁ ရာ ၃၀**
ဒေ ၃း၁-၉

*"ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့ အချိန်ရှိ၏။ မိုးကောင်းကင် အောက်၌ ကြံစည်သမျှ အသီးအသီးတို့ကို ပြုရသော အချိန်ရှိ၏"*

# ဒါဝိဒ်သည် ထာဝရဘုရား၌ မိမိကိုယ်ကို ခွန်အားယူခဲ့၏

ဒါဝိဒ်သည် ဘုရားသခင်ထံ မစခြင်းကို ရှာခဲ့ပါသည်။ ထိုခက်ခဲသောအချိန်၌ သူသည် တဦးတည်း အထီးကျန် မဟုတ်ကြောင်း သိပါ၏။ ဘုရားသခင်အပေါ် ထားရှိသော မိမိ၏ယုံကြည်ကိုးစားမှုကို အစဉ်အောက်မေ့၍ မစခြင်းသည် အလျင်အမြန် ရောက်ရှိခဲ့ပါသည်။ သင်တိုင်းတော်ကို ဘုရားသခင်နှင့် မိဿဟာရဖွဲ့ခြင်း၌ အသုံးပြုခဲ့ပြီး၊ အဖြေသည် သေချာသော စိတ်ချမ်းသာမှုကို ပေးတော်မူ၏။ ထိုအခါ၊ ဒါဝိဒ်သည် ကယ်နှုတ်ခြင်း စစ်ပွဲအတွက် စစ်တပ်ကို စုစည်းခဲ့ပါသည်။ သူသည် ရဲရင့်ခြင်းရှိပြီး၊ ခွန်အားနှင့်ပြည့်လျက်ရှိပါသည်။ မိမိစစ်တပ်ထဲ၌ မကျေနပ်မှု ပေါ်ပေါက်လာနိုင်ကြောင်း ကြိုတင်သတိထားခဲ့ပါသည်။ ဒါဝိဒ်၌ ခေါင်းဆောင် အရည်အချင်းအားလုံး ရှိခဲ့ပါသည်။ ဖြစ်ပျက်သောအမှု၌ ဘုရားသခင်၏မစတော်မူခြင်းကို သေချာ တွေ့ရှိခဲ့ပါသည်။

ထာဝရဘုရားသည် ဒါဝိဒ်ကို မစဖို့ရန် ကြွလာခဲ့၏။ အာမလက်လူတို့ကို အောင်နိုင်ခြင်းနှင့် သူတို့၏မိသားစုများနှင့် ပစ္စည်းဥစ္စာများ ပြန်လည်ကယ်နှုတ် သိမ်းဆည်းခြင်းအမှု၌ ဘုရားသခင်၏ မစတော်မူခြင်းကို တွေ့ရပါသည်။ ဒါဝိဒ်၏လူတို့သည် ဆာလောင် အားပျက်နေသော အဲဂုတ္တုလူတယောက်ကို တွေ့ခဲ့ကြပြီး၊ ထိုသူက အာမလက်လူတို့၏စခန်းချသောနေရာသို့ လမ်းပြခဲ့ပါသည်။ ဤလူ ကျန်နေခဲ့ခြင်းသည် ဘုရားသခင်၏လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းပင် ဖြစ်ပါ၏။ ထိုလူပေးသော သတင်းသည် အောင်နိုင်ခြင်းအတွက် အလွန်အရေးကြီးသော လက်နက်ပင် ဖြစ်ပါသည်။ ထိုလူက ဒါဝိဒ်အား မိမိကို မသတ်မည်အကြောင်း၊ မိမိသခင်ထံ ပြန်မပို့မည်အကြောင်း ကျိန်ဆိုစေခဲ့ပါသည်။ ဒါဝိဒ်ကလည်း သဘောတူလျက်၊ ဘုရားသခင်ကို တိုင်တည်ပြီး ကျိန်ဆိုခဲ့၏။ ဖမ်းဆီးထားသော စစ်သုံ့ပန်းများ ကယ်ထုတ်ခြင်းအမှုသည် လွယ်ကူသောအမှု မဟုတ်ပါ။ အသေအပျောက်ရှိနိုင်ပါသည်။ ဒါဝိဒ်အား ဘုရားသခင်က အကုန်လုံး ပြန်လည် ကယ်ထုတ် သိမ်းဆည်းနိုင်လိမ့်မည်ဟု ဂတိပေးခဲ့ပါသည်။ သို့သော်လည်း၊ ဒါဝိဒ်သည် လူ့တာဝန်ကို သေချာ ဆောင်ရွက်လျက်၊ အာမလက်တို့ကို ရင်ဆိုင်ရန် အစီအစဉ်ကို သေချာစီစဉ် ရေးဆွဲခဲ့ပါသည်။

ဒါဝိဒ်သည် ရန်သူကို နိုင်လျက်၊ အကုန်လုံး ပြန်လည် သိမ်းဆည်းခဲ့ပါသည်။ စစ်သုံ့ပန်းများသည် မိန်းမနှင့်ကလေးများဖြစ်သောကြောင့်၊ ရန်သူက သူတို့ကို လူသားဒိုင်းအဖြစ် အသုံးပြုနိုင်သောကြောင့်၊ ဒါဝိဒ်သည် ရုတ်တရက် ဝင်ရောက် တိုက်ခိုက်ခဲ့၏။ သို့သော်လည်း၊ ဘုရားသခင်၏မစခြင်းဖြင့် ရန်သူကို နိုင်၍ အကုန်လုံး (လူနှင့်တိရစ္ဆာန်များ) ပြန်လည် ကယ်နှုတ် သိမ်းယူခဲ့၏။ ဘုရားသခင်သည် ဒါဝိဒ်ထံ ပြုသော မိမိဂတိကို ပြည့်စုံစေတော်မူခဲ့ပါသည်။

ဒါဝိဒ်သည် အောင်မြင်စွာ ဇိကလက်မြို့သို့ ပြန်သွားခဲ့၏။ ဒါဝိဒ်၏လူအချို့က စစ်မတိုက်သောသူများကို သိမ်းယူသော ဥစ္စာ မဝေမျှပေးလိုကြပါ။ သို့သော်လည်း၊ ဒါဝိဒ်က သူတို့ကို ရှင်းပြခဲ့ပြီး၊ ညီတူညီမျှ ခွဲဝေပေးခဲ့၏။ ထိုနည်းလမ်းကို ဣသရေလ၌ ကျင့်သုံးဖို့ ဒါဝိဒ် မိန့်တော်မူ၏။ ထို့ပြင်၊ သိမ်းယူသောဥစ္စာ အချို့ကို မိမိ၏အမျိုး၊ ယုဒလူတို့ကိုလည်း ပို့ပေးခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဒါဝိတ်၏ ခွန်အားသည် အရာခပ်သိမ်းကို ပြုပြင်တော်မူသော ဘုရားသခင်ထံမှ လာ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏အလိုတော်သို့ ဆက်ကပ်လျက်၊ ကိုယ်တော်၏ ငြိမ်သက်ခြင်းကို ရမည်အကြောင်း မစတော်မူပါ။



ကြာသပတေး၊ အောက်တိုဘာ (၃)
**၁ ရာ ၁း၁-၁၈**
ဂလာတိ ၅း၁၃-၁၅

*"ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့"*

# ညအမှောင်ဆုံးအချိန်၌ အလင်းသည် အတောက်ပဆုံး ဖြစ်ပါသည်

လူတိုင်း မိမိစိတ်အလိုရှိသည်အတိုင်း ပြုကြသော ကာလ၊ (နှစ်ပေါင်း ၃၅၀ ကျော် ကြာသောအချိန်) တရားသူကြီးများ ခေတ်ကာလ၌ ဣသရေလတွင် ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်း၌ ဆက်ကပ်သော မိန်းမတဦး ရှိခြင်းသည် အလွန် နှိမ့်သိမ့်စရာကောင်းလှပါသည်။ ထိုသူသည် ဟန္နဖြစ်ပါသည်။ ထာဝရဘုရားသည် ဟန္နအား သားဘွားသော အခွင့်ကို ပေးတော်မမူ (၁ ရာ ၁း၅)။ ထိုအမှုသည် မောရှေ၏ ပညတ်တရားအရ ကျိန်ခြင်းဖြစ်ပါသည်။ ထို့ပြင် သူသည် သူ့ယောကျ်ား၏ အခြား မယားဖြစ်သော ပေနိန္န၏ ညှင်းဆဲခြင်းကိုလည်း ခံခဲ့ရပါသည်။ သူ့ယောကျ်ားက မိမိအား ပေနိန္န ထက် ပို၍ချစ်သော်လည်း စိတ်သက်သာခြင်း မခံရခဲ့ပါ။ မြုံခြင်းနှင့် ပေနိန္န၏ ညှင်းဆဲခြင်းကို ခံရသောကြောင့် သူသည် စိတ်သက်သာခြင်း လုံးဝ မခံရပါ။

ထာဝရဘုရား၏အိမ်တော် တည်ရှိရာ ရှိလောမြို့သို့ နှစ်စဉ်သွားရသဖြင့်၊ ထိုသို့ သွားစဉ် ဟန္နသည် ထာဝရဘုရားထံ အသနားခံ ဆုတောင်းခဲ့ပါသည်။ သားယောကျ်ားကို မွေးဘွားခွင့်ပေးတော်မူခဲ့လျှင်၊ ထိုသားအား ထာဝရဘုရား၏အမှုတော်ကို တသက်လုံး ဆောင်ရွက်ဖို့ရန် နာဇရိလူအဖြစ် ဆက်ကပ်မည်ဟု သစ္စာဂတိပြုခဲ့ပါသည်။ ထာဝရဘုရားသည် နားညောင်းတော်မူသဖြင့်၊ သူသည် သားယောကျ်ားကို ဘွားမြင်၍၊ ထိုသားကို ရှမွေလ (ထာဝရဘုရားထံ တောင်းလျှောက်ခြင်း) အမည် မှည့်ခဲ့ပါသည်။ အကြောင်းမှာ ထိုသားကို ထာဝရဘုရားထံ တောင်းလျှောက်သောသား ဖြစ်သောကြောင့် ဖြစ်ပါသည်။

သူမ၏ အမှောင်ဆုံးသောဘဝ၌ ထာဝရဘုရားထံမှ အတောက်ပဆုံးသော အလင်းကို ကြုံတွေ့ခံစားခဲ့ပါသည်။ ပြုခဲ့သော သစ္စာဂတိကို စောင့်လျက်၊ သူသည် ရှမွေလကို ထာဝရဘုရားထံ ဆက်ကပ်ခဲ့ပါသည်။ ရှမွေလသည် ရှင်ဘုရင်ခေတ် မတိုင်မီ ဣသရေလ၌ နောက်ဆုံးသော တရားသူကြီးနှင့် ပထမဆုံးသော ပရောဖက် ဖြစ်ခဲ့ပါသည်။ သူသည် ရှင်ဘုရင် ပြုလုပ်သူလည်း ဖြစ်ခဲ့ပါသည်။

ရှမွေလသည် ထာဝရဘုရား၏ သစ္စာရှိသော အစေခံကျွန်ဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - အမှောင်ဆုံးအချိန်၌ ဘုရားသခင်ထံ ဆုတောင်းလျက်၊ အလင်းကို ကြုံတွေ့ခံစားပါလော့။

**ဆုတောင်းချက်** - အဖဘုရား၊ မျှော်လင့်ချက် လုံးဝမရှိဟု ထင်ရသောအချိန်၌လည်း အစဉ်ဆုတောင်း ပါမည်။ ခရစ်တော်အားဖြင့် အကျွန်ုပ်၏ဆုတောင်းသံကို နားညောင်းတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၄)
**၁ ရာ ၁း၁၉-၂၈**
ဆာလံ ၃၁း၁-၅

*"သစ္စာစောင့်တော်မူသော ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို ရွေးနှုတ်တော်မူသည်"*

## ထာဝရဘုရားသည် ဟန္န၏ဆုတောင်းသံကို နားညောင်းတော်မူ၏

ဟန္န၏ဆုတောင်းသံ နားညောင်းတော်မူခြင်းခံရခြင်းသည် ယဇ်ပုရောဟိတ် ဧလိမှ စတင်ခဲ့ပါသည်။ ဧလိက သူမကို ယစ်မူးသောသူဟု ထင်ခဲ့ပါသည်။ ဟန္နက ရှင်းပြခဲ့ပြီး၊ ဧလိသည် ထိုသို့သူမ ဆုတောင်းရခြင်းအကြောင်းကို သိခဲ့ပါ၏။ ထိုအခါ ထာဝရဘုရားသည် သူမ၏ဆုတောင်းသံကို နားညောင်းတော်မူပါစေသောဟု ဧလိက စေလွှတ်ခဲ့ပါသည်။

ဟန္နအတွက် ဧလိ၏စကားသည် စိတ်ခွန်အားဖြစ်ခဲ့ပါသည်။ ရှေ့တော်၌ သူမသည် မျက်နှာသာ ရသောကြောင့် "ခြားနားသောမျက်နှာနှင့်သွားခဲ့ပါသည်" (၁ ရာ ၁း၁၈)။ နက်ဖြန်နေ့နံနက်စောစော၊ ရာမမြို့သို့ ပြန်မသွားမီ ရှိလောမြို့၌ ထာဝရဘုရားကို ကိုးကွယ်ခဲ့ကြ၏။ ထိုအခါ၊ "ထာဝရဘုရား အောက်မေ့တော်မူသဖြင့်" (၁ ရာ ၁း၁၉)၊ ဟန္နသည် ပဋိသန္ဓေယူ၍ သားယောက်ျားကို မွေးဘွားလျက်၊ ရှမွေလ အမည်ဖြင့် မှည့်ခဲ့ပါသည်။ ခလေး ငယ်ရွယ်သောကာလတွင် နှစ်တိုင်းသွားရသော ရှိလောမြို့သို့ ဟန္န မသွားခဲ့ပါ။ ခလေးငယ် နို့မကွာမီတိုင်အောင် အိမ်မှာ ခလေးထိန်း၍နေခဲ့ပါသည်။ သူ၏ရည်ရွယ်ချက်ကို သူ့ယောကျာ်းအား ရှင်းပြခဲ့ပါသည်။ ထို့ကြောင့် သူမအလိုအတိုင်း လုပ်ဖို့ရန် ခွင့်ပြုခဲ့ပါသည်။ ထိုကာလသည် ဟန္နအတွက် ပျော်စရာကောင်းသော အချိန်ဖြစ်ခဲ့ပါသည်။ သူသည် ခလေး နို့ကွာသည်အထိ စောင့်ခဲ့ပါသည်။

နို့ကွာသောအခါ၊ ဟန္နသည် ဘုရားသခင်ထံ ပြုခဲ့သော မိမိ၏သစ္စာဂတိကို စောင့်ခဲ့ပါသည်။ သူငယ်သည် ကောင်းမွန်စွာ အမှုဆောင်ရွက်နိုင်မည်ဟု ဟန္န မျှော်လင့်ခဲ့ပါသည်။ ထာဝရဘုရားနှင့် မဖြစ်နိုင်သောအမှု မရှိကြောင်း သူ ယုံကြည်ခဲ့၏။ ဟန္နသည် ပူဇော်သက္ကာများကို ယူဆောင်လျက်၊ နွားကို ပူဇော်ပြီး သူငယ်ကို ယဇ်ပုရောဟိတ် ဧလိထံ ခေါ်လာခဲ့ပါသည်။ သူမသည် ရှေးဦးစွာ မိမိကိုယ်ကို မိတ်ဆက်ခဲ့ပါသည်။ မိမိသည် ထာဝရဘုရားထံ ဤအရပ်၌ ရပ်လျက် ဆုတောင်းခဲ့ သောသူဖြစ်ကြောင်း ပြောပြခဲ့၏။ သားယောက်ျားကို ထာဝရဘုရားထံ တောင်းလျှောက်ခဲ့ပြီး၊ ထိုဆုတောင်းသံကို ဘုရားသခင် နားညောင်းတော်မူခဲ့ကြောင်း ပြောပြခဲ့ပါသည်။ ထို့ပြင် ထိုသားကို ထာဝရဘုရားထံတော်၌ အငှါးခံ၍ နေရပါမည်ဟု ယဇ်ပုရောဟိတ်ကို ပြောပြခဲ့၏။ ထိုသို့ ဟန္နသည် ထာဝရဘုရားကို ကိုးကွယ်ခဲ့ပါသည်။ ထိုအမှုသည် လူတိုင်းအတွက် ဝမ်းမြောက်စရာ ဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အကျွန်ုပ် ဆုတောင်းစဉ် စိတ်နှလုံး ရိုးသားခြင်း ရှိကြောင်းကို သိတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ယုံကြည်ခြင်းဖြင့် အစဉ် ဆုတောင်းမည်အကြောင်း ကျွန်ုပ်ကို သွန်သင်တော်မူပါ။



စနေ၊ ဒီဇင်ဘာ (၂၈)
**၁ ရာ ၃၀**
ဆာလံ ၄၃

*"အို ငါ့ဝိညာဉ်၊ သင်သည် အဘယ်ကြောင့် ညှိုးငယ်သနည်း။ ငါ့အထဲမှာ အဘယ်ကြောင့် မငြိမ်မဝပ်ရှိသနည်း။ ဘုရားသခင်ကို မြော်လင့်လျက် နေလော့"*

## ဒါဝိဒ်သည် ပညာနှင့်ယှဉ်သော ခေါင်းဆောင်မှုကို ပြသခဲ့၏

ဒါဝိဒ်၌ ရန်သူများစွာရှိခဲ့ပါသည်။ ရှင်ဘုရင်ရှောလုကို တိုက်ခိုက်ရန် ဖိလိတ္တိလူများနှင့်အတူ လိုက်မသွားဘဲ နားခွင့်ရခဲ့သော်လည်း၊ ဒါဝိဒ်၌ အရေးကြီးသော အခြားအမှုတခု ပြုဖို့ ရှိခဲ့ပါသည်။ ထိုခက်ခဲသောအချိန်၌ ဒါဝိဒ်သည် ပညာနှင့်ယှဉ်သော မိမိ၏ခေါင်းဆောင်မှုကို ပြသခဲ့၏။ အာမလက်လူတို့သည် ဒါဝိဒ်နေထိုင်ရာ ဇိကလက်မြို့ကို လာတိုက်ခဲ့ကြ၏။ ဒါဝိဒ် မရှိစဉ် ထိုသူတို့သည် ဒါဝိဒ်၏ဇနီးများနှင့် သားသမီးများကို ဖမ်းခေါ်သွားခဲ့ကြပါသည်။ ဒါဝိဒ်သည် မိမိကိုယ်ကို ထာဝရဘုရား၌ ခွန်အားယူခဲ့၏။ သူသည် ပြန်လည်တိုက်ခိုက်ခဲ့ပြီး အနိုင်ရခဲ့ပါသည်။ မိမိနှင့်အတူ စစ်တိုက်ခဲ့သောအဖွဲ့ကိုလည်း စိတ်ပြေအောင် ပြောဆိုဖြေရှင်းခဲ့ပြီး၊ ယုဒအမျိုး၌ လိုအပ်သောသူများကိုလည်း အကူအညီပေးခဲ့ပါသည်။ ပြုသောအမှုကို ကြည့်ခြင်းဖြင့် သူသည် ထိုက်တန်သော ခေါင်းဆောင်တဦးဖြစ်ကြောင်း၊ ကြာသရေလ ရှင်ဘုရင် ဖြစ်မည့်သူဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ ဘုရားသခင်က သူ့ကို မြင့်မြတ်သောအထူးအတွက် ပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။

ဒါဝိဒ်သည် ပြဿနာ တခုပြီးတခု ကြုံတွေ့ခဲ့ရပါသည်။ ရှင်ဘုရင်အတွက် ဘိသိက်ခံရသောအချိန်မှစ၍ နားရသောအချိန်ဟူ၍ မရှိခဲ့ပါ။ ရှောလုက သတ်ဖို့ရန် သူ့ကို နေရာတကာ လိုက်ဖမ်းနေခဲ့၏။ ဒါဝိဒ်သည် မိမိအား ကယ်နှုတ်ဖို့ရန် ထာဝရဘုရားထံ ဆုတောင်းခဲ့၏။ ၁ ရာ ၂၉ ထဲတွင်၊ ဖိလိတ္တိမင်းတို့က ရှောလုကို တိုက်ခိုက်ခြင်း၌ မိမိတို့နှင့် မလိုက်ရန် ငြင်းပယ်ခဲ့ကြ၏။ ထိုအမှုသည် သူ့အတွက် ကောင်းကျိုးကို ဖြစ်စေခဲ့ပါသည်။ သို့သော်လည်း၊ သူ မရှိစဉ် (အာခိတ်မင်းက သူ့ကို ပေးခဲ့သော) ဇိကလက်မြို့ကို အာမလက်တို့က လာတိုက်ခဲ့ကြ၏။ ဒါဝိဒ်နှင်သူ့လူများ ပြန်ရောက်လာသောအခါ၊ မြို့သည် မီးရှို့ခံရလျက် တွေ့ကြပြီး၊ သူတို့မိသားစုများနှင့် ပစ္စည်းဥစ္စာများကို သိမ်းယူဖမ်းဆီးခဲ့ကြကြောင်း တွေ့ခဲ့ကြပါသည်။ ထိုအခါ၊ သူတို့သည် အလွန် ငိုကြွေးခဲ့ကြပါသည်။ ဒါဝိဒ်သည် ဘာလုပ်ရမှန်း မသိဖြစ်ခဲ့ရ၏။ သူ့လူများက ထိုအဖြစ်ဆိုးကြောင့် သူ့ကို အပြစ်တင်လျက်၊ ကျောက်ခဲနှင့်ပစ်ဖို့ ပြောခဲ့ကြပါသည်။ သို့သော်လည်း၊ ဒါဝိဒ်သည် ထာဝရဘုရား၌ မိမိကိုယ်ကို ခွန်အားယူခဲ့ပါသည်။

သူတို့၏ဆုံးရှုံးမှုသည် အလွန်ကြီးမားလှပါသည်။ ထိုအခါ၊ ဒါဝိဒ်သည် သုံးမျက်နှာမှ တိုက်ခိုက်ခြင်းခံရပြီး၊ ကျဆုံးလုနီးပါးဖြစ်ခဲ့ရပါသည်။ သူသည်လည်း ကျွန်တော်တို့အားလုံးနည်းတူ ခံစားချက် ရှိသောသူဖြစ်ပါသည်။ သေ မလား၊ ရှင် မလား ဟူသော စစ်ပွဲတွင် ထိုသို့သော အခြေအနေ ကြုံတွေ့ရမည်ကို ကြိုတင် ပြင်ဆင်ဖို့လိုပါသည်။ ထိုအခြေအနေ၌ ဒါဝိဒ်သည် ဘာမှ မလုပ်နိုင်ခဲ့ပါ။ ချက်ချင်း ဘာမှ မလုပ်ခဲ့ပါ။ သို့သော်လည်း၊ ထာဝရဘုရား၌ ခွန်အားယူခဲ့နောက်တွင်၊ မျှော်လင့်ချက် သူ မြင်တွေ့လာခဲ့ပါသည်။ ဆုတောင်းခြင်းဖြင့် ထာဝရဘုရားကို ချဉ်းကပ်သောအခါ၊ ယုံကြည်ခြင်းဖြင့် အောင်မြင်မှုရမည်အကြောင်း သူ သေချာသိလာခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူသည် ဘုရားသခင် တတ်နိုင်တော် မမူသော အမှု တစုံတခုမျှ မရှိကြောင်း သိမှတ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ လက်ရှိ ကျွန်ုပ်အခြေအနေ၌ ကိုယ်တော်၏ လမ်းခရီးကို ပြတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၂၇)
**၁ ရာ ၂၉**
ဆာလံ ၁၄၃း၁-၅

*"အို ထာဝရဘုရား၊ အကျွန်ုပ်၏ ပဌနာကို ကြား၍ ဆုတောင်းသောစကားကို နားထောင်တော်မူပါ။ သစ္စာစောင့်ခြင်း ဖြောင့်မတ်ခြင်း ရှိတော်မူသည်အတိုင်း ပြန်ပြောတော်မူပါ"*

## အာခိတ်သည် မင်းများတို့၏စကားကို နားထောင်သော်လည်း ဒါဝိဒ်သည် အောင်မြင်ခြင်း ရခဲ့ပါသည်

ဘုရားသခင်၏စိတ်တော်နှင့်ညီညွတ်သောသူဖြစ်သည်နှင့်အညီ၊ ဒါဝိဒ်သည် ဘုရားသခင်ထံ အဖြေ တောင်းခဲ့ပါသည်။ ရေးမှတ်ထားခဲ့သော ဒါဝိဒ်၏အကြောင်းများက သူသည် မည်သို့သော သူဖြစ်ကြောင်းနှင့် ဘုရားသခင်နှင့်သူ၏ဆက်နွယ်မှုကို ပြသခဲ့ပါသည်။ ဖိလိတ္တိမင်းများက ရှင်ဘုရင် ရှောလုထံ နေထိုင်ခဲ့စဉ် စစ်ပွဲ၌ ဒါဝိဒ် ပါဝင်ခဲ့ခြင်းအကြောင်းကို သိခဲ့ကြပါသည်။ သူတို့၏ စစ်သူရဲဖြစ်သော ဂေါလျတ်ကို သတ်ခဲ့ပြီးနောက်၊ မိန်းမများက ဒါဝိဒ်ကို ချီးကျူး သီချင်းဆိုကြပြီး၊ ရှောလုသည် အထောင်ထောင်ကို သတ်၍၊ ဒါဝိဒ်သည် အသောင်းသောင်း သတ်သည်ဟု ကခုန်ခဲ့ကြသည်ကို ပြန်လည် ဖော်ပြခဲ့ကြ၏။ ဖိလိတ္တိမင်းများက မိမိတို့ပြည်၌ ဒါဝိဒ်နေထိုင်ခြင်းသည် အခြား မဟုတ်ဘဲ၊ သူလျှိုအလုပ်ကို လုပ်ခြင်းဖြစ်သည်ဟု ထင်မှတ်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ရှင်ဘုရင်ကို ထိုသို့ အကြံပေးခဲ့ကြခြင်း ဖြစ်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ် တရားတော်သည် အစဉ် မှန်ကန်လျက်ရှိပါသည်။ ရောမ ၈း၂၈ ကဤသို့ဖော်ပြထားပါသည် - "ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်း အတိုင်း ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့ သိကြ၏။" အာခိတ်မင်းသည် သူ့လက်အောက် မင်းများ၏ တောင်းဆိုမှုကို လိုက်လျှောခဲ့ပါသည်။ မင်းကြီးသည် သူ့ဆုံးဖြတ်ချက်ကို ဒါဝိဒ်အား အသိပေးခဲ့ပါသည် (၁ ရာ ၂၉း၆-၇)။ သူတို့၏စိတ်ထားကို ဒါဝိဒ်နားလည်သော်လည်း၊ သူတို့နှင့်အတူ တိုက်ပွဲဝင်ဖို့ရန် အသင့်ရှိခဲ့ကြောင်း ဆိုခဲ့၏။ မိမိ၌ အဘယ်အပြစ်ရှိသနည်းဟု အာခိတ်မင်းကိုလည်း မေးခဲ့ပါသည်။ မင်းကြီးကလည်း ဒါဝိဒ်၌ အဘယ်အပြစ်မှ မရှိကြောင်း ပြန်ဖြေခဲ့ပါသည်။ သို့သော်လည်း၊ တိုင်းပြည်၏မင်းများတို့သည် သူပါဝင်မည်ကို ဆန့်ကျင်ခဲ့ကြကြောင်း ဖော်ပြခဲ့ပါသည်။

မင်းကြီး ပြောသည့်စကားအတိုင်း၊ ဒါဝိဒ်သည် နာခံလျက် နက်ဖြန်နေ့၌ ထွက်သွားခဲ့၏။

ဘုရားသခင်သည် ဒါဝိဒ်နှင့်အတူ ရှိတော်မူပြီး၊ မိမိ၏အလိုတော်ကို ပြုမည်အကြောင်း တရားလမ်းထဲသို့ လမ်းပြပို့ဆောင်တော်မူ၏။ ဒါဝိဒ် ကြုံတွေ့ခဲ့သော အခြေအနေသည် လွယ်ကူသော အခြေအနေ မဟုတ်ခဲ့ပါ။ သို့သော်လည်း၊ ရှောလုကို မတိုက်မည်အကြောင်း ဘုရားသခင်က သူ့ကို ကယ်နှုတ်တော်မူခဲ့၏။

အဘယ်မျှပင် ခက်ခဲ၍ မဖြစ်နိုင်သော အမှု၌ဖြစ်စေ၊ ကျွန်ုပ်တို့ကို အစဉ် လမ်းပြ ဦးဆောင်တော်မူမည်အကြောင်း ထာဝရဘုရားကို ကျွန်တော်တို့ အစဉ် ယုံကြည် ကိုးစားကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ခပ်သိမ်းသောအမှုကို ထိန်းချုပ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ တန်ခိုးအာဏာတော်ကို မေ့လျော့တတ်သော ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါ။



စနေ၊ အောက်တိုဘာ (၅)
**၁ ရာ ၂း၁-၁၀**
ယောဟန် ၉း၂၄-၃၃

*"ထိုသူသည် ဘုရားသခင် စေလွှတ်တော်မူသောသူ မဟုတ်လျှင် အဘယ် အမှုကိုမျှ မတတ်နိုင်"*

## ဟန္န၏ ချီးမွမ်းခြင်းစကား

ဟန္နသည် ထာဝရဘုရား၏အိမ်တော်၌ စိတ်သက်သာရာ ရခဲ့ပါသည်။ ထာဝရဘုရားထံ ရှမွေလအား ဆက်ကပ်သောအခါ၊ သူသည် ဆုတောင်းလျက်၊ မိမိ၏ ဝမ်းမြောက်ခြင်းကို ဖော်ပြခဲ့ပါသည်။ မိမိအပေါ် ဘုရားသခင်ပြုတော်မူသောအမှုကို ဖော်ပြခဲ့၏။ ထာဝရဘုရား၏ ကယ်တင်တော်မူခြင်းကြောင့် ဝမ်းမြောက်ခြင်းရှိကြောင်း ပြောပြခဲ့ပါသည်။ ထာဝရဘုရားသည် အလုံးစုံကို သိတော်မူသောဘုရား၊ လူတို့ ပြုသောအမှုများကို ထိန်းချုပ်တော်မူသော ဘုရားဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

ဟန္နသည် မိမိကြုံတွေ့သောအမှုများကို သက်သေခံခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူ့နှုတ်မှ ချီးမွမ်းခြင်း စကားများ စီးဆင်းလာခြင်းဖြစ်ပါသည်။ ဖော်ပြခဲ့သည်အတိုင်း၊ သူသည် ယောကျ်ားတဦး၏မိန်းမနှစ်ဦးတွင် ကလေးမမွေးနိုင်သောသူ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ထာဝရဘုရားကို ပို၍ ယုံကြည် ကိုးစားခဲ့ပါသည်။ ထိုအခါ မိသားစုသည်လည်း ဝိညာဉ်အရေး၌ ပို၍သစ္စာရှိလာခဲ့ကြပါသည်။ ဟန္နသည် မိမိ၏စိတ်အားငယ်မှုကို ဘယ်သူကမှ အကူအညီ မပေးနိုင်ကြောင်း သိခဲ့၏။ ထာဝရဘုရားသာလျှင် ကူညီနိုင်၏။ ထိုဘုရားသခင်သည် သူမအပေါ် မျက်နှာသာပေးလျက်၊ ကျေးဇူးပြုတော်မူသောကြောင့်၊ သူသည် အလွန်ဝမ်းမြောက်ခြင်းရှိခဲ့ပါသည်။ ခလေးငယ်သည် ဤလောကသို့ မွေးဘွားလာ၍ ထိုခလေးငယ်၏ အသက်သည်လည်း ဘုရားသခင် လက်တော်ထဲ၌ ရှိပါသည်။ ဟန္နသည် ယဇ်ပုရောဟိတ် မဟုတ်၊ ကျမ်းစာကျောင်းသားလည်း မဟုတ်ပါ။ သို့သော်လည်း၊ သူမ၏ စကားသည် သမ္မာတရားနှင့် ပြည့်လျက်ရှိပါသည်။ သူမသည် ရှင်ယောဟန် အခန်းကြီး ၉ ထဲမှ ယေရှုက မျက်စိအမြင် ပေးတော်မူခဲ့သော မျက်မမြင်နှင့် တူပါသည်။ ထိုသူသည် မိမိ၏အမြင်အာရုံကို ယေရှုက ပြန်လည် ကောင်းမွန်စေတော်မူကြောင်းကို သက်သေခံခဲ့ပါသည်။ ထိုသူသည် ထိုခေတ်က ဘာသာရေး ခေါင်းဆောင်များထက် ဘုရားသခင်၏တရားတော်ကို ပိုသိခဲ့ပါသည်။

ဟန္နသည် မိမိအပေါ် ဘုရားသခင်ပြုတော်မူသောအကြောင်းကို ခြေခံလျက် ဘုရားသခင်၏သမ္မာတရားများကို ဖော်ပြခဲ့ပါသည်။ အရာခပ်သိမ်းကို ဘုရားသခင်ပိုင်တော်မူသည်ဖြစ်သောကြောင့်၊ ချမ်းသာကြွယ်ဝခြင်း အရင်းအမြစ်သည် ဘုရားသခင်ဖြစ်တော်မူကြောင်း ဆိုခဲ့၏ (၁ ရာ ၂း၇-၈)။ ထာဝရဘုရား၏အိမ်တော်သို့ ယူဆောင်လာသော ပူဇော်သက္ကာကို ကြည့်ခြင်းဖြင့် သူ၏မိသားစုသည် ဆင်းရဲသော မိသားစု မဟုတ်ကြောင်း သိရပါသည်။ သူမ၏ချီးမွမ်းစကားတို့သည် မိမိအပေါ် ဘုရားသခင်ပြုတော်မူသော အမှုများ၌ အခြေခံထားပါသည်။ ဘုရားသခင်၏သားသမီးတိုင်းသည်လည်း ထိုသို့သော သက်သေခံချက်ကို ပြုကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို မျှော်လင့်မထားသောအရပ်၌ တွေ့ရ၏။
**ဆုတောင်းချက်** - အဖဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို အကျွန်ုပ်အား သွန်သင်တော်မူပါစေ။

တနင်္ဂနွေ၊ အောက်တိုဘာ (၆)

**၁ ရာ ၂း၉-၁၁**

ဇဖက် ၆း၄

*"ဘုရားသခင်၏ အလိုတော်နှင့် ညီသော ဆုံးမသွန်သင်ခြင်းကို ပြုလျက် ကျွေးမွေးကြလော့"*

## ဟန္နနှင့်ရှမွေလ၏အမှုတော်

ဘုရားသခင်သည် မိမိသန့်ရှင်းသူတို့၏ခြေကို စောင့်ရှောက်တော်မူပြီး၊ မတရားသောသူများမူကား တိတ်ဆိတ်နေကြမည်ဟု ဟန္န ဆိုခဲ့ပါသည် (၁ ရာ ၂း၉)။ ဘုရားသခင်၏လက်တော်ကို လူက မဆီးတားနိုင်ပါ။ ဘုရားသခင်၏အလိုတော်ကို ဆန့်ကျင်သောသူတို့သည် ဖျက်ဆီးခြင်းခံရကြမည်။ ဘုရားသခင်၏ရန်သူများသည် စီရင်ခြင်းခံလျက်၊ ပျက်စီးခြင်းသို့ရောက်၍၊ ဘုရားသခင်ဘိသိက်ခြင်းခံသောသူသည် စောင့်ရှောက်ခြင်းခံရမည်ဟု ဆိုခဲ့ပါသည်။ ဟန္နသည် စိတ်ဝမ်းမြောက်ခြင်းဖြင့် စိတ်နှလုံးထဲမှ ဘုရားသခင်ကို ချီးမွမ်းခဲ့ပါသည် (၁ ရာ ၂း၁)။ မိမိ၏ သစ္စာဂတိကို စောင့်လျက် ဘုရားသခင်ထံ သူငယ်ကို ဆက်ကပ်သောကြောင့် ဝမ်းမြောက်စရာကောင်းသော အချိန်ဖြစ်ပါသည်။ သူသည် မိမိယောက်ျားနှင့်အတူလာလျက် ရှိလောမြို့၌ မိမိပြုမည့် ဝတ်ကို ပြုခဲ့ပါသည်။ မိမိ၏ သစ္စာဂတိနှင့်ဆိုင်သော ထိုသူငယ် ရှမွေလကို ဘုရားသခင်နှင့် ယဇ်ပုရောဟိတ် ဧလိ ရှေ့၌ အပ်ထားခဲ့ပါသည်။

ဧလကာန၏မိသားစုသည်၊ ယဇ်ပုရောဟိတ်အမျိုးအဖြစ် ရွေးကောက်တော်မူသော လေဝိအမျိုးမှ မဟုတ်ဘဲ၊ ဧဖရိမ်အမျိုးမှ ဆင်းသက်လာခဲ့၏။ ဟန္နက ရှမွေလအား ဘုရားသခင်ထံ ဆက်ကပ်ခြင်းသည် ထိုသားကို ပေးတော်မူသော ဘုရားသခင်အပေါ် မိမိ၏ဝမ်းမြောက်ခြင်း သက်သက်ကြောင့် ဆက်ကပ်ခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ ရှမွေလသည် ထိုအမှုကို ဆောင်ရွက်ဖို့ရန် ဘုရားသခင် ခွဲခန့်တော်မူခြင်း ဖြစ်ပါသည်။ ရှမွေလသည် ဗတ္တိဇံဆရာ ယောဟန်နှင့်တူပါသည်၊ သူတို့သည် မမွေးမီကတည်းကပင် ဘုရားသခင်က သူတို့ကို ခွဲခန့်တော်မူခဲ့၏။ ယောဟန် မွေးဖွားမည့်အကြောင်းကို ဘုရားသခင်က အသိပေးတော်မူလျက်၊ သူ့မိဘတို့သည် ဘုရားသခင်၏ စကားကို လိုက်လျှောက်ခဲ့၏။ ရှမွေလမူကား၊ သူ့မိခင်က အစပြု ဆုတောင်းခဲ့၏။ သို့သော်လည်း၊ ဘုရားသခင်ကိုယ်တိုင်က ရှမွေလ ဆောင်ရွက်ရမည့်အမှုတော်ကို ချမှတ် ခွဲခန့်တော်မူ၏။

ဘုရားသခင်အတွက် အမှုပြုဖို့ရန် မိမိသားသမီးတို့အပေါ်၌ အထူးလွှမ်းမိုးခြင်း ရှိနိုင်သောသူသည် မိခင်များပင်ဖြစ်ပါသည်။ ထို့ကြောင့် သားသမီးများအတွက် ဘုရားသခင်၏လမ်းပြခြင်းတောင်းခံခြင်းအမှုကို မိခင်များ ပြုလုပ်ဖို့ အရေးကြီးလှပါသည်။ ဘုရားသခင် ပြုစေလိုသောအမှုကို ပြုဖို့ရန် မိခင်များသည် သားသမီးများကို လမ်းပြဆုံးမရပါမည်။ ဤတရားကို ရှမွေလ၏အသက်တာ ဟန္န ပြုသောအမှုအားဖြင့် ထင်ရှားစွာ တွေ့ရပါသည်။ သားသမီးတို့အား ဘုရားတရားလမ်းသို့ လမ်းပြဆုံးမခြင်း အမှုသည် မိဘများ၏ပြုရမည့် ဘုရားသခင်ပေးတော်မူသော ဝတ္တရားဖြစ်ပါသည်။ ထို့ကြောင့် မိဘများသည် မိမိတို့၏ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်နိုင်မည်အကြောင်း ဘုရားသခင်ထံ မစခြင်းအကြောင်း တောင်းလျှောက်ကြပါစို့။

**ဆင်ခြင်ရန်** - သားသမီးတို့၏ဝိညာဉ်ရေးရာ တိုးတတ်ဖို့ရန် မိဘတိုင်း၌ တာဝန်ရှိ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ယုံကြည်သူ မိဘအပေါင်းသည် မိမိသားသမီးတို့ကို ကောင်းမွန်စွာ ဆုံးမသွန်သင်ရပါမည်။



ကြာသပတေး၊ ဒီဇင်ဘာ (၂၆)

**၁ ရာ ၂၉**

ဆာလံ ၁၂၁

*"ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရား ထံတော်မှ ငါ့ကို မစခြင်းအကြောင်းသည် ပေါ်ထွက်ရ၏"*

## ရှောလုအား တိုက်ခိုက်ခြင်းမှ ဒါဝိဒ် ချန်လှပ်ခံရခြင်း

ယနေ့ ကျွန်တော်တို့ လေ့လာရမည်မှာ၊ ဣသရေလကို တိုက်ခိုက်ခြင်း၌ မိမိတို့နှင့်အတူ ဒါဝိဒ် ပါလာခြင်းကို ဖိလိတ္တိမင်းများ ဆန့်ကျင်ခြင်းအကြောင်း ပင်ဖြစ်ပါသည်။

ဒါဝိဒ်သည် အာခိတ်မင်း၏စိတ်ကို လွှမ်းမိုးထားကြောင်း တွေ့ရပါသည်။ ဖိလိတ္တိမင်းများသည် သူတို့ရှင်ဘုရင်နှင့် ဒါဝိဒ်တို့၏ သဘောတူညီမှု အသေးစိတ်ကို မသိခဲ့ကြပါ။ သူတို့ အမြင်၌၊ ဒါဝိဒ်သည် သူတို့၏ရန်သူ ရှောလု၏ကျွန်ဖြစ်သောကြောင့်၊ မိမိတို့အပေါ် သစ္စာရှိလိမ့်မည် မဟုတ်ဟု ထင်ကြပါသည်။ သို့သော်လည်း၊ အာခိတ်မင်းသည် ဒါဝိဒ်ကို ယုံကြည်လျက်၊ ကြုံဆိုခဲ့ပါသည်။ အာခိတ်က ဒါဝိဒ်အား ချီးကျူးခဲ့ပြီး၊ မိမိပြည်သို့ ဒါဝိဒ် ရောက်လာသောနေ့မှ စ၍ အပြစ် လုံးဝ မတွေ့ခဲ့ကြောင်း ဆိုခဲ့ပါသည်။ သူသည် ဒါဝိဒ်ကို အလွန်အထင်ကြီးခဲ့ပါသည်။

ဖိလိတ္တိမင်းတို့သည် ဒါဝိဒ်အား ဣသရေလပြည်၌ နေထိုင်စဉ်ကတည်းမှ သိခဲ့ကြပါသည်။ သူတို့နှင့်အတူ စစ်တိုက်ခြင်း၌ သူပါလာမည်ကို ဆန့်ကျင်ခဲ့ကြ၏။ ထို့ကြောင့်၊ ဒါဝိဒ်အား ပြန်လွှတ်ဖို့ရန် ရှင်ဘုရင်ကို တိုက်တွန်းခဲ့ကြပါသည်။ ထိုအချက်သည် ဇဝေဇဝါဖြစ်နေသော ဒါဝိဒ်အတွက် အဖြေတခုဖြစ်ခဲ့ပါသည်။ ထိုသို့ဖြစ်ပျက်ခဲ့လိမ့်မည်ဟု မမျှော်လင့်ခဲ့သော်လည်း၊ ဘုရားသခင်သည် ထိန်းချုပ်တော်မူ၏။ ဒါဝိဒ်ကို ဆန့်ကျင်ဖို့ရန် မင်းများ၏စိတ်နှလုံးထဲ၌ ဘုရားသခင် အမှုပြုတော်မူ၏။

မင်းများ၏ ဆင်ခြင်တွေးတောမှုသည် သဘာဝကျပါ၏။ ဒါဝိဒ်သည် စစ်မြေပြင်၌ သူတို့၏ ရန်သူ အဖြစ်သို့ ပြောင်းလဲနိုင်ကြောင်း တွေးခဲ့ကြပါသည်။ သူတို့သည် ရှင်ဘုရင်ထံ ဤသို့ဆိုခဲ့ကြ၏။ "ဖိလိတ္တိမင်းတို့သည် စိတ်ဆိုးလျက် ဤသူပြန်ပါစေ။ မင်းနေရာချသော အရပ်သို့ သွား၍ နေပါစေ။ ငါတို့နှင့်အတူ စစ်တိုက်မလိုက်စေနှင့် စစ်တိုက်ရာတွင် ငါတို့ရန်ဘက်၌ နေမည်ကို စိုးရိမ် စရာရှိ၏။ သူသည် သူ့သခင်၏စိတ်ကို ပြေစေခြင်းငှါ အဘယ်သို့ ပြုနိုင်သနည်း။ ငါတို့လူများ၏ အသက်ကို အပ်၍ ပြုနိုင်သည် မဟုတ်လော" (၁ ရာ ၂၉း၄) ဟု ဆိုကြ၏။ ထိုအခြေအနေ၌ ရှင်ဘုရင်ထံ ပြုသော သူတို့၏အကြံပေးချက်သည် ပြုသင့်သောအမှုဖြစ်ပါသည်။

သူတို့သည် အမြင်မတူကြသော်လည်း၊ ဒါဝိဒ်သည် အာခိတ်မင်း အလိုရှိသော အမှုကို ပြုခဲ့ပါသည်။ ဤအဖြစ်အပျက်ကို အကျယ်တဝင့်ကြည့်ခဲ့လျှင်၊ မင်းများတို့၏အမြင်သည် ဒါဝိဒ်အတွက် ကောင်းကျိုးကို ဖြစ်စေခဲ့ပါသည်။ ရှင်ဘုရင် ရှောလုကို ဒါဝိဒ် မတိုက်ဖို့ရန် ဘုရားသခင်က ထိုသူတို့၏ စိတ်ထဲ၌ ထိုသို့သောအတွေးကို ဝင်ရောက်စေခြင်း ဖြစ်ပါသည်။ ဒါဝိဒ် မဆုံးဖြတ်နိုင်ခဲ့သောအမှု၌ ဘုရားသခင်က ထွက်ပေါက် ပေးတော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် ဒါဝိဒ်ကို ထိန်းကျောင်းသော သိုးထိန်းဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူသောကြောင့်၊ ငါသည် ဆင်းရဲမခံရ။

**ဆုတောင်းချက်** - အဖဘုရား၊ ဘယ်အခြေအနေ၌မဆို ကျွန်ုပ်ကို လမ်းပြတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၂၅)
**၁ ရာ ၂၉**
ဆာလံ ၁၀၉း၂၆-၃၁

*"အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်ကို မစတော်မူပါ။ ကရုဏာတော်ရှိသည်အတိုင်း ကယ်တင်တော်မူပါ"*

## ဒါဝိဒ်၏ ဘုရားသခင်ယုံကြည်ကိုးစားခြင်း တည်မြဲမှု

ဒါဝိဒ်သည် ရှင်ဘုရင် ရှောလု၏လက်မှ လွတ်မြောက်ဖို့ရန် ဖိလိတ္တိပြည်၌ သွားရောက်ခိုလှုံခဲ့ပါသည်။ ဒါဝိဒ်သည် အန္တရာယ်အမှန်တွေ့ရသောကြောင့် ထိုသို့ပြုခြင်းမှတပါး ရွေးချယ်စရာမရှိတော့ပါ။ သူသည် စစ်ရေးအမှုနှင့် နိုင်ငံရေးအမှု၌ ကျွမ်းကျင်သောသူဖြစ်ပါသည်။ ဒါဝိဒ်၌ လူအယောက် ခြောက်ရာရှိပါသည်။ ထိုသူများ၌လည်း မိသားစုကိုယ်စီရှိကြ၏။

ထိုပြည်၌ ဒါဝိဒ် နေထိုင်နေစဉ်၊ ဖိလိတ္တိလူတို့သည် ဣသရေလကို သွားတိုက်ခဲ့ပါသည်။ ဣသရေလနှင့်ဖိလိတ္တိလူတို့အကြားတွင် အစဉ် စစ်ပွဲရှိခဲ့၏။ ရန်သူကို သတ်ဖြတ်ခြင်း၊ ဥစ္စာပစ္စည်းသိမ်းယူခြင်းတို့သည် စစ်ပွဲ၏အစိတ်အပိုင်းဖြစ်ပါသည်။ ထို့ကြောင့် အချင်းချင်း တိုက်ခိုက်ကြခြင်းလည်းဖြစ်၏။ လူမျိုးတမျိုးသည် ပိုအားနည်းသောလူမျိုးအပေါ် အနိုင်ယူသောအခါ၊ ထိုသူတို့၏ဥစ္စာများကို လုယူလျက်၊ မိမိတို့၏လက်အောက်ခံအဖြစ် အုပ်စိုးတတ်ကြပါသည်။ ဖိလိတ္တိလူတို့သည် ယခု စစ်ပွဲတွင် ပို၍ကြမ်းတမ်းသောသူဖြစ်ကြ၏။ ဣသရေလကို တိုက်ဖို့ရန် ပြင်ဆင်ခဲ့ကြပါသည်။ ၁ ရာ ၂၉ ထဲတွင်၊ အာခိတ်မင်းသည် စစ်တပ်ကို စုစောင်းလျက်၊ လူတရာတပ်၊ တထောင်တပ်ဟူ၍ ဖွဲ့စည်းထားကြောင်း ဖော်ပြခဲ့ပါသည်။ ဒါဝိဒ်နှင့် သူ့ လူခြောက်ရာတို့သည်လည်း အာခိတ်မင်း၏ လူများနှင့်အတူ လိုက်သွားခဲ့ကြ၏။ ဖိလိတ္တိဘုရင်သည် ဒါဝိဒ်အတူပါလာခြင်းကို စိတ်အနှောင့်အယှက် မဖြစ်ခဲ့ပါ။ ဒါဝိဒ်အား သစ္စာရှိသောကျွန်အဖြစ်သာ သတ်မှတ်ခဲ့၏။ ထို့ကြောင့်၊ အာခိတ်မင်းက စစ်ပွဲ၌ ဒါဝိဒ် အတူပါလာခြင်းကို လက်ခံခဲ့ပါသည်။

ဒါဝိဒ်သည် အာခိတ်မင်းအပေါ် မိမိသစ္စာရှိကြောင်း ပြသရန် လိုက်သွားခြင်းဖြစ်ပါသည်။ ရှောလုအား မိမိစိတ်ထဲ၌ ဣသရေလ၏တရားဝင် ရှင်ဘုရင်အဖြစ် လက်ခံခဲ့၏။ တကြိမ်တည်းမှာဘဲ၊ အာခိတ်မင်းထံ သူသည် သစ္စာခံခဲ့ပါသည်။ ဤအမှုသည် ဒါဝိဒ်အတွက် ခက်ခဲသောအမှုပင်ဖြစ်ပါ၏။

သို့သော်လည်း၊ ဖိလိတ္တိမင်းများသည် ဒါဝိဒ် အတူပါလာခြင်းကို တမျိုးမြင်ခဲ့ကြပါသည်။ စစ်မြေပြင်မှ ဒါဝိဒ်အား ပြန်သွားစေဖို့ရန် ရှင်ဘုရင်ကို တောင်းဆိုခဲ့ကြ၏။ ထို့ကြောင့်၊ ဒါဝိဒ်သည် အတင်း ပြန်သွားစေခြင်း ခံခဲ့ရပါသည်။ ထိုအမှု၏ရလဒ်ကား၊ ဘုရားသခင်၏ဘိသိက်ခံ ရှင်ဘုရင် ရှောလုကို သူ တိုက်ခိုက်ဖို့ မလိုတော့ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် အစဉ် လုံလောက်ခြင်းရှိတော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်အပေါ် ထားရှိသော ကျွန်ုပ်၏ကိုးစားခြင်း အစဉ် တည်မြဲစေတော်မူပါ။



တနင်္လာ၊ အောက်တိုဘာ (၇)
**၁ ရာ ၂း၁၂-၃၆**
ရောမ ၆း၁၉-၂၃

*"အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား . . . ထာဝရအသက်ပေတည်း "*

## ဘုရားသခင်၏အိမ်တော်၌ ဟန္န ပြုသောအမှုတော်

ဧလိ၏သားများ ပြုသောအပြစ်သည် ရှုံ့ရှာစရာကောင်းလှပါသည်။ မူလအပြစ်၏အသီးသည် ပြုခြင်းအပြစ်၌ ထင်ရှားလျက်ရှိပါသည်။ အပြစ်သွေးဆောင်ခြင်းနှင့်အပြစ်ပြုလိုစိတ်၌ အကန့်အသတ် မရှိပါ။ ရှိလောမြို့ရှိ ဘုရားသခင်၏အိမ်တော်သို့ ဝတ်ပြုဖို့ရန် လာကြသောသူများသည် ထိုအမှုကို ကြုံတွေ့ကြရပါသည်။ မယုံကြည်ခြင်းသည် ဒုစရိုက်ပြုဖို့ရန် တံခါးပင်ဖြစ်ပါသည်။ ဤဧလိ၏သားများသည် အဓမ္မလူဖြစ်ကြ၏။ ရှမွေလသည် ဘုရားသခင်၏အိမ်တော်၌ အမှုတော်စတင်ဆောင်ရွက်သောအခါ ဤအမှုကို ရင်ဆိုင်ကြုံတွေ့ရပါသည်။ ဧလိသားများသည် အခွင့်အရေးယူလျက်၊ ပူဇော်သက္ကာများမှ မိမိတို့လိုချင်သောအပိုင်းကို ယူခဲ့ကြပါသည်။ ထိုအမှုများကို ၁ ရာ ၂း၁၇-၁၈ ထဲ၌ ဖော်ပြခဲ့ပါသည်။ သို့သော်လည်း၊ ထိုဘုရားသခင်၏အိမ်တော်၌ ရှမွေလသည် မိမိ ဆောင်ရွက်ရမည့်အမှုတော်ကို ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ရှမွေလသည် မိမိ၏တာဝန်ကို ဆက်လက် ဆောင်ရွက်ခဲ့၏။ သူ့မိခင်သည် သူ့ကို အစဉ် ဂရုစိုက်ခဲ့ပါသည်။ သူ့အတွက် အင်္ကျီငယ်ကို ချုပ်ပေးလျက်၊ ရှိလောမြို့သို့ နှစ်စဉ် ဝတ်ပြုဖို့သွားသောအခါ ယူလာပေးခဲ့ပါသည်။ ရှိလောမြို့၏ အမှောင်ခြမ်း တဘက်၌ ရှမွေလသည် မိမိ၏တာဝန်ကို သိလျက် မိခင်၏သွန်သင်ချက်အတိုင်း ကောင်းမွန်စွာ ဆောင်ရွက်ခဲ့ပါသည်။ ဟန္န၏ဆက်ကပ် ဆုတောင်းမှုသည် ကောင်းသောအသီးကို သီးခဲ့ပါသည်။ ဧလိကလည်း ထိုဇနီးမောင်နှံကို ဘုရားသခင်က သားသမီးများစွာ မွေးဘွားခွင့်ပေးဖို့ရန် ကောင်းကြီးပေးခဲ့ပါသည်။ ထို့နောက်တွင်၊ ဟန္နသည် သား သုံးယောက်နှင့် သမီး နှစ်ယောက် မွေးဘွားခဲ့ပါသည်။ ဟန္နသည် ယုံကြည်ခြင်းသူရဲကောင်း တဦးဖြစ်ခဲ့ပါသည်။ သူ၏ဆက်ကပ်မှုသည် မိမိ၏မိသားစု သာမက၊ ဣသရေလအမျိုးအတွက် ကောင်းကြီးမင်္ဂလာဖြစ်ခဲ့ပါသည်။

ထိုအချိန် ဘုရားသခင်၏အိမ်တော်၌ အပြစ်တည်နေခြင်းအမှုက ကျွန်ုပ်တို့အား သမာသတိ ရှိလျက် ဘုရားသခင်၏အမှုတော်ကို ကြိုးစားဆောင်ရွက်ဖို့ရန် သတိပေးပါစေသော်။ ရှမွေလ၏အမှုတော်ဆောင်ခြင်းကို ဘုရားသခင်ကောင်းကြီးပေးတော်မူကြောင်း ဟန္န တွေ့မြင်ရခဲ့ပါသည်။ ကျွန်တော်တို့သည်လည်း ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာ ဆောင်ရွက်လျက်၊ ကောင်းကြီးမင်္ဂလာကို မျှော်လင့်ကြပါစို့။ သခင်ယေရှု၏တမန်တော်များသည်လည်း ထိုသို့ပြုခဲ့ကြပါသည်။ သခင်ယေရှုက သူတို့ကို ခေါ်သောအခါ၊ သူ့နောက်သို့လိုက်ခဲ့ကြပြီး၊ သတင်းကောင်းဟောပြောခြင်းဖြင့် မိမိတို့၏ခေတ်ကို ကောင်းကြီးမင်္ဂလာ ရောက်စေခဲ့ကြပါသည်။ သခင်ဘုရားအတွက် ယနေ့ သင်ပြုနိုင်သောအမှုကို ဆင်ခြင်တွေးတောပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကြီးစွာသောအကျိုးရှိ၏။
**ဆုတောင်းချက်** - အဖဘုရား၊ အပြစ်ကို မုန်းတီးလျက် ကိုယ်တော်၏အမှုတော်ကို သစ္စာရှိစွာ ဆောင်ရွက်လိုပါ၏။

အင်္ဂါ၊ အောက်တိုဘာ (၈)

**၁ ရာ ၃**  
တရား ၆း၆-၉

*"ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍ သွန်သင်ရမည်"*

## ရှမွေလ ခေါ်ခြင်းကို အတည်ပြုခြင်း

ဘုရားသခင်သည် ရှမွေလကို ဆက်ကပ်ခြင်းအမှု၌ သူ့မိခင်၏မှန်ကန်သော စိတ်သဘောကို အတည်ပြုတော်မူခဲ့ပါသည်။ ရှမွေလကို ဘုရားသခင်က အသံတော်ဖြင့် ခေါ်တော်မူခဲ့ပါသည်။ ရှမွေလက ပြန်ထူးသောအခါ၊ ဘုရားသခင်က ပထမဆုံး သတင်းစကား ပေးတော်မူ၏။ ထို့နောက် သူသည် ဣသရေလ၌ ပရောဖက်တပါးဖြစ်လာခဲ့ပါသည်။ သူသည် ကြီးထွားလာခဲ့ပြီး၊ ဘုရားသခင်၏ အမှုတော်အတွက် အသင့်ရှိလာခဲ့ပါသည်။ ထိုသို့ဖြင့် လူငယ် ပရောဖက်သည် အတည်ပြုခြင်း ခံရ၏။

ရှမွေလသည် ယဇ်ပုရောဟိတ် ဧလိ ရှေ့၌ အမှုတော် ထမ်းရွက်ခဲ့ပါသည်။ လူငယ် ရှမွေလဆောင်ရွက်သောအမှုသည် မည်သို့သောအမှုဖြစ်သည်ကို မဖော်ပြထားပါ။ ပစ္စည်းထိုင်ခုံများ နေရာတကျ ထားခြင်း၊ အိမ်တော် တံမြက်စည်း လှည်းခြင်း၊ ဆီးမီးများ ထွန်းညှိခြင်း၊ ဧည့်သည်များကို လမ်းပြခြင်းများ ဖြစ်နိုင်ပါသည်။ ထို့ပြင် သမ္မာကျမ်းစာ လေ့လာ သင်ကြားခြင်း၊ အဖတ်နှင့် အရေးအသား လေ့ကျင့်ခြင်းများလည်း ပါဝင်ပါလိမ့်မည်။ သူပြုရမည့်အမှုကို သူသိခဲ့ပါသည်။ မိဘများကလည်း တရားဟောရာကျမ်း အခန်းကြီး ၆ ထဲမှ ဘုရားသခင်၏အမိန့်တော်ဖြစ်သော သားသမီးများအား သွန်သင်ရမည်ဟူသောအချက်ကို လိုက်လျှောက်ခဲ့ပါလိမ့်မည်။ ထို့ကြောင့် ရှမွေလသည် ဝိညာဉ်အမှုတော်အတွက် ကြီးထွားလာပြီး၊ အဆင်သင့် ရှိလာခဲ့ပါသည်။ ထိုကာလ၌ ဘုရားသခင်၏ နှုတ်ကပတ်တော် နည်းပါး၍ ဗျာဒိတ်တော် မရှိ ဟုဖော်ပြခဲ့ပါသည် (၁ ရာ ၃း၁)။ ရှမွေလ ပြုရမည့် အမှုများစွာ ရှိခဲ့ပါသည်။ သူသည် ဘုရားသခင်၏ စကားတော်ကို နားလည်သဘောပေါက်နိုင်သော အရွယ်သို့ ရောက်လာခဲ့ပါသည်။

ဧလိသည် အသက်ကြီးလာသဖြင့်၊ ရှိလောမြို့ရှိ ဘုရားသခင်အိမ်တော်အမှုအလုံးစုံကို မထိန်းသိမ်းနိုင်တော့ပါ။ ထိုအခါ၊ သူ့သားများသည် အခွင့်အရေးယူလျက်၊ ယဇ်ပုရောဟိတ် အခွင့်ကို အလွဲသုံးစား ပြုခဲ့ကြ၏။ သို့သော်လည်း၊ ဘုရားသခင်သည် ရှမွေလအား ကောင်းမွန်စွာ အမှုဆောင်ရွက်ဖို့ရန် ပြင်ဆင်တော်မူလျက်ရှိ၏။ ဘုရားသခင်၏ အနန္တတန်ခိုးနှင့်အလိုတော်ကို လူတို့သည် မဖျက်ဆီးနိုင်ပါ။ ဧလိ၏အရိုက်အရာကို ဘုရားသခင်၏အိမ်တော်၌ ဆက်ခံမည့်သူသည် ရှမွေလ ဖြစ်ကြောင်း သိခဲ့ရပါသည်။ အမှုတော်မြတ်၌ ခေါင်းဆောင်နေရာကို ဆက်ခံခြင်းသည် ဘုရားသခင်၏အဆုံးစွန်အာဏာတော် လက်ထဲ၌ ရှိတော်မူ၏။ ရှမွေလသည် ငယ်ရွယ်သော်လည်း ဘုရားသခင် ရွေးကောက်တော်မူသောသူ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သားသမီးတို့အား ဘုရားသခင်၏နှုတ်ကပတ်တော် သွန်သင်ပေးခြင်းသည် မြတ်သောအမှုဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏အမှုတော်ဆောင်များသည် ရှမွေလ၏အသက်တာကို သာဓကပြုရပါမည်။



အင်္ဂါ၊ ဒီဇင်ဘာ (၂၄)

**၁ ရာ ၂၈း၉-၂၅**  
တရား ၁၈း၉-၁၃

*"သင်သည် သင်၏ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ စုံလင်ခြင်းရှိရမည်"*

## ရှောလုနှင့်သူ့သားများ တဘက်၌ ဘုရားသခင်၏ပရောဖက်ပြုချက်

ရှောလု၏ ဣသရေလ ရာဇပလ္လင် တည်မြဲစေခြင်း ကြိုးစားအားထုတ်မှုသည် ကျဆုံးလျက် ရှိပါသည်။ သူ၏အုပ်စိုးမှုသည် အဆုံးသတ်တော့မည်ဖြစ်ပါသည်။ နတ်ဝင် မိန်းမထံ အကူအညီ တောင်းခြင်းအမှုသည် ဘုရားသခင် လုံးဝ မနှစ်သက်သော၊ မျှော်လင့်ချက်မဲ့ လုပ်ဆောင်မှုပင် ဖြစ်ပါ၏။

ထိုမိန်းမက သူတို့သည် မိမိအား ထောင်ချောက်ဆင်လျက်၊ မိမိကို သတ်ဖို့ရန် ကြံစည်ခြင်း ဖြစ်သည်ဟု ထင်ခဲ့ပါသည် (၁ ရာ ၂၈း၉)။ ထိုအခါ၊ ရှင်ဘုရင်က ထိုမိန်းမသည် ဒဏ်ခတ်ခြင်း ခံရမည် မဟုတ်ကြောင်း "ထာဝရဘုရားကို တိုင်တည်၍" (၁ ရာ ၂၈း၁၀) ကျိန်ဆိုခဲ့၏။ ထို့ကြောင့်၊ ထိုမိန်းမသည် နတ်အားဖြင့် ဖော်ပြပေးဖို့ရန် သဘောတူခဲ့ပါသည်။ ထာဝရဘုရား၏နာမတော် အသုံးပြုခဲ့ကြခြင်းအားဖြင့်၊ ထိုမိန်းမနှင့်ရှောလုသည် ထိုသို့နတ်အားဖြင့် ဖော်ပြခြင်းအမှုသည် ဘာမှ မဟုတ်ကြောင်း သိခဲ့ကြသည်ဟု ထင်မှတ်ရပါသည်။ သို့သော်လည်း၊ သူတို့၏အပြစ်ကြောင့် ထိုအမှု၌ မျှော်လင့်ချက် ရှိခဲ့ကြခြင်းဖြစ်ပါသည်။ နတ်အားဖြင့်အနာဂတ်အကြောင်းဖော်ပြခြင်းအမှုသည် ခေတ်အဆက်ဆက်ရှိခဲ့ပြီး၊ ယနေ့၌လည်း လူတို့သည် လှည့်ဖြားခြင်းခံရလျက် ထိုအမှု၌ တန်ခိုးတစုံတခု ရှိသကဲ့သို့ ထင်မှတ်ကြပါသည်။ တပါးတည်းသော၊ စစ်မှန်သော ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း မရှိကြဖို့ရန် လူတို့အား လှည့်ဖြားသော စာတန်၏ တန်ဆာပလာပင်ဖြစ်ပါသည်။

ထိုအခါ၊ ရှောလုက ကွယ်လွန်ခဲ့ပြီဖြစ်သော ရှမွေလကို ဘော်ပါဟု ထိုမိန်းမကို ဆိုခဲ့ပါသည်။ ထို့နောက်၊ "မိန်းမသည် ရှမွေလကို မြင်သောအခါ ကြီးသောအသံနှင့် အော်ဟစ်" (၁ ရာ ၂၈း၁၂) ခဲ့၏။ ဤအချက်က ရှမွေလကို မြင်ရမည်ဟု သူ ထင်မှတ် မထားခဲ့ကြောင်း ပြသခဲ့ပါသည်။ ထိုအခါ သူမက ရှောလု ရုပ်ဖျက်ထားသည်ကို သိမြင်လျက်၊ မိမိနှင့်စကားပြောနေသောသူသည် ရှင်ဘုရင် ရှောလု ဖြစ်ကြောင်းကို သိခဲ့၏။ သူမ မြင်သော ပုဂ္ဂိုလ်ကို ဖော်ပြသောအခါ၊ "ရှမွေလ ဖြစ်ကြောင်းကို ရှောလုသည် ရိပ်မိ၍ မြေပေါ်မှာ ဦးညွှတ် ပြပ်ဝပ်လျက်နေ၏" (၁ ရာ ၂၈း၁၄)။ ထို့နောက် ရှမွေလသည် ရှောလုနှင့် စကားပြောခဲ့ပါသည်။

သေသောသူနှင့်မေးမြန်းခြင်း မပြုရန် ဘုရားသခင် တားမြစ်ထားတော်မူခဲ့သော်လည်း (တရား ၁၈း၁၀-၁၁)၊ ဘုရားသခင်သည် ရှောလုအား ပြစ်ဒဏ်ချမှတ်ဖို့ရန် သေလွန်ခဲ့သော ရှမွေလကို ပြန်လည်ဖော်ပြတော်မူခြင်းဖြစ်ပါသည်။ ရှောလုထံ ရှမွေလ၏စကားဟူမူကား၊ သူနှင့် သူ့သားများကို ဘုရားသခင်က ဖိလိတ္တိလူတို့ထံ အပ်တော်မူလျက်၊ သေခဲ့ကြမည် ဟူ၍ဖြစ်၏။ ရှောလုသည် ရှမွေလ၏ ပရောဖက်ပြုချက်ကို ကြားလျက် အလွန်စိတ်ပျက် အားလျော့ခြင်းရှိခဲ့ပါသည်။

ဘုရားသခင်၏သားသမီးဖြစ်သော ကျွန်တော်တို့သည် နတ်များနှင့်ပတ်သက်သောအမှုကို လုံးဝ မပြုရပါ။ ကျွန်ုပ်တို့၏မစခြင်းသည် ထာဝရဘုရားထံမှသာ ရောက်လာတတ်ပါသည်။

**ဆင်ခြင်ရန်** - လူတို့သည် ဘုရားသခင်ကို ငြင်းပယ်သောအခါ၊ ဘုရားသခင်ကလည်း သူတို့ကို ငြင်းပယ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ထံ ကိုယ်တော်၏နည်းလမ်းအတိုင်း ချဉ်းကပ်လျက်၊ ကိုယ်တော်ထံမှ ထွက်မသွားမည်အကြောင်း မစတော်မူပါ။

**၁ ရာ ၂၈**
ဆာလံ ၁၆း၇-၁၁

*"ငါသည် ထာဝရဘုရားကို အစဉ်မပြတ် မျက်မှောက်ပြု၏"*

## နတ်ဝင် မိန်းမအိမ်၌ ရှောလု

ရှောလုသည် အခြားသော အဝတ်အစားကိုဝတ်ဆင်လျက် ရုပ်ဖျက်ခဲ့၏။ ဤအပြုအမူက ရှင်ဘုရင်၏အပြစ်ကို ပေါ်လွင်စေခဲ့ပါသည်။ သူပြုမည့်အမှုကို အခြားသူများ အသိစေရန်၊ မိမိနှင့်အတူ လူနှစ်ဦးကိုသာ ခေါ်သွားခဲ့၏။ သူပြုမည့်အမှုသည် ရှက်စရာကောင်းလှသောကြောင့် ထိုရှင်းနှီးသော သူနှစ်ဦးမှအပ ဘယ်သူ့ကိုမျှ မသိစေလိုခြင်းဖြစ်ပါသည်။ သူ့ကို လူများက မမှတ်မိစေဖို့ရန် ညအချိန်၌ သွားခဲ့၏။ ထိုသို့ဖြင့် မိမိ၏အဖြစ်မှန်ကို ဖုံးကွယ်ခဲ့ပါသည်။

ရောက်လာသောအခါ၊ နတ်ဝင်မိန်းမအား နတ်အားဖြင့် ဗေဒင်ဟောပြခြင်းအမှုပြုရန် ဆိုခဲ့ပါ၏။ ဤအချိန်အထိ၊ ရှောလုသည် ဘုရားသခင်ထံမှ မိမိဝေးကွာခဲ့ပြီဖြစ်ကြောင်းကို မသိမှတ်ခဲ့ပါ။ သူသည် နတ်နှင့်ဆိုင်သောစကားကို ဆိုခဲ့လျက်ပင်၊ မိမိကိုယ်ကို အပြစ်ရှိသည်ဟု မတင်မှတ်ခဲ့ပါ။ အကြောင်းမှာ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့ထံမှ ထွက်သွားခဲ့ပြီဖြစ်သောကြောင့်တည်း။ သူက နတ်ဝင်မိန်းမအား မိမိပြောပြမည့်သူကို ဗေဒင်ပြပေးဖို့ ဆိုခဲ့ပါသည်။ ဤအပြုအမူက ဣသရေလဘုရင်သည် နတ်နှင့်ပတ်သက်သောအမှုနှင့် ရင်းနှီးခြင်းရှိကြောင်း ပြသလျက်ရှိပါသည်။

နတ်ဝင်များထံ အကူအညီတောင်းခြင်းအမှုကို ကြည့်ခြင်းအားဖြင့်၊ ရှောလုသည် ထာဝရဘုရား မဟုတ်သော၊ အခြားတန်ခိုးတစုံတခုကို ယုံကြည်ကိုးစားကြောင်း ပေါ်လွင်ခဲ့ပါသည်။ ဤအမှုသည် "ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်" (ထွက် ၂၀း၃) ဟူသော ပထမဆုံး ပညတ်ချက်နှင့် ဆန့်ကျင်လျက်ရှိ၏။

ရှောလုသည် ဤနတ်ဝင်မိန်းမ၏ အကူအညီကို မျှော်လင့် အားကိုးခဲ့ပါသည်။ သူသည် ပြန်လမ်းမဲ့အခြေအနေသို့ ရောက်ခဲ့ပါသည်။ သူ၏ကျွန်များသည်လည်း ဘုရင် ပြုမည့်အမှု၏ မှားယွင်းမှုကို ဖော်ပြလျက် ရှင်ဘုရင်၏အကြံအစည်ကို မဆန့်ကျင်ခဲ့ကြသောကြောင့် အပြစ်ရှိခဲ့ကြပါသည်။

ရှောလုက သူ့ရည်ရွယ်ချက်ကို ထိုမိန်းမထံ ပြောပြခဲ့၏။ ရှောလုမှန်း မသိသောကြောင့်၊ ထိုမိန်းမသည် ကြောက်ရွံ့ခြင်းရှိခဲ့ပါသည်။ အကြောင်းမှာ၊ ရှင်ဘုရင်သည် တိုင်းပြည်၌ နတ်ဝင်အပေါင်းကို သုတ်သင်ရှင်းလင်းဖို့ရန် အမိန့်ချခဲ့ပြီဖြစ်သောကြောင့်၊ ထိုမိန်းမသည် မိမိ၏လုံခြုံမှုအတွက် စိုးရိမ်ခဲ့ခြင်းဖြစ်သည် (၁ ရာ ၂၈း၉)။

ရှင်ဘုရင်သည် ဝိညာဉ်အရေး၌ မျက်စိကွယ်ခဲ့ပြီဖြစ်သောကြောင့်၊ နတ်ဝင်အပေါ်၌ မိမိမျှော်လင့်ချက်ကို ပုံထားခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စာတန်သည် လှည့်စားခြင်း ရှင်ဘုရင် ဖြစ်၍၊ ဣသရေလ ရှင်ဘုရင်ကို ကျော့မိခဲ့ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ မာရ်နတ်၏ လှည့်စားခြင်းများမှ ကျွန်ုပ်တို့ကို ကွယ်ကာတော်မူပါ။





**၁ ရာ ၃**
ယေရမိ ၁း၁-၇

*"ထာဝရဘုရားကလည်း၊ အကျွန်ုပ်သည် သူငယ်ဖြစ်ပါ၏ဟု မပြောနှင့်။ အကြင်သူ ရှိရာသို့ သင့်ကို ငါစေလွှတ်၏။ ထိုသူရှိရာသို့ သင်သွားရမည်"*

## ရှိလောမြို့၌ ရှမွေလ ခေါ်ခြင်းခံရ၏

ရှမွေလ ခေါ်ခံရခြင်းနှင့် နောက်မှ ခေါ်ခြင်းခံရသော ပရောဖက် ယေရမိ၏ခေါ်ခြင်းသည် တူညီမှုများ ရှိခဲ့ပါသည်။ ဘုရားသခင်သည် ယေရမိကို ခေါ်သောအခါ၊ ယေရမိက မိမိသည် သူငယ်သာဖြစ်၍ စကား မပြောတတ်ဟု ငြင်းခဲ့ပါသည်။ ထိုအခါ ထာဝရဘုရားက သူ့နှုတ်၌ မိမိ၏စကားများကို ထည့်ပေးလျက်၊ မိမိပြောစေတော်မူသောအရာကို ဟောပြောမည်ဟု ဂတိပေးခဲ့ပါသည်။ ဘုရားသခင်က တိုက်ရိုက် ခေါ်တော်မူလျက်၊ သူ့တို့ကို ကြီးထွားတိုးတတ်စေပြီး၊ မိမိအတွက် တရားဟောဖို့ရန် တန်ခိုးပေးတော်မူခဲ့ပါသည်။

ဘုရားသခင်သည် ည၌ ရှမွေလ အိပ်ပျော်စေစဉ် ခေါ်တော်မူခဲ့ပါသည်။ ရှမွေလသည် မိမိ၏နာမည် ခေါ်သံကို ရှင်းလင်းစွာ ကြားခဲ့ပါသည်။ ထိုသို့ သုံးကြိမ်ခေါ်ခြင်း ခံရသောအခါ၊ သူသည် ဧလိထံ သွားခဲ့ပါသည်။ ယဇ်ပုရောဟိတ် ဧလိက မိမိကို ခေါ်သည်ဟု ထင်ခဲ့၏။ နောက်ဆုံးတွင်၊ ဧလိက ဘုရားသခင်သည် ရှမွေလကို ခေါ်တော်မူခြင်းဖြစ်ကြောင်း သိခဲ့ပါသည်။ ထို့ကြောင့်၊ ခေါ်သံကို ကြားသောအခါ၊ မည်သို့ ပြန်လျှောက်မည်ကို ရှမွေလအား ပြောကြားခဲ့ပါသည်။ သမ္မာကျမ်းစာ ပြည့်စုံစွာ ရေးသားပြီးနောက်တွင်၊ ဘုရားသခင်သည် ဗျာဒိတ်ရူပါရုံအားဖြင့် စကားမပြောတော့ဘဲ၊ နှုတ်ကပတ်တရားတော်အားဖြင့် စကားပြောတော်မူ၏။ ဟေဗြဲဩဝါဒစာစောင်အစတွင် ဤသို့ ဖော်ပြခဲ့ပါသည် - "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ် ပေးတော်မူသော ဘုရားသခင် . . ." (ဟေဗြဲ ၁း၁)။ ထို့ကြောင့် ရှမွေလ ခေါ်ခြင်းခံရခြင်းက သူ့မိခင်၏ဆုံးဖြတ်ချက်၌ ဘုရားသခင်၏လက်တော် ပါရှိတော်မူကြောင်း ပြသလျက်ရှိပါသည်။

ရှမွေလသည် ဘုရားသခင်၏ခေါ်သံကို စတုတ္ထမြောက် ကြားသောအခါ၊ "အိုထာဝရဘုရား အမိန့်ရှိတော်မူပါ။ ကိုယ်တော်ကျွန် ကြားပါသည်" (၁ ရာ ၃း၁၀) ဟု တုန့်ပြန်ခဲ့ပါသည်။ ဘုရားသခင်သည် ပရောဖက်များကို ခေါ်သောအခါ၊ မိမိ၏ပညတ်တရားကို ဆန့်ကျင်သောသူများအား ဆုံးမဖို့ရန် ဟောပြောမည့် စကားများကို ဖော်ပြတော်မူတတ်ပါသည်။ ထိုနည်းတူ၊ ရှမွေလ ခေါ်ခြင်းသည်လည်း ဣသရေလနှင့် ဧလိ မိသားစုအတွက် သတင်းဆိုး ဟောပြောဖို့ပင်ဖြစ်ပါသည်။ ထိုသတင်းစကား အချို့မှုကား၊ "ထာဝရဘုရားက၊ သိတင်းကြားသော သူတိုင်း နားနှစ်ဘက်ခါးစေခြင်းငှါ ငါသည် ဣသရေလအမျိုး၌ တစုံတခုကို ပြုမည်" (၁ ရာ ၃း၁၁) ဟူ၍ ဖြစ်ပါသည်။ ဧလိအပြစ်တင်ခံရခြင်းသည် သတင်းကောင်း မဟုတ်ပါ။ ထို ဘုရားသခင်၏ ဆုံးမတော်မူခြင်း စကား၌ ကြီးမားသော နောက်ဆက်တွဲအမှုကို တွေ့ရပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိလူတို့၏အပြုအမူများကို စောင့်ကြည့်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို အပြစ်မှားမည်အကြောင်း ကိုယ်တော်၏သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ကျွန်ုပ်စိတ်နှလုံးကို ပြည့်ဝစေတော်မူပါ။

*"အို၊ ထာဝရဘုရား၊ အမျက်တော် ထွက်၍ အကျွန်ုပ်ကို အပြစ်တင်တော်မမူပါနှင့်။ ပြင်းစွာသော စိတ်တော်ရှိ၍ ဆုံးမတော် မမူပါနှင့်"*

# ဧလိထံ ဘုရားသခင်၏စကားတော်

ထိုစကားသည် သတင်းဆိုး ဖြစ်သော်လည်း ဟောပြောဖို့ လိုပါသည်။ ရှမွေလသည် ထိုသတင်းကို ဟောပြောဖို့ရန် စိုးရိမ်ခြင်းရှိခဲ့ပါသည်။ သူသည် ဧလိကိုဧင်း၊ ယဇ်ပုရောဟိတ် ရာထူးကိုလည်း ရိုသေလေးစားခြင်းရှိပါ၏။ သို့သော်လည်း၊ ဧလိက ဘုရားသခင် ဖော်ပြတော်မူသောသတင်းကို အကုန်လုံး ပြောပြဖို့ရန် ရှမွေလအား အတင်းတိုက်တွန်းခဲ့ပါသည်။ ဧလိသည် နောင်တရသောစိတ်နှင့် ဘုရားသခင်၏အလိုတော်သို့ ဆက်ကပ်ခဲ့ပါသည်။ ထိုသို့ပြုမည်ကို ရှမွေလ ထင်မှတ် မထားခဲ့ပါ။ ပရောဖက်အဖြစ်သို့ ရှမွေလ ဘိသိက်ပေးတော်မူခြင်းသတင်းကို ရှိလောမြို့သို့ ဝတ်ပြုဖို့ရန် လာကြသောသူများက နေရာအနှံ့ ပြောကြ၏။ ထိုအခါ ရှမွေလသည် ဣသရေလပြည်၏ ထိုအမှုတော်ကို w &m,0i fx r f&G fzpf mcg n f Matthew Henry က ဤသို့ ဖော်ပြခဲ့ပါသည်၊

"ကျွန်ုပ်တို့၌ ရှိသော ယိုယွင်းပျက်စီးခြင်းနှင့်အပြစ်တရားသည် ကြီးမားလွန်းလှပါသည်။ ကျွန်ုပ်တို့စိတ်က ထိုအပြစ်ကို သိ၏။ တားမြစ်နိုင်လျက်နှင့်သူတပါးအပြစ်ပြုခြင်းကို မတားမြစ်ခြင်းသည်လည်း သူတို့အပြစ်ပြုခြင်းကို အားပေးရာရောက်ပါသည်။ ဘုရားသခင်ထံမှ အပြစ်ဒဏ်ကို ကြားရသောအခါ၊ ဧလိက ဘုရားသခင်ပြုတော်မူသောအမှုသည် ကောင်းမွန်ကြောင်း၊ ပြုရသောအခွင့် ဘုရားသခင်၌ ရှိတော်မူကြောင်း သိမှန်ခဲ့ပါသည်။ သူပြောထွက်သော စကားများ၌ နှိမ့်ချခြင်း၊ သည်းခံခြင်းများကို တွေ့ရပြီး၊ ထိုအချက်များက သူသည် အမှန် နောင်တရကြောင်း၊ မိမိအပြစ်စီရင်ခံရခြင်းကိုလည်း လက်ခံကြောင်း တွေ့ရပါသည်။"

ပရောဖက် ဟေရှာယက၊ "ရန်သူသည် ရေလွှမ်းမိုး သကဲ့သို့ ဝင်သောအခါ၊ ထာဝရဘုရား၏ဝိညာဉ်တော်သည် ဆီးတားတော်မူမည်" (ဟေရှာ ၅၉း၁၉) ဟု ဆိုခဲ့ပါသည်။ ထိုအမှုကို ယခုတွေ့ရ၏။ ဧလိ၏သားတို့သည် ဘုရားသခင်၏ရန်သူအဖြစ်သို့ ရောက်ကြပြီး၊ ရှမွေလသည် ဣသရေလကို ဆိုးယုတ်ခြင်းအမှုမှ ကယ်နှုတ်ရန် ပျိုးထောင်ခြင်းခံရခဲ့ပါသည်။ သူတို့၏အပြစ်ကို ဆုံးမဖို့ရန် ဘုရားသခင်၌ တာဝန်ရှိပါသည်။ အန္တရာယ်ကျရောက်သောအခါ၊ အလံနီ ထောင်ဖို့ လိုအပ်ပါသည်။ ဆန့်ကျင်ခြင်း အမှုရှိတိုင်း ဘုရားသခင်သည် လွတ်မြောက်ရသောလမ်းကို ပြင်ဆင်ပေးတော်မူတတ်သောကြောင့်၊ မယုံကြည်ခြင်းမှ ထွက်မြောက်ကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သားသမီးတို့သည် အပြစ်၌ ရဲရင့်ခြင်း မရှိရပါ။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အား နာခံသောစိတ်နှလုံး ပေးတော်မူလျက်၊ သွေးဆောင်ခြင်းကို ဆီးတားနိုင်မည်အကြောင်း မစတော်မူပါ။





*"ထိုသို့ ပြုတတ်သောသူ အပေါင်းတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏"*

# ရှောလု၏ လမ်းလွဲခြင်း

ဖိလိတ္တိလူတို့သည် ဣသရေလကို တိုက်ရန် ပြင်ဆင်ခဲ့ကြ၏။ သူတို့၏မင်းက ရှောလုသွားတိုက်ခြင်း၌ ပါဝင်ဖို့ရန် ဒါဝိဒ်အား ဖိတ်ခေါ်ခဲ့ပါသည်။ ပရောဖက် ရှမွေလ ကွယ်လွန်ခဲ့ပြီဖြစ်ပါသည်။ ရှောလုသည် ထာဝရဘုရားထံ မေးမြန်းခဲ့သော်လည်း၊ သူ့ထံမှ ထွက်သွားတော်မူခဲ့ပြီဖြစ်သောကြောင့် အဖြေ ပေးတော်မမူ။ ထိုအခါ လမ်းမှား လျှောက်လျက်၊ သူသည် နတ်ဝင် မိန်းမထံ သွားခဲ့ပါသည်။

ထိုလမ်းလွဲခြင်း၏ ပထမခြေလှမ်းမူကား၊ ရှောလုက မိမိကျွန်များအား၊ "နတ်ဝင် မိန်းမကို ရှာကြလော့" (၁ ရာ ၂၈း၇) ဟု အမိန့်ပေးခြင်းပင်ဖြစ်ပါသည်။ ရှင်ဘုရင်ရှောလုက အရင်၌ နတ်ဝင်အပေါင်းတို့ကို ဖျက်ဆီးသုတ်သင်ဖို့ရန် အမိန့်ပေးခဲ့ဖူး၏။ ထို့ကြောင့် အကောင်းမှုဟု သူကိုယ်တိုင်သိခဲ့သောအရာ၌ ယခု မျှော်လင့်ချက် ထားခဲ့ပါသည်။ သူသည် သွေးဆောင်ခြင်းနှင့် လောကီနည်းလမ်း နောက်သို့ လိုက်ခဲ့ပါသည်။ ထာဝရဘုရားက မိမိအား ရှင်ဘုရင်အရာ၌ ခန့်ထားတော်မူခဲ့သည်ဟူသောအချက်ကို ဆင်ခြင်အောက်မေ့ခြင်း မရှိတော့ပါ။ ဘုရားသခင်သည် ရှမွေလလက်အောက်၌ သူ့ကို ကောင်းကြီးပေးလျက် လမ်းပြတော်မူခဲ့သည်ဖြစ်သောကြောင့်၊ သူသည် ဘုရားသခင်အပေါ် သံသယ မဝင်သင့်ပါ။ ယခု သူသည် ဘုရားသခင်ထံမှ လုံးဝ လမ်းလွဲခဲ့ပါသည်။

ထိုသို့ နတ်ဝင်မိန်းမကို ရှာဖို့ရန် ဘုရင်၏အမိန့်ကို ကြားရသောအခါ၊ သူ၏ကျွန်များသည် လျင်မြန်စွာ အဒေါရမြို့မှာ နတ်ဝင် မိန်းမ တယောက်ရှိကြောင်း တင်ပြခဲ့ကြပါသည်။ အစေခံကျွန်များ၏အားနည်းချက်သည်လည်း ဘုရင်၏အားနည်းချက်ပင်ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်ကမသိခဲ့ကြ၊ နောက်တွင် ရှင့်ဘုရင်ကိုလည်း ထိုအမှုဖြင့် လွှမ်းမိုးခဲ့ကြ၏။ သူတို့သည် ရှင်ဘုရင်၏အကြံပေးများဖြစ်ကြပြီး၊ ဆုံးဖြတ်ချက်ချခြင်းအမှု၌ ရှင်ဘုရင်သည် သူတို့ကို အားကိုးတတ်၏။ ထိုမိန်းမ၏နာမည်ကို ဖော်ပြခဲ့ကြသောအခါ၊ ရှောလုသည် ထိုမိန်းမထံ၌ အကူအညီတောင်းဖို့ရန် ဝန်လေးခြင်း မရှိခဲ့ပါ။

ဣသရေလဘုရင်သည် ဇာတိပကတိနောက်ကို လိုက်သည်ဖြစ်၍ အပြစ်ထဲသို့ နက်နက်နဲနဲဝင်ရောက်ခဲ့ပါသည်။ သမ္မာတရားလမ်းသို့ လျှောက်ခဲ့သင့်သော်လည်း၊ သူသည် လွဲမှားသောလမ်းကို လိုက်ခဲ့ပါသည်။ ယခုအဖြစ်အပျက်တွင်၊ သူသည် ကျဆုံးဖို့ စတင်ခဲ့ကြောင်းတွေ့ရပါသည်။ ဣသရေလ ရာဇပလ္လင်ပေါ်၌ ရှောလု နန်းတက်ထိုင်ခြင်းက ရှည်ကြာလှသော တရားသူကြီးများခေတ်ကို အဆုံးသတ်စေခဲ့ပါသည်။ ထို တရားသူကြီးများခေတ်ကာလ၏အခြေအနေကို ဖော်ပြသောအချက်ဟူမူကား၊ ရှင်ဘုရင် မရှိ၊ လူတိုင်း မိမိစိတ်အလိုရှိသည်အတိုင်း ပြုသတည်း၊ ဟူ၍ဖြစ်ပါသည်။ ထိုကာလထက် ယခု ရှောလုသည် ပိုသာခြင်း၊ ပိုကောင်းခြင်း မရှိခဲ့ပါ။

**ဆင်ခြင်ရန်** - လမ်းလွဲခြင်း၏ ဆိုးကျိုးများသည် အပြစ်၏အခများ ပင်ဖြစ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ အဆိုးအကောင်း ခွဲခြားတတ်မည်အကြောင်း ကျွန်ုပ်မျက်စိကို ဖွင့်ပေးတော်မူပါ။

စနေ၊ ဒီဇင်ဘာ (၂၁)
**၁ ရာ ၂၇**
ဆာလံ ၁၀၁

*“စုံလင်သော တရားအတိုင်း ပညာသတိနှင့် ကျင့်ပါမည်။ ကိုယ်တော်သည် အကျွန်ုပ်ဆီသို့ အဘယ်ကာလမှ ကြွလာတော်မူမည်နည်း”*

## ဒါဝိဒ်သည် ဇိကလက်၌ မိမိကိုယ်ကို ခိုင်ခံ့စေခဲ့၏

ဂါသမြို့သည် ဖိလိတ္တိလူတို့၏မြို့တော်ဖြစ်သောကြောင့်၊ ဒါဝိဒ်က အာခိတ်မင်းအား မိမိအတွက် မသင့်တော်ကြောင်း ပြောပြခဲ့၏။ ထို့ကြောင့်၊ မိမိအား အခြားနေရာ ပေးဖို့ရန် အာခိတ်မင်းထံ တောင်းလျှောက်ခဲ့ပါသည်။ ထိုအခါ၊ သူသည် ဇိကလက်မြို့ကို ပေးခဲ့၏။ ထိုမြို့သည် ယုဒဘုရင်များ၏ မြို့ဖြစ်လာခဲ့ပါသည်။ ဒါဝိဒ်က ထိုမြို့ကို ဣသရေလ ပိုင်နက်ထဲသို့ ဆွဲထည့်ခဲ့ပါသည်။ ထိုနေရာ၌ ခိုလှုံဖို့ရန် ဒါဝိဒ် နှစ်သက်ခဲ့သော်လည်း၊ မိမိ၏ဇာတိမြို့ဖြစ်သော ယုဒပြည် ဗက်လင်သို့ ပြန်သွားဖို့ရန် အစီအစဉ် ချမှတ်ခဲ့ပါသည်။ ဒါဝိဒ်သည် ဖိလိတ္တိပြည်၌ တနှစ်နှင့်လေးလ နေထိုင်ခဲ့၏။

ဒါဝိဒ်သည် မိမိဘဝတခုလုံး စစ်တိုက်နေခဲ့ရပါသည်။ ဇိကလက်မြို့ အနီးလူမျိုးများကို ဝင်ရောက် တိုက်ခိုက်ခဲ့ပြီး၊ သက်ရှိအရာများအားလုံးကို သတ်ခဲ့လျက် တိရစ္ဆာန်များနှင့်ဥစ္စာပစ္စည်းများကို သိမ်းယူခဲ့ပါသည် (၁ ရာ ၂၇း၉)။ ထိုအထဲတွင်၊ တန်ဖိုးကြီးသော တန်ဆာများ ပါဝင်ပါသည်။ ထိုသို့ အသက်ရှင်သောသူအပေါင်းကို သတ်ရခြင်းမှာ အသိသက်သေ မရှိစေရန်ဖြစ်ပါသည်။ သူပြုခဲ့သောအမှု၌ ဘယ်သူကမှ အပြစ်မတင်နိုင်ခဲ့ကြပါ။ ထိုသို့ပြုခြင်းကြောင့် သူပြုသောအမှုကို ဖုံးဖိနိုင်ခဲ့ခြင်းဖြစ်ပါသည် (၁ ရာ ၂၇း၁၁)။

ဒါဝိဒ်သည် သိမ်းယူသော ဥစ္စာများနှင့် ပြန်လာခဲ့ပါသည်။ အာခိတ်မင်းက ဒါဝိဒ်ကို မေးသောအခါ၊ ဒါဝိဒ်က၊ “ယုဒပြည် တောင်ဘက်၊ ယေရမေလပြည် တောင်ဘက်၊ ကေနိပြည် တောင်ဘက်သို့ သွား၍ တိုက်ပါသည်” (၁ ရာ ၂၇း၁၀) ဟု ဆို၏။

၁ ရာ ၂၇း၁၂ ထဲတွင်၊ “အာခိတ်မင်းက၊ ဒါဝိတ်သည် မိမိကို မိမိလူမျိုး အလွန် စက်ဆုပ်ရွံရှာသည် တိုင်အောင် ပြုပြီ။ သို့ဖြစ်၍ ငါ့ထံ၌ အစဉ်ကျွန် ခံလိမ့်မည်ဟု ဒါဝိတ် စကားကို ယုံလျက်ဆို၏” ဟု ဖော်ပြထားပါသည်။ အာခိတ်မင်းသည် ဒါဝိဒ် ပြုသောအမှု၌ ဝမ်းမြောက်ခဲ့ပါသည်။ အကြောင်းမှာ ထိုအမှုကြောင့် ဣသရေလလူတို့သည် ဒါဝိဒ်ကို မုန်းတီးမည်ဖြစ်၍ ဒါဝိဒ်သည် ဖိလိတ္တိပြည်၌ နေထိုင်လျက် သူ၏ကျွန် အစဉ်ဖြစ်မည်ဖြစ်သောကြောင့် ထိုသို့ ဝမ်းမြောက်ရခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် လူ့အစီအစဉ်အပေါ် အုပ်စိုးတော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ အဆုံးစွန်အာဏာရှိတော်မူခြင်းကို ကျွန်တော် အစဉ်ယုံကြည်ကိုးစား လိုပါ၏။



သောကြာ၊ အောက်တိုဘာ (၁၁)
**၁ ရာ ၄**
၁ ယော ၃း၄-၉

*“ကိုယ်တော်၌ တည်နေသောသူမည်သည်ကား၊ ဒုစရိုက်ကို မပြုတတ်။ ဒုစရိုက်ကို ပြုတတ်သောသူမည်သည်ကား၊ ကိုယ်တော်ကို မသိမမြင်ရသေး။”*

## ဘုရားသခင်သည် မိမိစကားကို ပြည့်စုံစေတော်မူ၏

ဖိလိတ္တိလူတို့သည် ဘုရားတရားကို မသိသော၊ ရုပ်တုကိုးကွယ်သောသူများ ဖြစ်ကြပါသည်။ သို့သော်လည်း၊ ဘုရားသခင်က မိမိ၏အဆုံးစွန်တန်ခိုး အာဏာတော်အားဖြင့် မိမိ၏အိမ်တော်ကို ညစ်ညူးစေခဲ့သော ဧလိ၏သားများကြောင့် ဧလိ၏မိသားစုကို ပြစ်ဒဏ်စီရင်ခြင်းငှါ သူတို့ကို အသုံးပြုတော်မူခဲ့ပါသည်။ ရှမွေလထံ မိန့်တော်မူခဲ့သောအရာကို စုံလင်စေဖို့ရန် ဘုရားသခင်သည် ဖိလိတ္တိလူတို့အား ဓားကဲ့သို့ အသုံးပြုခဲ့ပါသည်။ ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူသောကြောင့် မိမိ၏ရည်ရွယ်ချက်ကို စုံလင်ပြည့်စုံစေတော်မူနိုင်၏။

ဖိလိတ္တိလူများနှင့် ဣသရေလလူတို့သည် စစ်ပြိုင် နေခဲ့ကြပါသည်။ သူတို့သည် အစဉ်တိုက်ခိုက်တတ်ကြ၏။ ယခုအမှုတွင်၊ ဣသရေလသည် အရင် စစ်ပြိုင်လျက်၊ ဖိလိတ္တိလူများ အာဖက်မြို့၌ တပ်ချစဉ် သူတို့သည် ဧဗနေဇာမြို့၌ တပ်ချလျက်ရှိကြပါသည်။ ဣသရေလလူတို့သည် ဖိလိတ္တိလူတို့ရှေ့၌ စစ်ရှုံးခဲ့ပါသည်။ ပထမအခေါက်တွင်၊ ဣသရေလ၌ လူလေးထောင် သေခဲ့ကြ၏။ ဤသည်ကား သူတို့စစ်ပွဲ၏ အစပင်ဖြစ်ပါသည်။ ဣသရေလလူတို့သည် စိတ်ပျက်ခြင်းရှိကြသဖြင့်၊ ပဋိညာဉ် သေတ္တာတော်က သူတို့ကို မစခြင်းပေးမည်ဟု ထင်မှတ်ခဲ့ကြပါသည်။ ထို့ကြောင့်၊ သေတ္တာတော်ကို ရှိလောမြို့မှ သယ်လာခဲ့ကြပြီး၊ ရှေ့တန်း စစ်မြေပြင်သို့ယူဆောင်ခဲ့ကြပါသည်။

ထိုစစ်ပွဲ၌ ဣသရေလလူ ထောင်ပေါင်းများစွာ သေခဲ့ပါသည်။ မျှော်လင့်ထားသလို သေတ္တာတော်က သူတို့ကို မစခြင်း ပေးတော်မမူခဲ့ပါ။ ဖိလိတ္တိလူတို့သည် သေတ္တာတော်ကို ကြောက်ရွံ့ခဲ့ကြသော်လည်း၊ အားတင်းကြလျက် တိုက်ပွဲဝင်ခဲ့ကြပါသည်။ ထိုသို့ စစ်ရှုံးသော်လည်း ဣသရေလလူတို့သည် ဘုရားသခင်ရှေ့၌ နောင်တရခြင်း မရှိခဲ့ကြပါ။ ဧလိ၏သားတို့သည် ဘာသာရေးခေါင်းဆောင်များဖြစ်ကြပြီး၊ သူတို့ကိုယ်တိုင်သည် ယခု စစ်ရှုံးခြင်း၏ အဓိက တရားခံဖြစ်ကြပါ၏။ ဣသရေလလူတို့သည် ထိုသူတို့၏အပြစ်ကို သိခဲ့သော်လည်း၊ မဆန့်ကျင်ရဲခဲ့ကြပါ။ ထိုအပြစ်သို့ သူတို့ကိုယ်တိုင် ပါဝင်ခဲ့ကြသောကြောင့် နောင်တရဖို့လမ်း မရှိဖြစ်ခဲ့ပါသည်။

ထိုစစ်ပွဲ၌ ဧလိ၏သားနှစ်ယောက်တို့သည်လည်း သေခဲ့ကြပြီး၊ သေတ္တာတော်ကို ဖိလိတ္တိလူတို့က သိမ်းယူခဲ့ကြပါသည်။ ထို့ကြောင့် ဣသရေလလူတို့သည် ထိတ်လန့်ခဲ့ကြပါသည်။ ထိုသတင်းကို ယဇ်ပုရောဟိတ် ဧလိ ကြားရသောအခါ၊ လဲကျလျက် သေဆုံးခဲ့ပါသည်။ ဧလိ၏သားများထဲမှ တဦးသောသူ၏မယားသည် သားဘွားခြင်း ဝေဒနာ ခံစားနေစဉ် ထိုသတင်းဆိုးကို ကြားသိခဲ့ပါသည်။ သူမ ဘွားမြင်သော သား၏နာမည်ကို ဣခါဗုဒ်ဟု မှည့်ခဲ့ပါသည်၊ အကြောင်းမှာ ဘုန်းအသရေသည် ဣသရေလကို စွန့်ခဲ့သောကြောင့်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အပြစ်သည် အပြစ်ဖြစ်၏။ နောင်တရခြင်းသာလျှင် အဖြေဖြစ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို မပြစ်မှားမည်အကြောင်း အကျွန်ုပ်စိတ်နှလုံးထဲ၌ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို သိုထားလိုပါ၏။

စနေ၊ အောက်တိုဘာ (၁၂)

**၁ ရာ ၄**

၁ ယော ၅း၁၈-၂၀

*"ဘုရားသခင် ဖြစ်ဘွားစေတော်မူသောသူသည် မိမိကို မိမိစောင့်ရှောက်သဖြင့်၊ မာရ်နတ်သည် ထိုသူကို မထိမခိုက်နိုင်ရာ။"*

## မှားယွင်းသော မြော်လင့်ချက်သည် ဣသရေလအတွက် အကျိုးမရှိ

သေတ္တာတော်သည် ဣသရေလ၌ ဘုရားသခင်အတူရှိတော်မူခြင်းကို ပြသောလက္ခဏာဖြစ်ပါသည်။ မောရှေနှင့် ယောရှုတို့ခေတ်၌ သေတ္တာတော်က ထိုအမှုကို ကောင်းကောင်း ပုံဆောင်ခဲ့ပါသည်။ သစ္စာရှိသော ယဇ်ပုရောဟိတ်များ၏စောင့်ရှောက်ခြင်းခံရလျက် မှန်ကန်စွာ ဘုရားဝတ်ကို ထိုအရပ်၌ ပြုခဲ့ကြပါသည်။ သို့သော်လည်း၊ ဣသရေလသည် ဝိညာဉ်အရေး၌ အလွန်ကျဆင်းခဲ့သောကြောင့်၊ ဖြောင့်မတ်ခြင်းတရားနှင့် အသုံးအဆောင်တန်ဆာကို မခွဲခြားတတ် ဖြစ်လာခဲ့ပါသည်။

ဣသရေလသည် သေတ္တာတော်ကို စစ်မြေပြင်သို့ ယူဆောင်လာခဲ့ပါသည်။ ဆိုးယုတ်သော ဧလိ၏သားတို့သည် ထိုအရပ်၌ ရှိလျက်၊ သေတ္တာတော်နောက်ကို လိုက်ခဲ့ကြပါသည်။ ထိုသို့ သေတ္တာတော် ရောက်လာသောအခါ၊ သူတို့ကို အံ့သြဖွယ် တန်ခိုးဖြင့် မစခြင်း ပေးမည်ဟု တင်မှတ်လျက် အော်ဟစ်ခဲ့ကြပါသည်။ ထိုကြွေးကြော်သံကို ဖိလိတ္တိလူတို့သည် ကြားသောအခါ၊ ထိတ်လန့်ခြင်း ရှိခဲ့ကြပါသည်။ ထိုသို့ ထိတ်လန့်ကြရခြင်းမှာ သူတို့၏ ရုပ်တုကိုးကွယ်ခြင်း အယူသည်းခြင်းတရားကြောင့်ပင်ဖြစ်ပါသည်။

ဖိလိတ္တိလူတို့သည် သေတ္တာတော်ကို မိမိတို့၏ရုပ်တုသဖွယ် ထင်မှတ်ခဲ့ကြပါသည်။ ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ ထွက်လာစဉ် တပါးလူမျိုးတို့နှင့် စစ်တိုက်စဉ် ဘုရားသခင် မစခဲ့ကြောင်းကို သူတို့ကြားသိခဲ့သောကြောင့်၊ သူတို့သည် စစ်ရှုံးတော့မည်ဟု ထင်မှတ်ခဲ့ကြပါသည်။ သို့သော်လည်း၊ သူတို့သည် ဣသရေလလူတို့၏ကျွန် မဖြစ်လိုသောကြောင့် အားတင်းကြလျက် စစ်တိုက်ခဲ့ကြပါသည်။ ဤသို့ဖြင့် သူတို့သည် အောင်မြင်ခြင်း လမ်းစကို ရှာတွေ့ခဲ့ကြလျက်၊ ဣသရေလသည် ကျဆုံးစပြုခဲ့ပါသည်။ ဖိလိတ္တိလူတို့သည် မိမိတို့၏ခွန်အားဖြင့် အောင်မြင်ခြင်း ရကြသည် မဟုတ်ပါ။ သူတို့လက်ထဲသို့ ဣသရေလလူတို့ကို ကျဆုံးစေတော်မူသောသူသည် ဘုရားသခင် ဖြစ်တော်မူကြောင်း ဖော်ပြခဲ့ပါသည်။

ဣသရေလသည် စစ်ရှုံးလျက် ဧလိ၏သားနှစ်ဦးဖြစ်သော၊ ဟောဖနိနှင့် ဖိနဟတ်တို့သည် သေဆုံးခဲ့ကြပါသည်။ ဤဒုတိယအကျော့ စစ်ပွဲ၌ ဣသရေလသည် အပြင်းအထန် ကျဆုံးသောကြောင့် လူပေါင်း သုံးသောင်း သေခဲ့ပြီး၊ စုစုပေါင်း သုံးသောင်း လေးထောင် သေဆုံးခဲ့ကြ၏။ ဤဒုတိယ အကျော့စစ်ရှုံးသောအချိန်၌ သတင်းပေးသောသူသည် ရှိလောမြို့သို့လာ၍ ဧလိအား သူ့သားနှစ်ဦး သေဆုံးခြင်း သတင်းကို လာအကြောင်းကြားခဲ့ခြင်း ဖြစ်ပါသည်။ ပဋိညာဉ် သေတ္တာတော်လည်း ဖိလိတ္တိလူတို့က သိမ်းပိုက်ခဲ့ကြောင်းလည်း ပြောပြခဲ့ပါသည်။ ထို သေတ္တာတော်အကြောင်းကို ဧလိ ကြားသောအခါ၊ မိမိ ထိုင်ခုံမှ လဲကျလျက် သေဆုံးခဲ့ခြင်းဖြစ်ပါသည်။ ထိုဝမ်းနည်းစရာသတင်းကို ကြားသိသောအခါ သူသည် အသက်ကြီးသည်နှင့်အညီ လုံးဝ ခံနိုင်ရည် မရှိခဲ့ပါ။ ရှမွေလအားဖြင့် မိမိထံ ဘုရားသခင် ပြောကြားခဲ့သော စကားသည် အမှန် စုံလင်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - လူသည် ဆန့်ကျင်ခြင်းပြုသောအခါ ဘုရားသခင်သည် တရားသဖြင့် စီရင်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ အစဉ်လိုက်လျှောက်လိုပါ၏။



သောကြာ၊ ဒီဇင်ဘာ (၂၀)

**၁ ရာ ၂၇**

ဆာလံ ၆၂း၁-၄

*"အကယ်စင်စစ် ငါ့ဝိညာဉ်သည် ဘုရားသခင် ရှေ့မှာ ငြိမ်ဝပ်စွာ နေတတ်၏။ ငါ့ကို ကယ်တင်ခြင်း အကြောင်းသည် အထံတော်က သက်ရောက်ရ၏"*

## ဒါဝိဒ်သည် ဂါသမြို့၌ ခိုလှုံခဲ့၏

ရှောလုသည် ဒါဝိဒ်၏လှုပ်ရှားမှုကို မမှီခဲ့ပါ။ သတ်ဖို့ သူကြိုးစားနေစဉ်၊ ဒါဝိဒ်သည် ခြေတလှမ်း အမြဲသာလျက်ရှိပါသည်။ ရှောလုက ဒါဝိဒ်သည် ဣသရေလ၏နောက်တက်လာမည့် ဘုရင်ဖြစ်ကြောင်း သိခဲ့သော်လည်း၊ လက်မခံနိုင်ခဲ့ပါ။

Matthew Henry က ဤသို့ ဆိုခဲ့ပါသည်။ "မယုံကြည်ခြင်း အပြစ်သည် လူကောင်းများကိုပင် လွယ်ကူစွာ နှောင့်ယှက်တတ်ပြီး၊ အပြင်ပိုင်းတွင် ကြိုးစားအားထုတ်သော်လည်း၊ အတွင်းပိုင်း၌ ကြောက်စိတ်ရှိခြင်း ပင်ဖြစ်၍၊ ကျော်ဖြတ်ရန် ခက်ခဲသောအမှုဖြစ်ပါသည်။ ထာဝရဘုရား၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို တိုးပွားစေတော်မူပါ။ ကျွန်တော်တို့သည် ဖိလိတ္တိလူ (ဂေါလျတ်) ၏စကားသည် ဣသရေလ (ဒါဝိဒ်) ၏စကားထက် ပိုကျယ်လောင်သည်ဟူ၍ရင်း၊ ဣသရေလ မြို့များက ခိုလှုံခွင့် မပေးသောကြောင့် လူကောင်းအတွက် ဂါသမြို့သည် ခိုလှုံရာနေရာဖြစ်သင့်သည်ဟူ၍ရင်း ထင်မှတ်နိုင်ပါသည်။ ဒါဝိဒ် သည် ဂါသမြို့နှင့် သိပ်မဝေးသော နေရာဖြစ်သည် သာမက၊ ဣသရေလ နယ်နိမိတ်၌ နေထိုင်ခွင့် ရခဲ့ပါသည်။ ထိုနေရာမှ မိမိ၏ပြည်သူပြည်သားများနှင့် ဆက်သွယ်ရသော အခွင့် ရခဲ့ပါသည်။"

ဖိလိတ္တိပြည်သို့ ဒါဝိဒ် ထွက်သွားစဉ် သူနှင့်အတူ လူ ခြောက်ရာပါခဲ့သည်။ ဂါသမင်းကလည်း ခိုလှုံခွင့်ပေးခဲ့ပါသည်။ ဒါဝိဒ်နှင့်အတူရှိသောသူများသည်လည်း နေရာသစ်၌ အနေကျဖို့ကြိုးစားခဲ့ရ၏။ ပြည်ပြေးဘဝသည် မလွယ်ကူခဲ့ပါ။ ထိုတာဝန်အပေါင်းသည် ဒါဝိဒ်၏ ပခုံးပေါ်၌ တင်လျက် ရှိပါသည်။ သူသည် အခြေအနေတိုင်း၌ ဘယ်လို အသက်ရှင် နေထိုင်ရမည်ကို သင်ယူခဲ့ပါသည်။ သူသည် အာခိတ်မင်း၏မြို့ဖြစ်သော ဂါသမြို့သို့ သွားရောက်ခဲ့၏။ အာခိတ်ကလည်း ဒါဝိဒ်ကို လက်ခံခဲ့ပြီး၊ ဒါဝိဒ်သည် ထိုအရပ်၌ ကြာကြာနေဖို့ စီစဉ်ခဲ့ပါသည်။ ဂါသမြို့၌ ခိုလှုံခြင်းသည် ပိုကောင်းသည်ဟု သူသိခဲ့ပါသည်။

ရှင်ဘုရင်ရှောလုက သူ့လူများအား ဒါဝိဒ်ကို ဖမ်းရန် (သို့) သတ်ရန် အမိန့်ပေးခဲ့၏။ ထို့ကြောင့်၊ ဒါဝိဒ်က မိမိပြည်ထက် သူတပါးပြည်သည် ပို၍လုံခြုံမှုရှိသည်ဟု ခံစားခဲ့ပါသည်။ ထိုပြည်သည် ဣသရေလ၏ခေတ်အဆက်ဆက် ရန်သူဖြစ်ပါသည်။ ဒါဝိဒ်သည် ဖိလိတ္တိလူ ဂေါလျတ်ကို သတ်ခြင်းဖြင့် ကျော်ကြားလာခဲ့၏။ ယခုတွင်၊ သူသည် ထိုပြည်၌ ခိုလှုံခဲ့ပါသည်။ ဘုရားသခင် ပေးတော်မူသော ဉာဏ်ပညာအားဖြင့် ဖြစ်လာနိုင်သော ပြဿနာကို ဒါဝိဒ်သည် ဖြေရှင်းလျက် အောင်မြင်မှုအဖြစ် ပြောင်းလဲခဲ့ပါသည်။ ဖိလိတ္တိပြည်၌ ဒါဝိဒ် ရှိကြောင်း ရှောလု သိသော်လည်း၊ ဆက် မလိုက်တော့ပါ။ ထိုမျိုးနှစ်မျိုး၏ ဆက်ဆံရေး မကောင်းမှုသည် ဒါဝိဒ်အတွက် ကောင်းကျိုးဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏ စီမံခွဲခန့် လမ်းပြပြုစုစောင့်ရှောက် ကွယ်ကာတော်မူခြင်းပင် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို အစဉ် မြော်ကြည့်လော့။

**ဆုတောင်းချက်** - အဖဘုရား၊ မှန်ကန်သော ဆုံးဖြတ်ချက် အစဉ်ချမည်အကြောင်း မစတော်မူပါ။

*"ငါပိုင်ထိုက်သော နယ်နိမိတ်သည်
သာယာသော အရပ်တွင်ကျ၍
ကောင်းမွန်သော အမွေကို ငါခံရပြီ"*

## ဒါဝိဒ်သည် ဖိလိတ္တိလူတို့ထံ ခိုလှုံခဲ့၏

ဒါဝိဒ်သည် ရှောလုကို မသတ်ဘဲ နေခဲ့ပြီးနောက်၊ မိမိသည် လုံခြုံပြီဟု မခံစားခဲ့ပါ။ အကြောင်းမှာ ရှင်ဘုရင်၏စကားကို မယုံရဲခဲ့ပါ။ ထို့ကြောင့် ဖိလိတ္တိပြည်သို့ ထွက်သွားဖို့ ဆုံးဖြတ်ခဲ့၏။ ထိုလူမျိုးတို့သည် ဣသရေလ၏မိတ်ဆွေ မဟုတ်ခဲ့ကြသော်လည်း၊ ဒါဝိဒ်သည် ရင်းနှီးစွာ ချဉ်းကပ်ခဲ့သောကြောင့်၊ ဖိလိတ္တိမင်းသည် သူ့ကို ကြိုဆိုခဲ့ပါသည်။ ရဲရင့်သော ဆုံးဖြတ်ချက်ဖြစ်ပြီး၊ ထာဝရဘုရားသည် လမ်းပြတော်မူလျက်၊ အရေးကြီးသော ပုဂ္ဂိုလ်များ၏ စိတ်နှလုံးထဲ၌ အမှုပြုတော်မူခဲ့ပါသည်။ ထိုသို့ဖြင့် ဒါဝိဒ်သည် ဖိလိတ္တိပြည်သို့ သွားရောက်ခဲ့ပါသည်။ ဖိလိတ္တိမင်းထံ၌ ဒါဝိဒ်သည် ဘုရင့်မြို့တော် အပြင်ဘက်၊ အခြားသော သီးခြားမြို့၌ အခြေချဖို့ရန် တရားဝင် တောင်းဆိုခဲ့ပါသည်။

ဒါဝိဒ်၏ဆုံးဖြတ်ချက်သည် အရေးကြီးလှပါသည်။ ရှင်ဘုရင်ရှောလုသည် မိမိအား သတ်ဖို့ရန် လိုက်ဖမ်းခြင်းအမှုကို မစွန့်လွှတ်ခဲ့ကြောင်း ဒါဝိဒ် သိခဲ့ပါသည်။ ရှောလုသည် စိတ်နှလုံးခိုင်မာသောသူဖြစ်ပါသည်။ ထိုသို့ ဒါဝိဒ်က နှစ်ကြိမ်တိုင်တိုင် သူ့ကို မသတ်ဘဲ လွှတ်ထားသော်လည်း၊ ထိုအမှုက သူ့စိတ်ကို မတို့ထိနိုင်ပါ၊ ဒါဝိဒ် အပေါ် ကောင်းသောစိတ် မမွေးနိုင်ခဲ့ပါ။ ဒါဝိဒ်သည် ရှင်ဘုရင်၏ အကြောင်းကို ကောင်းကောင်း သိခဲ့ပါသည်။ ဣသရေလပြည်၌ မိမိပုန်းခိုနိုင်မည့် နေရာအားလုံးကို သူသည် လိုက်လံရှာဖွေခဲ့ပါသည်။ ထို့ကြောင့်၊ ရန်သူ့ပြည်သို့ ခိုလှုံဖို့ရန် အရဲစွန့်လျက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ရှောလုသည် ဖိလိတ္တိလူတို့ကို မတိုက်ဘဲ မိမိအား လိုက် မဖမ်းနိုင်သောကြောင့်၊ ဒါဝိဒ်သည် ထိုသို့ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်၏။ ဖိလိတ္တိလူတို့သည် ဣသရေလလူတို့၏ ရန်သူဖြစ်ကြပါသည်။ ထို့ကြောင့်၊ ဂါသမင်းအား ဒါဝိဒ်ကို အကူအညီ ပေးဖို့ရန် တောင်းဆိုမှုသည် လွယ်ကူသောအမှု မဟုတ်ခဲ့ပါ။

ဒါဝိဒ်က ဘုရားသခင်သည် မိမိ၏ဂတိတော်ကို ပြည့်စုံစေမည်အကြောင်း သိခဲ့ပါသည်။ တဖက်တွင်၊ အောင်မြင်မှုရရန်အတွက် မိမိ၏အစီအစဉ်ကို လက်တွေ့အကောင်းအတည် ဆောင်ရွက်ဖို့ရန် မိမိ၌တာဝန် ရှိကြောင်း ဒါဝိဒ် သိခဲ့ပါသည်။ ထိုတာဝန်တွင်၊ မိမိ၏လုံခြုံမှုနှင့် ဣသရေလလူထု၏ လက်ခံအားပေးမှု တည်ဆောက်ခြင်းအမှုတို့ ပါဝင်ပါသည်။ ထို့ကြောင့်၊ ဒါဝိဒ်သည် ယခုအမှုကို ပြုခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိလူကို ကယ်တင်ဖို့ရန် ရန်သူ၏စိတ်နှလုံးထဲ၌ပင် အမှုပြုတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏ တာဝန်ဝတ္တရားကို ကျေပွန်စွာ ထမ်းရွက်စဉ်၊ အကျွန်ုပ်၏ လုံခြုံမှုသည် ကျွန်ုပ်ခွန်အား တန်ခိုး၌ မတည်ဘဲ၊ ကိုယ်တော်၌ တည်ပါ၏။





*"ဣသရေလ ဘုန်းအသရေ ပျောက်ခဲ့ပြီ"*

## ဣသရေလမှ ဘုန်းအသရေတော် ထွက်ခွါခြင်း

ဣသရေလသည် စစ်ရှုံး၍ ထောင်ပေါင်းများစွာသောလူတို့ သေခဲ့ခြင်းသတင်းသည် အလွန်ထိတ်လန့်စရာကောင်းလှပါသည်။ ထို့ပြင်၊ ပဋိညာဉ်သေတ္တာတော်သည် ဖိလိတ္တိလူတို့လက်ထဲသို့ ကျရောက်ခဲ့ခြင်းသည်လည်း ပို၍ စိတ်နာကျင်ခြင်းကို ဖြစ်စေပါသည်။ ထိုသတင်းကို ကြားသိသောအခါ၊ ယဇ်ပုရောဟိတ် ဧလိသည် လဲကျလျက် သေဆုံးခဲ့ပါသည်။ ချွေးမသည် (ဖိနဟတ်၏ဇနီး) ကိုယ်ဝန်သည်ဖြစ်ပါသည်။ ထိုသတင်းရောက်လာသောအချိန်၌ သူသည် သားဘွားခြင်း ဝေဒနာကို ခံစားနေရ၏။ အောက်ဖော်ပြပါ ကျမ်းချက်က ထိုသတင်း၏ ဆိုးကျိုးကို ထင်ရှားစေပါသည်။ ၁ ရာ ၄း၂၀-၂၂ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည်၊ "သေလုသောအခါ အနားမှာရှိသော မိန်းမတို့က၊ အစိုးရိမ်နှင့်။ သားယောကျ်ားကို ဘွားမြင် ပြီဟု ဆိုသော်လည်း ပြန်မပြော၊ အမှု မထားဘဲနေ၏။ တဖန် ဘုရားသခင်၏ သေတ္တာတော်သည် ရန်သူ လက်သို့ ရောက်သောကြောင့်၎င်း၊ မိမိယောက္ခမနှင့် လင်အမှုကြောင့်၎င်း၊ ဣသရေလ ဘုန်းအသရေ ပျောက်ခဲ့ပြီဟု ဆိုလျက်၊ ထိုသူငယ်ကို ဣခဗုဒ် အမည်ဖြင့် မှည့်၍၊ ဣသရေလ အမျိုး၏ ဘုရားသခင့် သေတ္တာတော်သည် ရန်သူ လက်သို့ ရောက်သောကြောင့်၊ ဣသရေလ ဘုန်းအသရေ ပျောက်ခဲ့ပြီဟု ဆိုလေ၏။" သေတ္တာတော်သည် သူတို့၏ ဝတ်ပြုကိုးကွယ်ခြင်း၌ အဓိကကျသောအရာဖြစ်သောကြောင့် သူတို့သည် စိတ်ပျက်လျက်ရှိခဲ့ကြပါသည်။ ထိုသေတ္တာတော်သည် ဘုရားသခင်အတူပါရှိတော်မူခြင်းကို ကိုယ်စားပြု၏။ သို့သော်လည်း၊ ယခုတွင် ရန်သူလက်ထဲသို့ ရောက်ရှိခဲ့ပါသည်။ ဤသည်ကား ဘုရားသခင်၏စကား နာမခံခြင်း၏ ရလဒ်ပင်ဖြစ်ပါသည်။

တိုင်းပြည်၏ ဝိညာဉ်ရေး အခြေအနေသည် ကျဆင်းလျက်ရှိပြီး၊ ဧလိ၏သားများနှင့် ဘုရားသခင်၏အိမ်တော်မှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်က နာကျင်ခြင်းကို သူ့တို့အပေါ်၌ ကျရောက်စေတော်မူ၏။ ဘုရားသခင်သည် အပြစ်ကို မစီရင်ဘဲ ကျော်သွား တော်မမူတတ်ပါ။ နောင်တရခြင်း မရှိလျှင်၊ ထိုအပြစ်ကို ဒဏ်ခတ်စီရင်တော်မူတတ်ပါသည်။ ထိုတရားကို ဣသရေလ သမိုင်း၌ ထင်ရှားစွာ တွေ့ရပါသည်။ ရွှေ နွားရုပ်တုအဖြစ်အပျက်သည် သာဓက တစ်ခုဖြစ်ပါသည်။ မောရှေသည် ဘုရားသခင်နှင့် တွေ့ဆုံဖို့ရန် သိနတောင်ပေါ်၌ ရက်ပေါင်း ၄၀ ကြာမြင့်ခဲ့ပါသည်။ ပြန်လာသောအခါ၊ သူ၏ ညီအစ်ကို အာရုန်သည် ရွှေ နွားရုပ်တုကို ပြုလုပ်ဖို့ရန် လူထု၏သွေးဆောင်ခြင်းကို ခံခဲ့ကြောင်း သူသိခဲ့ရပါသည်။ ထိုအပြစ်ဒဏ်ကို လူထုသည် ခံခဲ့ကြပါ၏။

ယနေ့ အသင်းတော် ခေါင်းဆောင်များသည်လည်း ထိုသို့သောအပြစ်ကို လွန်ကျူးနိုင်ပါသည်။ ထို့ကြောင့်၊ သင့်အသင်းတော်မှ ဘုရားသခင်၏ဘုန်းအသရေတော် ထွက်မသွားဖို့ရန် သတိထားပါလော့။

**ဆင်ခြင်ရန်** - သစ္စာရှိစွာ နှုတ်ကပတ်တော် သွန်သင်ခြင်းနှင့် နာခံလိုက်လျှောက်ခြင်း က အသင်းတော်၌ ဘုရားသခင်၏ဘုန်းတော် တည်စေလျက်ရှိ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်တို့အသင်းတော်သည် စစ်မှန်သော ယုံကြည်ခြင်းဘက်၌ အစဉ် ရပ်တည် တိုက်လှန်ခြင်းပြုလျက် လက်မလျော့မည်အကြောင်း မစတော်မူပါ။

 *"ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်"*

## သေတ္တာတော်သည် ဖိလိတ္တိလူတို့လက်ထဲသို့ ရောက်ခဲ့၏

ဘုရားသခင်သည် ဣသရေလအား ဖိလိတ္တိလူတို့လက်ထဲ၌ ကျဆုံးဖို့ရန် ခွင့်ပြုတော်မူသော်လည်း၊ သူတို့ကို စွန့်ပစ်တော် မမူ။ ပဋိညာဉ် သေတ္တာတော် သိမ်းပိုက်ခြင်း ခံရသော်လည်း၊ ဘုရားသခင်၏လက်တော်သည် ဖိလိတ္တိလူတို့ကို ဆန့်ကျင်တော်မူ၏။ ထိုသေတ္တာတော်သည် ဣသရေလ၌ ဘုရားသခင် ရှိတော်မူခြင်းကို ပြသော လက္ခဏာဖြစ်ပါသည်။ ထိုသေတ္တာတော်ကို ဘုရားသခင်က ပြုလုပ်စေတော်မူလျက်၊ အသုံးပြုရန်လည်း လမ်းညွှန်ချက်ကို ဘုရားသခင်က မိန့်တော်မူ၏။

ယခုတွင်၊ ထိုသေတ္တာတော်သည် သူစိမ်းလက်ထဲသို့ ရောက်ရှိခဲ့ပါသည်။ သို့သော်လည်း၊ ရုပ်တုနှင့် ဘယ်လိုမှ နှိုင်းယှဉ်၍ မရပါ။ ဖိလိတ္တိလူတို့၏ဘုရား ဖြစ်သော ဒါဂုန် ရုပ်တုသည် ပျက်စီးခဲ့ပါသည်။ သေတ္တာတော်ကို ယူခဲ့သော မြို့များကိုလည်း ဘုရားသခင်သည် ဒဏ်ခတ်တော်မူခဲ့၏။ နောက်ဆုံးတွင်၊ ထိုသေတ္တာတော်ကို ဣသရေလသို့ ပြန်ပို့ရန် ဖိလိတ္တိလူတို့သည် ဆုံးဖြတ်ခဲ့ပါသည်။ ထာဝရဘုရားသည် မိမိမှအပ အခြားဘုရား မရှိကြောင်းကို ပြသလျက်၊ မိမိ၏ ကြီးမြတ်တော်မူခြင်းကို ဖော်ပြတော်မူခဲ့ပါသည်။

ဣသရေလ၏ရန်သူဖြစ်သော ဖိလိတ္တိလူတို့သည် ရုပ်တုကိုးကွယ်သူများဖြစ်သောကြောင့်၊ ထိုသေတ္တာတော်ကို သူတို့၏ရုပ်တုများ ကဲ့သို့ ထင်မှတ်ခဲ့ပါသည်။ ထိုသေတ္တာတော်ကို သိမ်းပိုက်လျက်၊ ဣသရေလ၏ အစွမ်းတန်ခိုးကို ယူဆောင်ခဲ့ကြသည်ဟု ထင်မှတ်ခဲ့ပါသည်။ ဣသရေလကို နိုင်သောအခါ၊ ဧဗေနေဇာမှ ထိုသေတ္တာတော်ကို မိမိတို့၏မြို့ဖြစ်သော အာဇုတ်မြို့သို့ သယ်ဆောင်ခဲ့ကြပါသည်။ သူတို့၏ ရုပ်တု ဒါဂုန်သည် ဣသရေလ၏ ဘုရားသခင်ကို အောင်နိုင်သည်ဟု မှားယွင်းစွာ ထင်မှတ်ခဲ့ကြပါသည်။

ထိုသေတ္တာတော်ကို မိမိတို့၏ ရုပ်တု ဒါဂုန်နှင့် တူညီသည်ဟု ထင်မှတ်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ဒါဂုန်ကျောင်း၌ သေတ္တာတော်ကို ထားခဲ့ကြပါသည်။ ဘုရားတရား မသိသော လူတို့သည် မိမိတို့၏ ရုပ်တုများကို တန်ခိုးရှိသည်ဟု ထင်မှတ်ကြပြီး၊ ရိုသေကိုးကွယ်ကြ၏။ ထို့ကြောင့် သူတို့သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော၊ စစ်မှန်သော ဘုရားသခင်ကို ယုံကြည်သောသူများ မဟုတ်ကြောင်း ထင်ရှားလှပါသည်။ ဘုရားသခင်သည် မိမိကိုယ်ကို ဘုရားဖြစ်ကြောင်း ဖော်ပြတော်မူလျက်၊ မိမိအား မည်သို့ ကိုးကွယ်ဝတ်ပြုရမည်ကိုလည်း မိန့်တော်မူခဲ့ပါသည်။ ထိုတရားကို ပညတ်တော် ဆယ်ပါး၏ ပထမအချက်တွင် ဖော်ပြခဲ့ပါသည်၊ "ငါမှတပါး အခြားသော ဘုရားကို မကိုးကွယ်နှင့်" (ထွက် ၂၀း၃)။ ဖိလိတ္တိလူတို့သည် ဤသမ္မာတရားကို မသိခဲ့ကြပါ။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ ဘုရားသခင်သည် ထူးခြားသော၊ တစ်ဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏အကြောင်းကို ကျွန်တော် ပို၍ သိနားလည်မည် အကြောင်း နှုတ်ကပတ်တော်ကို လေ့လာလိုပါ၏။





*"တောင်ကြီးတို့သည် ရွေ့၍၊
တောင်ငယ်တို့သည် လှုပ်ရှားသော်လည်း၊
ငါ၏မေတ္တာသည် သင်မှ မရွေ့ရ"*

## ဒါဝိဒ်သည် အဘိရှဲကို တားခဲ့ပါသည်

ဒါဝိဒ်က အာဗနာအား ရှင်ဘုရင်ကို မကာကွယ် မစောင့်ရှောက်ခဲ့သောအကြောင့် အပြစ်တင်ခဲ့၏။ အာဗနာသည် စစ်ဗိုလ်ချုပ်ဖြစ်၍ သူ၏တာဝန်သည် ရှင်ဘုရင်ကို စောင့်ရှောက်ကာကွယ်ဖို့ဖြစ်ပါသည်။ ရန်သူသည်လာ၍ အစောင့်ရှိလျက်ပင် ရှင်ဘုရင်ကိုထိခိုက်ခဲ့လျှင်၊ ထိုအစောင့်သည် အလုပ်ဖြုတ်ခံရမည်သာမက၊ ထောင်ချခံရပါလိမ့်မည်။ အာဗနာသည်လည်း ပြစ်ဒဏ်ခံထိုက်ပါသည်။ ဒါဝိဒ်က အဝေးမှ ဟစ်အော်လျက်၊ အာဗနာ၏ တာဝန်မကျေမှုကို ဖော်ပြခဲ့ပါသည်။ "ဒါဝိတ်က၊ သင်သည် ယောကျ်ား မဟုတ်လော။ ဣသရေလ အမျိုး၌ သင်နှင့်အဘယ်သူ တူသနည်း။ သို့ဖြစ်၍ သင်၏သခင် ရှင်ဘုရင်ကို အဘယ်ကြောင့် မစောင့်သနည်း။ သင်၏သခင် ရှင်ဘုရင်ကို သတ်အံ့သောငှါ လူတယောက် ဝင်လေပြီ။ သင်ပြုသော အမှုသည် မလျောက်ပတ်။ ထာဝရဘုရား အခွင့်နှင့် ဘိသိက်ခံသော သင်၏ သခင်ကို မစောင့်သောကြောင့်၊ ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း သင်သည် အသေခံထိုက်ပေ၏။ ခေါင်းရင်းတော်နားမှာ ထားသော ရှင်ဘုရင်၏ လှံတော်နှင့် ရေဘူးတော်ရှိသည် မရှိသည်ကို ကြည့်ရှုလော့ဟု အာဗနာအား ပြောဆို၏" (၁ ရာ ၂၆း၁၅-၁၆)။

ရှောလုကလည်း ဒါဝိဒ်အား စကားပြောခဲ့ပြီး၊ သူတို့သည် လမ်းခွဲခဲ့ကြ၏။ ဒါဝိဒ်က ရှောလုအား ကောင်းသောစကားဆိုခဲ့ပါသည်။ သူသည် မိမိအပြစ်ကင်းကြောင်းကို သက်သေပြခဲ့ပြီး၊ သူတို့အကြား၌ရှိသော ရန်လိုမှုကို ငြိမ်းစေဖို့ရန် တောင်းဆိုခဲ့ပါသည်။ ရှင်ဘုရင်ကလည်း မိမိအပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီး၊ မိမိကို သတ်နိုင်လျက်နှင့် လွှတ်ပေးခဲ့သောကြောင့် ဒါဝိဒ်ကို ချီးကျူးခဲ့ပါသည်။ ဒါဝိဒ်က သူတို့၏အမှုကို ဘုရားသခင် စီရင်တော်မူပါစေဟု ဆိုလျက်၊ ရှောလုသည် ထာဝရဘုရား၏ ဘိသိက်ခံဖြစ်သောကြောင့် သူ့ကို မထိခိုက်မည်အကြောင်း ကျိန်ဆိုခဲ့ပါသည်။ ရှောလုက ဒါဝိဒ်အား ကောင်းကြီးပေးလျက်၊ ငြိမ်းချမ်းစွာ ထွက်ခွါခဲ့ပါသည်။

ဒါဝိဒ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ကျိန်းဝပ်တော်မူခြင်းကို ခံရသောသူဖြစ်ပါသည်။ ဘုရားသခင်က မိမိ၏ပညတ်တရားကို နားလည်ရသော အခွင့်နှင့် ထိုတရားကို လက်တွေ့ ကျင့်သုံးနိုင်သောအခွင့်ကို ဒါဝိဒ်အား ပေးတော်မူသောကြောင့် ဒါဝိဒ်သည် ဘုရားသခင် ကြောက်ရွံ့သော သဘောရှိသောသူဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အသက်တာ၌ ဘုရားသခင်အတူပါရှိတော်မူခြင်းအကြောင်းကို သူပြုသော အမှုတိုင်း၌ ထင်ရှားတတ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ သူတပါးကို ချစ်တတ်သော ဝိညာဉ် စိတ်နှလုံးကို ကျွန်ုပ်အား ပေးသနားတော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၁၇)
**၁ ရာ ၂၆**
မာကု ၁၂း၂၈-၃၄

*“ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ . . . ဤပညတ်တို့ထက် သာ၍ ကြီးမြတ်သော ပညတ် မရှိ”*

## ဒါဝိဒ်သည် ရှောလု၏အသက်ကို ဒုတိယအကြိမ် ကယ်ခဲ့၏

ဒါဝိဒ်သည် ရှင်ဘုရင်ရှောလု၏အသက်ကို နောက်တကြိမ် လွှတ်ပေးခဲ့ပါသည်။ စစ်ပွဲ၌ ညအချိန်သည် နည်းဗျူဟာအရ အလွန်အသုံးဝင်လှပါသည်။ ရှောလုနှင့် သူ၏တပ်သည် ညရောက်သောအခါ အိပ်ခဲ့ကြပါသည်။ ဒါဝိဒ်သည် ထိုဘုရင့်တပ်နှင့် အလွန် မဝေးသောနေရာ၌ ပုန်းနေခဲ့ပါသည်။ ဒါဝိဒ်၏သူလျှိုများက ဘုရင့် တပ်သားများ အိပ်သောနေရာများကို မှတ်သားခဲ့ကြပြီး၊ အတိအကျ သတင်းပို့ခဲ့ကြ၏။

ထိုအခါ၊ ဒါဝိဒ်သည် နောက်လိုက် တစ်ဦးကိုသာခေါ်၍ ရှင်ဘုရင် အိပ်သောနေရာသို့ သွားခဲ့ပါသည်။ ရောက်လာသောအခါ၊ စစ်တပ်တခုလုံးသည် အိပ်မောကျလျက်နေခဲ့ကြ၏။ ဘုရင့် လှံတံတော်သည် သူ့ဘေး မြေပေါ်၌ စိုက်ထားလျက်ရှိပြီး၊ သူ့ရေဘူးလည်းရှိ၏။ အဘိရှဲက ရှောလုကို သတ်ရန် အခွင့် ကောင်းဖြစ်သည်ဟု မြင်ခဲ့ပါသည်။ ပြဿနာကို ချုပ်ငြိမ်းစေမည့်နည်းလမ်း ဖြစ်သည်ဟု သူထင်ထား သော်လည်း၊ ဒါဝိဒ်သည် ထိုသို့ မမြင်ခဲ့ပါ။ ဘုရင်အား မထိခိုက်ဖို့ရန် ဒါဝိဒ်က အဘိရှဲကို တားခဲ့ပါသည်။ ဒါဝိဒ်သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းရှိလျက်၊ ထိုသို့ စစ်တပ် တခုလုံး အိပ်မောကျနေကြခြင်းသည် ဘုရားသခင်ပြုတော်မူသောအမှုဖြစ်ကြောင်း သူသိခဲ့ပါသည်။ ထိုအခါ၊ အဘိရှဲအား လှံတံတော်နှင့်ရေဘူးကို ယူစေခဲ့ပါသည်။ သူတို့သည် တပ်တွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း၊ သို့သော်လည်း မသတ်ခဲ့ကြောင်း သက်သေအဖြစ် လိုအပ်ခဲ့သောကြောင့် ယူခဲ့ခြင်းဖြစ်ပါသည်။ အချိန်တန်သောအခါ ဘုရားသခင်သည် ရှောလုကို ဒဏ်ခတ်မည်အကြောင်း ဒါဝိဒ် ယုံကြည်ခဲ့ပါသည်။ ဘုရားသခင်၏အလိုတော်သို့ ဆက်ကပ်ခြင်းသည် အကောင်းဆုံးဖြစ်ပါ၏။

ဘုရင့် လှံတံတော်နှင့်ရေဘူးသည် ရှောလု၏တပ်တွင်းသို့ သူတို့ဝင်ရောက်ခဲ့ကြောင်း သက်သေ ဖြစ်ပါသည်။ ၁ ရာ ၂၆း၁၂ က ဘုရားသခင်သည် ထိုတပ်တွင်း၌ အိမ်မောကျခြင်းကို ဖြစ်စေတော်မူ၏ ဟုဖော်ပြထားပါသည်။ ဒါဝိဒ်သည် သူ့အသံကို တပ်စခန်းမှ ကြားနိုင်လောက်သော အရပ်သို့ရောက်သောအခါ၊ အာဗနာနှင့်သူ့တပည့်များအား ဟစ်အော်ခဲ့ပါသည်။ ဘုရားသခင် ပေးတော်၏သော ဉာဏ်ပညာအားဖြင့်၊ ဒါဝိဒ်သည် ဘုရားသခင်၏စကားကို နာခံလျက် ကြင်နာခြင်း စိတ်သဘောဖြင့် ချဉ်းကပ်ခဲ့ပါသည်။

ရှောလုက ရန်သူကဲ့သို့ ဆက်ဆံခဲ့သော်လည်း၊ ဒါဝိဒ်သည် ထိုအခွင့်အရေးကို ဘုရားသခင်အား မိမိ ကြောက်ရွံ့ကြောင်းနှင့် ရှင်ဘုရင်ကို ချစ်ကြောင်း ပြသဖို့ရန် အသုံးပြုခဲ့ပါသည်။ အဘယ် အခြေအနေ၌ မဆို ဘုရားသခင်၏ပညတ်တရားကို လိုက်လျှောက်ရမည်အကြောင်း နားလည်ခဲ့၏။ ထိုပညတ်၏အချုပ်မူကား၊ ဘုရားသခင်ကို ချစ်၍ ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ဖို့ရန် ဖြစ်ပါသည်။ ဒါဝိဒ်သည် ထိုပညတ်တရားကို သိခဲ့ပြီး၊ ဘုရားသခင်၏ပညတ်တရား လိုက်လျှောက်ခြင်းသည် ဇာတိသဘောထက် ကြီးမြတ်ကြောင်း ပြသခဲ့ပါသည်။

**ဆင်ခြင်ရန်** - ရန်သူကို မည်သို့ဆက်ဆံသနည်း ဟူသောအချက်၌ ချစ်ခြင်းမေတ္တာပေါ်လွင်၏။
**ဆုတောင်းချက်** - အဖဘုရား၊ ရန်သူအပေါ် လက်တုံ့ပြန်ခြင်း မပြုဘဲ၊ ချစ်နိုင်မည်အကြောင်း မစတော်မူပါ။



အင်္ဂါ၊ အောက်တိုဘာ (၁၅)
**၁ ရာ ၅**
၃ ရာ ၁၈း၃၆-၄၀

*“အာဗြဟံ၊ ဣဇာက်၊ ဣသရေလတို့၏ ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်သည် ဣသရေလအမျိုး၏ ဘုရားသခင်ဖြစ်တော်မူကြောင်း . . . သိကြပါစေသော”*

## ဖိလိတ္တိလူတို့၏ ရုပ်တုဘုရားများ ဖျက်ဆီးခံရခြင်း

ဣသရေလသည် ရုပ်တုကို ဆန့်ကျင်ဖို့ရန် ဘုရားသခင် မိန့်တော်မူချက်ကို သိသော်လည်း၊ ဘုရားသခင်ကို သူတို့သည် ငြင်းပယ်ခဲ့သောကြောင့်၊ ဝိညာဉ်အရေး၌ ရှုတ်ထွေးစွာ နေထိုင်လျက်ရှိခဲ့ကြပါသည်။ ပညတ္တိကျမ်းကို သူတို့သည် အရေးမထားခဲ့ကြပါ။ ဘုရားသခင်၏စကားတော်ကို အလေးမထားခဲ့ကြသောကြောင့်၊ ဘုရားတရားကို မသိသော လူမျိုးကဲ့သို့ ဖြစ်လာခဲ့ကြပါသည်။ ထို့ကြောင့် သူတို့၏ ရန်သူများသည် ဣသရေလအပေါ် အသာရခဲ့ခြင်းဖြစ်ပါသည်။

ဖိလိတ္တိလူတို့သည် ဣသရေလကို အနိုင်ရခဲ့သောကြောင့် စိတ်လှုပ်ရှားခဲ့ကြပါသည်။ သူတို့၏ ရုပ်တုက မိမိတို့ကို မစခဲ့သည်ဟု ထင်ခဲ့ကြပါသည်။ သူတို့သည် ဣသရေလလူတို့၏ ဘုရားသခင် ထာဝရဘုရား၏ တန်ခိုးတော်ကို မသိခဲ့ကြသောကြောင့်၊ သူတို့၏အောင်မြင်မှုသည် သူတို့ ရုပ်တု၏ မစခြင်းဖြစ်သည်ဟု ချီးမွမ်းခဲ့ပါသည်။ သို့သော်လည်း၊ ဣသရေလ၏ဘုရားသခင်သည် ဒါဂုန်ဘုရားနှင့် ရုပ်တုအပေါင်းအပေါ်၌ တန်ခိုးအာဏာရှိတော်မူကြောင်း ဖော်ပြပါလိမ့်မည်။ ဖိလိတ္တိလူတို့သည် သေတ္တာတော်ကို သယ်လာခဲ့ပြီး၊ ဒါဂုန်ကျောင်း၌ ထားခဲ့ကြပါသည်။ နက်ဖြန် ထလာကြသောအခါ၊ ဒါဂုန်ရုပ်တုသည် ဘယ်သူမှ မထိဘဲလျက် မြေပေါ်မှာ လှဲ၍ ပြပ်ဝပ်လျက် နေခဲ့ပါသည်။ ထိုအခါ ဒါဂုန်ကျောင်း ယဇ်ပုရောဟိတ်များက မိမိနေရာသို့ ပြန်ထားခဲ့ကြပါသည်။ ထို့နောက် နက်ဖြန်နေ့ ပြန်ထလာကြသောအခါ၊ ဒါဂုန်ရုပ်တုသည် သေတ္တာတော်ဘေး၌ အစိပ်စိပ်အမွှာမွှာကွဲလျက် လှဲကျခဲ့ပါသည်။ ဒါဂုန်ကျောင်း၏ယဇ်ပုရောဟိတ်တို့နှင့် အာဇုတ်မြို့သူသားများသည် ဒါဂုန်ကျောင်းသို့ မသွားခဲ့ကြတော့ပါ။ ဒါဂုန်ရုပ်တု ဖျက်ဆီးခံရခြင်းသည် သာမန်တန်ခိုးမဟုတ်ကြောင်း သူတို့သည် သိမှတ်ခဲ့ကြ၏။

ထိုသို့သော ပြိုင်ဆိုင်တိုက်ခိုက်မှုအကြောင်းကို ၃ ရာ ၁၈ ထဲ၌ ပရောဖက် ဧလိယနှင့် ဗာလ၏ပရောဖက်များအကြား၌ ဖြစ်ခဲ့ကြောင်းကို တွေ့ရပါသည်။ ဒါဂုန်ရုပ်တုသည် ဘုရားတရား မသိသော တပါးအမျိုးသားများ၏ ရုပ်တုများထဲမှ တခုဖြစ်ပါသည်။ ဘုရားသခင်သည် ဒါဂုန်ကျောင်း၌ အမှုပြုတော်မူသောကြောင့်၊ ထိုကျောင်းမှ ယဇ်ပုရောဟိတ်များသည် ထွက်ပြေးခဲ့ကြရ၏။ ရုပ်တုဆင်းတုကိုးကွယ်ခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်ခြင်းဖြစ်သောကြောင့် ဘုရားသခင်သည် ကြီးလေးသော ပြစ်ဒဏ်ကို ခံစေမည်ဖြစ်ပါသည်။ ဖိလိတ္တိလူတို့သည် ဘုရားသခင်၏သမ္မာတရား အနည်းငယ်ကို သိခဲ့ကြသော်လည်း၊ ထို ဣသရေလ၏ဘုရားသခင်၏ဝတ်ကို မဆောင်ရွက်ခဲ့ကြပါ။ ပြုတော်မူသော အံ့ဘွယ်အမှုကို သိမှတ်ကြသော်လည်း၊ ယုံကြည်ခြင်း မရှိခဲ့ကြပါ။ ဘုရားသခင်က သေတ္တာတော်ကို သူတို့သိမ်းပိုက်ဖို့ရန် ခွင့်ပြုခြင်းသည် သူကိုယ်တိုင် သူတို့ထံ အမှုပြုတော်မူလိုသောကြောင့် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ရုပ်တုကိုးကွယ်ခြင်းသည် စစ်မှန်သော ဘုရားသခင်ကို ငြင်းပယ်ခြင်းပေတည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ရုပ်တုကိုးကွယ်ခြင်းမှ ကျွန်ုပ်တို့ကို ကွယ်ကာတော်မူပါ။

**၁ ရာ ၅**

ထွက် ၁၁

*"စေတနာစိတ်ကို ထာဝရဘုရား ဖြစ်စေတော်မူ၏"*

## ဘုရားသခင်သည် ဖိလိတ္တိမြို့များကို စီရင်တော်မူ၏

သေတ္တာတော်သိမ်းထားရာမြို့ဖြစ်သော အာဇုတ်မြို့အပေါ်၌ ဘုရားသခင်၏လက်တော်သည် လေးလံလျက်ရှိပါသည်။ ထိုမြို့သည် ဖိလိတ္တိလူများ၏ ရုပ်တုဖြစ်သော ဒါဂုန်ဘုရား ဝတ်ပြုရာ နေရာဖြစ်ပါသည်။ ဣသရေလလူတို့၏ ဘုရားသခင် ထာဝရဘုရား၏သေတ္တာတော်ကို ဖိလိတ္တိလူတို့ ထိန်းသိမ်းထားခြင်းသည် မှားယွင်းကြောင်းကို ဘုရားသခင်သည် မိမိ၏တန်ခိုးတော်အားဖြင့် ပြသတော်မူခဲ့ပါသည်။ ထိုမြို့သူမြို့သားတို့သည် မြင်းသရိုက်နာ ရောဂါကို ခံစားခဲ့ကြရ၏။ အဲဂုတ္တုလူတို့ ခံစားခဲ့သော အနာရောဂါများကဲ့သို့ပင်၊ သေတ္တာတော်ကို သိမ်းပိုက်ခြင်းသည် မှားယွင်းကြောင်းကို ဘုရားသခင်က သူတို့အား သိစေလို၏။ ဖိလိတ္တိလူတို့ကလည်း ဤအနာရောဂါသည် ဘုရားသခင်၏ လက်တော်ဖြစ်ကြောင်း သိခဲ့ပါသည်။ ၁ ရာ ၅း၇-၈ ထဲတွင်၊ ဣသရေလ၏ ဘုရားသခင်ကို လေးကြိမ်တိုင်တိုင် ဖော်ပြခဲ့ပါသည်။ ထိုအနာရောဂါ ပျောက်ကင်းခြင်းအမှုသည် ထိုသေတ္တာတော်ကို ဖယ်ရှားမှသာလျှင် ရကြောင်း သူတို့သိခဲ့၏။ ထို့ကြောင့်၊ သူတို့၏ရုပ်တုများနှင့် ဣသရေလ၏ဘုရားသခင်သည် လုံးဝ နှိုင်းယှဉ်၍ မရကြောင်း သူတို့သိမှတ်ကြရပါမည်။

ထိုသေတ္တာတော်ကို ပြန်ပို့ဖို့မှတပါး ဖိလိတ္တိလူတို့ လုပ်စရာ မရှိခဲ့ပါ။ အစတွင်၊ အာဇုတ်မြို့သားတို့သည် သေတ္တာတော်ကို ဂါသမြို့သို့ သယ်ဆောင်ခဲ့ကြပြီး၊ ဂါသမြို့သားတို့သည်လည်း အနာရောဂါကို ခံစားခဲ့ကြပြန်၏။ ထိုအခါ၊ သူတို့သည် ဧကြုန်မြို့သို့ ပို့ခဲ့ပါသည်။ သို့သော်လည်း၊ ဧကြုန်မြို့သားတို့သည် အခြားမြို့များ၌ ဖြစ်ပျက်သောအမှုကို သိကြသဖြင့်၊ အနာရောဂါကို မခံစားကြမီ၊ ဖယ်ရှားဖို့ရန် ဟစ်ကြော်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ဖိလိတ္တိလူတို့သည် ဣသရေလသို့ သေတ္တာတော်ကို ပြန်ပို့ဖို့ရန် သဘောတူခဲ့ကြပါသည်။ ထိုအချိန်အထိ၊ များစွာသော ဖိလိတ္တိလူတို့သည် အနာစိမ်းရောဂါကို ခံစားရ၍ သေခဲ့ကြပါသည်။ သေတ္တာတော်သည် တိုက်ပွဲကို အောင်မြင်နိုင်သော စစ်သည် များစွာနှင့် တူညီသည်ဟု မှတ်ယူနိုင်ပါသည်။ ဖိလိတ္တိလူတို့သည် အဲဂုတ္တုလူများကဲ့သို့ ခိုင်မာသောစိတ် မရှိခဲ့ကြပါ။ သူတို့သည် သေတ္တာတော်ကို ဣသရေလသို့ ပို့ဖို့ရန် နည်းလမ်းရှာခဲ့ကြပါသည်။ သူတို့သည် လွယ်ကူစွာသင်ခန်းစာ ရခဲ့ကြပါသည်။

ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူသောသူဖြစ်သောကြောင့် မိမိအလိုတော်အတိုင်း အမှုပြုတော်မူ၏။ လူ၏ကွယ်ကာမှုကို ဘုရားသခင် မလိုအပ်ခဲ့ပါ။ မိမိကိုယ်ကို ကာကွယ်ပြောဆိုတော်မူတတ်ပါသည်။ သူသည် အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။ စစ်မှန်သော ဘုရားသခင်ဖြစ်တော်မူလျက်၊ ပြုသောအမှုတိုင်းသည် တရားသဖြင့် ပြုတော်မူခြင်းဖြစ်ပါသည်။ ထိုဘုရားသခင်နှင့်ထိုဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ်ကို ကျွန်တော်တို့ သိဖို့လိုပါသည်။ ထိုဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းရှိလျှင် ရန်သူသည် ကျွန်တော်တို့ကို နိုင်မည် မဟုတ်ပါ။ ခရစ်တော်၌တည်သော ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အတွက် အပြစ်မှ လွတ်မြောက်ရာလမ်း မျှော်လင့်ချက် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မယုံကြည်သောလူမျိုးများအပေါ်၌လည်း ကောင်းမြတ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အဆုံးထိတိုင် ကျွန်တော် တည်ကြည်ခြင်း ရှိမည်အကြောင်း ကျေးဇူးပြုတော်မူပါ။





**၁ ရာ ၂၆**

သု ၂၁း၂၁-၂၃

*"ပညာရှိသောသူသည် ခိုင်ခံ့သောမြို့ရိုးကို တက်၍၊ မြို့သားကိုးစားစရာ ခွန်အားကို ရှုတ်ချတတ်၏"*

## ဇိဖတော၌ တွေ့ဆုံခြင်း

တိုတောင်းလှသော ထိုငြိမ်းချမ်းသောကာလ၌ ဇိဖသားတို့သည် မိမိတို့နေရာတွင် ဒါဝိဒ်ရှိကြောင်း သိသောအခါ၊ ရှင်ဘုရင် ရှောလုကို သတင်းပို့ခဲ့ကြ၏။ ရှင်ဘုရင်သည် ဒါဝိဒ် နောက်လိုက်ဖို့ရန် ချက်ချင်း လူသုံးရာ စုစည်းခဲ့ပါသည်။ ဒါဝိဒ်ကို တွေ့သောသူသည် မိမိအား သတင်းပို့ရမည် အရင်၌ ရှင်ဘုရင်က အမိန့်ထုတ်ခဲ့၏။ ဒါဝိဒ်က ဥမင်ထဲ၌ မိမိအသက်ကို မသတ်ဘဲ လွတ်ခဲ့သည်ကို သူ မေ့ခဲ့ပြီဖြစ်ပါသည်။ ဒါဝိဒ်အား ဖမ်းဆီး သတ်ဖြတ်မည်ဟူသော သူ့ ဆုံးဖြတ်ချက်ကို တဖန်ပြန်အသက်သွင်းခဲ့ပါသည်။ ရှောလု၌ သူလျှိုများစွာရှိသော်လည်း၊ ဒါဝိဒ်သည် ရှောလုထက် ပို၍ လိမ္မာပါးနပ်ကြောင်း ပြသခဲ့ပါသည်။ သူတို့ရောက်လာသောအခါ၊ နေ့အချိန်၌ ဒါဝိဒ်ကို နေရာတကာ ရှာခဲ့ကြ၏။

ညရောက်သောအခါ၊ ရှောလု၏လူတို့သည် ဟခိလတောင်၌ တပ်ချလျက်၊ တောထဲတွင် အိပ်ခဲ့ကြပါသည်။ ဒါဝိဒ်၏သူလျှိုများက ရှင်ဘုရင် အိပ်သောနေရာကို မှတ်ထားခဲ့ကြ၏။ အဘိရှဲက ရှောလု သတ်ရသောအခွင့်ကို ဒါဝိဒ်ထံ တောင်းလျှောက်ခဲ့သော်လည်း၊ ဒါဝိဒ်က ခွင့်မပြုခဲ့ပါ။ ဒါဝိဒ်သည် ဘာမှမလုပ်ဘဲ ရှင်ဘုရင်၏ လှံတော်နှင့်ရေဘူးကိုသာ ယူခဲ့ပါသည်။ ထိုအောင်မြင်မှုသည် စစ်ရေးအရ ကြီးမားသော အောင်မြင်မှုဖြစ်ပါသည်။ ဒါဝိဒ်က မိမိသည် ဘုရားသခင် ဝိညာဉ်တော်၏ လမ်းပြခြင်းကို ခံရသောသူဖြစ်ကြောင်း ထပ်မံ သက်သေပြခဲ့ပါသည်။ သူ့လက်ကို သွေးမစွန်းစေခဲ့ပါ။ ဒါဝိဒ်သည် ရှင်ဘုရင် အိမ်တော်၌ နေထိုင်သောသူတဦးဖြစ်ခဲ့ပါသည်။ သူသည် စောင်းတီးလျက်၊ စစ်တပ်ကိုလည်း ဦးဆောင်ခဲ့ဖူးပါသည်။ ရှောလုကို မည်သို့ ကိုင်တွယ်ရမည်အကြောင်းလည်း သိခဲ့ပါသည်။ စစ်သူရဲအားလုံးနှင့် ရှင်ဘုရင်သည် နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ကြ၏။ ဒါဝိဒ်သည် မိမိ၏တရား၌ ရပ်တည်လျက်၊ ထာဝရဘုရား၏ဘိသိက်ခံသောသူကို မသတ်ခဲ့ပါ။

နောက်ဆုံးဖြစ်လာမည့် ရလဒ်ကို သိသောကြောင့်၊ ဒါဝိဒ်သည် ရဲရင့်ခြင်းရှိခဲ့ပါသည်။ ထာဝရဘုရားက ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လိမ့်မည်အကြောင်း ဖော်ပြတော်မူခဲ့ပြီးဖြစ်၏။ သို့သော်လည်း၊ ရန်သူ၏ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း မခံရမည်အကြောင်း သတိထား နေထိုင်ဖို့ရန် ဒါဝိဒ်၌ တာဝန်ရှိပါသည်။ မိမိ၏ရည်ရွယ်ချက်များ ပြည့်စုံမည်အကြောင်း သူသည် အထူးသတိထားလျက် လှုပ်ရှားနေရပါသည်။ ဒါဝိဒ်၌ ထိုသို့သော ဉာဏ်ပညာရှိပါသည်။ ရှောလုအား မျက်နှာချင်းဆိုင် ရင်ဆိုင်ဖို့ရန် ဆုံးဖြတ်ခဲ့ပါသည်။ စစ်ရေးကျွမ်းကျင်သောသူဖြစ်သည်နှင့်အညီ၊ ဒါဝိဒ်သည် မိမိ၏ လက်နက်ကို ယူဆောင်ခဲ့ပါသည်။ မိမိကိုယ်ကို ကာကွယ်ဖို့အသုံးပြုရန်ဖြစ်၏။ သို့သော်လည်း၊ ဒါဝိဒ်က ထာဝရဘုရားသည် မိမိလိုအပ်သော အထောက်အကူကို ပေးတော်မူမည်အကြောင်း သိခဲ့၏။ သူ့လှုပ်ရှားမှုတိုင်း၌ ဘုရားသခင်၏လက်တော်ကို သိမြင်ခဲ့ပါသည်။ အသက်အန္တရာယ် ကျရောက်သောအခါ၌လည်း၊ သူသည် အကြမ်းနည်းဖြင့် မဖြေရှင်းခဲ့ပါ။ ထိုဉာဏ်ပညာမျိုးကို ဘုရားသခင်ကသာလျှင် ပေးတော်မူနိုင်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် သစ္စာရှိသော ငယ်သားအတွက် အစဉ် ကွယ်ကာရာ ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ကွယ်ကာစောင့်ရှောက်ခြင်းကို ကျွန်တော် အစဉ် ခံစားရလိုပါ၏။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁၅)

**၁ ရာ ၂၅**

သု ၁၄း၁-၅

*"ပညာရှိသော မိန်းမသည် မိမိအိမ်ကို တည်ဆောက်တတ်၏"*

## အဘိဂဲလ၏စကားသည် အကျိုးရှိလှ၏

အဘိဂဲလသည် ဒါဝိဒ်ကို တွေ့သောအခါ၊ နှိမ့်ချသောစိတ်ဖြင့် ဦးညွှတ် ပြပ်ဝပ်ခဲ့ပါသည်။ သူ့ခင်ပွန်း ကိုယ်စား တောင်းပန်စကား ဆိုခဲ့ပါသည်။ ဒါဝိဒ်၏လုလင်များ ရောက်လာသည်ကို မိမိ မမြင်ခဲ့ကြောင်း ပြောပြခဲ့၏။ နာဗာလ၏ ကြမ်းတမ်းသော ဆက်ဆံမှု၌ မိမိ မပါခဲ့ကြောင်း ရှင်းပြခြင်းဖြစ်ပါသည်။ တကြိမ်တည်းမှာဘဲ၊ ဖြစ်ပျက်ခဲ့သောအမှုအတွက် ခွင့်လွှတ်ဖို့ရန် တောင်းဆိုခဲ့၏။ ထို့ပြင်၊ ကောင်းစားသောအခါ၊ မိမိကို အောက်မေ့ဖို့ရန် ဒါဝိဒ်ကို တောင်းလျှောက်ခဲ့ပါသည်။

သူသည် နာဗာလ၏ဇနီးဖြစ်သည်ဟူသောအချက်မှ မပ၊ အဘိဂဲလ၏ နောက်ခံသမိုင်း အကြောင်းကို မတွေ့ရပါ။ သို့သော်လည်း၊ သူသည် ဘုရားသခင်ကို ကြောက်ရွံ့သောသူဖြစ်ပါ၏။ သူ့ခင်ပွန်း ကြောင့်ဖြစ်လာခဲ့သော ပြဿနာကို မည်သို့ ဖြေရှင်းမည်အကြောင်း ချက်ချင်း သဘောပေါက် နားလည်ခဲ့ပါသည်။ သူသည် ငြိမ်းချမ်းရေး ကိုယ်စားလှယ်ဖြစ်လျက်၊ သူမ၏ရက်ရောမှုကိုလည်း ပြသခဲ့ပါသည်။ နှမြောခြင်း မရှိဘဲ၊ ရှိသော အစားအစာများကို ဒါဝိဒ်နှင့်သူ့လူများအတွက် ပေးကမ်းခဲ့၏။ သူမ၏အပြောအဆိုနှင့်အပြုအမူက သူသည် ဝိညာဉ်ရေးရာ ရင့်ကျက်သောသူဖြစ်ကြောင်း ပြသခဲ့ပါသည်။ သူ့ခင်ပွန်းသည် ကြွယ်ဝ ချမ်းသာ သော်လည်း၊ မိုက်မဲသောသူ ဖြစ်ပါ၏။ ယစ်မူးတတ်သောသူလည်း ဖြစ်ပါသည်။ သူတပါးကိုလည်း ဂရုမစိုက်ပါ။ မောက်မာ ထောင်လွှားသောသူ ဖြစ်ပါသည်။ အဘိဂဲလသည် ကောင်းသောအကျင့်ကို ကျင့်ခြင်းဖြင့် ကျော်စောစဉ်တွင်၊ သူ့ခင်ပွန်းသည် လောကီဥစ္စာအားဖြင့် သူတပါးကို နှိပ်စက်တတ်ပါသည်။

ဒါဝိဒ်သည် အဘိဂဲလ၏ လက်ဆောင်များနှင့် တောင်းဆိုမှုကို လက်ခံခဲ့ပါသည်။ အဘိဂဲလကို ပို့ဆောင်တော်မူခဲ့သောကြောင့် ဒါဝိဒ်သည် ဘုရားသခင်ကို ချီးမွမ်းခဲ့၏။ နာဗာလအပေါ် ပြုမည်ဟု မိမိ ဆုံးဖြတ်ခဲ့သောအမှုကိုလည်း ပြောပြခဲ့ပါသည်။ ငြိမ်းချမ်းခြင်းက နေရာယူလျက်၊ အားလုံး အဆင်ပြေခဲ့ပါသည်။

ရှောလုသည် မိမိ၏ထီးနန်းကို ဆက်လက်ထိန်းသိမ်းဖို့ ကြိုးစားနေ၏။ ဒါဝိဒ်မူကား ဘုရားသခင်ကို ကြောက်ရွံ့ ကိုးကွယ်ဝတ်ပြုခဲ့ပါသည်။ ဘုရားသခင်သည် ဒါဝိဒ်၏ ခြေလှမ်းများကို လမ်းပြစောင့်ရှောက် တော်မူ၏။ နာဗာလသည် ယစ်မူးလျက် နေခဲ့ပါသည်။ အမူးပြေသောအခါ၊ ဖြစ်ပျက်ခဲ့သောအရာများကို သိလာခဲ့ပြီး အလွန်ထိတ်လန့် ခဲ့ပါသည်။ ဘုရားသခင်က ဒဏ်ခတ်တော်မူလျက် သူသည် သေခဲ့ပါသည်။

ထို့နောက်၊ ဒါဝိဒ်သည် လူစေလွှတ်၍ အဘိဂဲလနှင့် လက်ထပ်ဖို့ရန် တောင်းရမ်းခဲ့၏။ သူသည် ဘောတူလျက်၊ ဒါဝိဒ်၏ဇနီးဖြစ်လာခဲ့ပါသည်။ ဘုရားသခင်သည် ကျေးဇူးကြီးလှသည်ဖြစ်၍ နှိမ့်ချသောသူကို ကောင်းကြီးပေးတော်မူတတ်၏။ ကျွန်တော်တို့သည်လည်း ဝမ်းမြောက်တတ်သောသူဖြစ်လျက်၊ ရက်ရောသောသူဖြစ်ဖို့လိုပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့်ယှဉ်သော ဉာဏ်ပညာသည် ကောင်းသော အသီးများကို သီးတတ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ဝိညာဉ်တော်သည် ကျွန်ုပ်၏ဆုံးဖြတ်ချက်တိုင်း၌ ပဲ့ပင် လမ်းပြတော်မူပါစေသော။



ကြာသပတေး၊ အောက်တိုဘာ (၁၇)

**၁ ရာ ၆**

တမန် ၁၇း၂၀-၂၇

*"အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကို ရှာစမ်းသဖြင့် တွေ့ကောင်း တွေ့ကြလိမ့်မည်အကြောင်းတည်း"*

## သေတ္တာတော်သည် ဣသရေလသို့ ပြန်ရောက်လာခဲ့၏

ပဋိညာဉ်သေတ္တာတော်သည် မိမိစစ်ကို တိုက်လျက်၊ ဖိလိတ္တိလူများအား မိမိကို ဣသရေလသို့ ပြန်ပို့ဖို့ရန် တွန်းအားပေးခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ ဖိလိတ္တိလူတို့ကို ဒဏ်ခတ်သောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။ ထိုသို့ ဒဏ်ခတ်ခံရခြင်းသည် ပဋိညာဉ်သေတ္တာတော်ကြောင့်ဖြစ်သည်ကို သိခဲ့ကြပါသည်။ ထို့ကြောင့် ဖိလိတ္တိလူတို့သည် ဣသရေလ ဘုရားသခင်၏တန်ခိုးတော် ကြီးမြတ်မှုကို သိမှတ်ခဲ့ကြပါသည်။ ထို့ကြောင့် ခွင့်လွှတ်ခြင်းခံရဖို့ရန် နည်းလမ်းရှာခဲ့ကြပါသည်။

ဖိလိတ္တိလူတို့က ပဋိညာဉ်သေတ္တာတော်ကို ပြန်ပို့ခဲ့ကြပါသည်။ နွားနှစ်ကောင် ဆွဲသောလှည်းဖြင့် ပို့ခဲ့ကြခြင်းဖြစ်ပါသည်။ ဣသရေလလူတို့က သေတ္တာတော် ပြန်ရောက်လာခြင်းကို ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြပါသည်။ ထို သေတ္တာတော်ကိုလည်း အထူးဂရုစိုက်ကြဖို့လိုပါသည်။ သေတ္တာတော်သည် ရုပ်တု မဟုတ်ပါ။ ယဇ်ပူဇော်ခြင်းဆိုင်ရာ ဝတ်ပြုကိုးကွယ်ခြင်းအတွက် အလွန်အရေးကြီးသော ဘုရားနှင့်ဆိုင်သော အရာဖြစ်ပါသည်။ ထိုသို့ ဝိညာဉ်အရေး၌ အလွန်အရေးပါခြင်းသည် ဘုရားသခင်ကိုယ်တိုင်က ထိုသို့ပြုရန် မိန့်တော်မူသောကြောင့်တည်း။

မိမိတို့ပြည်၌ ၇ လကြာနေပြီးမှ ဖိလိတ္တိလူတို့က သေတ္တာတော်ကို ပြန်ပို့ခြင်းဖြစ်၏။ ထိုကာလ တလျှောက်တွင် ဖိလိတ္တိလူတို့၌ စိတ်သက်ခြင်း မရှိခဲ့ပါ။ ထိုသို့ဖြစ်ခြင်းသည် သေတ္တာတော်ကြောင့်ဖြစ်သည်ကို သိခဲ့ကြပါသည်။ ထို့ကြောင့် ဣသရေလသို့ ပြန်ပို့ရန် ဆုံးဖြတ်ခဲ့ကြ၏။ သူတို့သည် ဣသရေလ ဘုရားသခင်ကို မသိ၊ အဘယ်သို့ ဘုရားဝတ် ပြုကြသည်ကို မသိ ခဲ့ကြသော်လည်း သူတို့၌ မိမိတို့၏ ယဇ်ပုရောဟိတ်များနှင့် အနာဂတ်အကြောင်း ဟောပြောသောဆရာများ ရှိခဲ့ကြ၏။ သေတ္တာတော်ကို ဣသရေလသို့ မည်သို့ ပို့ဆောင်မည်အကြောင်း ထိုသူတို့နှင့် ဆွေးနွေးခဲ့ကြပါသည်။

ထိုဘာသာရေး ခေါင်းဆောင်များက သေတ္တာတော်ကို ဘာမှ မပါဘဲ ကိုယ်ချည်း မပို့ဖို့ရန် အကြံပြုခဲ့ကြပါသည်။ "သူတို့ကလည်း၊ ဣသရေလ အမျိုး၏ ဘုရားသခင့် သေတ္တာတော်ကို လွှတ်လိုက်လျှင် ကိုယ်ချည်း မလွှတ်လိုက်ကြနှင့်၊ ဒုစရိုက် ပူဇော်သက္ကာကို ဆက်ဆက်ပေးလိုက်ရမည်။ သို့ပြုလျှင် ရောဂါငြိမ်းလိမ့်မည်။ အဘယ်ကြောင့် လက်တော် မရွေ့သေးသည်ကို သိကြလိမ့်မည်ဟု ဆိုကြ၏" (၁ ရာ ၆း၃)။ အနာရောဂါငြိမ်းမည်အကြောင်း၊ ရွှေ မြင်းသရုက်ပုံ ငါးခုနှင့် ရွှေကြွက် ငါးကောင် ပို့ဖို့ရန် အကြံပေးခဲ့ကြ၏။ သေတ္တာတော်နှင့်ဘုရားသခင်၏ သန့်ရှင်းခြင်းအမှု၌ သူတို့သည် အပြစ်လွန်ကျူးခဲ့ကြကြောင်း သိမှတ်ခဲ့ကြပါသည်။ ထို ဒုစရိုက် ပူဇော်သက္ကာသည် ခွင့်လွှတ်ခြင်း ခံရဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်အကြောင်းကို ကောင်းကောင်း မသိခဲ့ကြသော်လည်း၊ ထို ယဇ်ပုရောဟိတ်များက စစ်မှန်သော ဘုရားသခင်၏အမျက်တော်ပြေ စေရန် တစုံတခု ပြုရမည်ကို သိခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တရားကို လူတို့၏စိတ်ထဲ၌ ရေးမှတ်ထားလျက်ရှိပါ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တရားတော်ကို လူများတို့သည် ကိုင်စွဲကြပါစေသော်။

*"ပညာရှိသောသူကို ဆုံးမလျှင်၊ သူသည် သာ၍ ပညာရှိလိမ့်မည်"*

## ဖိလိတ္တိလူတို့၏ တီထွင်ကြံစမှု

ထိုရွှေမြင်းသရိုက်ပုံနှင့်ရွှေကြွက်တို့သည် ဖိလိတ္တိလူတို့၏ တီထွင်ကြံစမှုဖြစ်ပါသည်။ သို့သော်လည်း၊ ထိုအရာကို အဖိုးတန်သောအရာဖြင့် ပြုလုပ်ခဲ့ကြပါသည်။ သူတို့၏ စိတ်သဘောထားအမှန်ကို ပြဖို့ရန် သေတ္တာတော်ကို အဖိုးတန်သော ဒုစရိုက် ယဇ်ပူဇော်သက္ကာနှင့်အတူ ပြန်ပို့ဖို့ ဖိလိတ္တိ ယဇ်ပုရောဟိတ်များက ရောဂါခံစားခဲ့ရသော မြို့လူကြီးများအား အကြံပေးခဲ့ခြင်း ဖြစ်၏။ ဖိလိတ္တိလူတို့က ဣသရေလ၏ဘုရားသခင်သည် အလုံးစုံကို တတ်နိုင်သောဘုရားဖြစ်ကြောင်း သိခဲ့ကြ၏။ အစ၌ သူတို့သည် ဣသရေလကို တိုက်၍ အနိုင်ရလျက်၊ သေတ္တာတော်ကို သိမ်းပိုက်နိုင် ခဲ့ကြ၏။ သို့သော်လည်း၊ သူတို့၏ ရုပ်တုများနှင့် ဣသရေလ၏ဘုရားသခင် အကြား ဆက်လက်တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ နောက်ဆုံးတွင်၊ သူတို့သည် အရှုံးပေးလျက် သေတ္တာတော်ကို ပြန်ပို့ရန် ဆုံးဖြတ်ခဲ့ကြ၏။

ထိုရွှေမြင်းသရိုက်နှင့်ရွှေကြွက်များသည် ဖိလိတ္တိလူတို့ ခံစားရသော အနာရောဂါကို ရည်ညွှန်းပါသည်။ ထို့ကြောင့် သူတို့၏ယဇ်ပုရောဟိတ်များက ဒုစရိုက် ယဇ်ပူဇော်သက္ကာအဖြစ် ထိုအရာများကို ပြင်ဆင်စေခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ခွင့်လွှတ်ခြင်း ခံရမည်အကြောင်း ဣသရေလ၏ဘုရားသခင် ထာဝရဘုရား၏ ဘုန်းအသရေတော်ကို ချီးမြှောက်ရန် အကြံပေးခဲ့ကြ၏။ ဘုရားသခင်၏ဘုန်းတန်ခိုးတော်သည် သူတို့ကို အနိုင်ရလျက်၊ သူတို့သည် အရှုံးပေးခဲ့ရ၏။ ထိုသို့ပြုစဉ်၊ ဘုရားသခင်၏လက်တော်သည် မိမိတို့နှင့် မိမိတို့၏ ရုပ်တုများအပေါ် လေးလံခြင်း မရှိဖို့ရန် ဟု ဆိုခဲ့ကြပါသည်။ ဘုရားသခင်အကြောင်းကို အနည်းငယ်သာ သိခဲ့ကြသော်လည်း၊ နာခံခြင်း ရှိလိုခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်တို့က ဖိလိတ္တိလူတို့အား အဲဂုတ္တုလူများကဲ့သို့ ခိုင်မာသောစိတ် မရှိကြဖို့ရန် သတိပေးခဲ့ကြ၏။ ထွက်မြောက်ရာကျမ်းထဲမှ အံ့ဘွယ်အမှုများ ဖော်ပြခြင်းက သူတို့သည် စစ်မှန်သော ဘုရားသခင်အကြောင်း လုံးဝ မသိဘဲ မနေကြကြောင်း ပေါ်လွင်စေပါသည်။ လူမျိုးတိုင်းအပေါ်၌ ဘုရားသခင်သည် မိမိ၏သက်သေကို တည်စေလျက်ရှိပါသည်။ ပဋိညာဉ် သေတ္တာတော်သည် ယခုအခြေအနေ၌ သက်သေဖြစ်ခဲ့ပါသည်။

ဘုရားသခင်၏အမှုတော်ကို ဘုရားသခင်၏နည်းလမ်းအတိုင်းသာ ဆောင်ရွက်ရပါမည်။ ဖိလိတ္တိလူများနှင့်ဣသရေလလူတို့သည် ဘုရားသခင် ပေးသော သင်ခန်းစာကို ခက်ခဲသောနည်းဖြင့် သင်ယူခဲ့ကြ၏။ ဘုရားသခင်၏အစီအစဉ်သည် သူတို့၏လှုပ်ရှားမှုကို အုပ်စိုးတော်မူ၏။ သူတို့သည် သန့်ရှင်းသောအသက်တာပိုင်ဆိုင်လျက်၊ ထာဝရဘုရား၏အမှုတော်ကို ရိုးသားစွာ ဆောင်ရွက်ကြရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ကောင်းကောင်း သိနားလည်ခြင်းက ဘုရားသခင်၏အမှုတော်ကို ကျွန်ုပ်တို့အား မှန်ကန်စွာ ဆောင်ရွက်တတ်စေပြီး၊ ထာဝရတည်သော လက်ဆောင်ကို ရယူကြမည်ဖြစ်ပါသည်။ ဘုရားသခင်၏စကားတော်ကို နာခံကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်ဖန်ဆင်းသောအရာတိုင်းက ဘုရားသခင်ကို သက်သေခံကြ၏။

**ဆုတောင်းချက်** - အဖဘုရား၊ နေ့စဉ်အသက်တာအားဖြင့် ကိုယ်တော်၏သက်သေကို ခံမည် အကြောင်း မစတော်မူပါ။





*"တရားနာစဉ်တွင် ပေါလု ဟောပြောသောအရာကို မှီဝဲဆည်းကပ်စေခြင်းငှါ သူ၏စိတ်နှလုံးကို သခင်ဘုရား ဖွင့်တော်မူ၏"*

## အဘိဂဲလသည် ပညာနှင့်ယှဉ်လျက် အမှုပြုခဲ့ပါသည်

ဒါဝိဒ်သည် စစ်ရေးအခြေအနေ၌ ရှိသည်ဖြစ်သောကြောင့် မိမိအပေါ် ဆန့်ကျင်ခြင်းသဘော ရှိသောသူတို့ကို ရန်သူအဖြစ် သတ်မှတ်ခဲ့ပါသည်။ ဒါဝိဒ်က၊ "နက်ဖြန်မိုးလင်းသောအခါ၊ နာဗာလနှင့်ဆိုင်သောသူ အပေါင်းတို့တွင် ယောကျာ်း တစုံတယောက်ကို ငါချန်ထားလျှင်၊ ထိုမျှမက ထာဝရဘုရားသည် ဒါဝိဒ်၏ရန်သူတို့အား ပြုတော်မူစေသတည်းဟု ဆိုနှင့်ပြီ" (၁ ရာ ၂၅-၂၂)။

နာဗာလ၏ တုံ့ပြန်စကားကို ဒါဝိဒ် ကြားသောအခါ၊ မိမိတောင်းဆိုမှုကို ငြင်းပယ်သောကြောင့်၎င်း၊ ပြောခဲ့သော ကြမ်းတမ်းသောစကားများကြောင့်၎င်း၊ နာဗာလကို ဒဏ်ခတ်ဖို့ရန် ဆုံးဖြတ်ခဲ့ပါသည်။

နာဗာလထံမှ ဒါဝိဒ်၏လူများ ထွက်သွားပြီးနောက်၊ နာဗာလ၏ကျွန်တဦးသည် အခြေအနေကို အဘိဂဲလအား သတင်းပေးခဲ့ပါသည်။ ထိုအခါ၊ ဖြစ်ပျက်သောအမှုကြောင့် သူသည် လျင်မြန်စွာ လှုပ်ရှားလျက်၊ ထိုပြဿနာကို ဖြေရှင်းရန် လိမ္မာစွာ ဉာဏ်ကိုသုံးပြီး အစီအစဉ် ဆွဲခဲ့ပါသည်။ ဒါဝိဒ် ပြုမည့်အမှုကို သိသဖြင့်၊ သူ့ကို တားဖို့ရန် လှုပ်ရှားခဲ့ပါသည်။

ဒါဝိဒ်သည် နာဗာလအား အစားအစာကို တောင်းခဲ့သောကြောင့်၊ အဘိဂဲလသည် အစားအစာ အမျိုးမျိုးကို ပြင်ဆင်ပြီး၊ မြည်းများပေါ်၌ ကျွန်များကို တင်စေခဲ့ပါသည်။ ထို့နောက် ဒါဝိဒ်ထံ သွားပို့စေလျက်၊ မိမိသည် နောက်မှ လိုက်လာမည်ဟု ဆိုခဲ့ပါသည်။ ပို့လိုက်သော လက်ဆောင်များကြောင့် ဒါဝိဒ်၏ အမျက်တော် အရှိန်လျော့မည်ဟု သူမျှော်လင့်ခဲ့ပါသည်။ ထို့ပြင် သူပြုသောအမှုက ဒါဝိဒ်အား အားပေးထောက်ခံကြောင်းကို ပြသသည်သာမက၊ ဒါဝိဒ်နှင့်သူ၏လုလင်များက ကရမေလမြို့၌ မိမိတို့၏ ဥစ္စာများကို ကာကွယ်စောင့်ရှောက်ပေးခဲ့သောကြောင့် ဝမ်းမြောက်ခြင်းကို ပြသရလည်း ရောက်ပါသည်။

ထိုလက်ဆောင်များကို ဒါဝိဒ်ထံ ယူဆောင်လာကြသောအခါ၊ အဘိဂဲလ၏လူများက ဤလက်ဆောင်များကို ပို့သောသူသည် အဘိဂဲလဖြစ်ကြောင်း ပြောပြခဲ့ကြပါသည်။ သူပို့လိုက်သော လက်ဆောင်တို့သည် နှုတ်ပြောစကားထက် ပို၍ထိရောက်မှု ရှိခဲ့ပါသည်။ အဘိဂဲလက ထိုအကြောင်းကို သိနားလည်ခဲ့ပါသည်။ ဒါဝိဒ်ထံ အဘိဂဲလ ရောက်လာသောအခါ၊ သူပြုသောအမှုသည် ကောင်းသော အကျိုးကို ဖြစ်စေခဲ့ပါသည်။

**ဆင်ခြင်ရန်** - သနားကြင်နာခြင်းသည် မင်္ဂလာတပါးဖြစ်၍ ဝိညာဉ်တော်၏အသီးဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ လိုအပ်သောအချိန်၌ အကျွန်ုပ်ကို လူမှန်ထံ ပို့ဆောင်ပေးတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၁၃)
**၁ ရာ ၂၅**
သု ၂၁း၁၀-၁၅

*"မတရားသောသူသည်
မနာလိုသောစိတ်ရှိ၏။ အိမ်နီးချင်း၌
ကျေးဇူးပြုချင်သော အလို မရှိ"*

## ဒါဝိဒ်၊ နာဗလနှင့် အဘိဂဲလ

၁ ရာ ၂၅ သည် ဒါဝိဒ်နှင့်ရှောလု ပြသနာမှ သွယ်ဖယ်သောအမှုတခုဖြစ်ပါသည်။ ဒါဝိဒ်၏လူတို့သည် "ကရမေလမြို့၌ ဥစ္စာများသောသူ" (၁ ရာ ၂၅း၂)၊ နာဗလကို အကာအကွယ်ပေးခဲ့ကြဖူးပါသည်။ သူသည် ကရမေလမြို့၌ သိုးမွေးကို ညှပ်၍နေ၏။ နာဗလ၏ မိန်းမသည် အဘိဂဲလဖြစ်ပါသည်။ ဒါဝိဒ်က မိမိလူတို့အား နာဗလထံ အစားအစာ တောင်းဖို့ရန် စေလွှတ်ခဲ့၏။ နာဗလသည် မပေးဘဲ၊ ကြမ်းတမ်း မောက်မာစွာ ဒါဝိဒ်၏လူများကို ပြောလွှတ်ခဲ့ပါသည်။ ထိုသတင်းကို ဒါဝိဒ် ကြားသိသောအခါ၊ နာဗလကို ဖျက်ဆီးဖို့ရန် ဆုံးဖြတ်ခဲ့ပါသည် (၁ ရာ ၂၅း၁၃)။ ထိုအကြောင်းကို အဘိဂဲလ ကြားသိသောအခါ၊ ဘုရားသခင်က သူ့ကို အသုံးပြုတော်မူခဲ့ပြီး၊ လိမ္မာစွာ ကြံစည်ခြင်းဖြင့် ထိုပြသနာကို ဖြေရှင်းခဲ့ပါသည်။ ဒါဝိဒ်သည် ထိုမိန်းမ၏ တောင်းလျှောက်မှုကို လက်ခံလျက်၊ နာဗလကို အလွတ်ပေးခဲ့ပါသည်။ များမကြာမီ၊ ထာဝရဘုရားကိုယ်တိုင်က နာဗလကို ဒဏ်ခတ်တော်မူသဖြင့် သေခဲ့၏။

ဒါဝိဒ်နှင့်သူ့လူများတို့သည် နာဗလ၏ဥစ္စာများကို ကာကွယ်ပေးခဲ့ကြပါသည်။ ထို့ကြောင့်၊ လိုအပ်မှုရှိလာ သောအခါ မိတ်ဆွေဟု ထင်မှတ်ထားသော ထိုသူထံ အကူအညီတောင်းခြင်းသည် ဒါဝိဒ်အတွက် ပြုသင့်သောအမှု ဖြစ်ပါသည်။ ထိုသို့ဖြင့်၊ ဒါဝိဒ်က မိမိလူတို့ကို မိမိနာမအားဖြင့် နာဗလထံ အစားအစာ သွားတောင်းခိုင်းခဲ့ပါသည်။ ဤအချိန်၌ ဒါဝိဒ်သည် ပြည်ပြေး ဖြစ်ခဲ့သောကြောင့် မိမိလူတို့၏လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ဘဲ အခက်အခဲကြုံတွေ့ခဲ့ရပါသည်။ ဒါဝိဒ်၌ သစ္စာရှိသော မိတ်ဆွေကောင်းများ ရှိပါသည်။ သူတို့သည် ဒါဝိဒ်၏အခြေအနေကို သိနားလည်လျက် သူနှင့်အတူ ရပ်တည်ခဲ့ကြပါသည်။ ကရမေလမြို့၌ ဒါဝိဒ်သည် နာဗလကို အကူအညီ ပေးခဲ့ဖူးသည်ဖြစ်သောကြောင့်၊ မိမိအား ကူညီပေးလိမ့်မည်ဟု ထင်မှတ်လျက်၊ မိမိလူများအား ထိုသို့ သွားရောက်တောင်းလျှောက်ဖို့ရန် နာဗလထံ စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။

နာဗလသည် အကူအညီ မပေးဘဲ၊ ဒါဝိဒ်၏လူများကို ကြမ်းတမ်းစွာ ပြောဆိုခဲ့၏။ "နာဗလကလည်း၊ ဒါဝိတ်ကား အဘယ်သူနည်း။ ယေရှဲ၏သားကား အဘယ်သူနည်း။ ယခုကာလ၌ သခင်ကို ပုန်ကန်သော ကျွန်များပါတကား။ ငါသည် ငါ့သိုးမွေးကို ညှပ်သောသူတို့အဘို့ ပြင်ဆင်သော ငါ့မုန့်၊ ငါ့ရေ၊ ငါ့အမဲသားကို ယူ၍ ငါမသိသော လူတို့အား ပေးရမည်လောဟု ဒါဝိတ်၏ လုလင်တို့အား ပြောဆို၏" (၁ ရာ ၂၅း၁၀-၁၁)။ နာဗလသည် ဒါဝိဒ်အား ဘာမှ မပေးလိုသောကြောင့်၊ ဒါဝိဒ်ကို မိမိ မသိဟု ဟန်ဆောင်ခဲ့ပါသည်။ ထိုအခါ၊ ဒါဝိဒ်၏လုလင်တို့သည် ပြန်သွားလျက် နာဗလ ပြောခဲ့သောစကား အလုံးစုံကို ဒါဝိဒ်အား ပြန်ပြောပြခဲ့ကြ၏။

**ဆင်ခြင်ရန်** - မပြောင်းလဲသောသူသည် သမ္မာတရားကို သိကျွမ်းနားလည်ခြင်း မရှိပါ။
**ဆုတောင်းချက်** - အဖဘုရား၊ မိတ်ဆွေများကို ကောင်းမွန်စွာ ဆက်ဆံမည်အကြောင်း ကျွန်ုပ်ကို မစတော်မူပါ။



စနေ၊ အောက်တိုဘာ (၁၉)
**၁ ရာ ၇**
ရောမ ၁း၁၈-၂

*"ဘုရား မဲ့နေခြင်းအမှု၊ တရားကို လွန်ကျူးခြင်း
အမှုအမျိုးမျိုးတို့ တဘက်၌ ဘုရားသခင်၏
အမျက်တော်သည် ကောင်းကင်မှ ထင်ရှားလျက်ရှိ၏"*

## ဣသရေလ သတိပေးခံရသည်အတိုင်း သေတ္တာတော်သည် ခိုနားတော်မူ၏

သေတ္တာတော်သည် ဣသရေလသို့ရောက်လာပြီး၊ ဗက်ရှေမက်မြို့၌ထားခဲ့ကြ၏။ သို့သော်လည်း၊ ကောင်းမွန်စွာ မထိန်းသိမ်းကြသောကြောင့်၊ ထိုမြို့သားတို့သည် ဒဏ်ခတ်ခြင်း ခံရပါသည်။ ကိရယတ်ယာရိမ်မြို့သားတို့က သေတ္တာတော်ကို ဆောင်ယူကြလျက်၊ တောင်ပေါ်မှာရှိသော အမိနဒပ်အိမ်၌ ထားခဲ့ကြ၏။ သူတို့သည် အကျိုးအကြောင်းကို သိသဖြင့်၊ ထိုသေတ္တာတော်ကို ကောင်းကောင်းမွန်မွန် ကိုင်တွယ်ခဲ့ကြပါသည်။

သေတ္တာတော်ကို စောင့်စေဖို့ရန်၊ ဧလာဇာကို သန့်ရှင်းစေကြ၏။ ဗက်ရှေမက်မြို့သားတို့သည် သေတ္တာတော်ကို ကောင်းမွန်စွာ မကိုင်တွယ်ခဲ့ကြပါ။ သေတ္တာတော်သည် ထိုအရပ်၌ နှစ်ပေါင်း ၂၀ ကြာ ကိန်းအောင်းခဲ့ပါသည်။ ထိုသို့ ကိရယတ်ယာရိမ်မြို့၌ သေတ္တာတော် နေရာကျခြင်းသည် ဣသရေလ၏ သမိုင်းသစ် စတင်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် သူတို့နှင့်အတူ ရှိတော်မူကြောင်း လက္ခဏာပင်ဖြစ်ပါသည်။ ဗက်ရှေမက်မြို့သားများ ကြုံတွေ့ခဲ့သောအမှုသည် သန့်ရှင်းသောအရာကို မည်သို့ကိုင်တွယ်ရမည်အကြောင်း သင်ခန်းစာ၊ သတိပေးချက် ဖြစ်ခဲ့ပါသည်။ နေရာသစ်၌ သေတ္တာတော် စနစ်တကျ တည်နေခြင်းက ဣသရေလ၌ သန့်ရှင်းခြင်းကို ဖြစ်စေပါသည်။

ထိုအချိန်၌ ရှမွေလသည် ဣသရေလအမျိုး၏ ပရောဖက်နှင့် တရားသူကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ပြီးဖြစ်ပါသည်။ သူသည် တရားသူကြီးခေတ်မှ ရှင်ဘုရင်စနစ်သို့ ပြောင်းလဲသောကာလ၏ ခေါင်းဆောင်ဖြစ်ခဲ့ပါသည်။ သူသည် ဣသရေလအား ဘုရားသခင်ထံ ပြန်လာလျက်၊ ရုပ်တုကိုးကွယ်ခြင်းကို စွန့်လွှတ်ရန် တိုက်တွန်းခဲ့ပါသည်။ ဣသရေလသည် ရုပ်တုကိုးကွယ်ခြင်း၏ သွေးဆောင်မှုမှ မလွတ်မြောက်နိုင်ခဲ့ပါ။ တရားသူကြီးခေတ်ကာလတွင် လူတိုင်းသည် မိမိစိတ်အလိုရှိသောအရာကို ပြုကြသောကာလ၊ ပျက်စီးခြင်းကာလဖြစ်ပါသည်။ အိမ်နီးချင်း တပါးလူမျိုးတို့သည်လည်း ဘုရားသခင်ကို မသိကြ၊ ရုပ်တုဆင်းတုကို ကိုးကွယ်ကြ၏။ ထိုသူများနှင့် နေ့စဉ် လူမှုဆက်ဆံခြင်း ရှိကြသောကြောင့် ဣသရေလသည် သူတို့၏လွှမ်းမိုးခြင်းကို ခံရ၏။ ရုပ်တုကိုးကွယ်ခြင်း ကျော့ကွင်း၌ မိနေခဲ့ကြပါသည်။ လူသား၏ယိုယွင်းခြင်း စိတ်သဘောက ဣသရေလအား ဘုရားသခင်ကို မေ့လျော့စေလျက်၊ ရုပ်တုကိုးကွယ်ခြင်းသို့ ကျရောက်ခဲ့ပါသည်။ ဤရုပ်တုကိုးကွယ်ခြင်း ပြသနာသည် ယခု၌သာ ကြုံတွေ့ရသော ပြသနာ မဟုတ်ပါ။ တောထဲ၌ ဣသရေလ ကျင်လည်စဉ်ခါ၌လည်း ထိုသို့သော သွေးဆောင်မှုကို ခံခဲ့ကြပါသည်။ ဤသွေးဆောင်မှုသည် သူတို့ဘယ်နေရာ၌ဘဲ နေနေ သူတို့ကို လိုက်နေမည် ဖြစ်ပါသည်။ ဘုရားသခင်က ရုပ်တုဆင်းတုကိုးကွယ်ခြင်းကို ရှောင်ရှားကြဖို့ရန် အစဉ် သတိပေးတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - အပြစ်ကို ငြင်းပယ်သောအခါ နိုးထမှုရှိတတ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ မသိခြင်းကို ရှောင်ရှားလျက် ကိုယ်တော်ထံ ကျွန်တော် အစဉ်သစ္စာရှိမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၂၀)
**၁ ရာ ၇**
၂ တိ ၁း၁-၅

*"သင်၏အဘွား လောဣ၊ အမိ ဥနိတ်၌ အရင်တည်သော ယုံကြည်ခြင်းတည်းဟူသော၊ . . . သင်၌လည်း တည်သော ယုံကြည်ခြင်းစစ်"*

## ရှမွေလသည် မှားယွင်းသောဘုရားများကို ဆန့်ကျင်လျက် တရားဟော၏

ဣသရေလသည် တပါးအမျိုးသားများ၏ဘုရားများကို လိုက်ကိုးကွယ်ကြသောကြောင့်၊ ရှမွေလက ထိုဘုရားများကို စွန့်ပစ်လျက်၊ ဘုရားသခင် တပါးတည်း၏အမှုတော်ကိုသာ ဆောင်ရွက်ဖို့ရန် စိတ်နှလုံး ပြင်ဆင်ဖို့ တိုက်တွန်းခဲ့ပါသည်။ ထိုသို့ ဘုရားသခင်ထံ ပြန်လှည့်ခဲ့ကြလျှင်၊ ဖိလိတ္တိလူများ၏လက်မှ လွတ်မြောက်စေမည်ဖြစ်ပါသည်။ ဖိလိတ္တိလူတို့၏လက်ထဲသို့ ကျရောက်ခြင်းသည် ဘုရားသခင်၏ဒဏ်ခတ်ခြင်းဖြစ်ကြောင်း ရှမွေလ သိခဲ့ပါသည်။ ထိုအခါ၊ ဣသရေလလူတို့သည် ရှမွေလ၏စကားကို နာခံခဲ့ကြပါသည်။

ရှမွေလက မိဇပါမြို့၌ လူထုစည်းဝေးပွဲကို ခေါ်ခဲ့ပါသည်။ သူတို့အတွက် ဘုရားသခင်ထံ ဆုတောင်းပေးမည်ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်ထံတိုးဝင်ခြင်းသည် ဣသရေလ၏ပြဿနာ ဖြေရှင်းဖို့ရန် နည်းလမ်းဖြစ်ကြောင်း သူ သိခဲ့ပါသည်။ ဧလိ ကွယ်လွန်သောအချိန်၌ ရှမွေလသည် ငယ်ရွယ်သေးသော်လည်း ဘုရားသခင်၏အိမ်တော်၌ အမှုတော်ဆောင်ရွက်ခဲ့ပါသည်။ ဧလိ ကွယ်လွန်ပြီးနောက် အခြေအနေ သေးစိတ်ကို ကျမ်းစာ၌ မဖော်ပြထားသော်လည်း၊ ရှမွေလသည် နိုင်ငံ့ အရေးကို ကောင်းကောင်း ထိန်းသိမ်း ဦးဆောင်ခဲ့ကြောင်း တွေ့ရပါသည်။ သူ၏ ဝိညာဉ်အရေး ကြီးထွားမှုနှင့် ခေါင်းဆောင်မှု အရည်အချင်းသည် ဘုရားသခင်ထံမှ ရရှိခြင်းဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော် ရှမွေလ ဆောင်ရွက်ခြင်း၌ သူ့မိခင် ဟန္န၏ လွှမ်းမိုးမှု များစွာ ပါဝင်ပါသည်။ ဟန္နသည် ဆုတောင်းခြင်းနှင့် ယုံကြည်ခြင်း အားကြီးသော မိန်းမဖြစ်ပါသည်။ မိခင်များ၊ မိမိတို့၏ သားသမီးများအတွက် ဆုတောင်းဖို့ မမေ့ကြပါနှင့်။

ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ဖို့ရန် ဣသရေလ ပြုခဲ့သောအမှားများကို ပြုပြင်ဖို့ လိုအပ်ကြောင်း ရှမွေလ သိနားလည်ခဲ့ပါသည်။ လူထု၏အပြစ်များကို ဖော်ထုတ်ခြင်းသည် ဆုံးမသွန်သင် ပြုပြင်ခြင်း၏ အခြေခံတရား ဖြစ်ပါသည်။ ထို့နောက် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို တောင်းလျှောက်ရမည် ဖြစ်ပါသည်။ ထို့ကြောင့်၊ လူထုသည် မိဇပါမြို့၌ စုဝေးလျက်၊ ရေကို ခပ်၍ ဘုရားသခင် ရှေ့တော်၌ သွန်းလောင်းခဲ့ကြ၏။ အဘယ့်ကြောင့် ရေ သွန်းလောင်းကြသည်ကို မဖော်ပြသော်လည်း၊ သူတို့၏ ဝတ်ပြုခြင်း အစိတ်အပိုင်း ဖြစ်ခဲ့ပါသည်။ ထိုနေ့တွင် သူတို့သည် အစာရှောင်ခဲ့ကြပါသည်။ အစာရှောင်ခြင်းသည် သူတို့၏ စိတ်သဘော ရိုးသားမှန်ကန်မှုကို ပြခြင်း သဘောဖြစ်ပါသည်။ ဣသရေလလူတို့သည် မိမိတို့စိတ်နှလုံးထဲမှ ဘုရားသခင်ကို ကိုးကွယ်ခဲ့ကြပါသည်။ အပြစ် အဆီးအတားကို ဖယ်ရှားဖို့လိုပါသည်။ ထို့ကြောင့်၊ ဘုရားသခင်အပေါ် သူတို့ လွန်ကျူးသော အပြစ်ကို ဝန်ခံလျက်၊ ခွင့်လွှတ်ခြင်း တောင်းလျှောက်ခဲ့ကြပါသည်။ ဤသည်ကား ဣသရေလ၌ တရားသူကြီး တာဝန်ကို ရှမွေလ စတင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လူမျိုးကို ကယ်တင်ဖို့ရန် ဘုရားသခင်ကို ကြောက်ရွံ့သော ခေါင်းဆောင်လိုအပ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို အမှန် ကြောက်ရွံ့သော ခေါင်းဆောင်များ ပေါ်ပေါက်စေတော်မူပါ။



ကြာသပတေး၊ ဒီဇင်ဘာ (၁၂)
**၁ ရာ ၂၄**
ဆာလံ ၃၉

*"အိုထာဝရဘုရား၊ အကျွန်ုပ် ဆုတောင်းခြင်း ပဋ္ဌနာကို ကြားတော်မူပါ။ အကျွန်ုပ် အော်ဟစ်သောအသံကို နားထောင်တော်မူပါ"*

## ဒါဝိတ်သည် ရှောလုရှေ့၌ မိမိအကြောင်းကို လျှောက်ခဲ့ပါသည်

ဒါဝိဒ်၏လက်ထဲတွင် ရှောလု၏အင်္ကျီစ ရှိပါသည်။ ထိုသို့ ရှင်ဘုရင်၏အင်္ကျီစ ဖြတ်ခဲ့သည်ကို နှိမ့်ချသောစိတ်ဖြင့် ဒါဝိဒ်က အပြစ်ပြုမိသကဲ့သို့ နောင်တရခဲ့ပါသည်။ ဒါဝိဒ်၏ အပြုမူနှင့် စကားတို့က ရှင်ဘုရင်ကို လက်နက်ချစေခဲ့ပါသည်။ မုန်းတီးမှုကြောင့် ဒါဝိဒ်အား စစ်သူရဲများစွာဖြင့် လိုက်ဖမ်းနေခြင်းကြောင့် ရှင်ဘုရင်သည် အပြစ်ကျူးလွန်လျက်ရှိကြောင်း ဒါဝိဒ်၏စကားများက ဖော်ပြခဲ့ပါသည်။ ဒါဝိဒ်က ရှောလုအား မိမိကို လိုက် မဖမ်းခဲ့သင့်ကြောင်း ဆိုခဲ့ပါသည်။ ဤအမှု၌ ဘုရားသခင် စီရင်တော်မူစေရန် ဒါဝိဒ် ဆုတောင်းခဲ့ပါသည်။ ရှေးဆိုရိုးစကားဖြစ်သော၊ ဆိုးသောသူလက်မှ ဆိုးသောအမှု ထွက်တတ်၏ ဟု ဒါဝိဒ် ဆိုခဲ့ပြီး၊ သူသည် ရှင်ဘုရင်အား ထိခိုက်အောင် လုပ်မည် မဟုတ်ကြောင်း ကျိန်ဆိုခဲ့ပါသည်။ ဒါဝိဒ်၏ နှိမ့်ချသော စကားများသည် ရှင်ဘုရင်ကို အနိုင်ရခဲ့ပါသည်။ ထိုအခါ၊ သူတို့အကြား၌ ငြိမ်းချမ်းရေးရှိခဲ့ပါသည်။

ဒါဝိဒ်ပြုသောအမှုနှင့်စကားကြောင့် ရှောလု ငိုကြွေးခဲ့ပါသည်။ ဒါဝိဒ်၏အပြုအမူကို ချီးကျူးလျက်၊ ဒါဝိဒ်သည် မိမိထက် ပို၍ ဖြောင့်မတ်သောသူဖြစ်ကြောင်း ဝန်ခံခဲ့ပါသည်။ ထို့ပြင် ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာမည်ဖြစ်ကြောင်း ဖော်ထုတ်ခဲ့ပါသည်။

ဒါဝိဒ်သည် ပြဿနာကို မှန်ကန်စွာ ကိုင်တွယ်ခဲ့ပါသည်။ မိမိကြုံတွေ့ခဲ့သောအမှုများ၌ ဘုရားသခင်၏အလိုတော်ကို ဝန်ခံခဲ့ပါသည်။ ရှောလုက ဒါဝိဒ်သည် မြင့်မြတ်သောရာထူးခံရဖို့ရန် ခွဲခန့်ခံရသောသူဖြစ်သည်ဟု ဝန်ခံခဲ့၏။ ထို့ကြောင့်၊ ရှောလုက မိမိ၏မိသားစုများကို ကောင်းမွန်စွာ ဆက်ဆံဖို့ရန် ဒါဝိဒ်အား ကျိန်စေခဲ့ပါသည်။ ဒါဝိဒ်ကလည်း သဘောတူခဲ့ပါသည်။ ဤသို့ဖြင့် ဣသရေလ ရာဇပလ္လင် ပြဿနာသည် အသစ်သော ခြေလှမ်းကို စတင်လှမ်းခဲ့ပါသည်။

ခွင့်လွှတ်ခြင်းတရားနှင့်ဆိုင်သော သင်ခန်းစာကို ရှင်းလင်းစွာ တွေ့ရပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ဒါဝိဒ်ကို လမ်းပြတော်မူခဲ့၏။ ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းသည် ဘုရားသခင်၏နည်းလမ်းဖြစ်ကြောင်း ဒါဝိဒ် သိခဲ့ပါသည်။ မိမိ၏ရှင်ဘုရင်ကို ကျေးဇူးပြုလျက်၊ ကောင်းမွန်စွာ ဒါဝိဒ် ဆက်ဆံခဲ့ပါသည်။ မိမိရန်သူကို ချစ်ခြင်းသည် ဘုရားသခင်၏ ပညတ်တရားပင်ဖြစ်ပါသည်။ ဒါဝိဒ်၏အသက်တာကို စံနမူနာ ယူကြပြီး၊ ဘုရားသခင်ထံမှ ငြိမ်သက်ခြင်း ကောင်းကြီးမင်္ဂလာကို တောင်းလျှောက်ကြပါစို့။

**ဆင်ခြင်ရန်** - စိတ်ငြိမ်သက်ခြင်းနှင့်ချစ်ခြင်းတို့သည် ဝိညာဉ်တော်၏အသီး၌ ပါဝင်ကြပါ၏။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် ဝိညာဉ်တော်၏အသီးကို သီးမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁၁)

**၁ ရာ ၂၄**

ဆာလံ ၂၆း၁-၁၂

*"အကျွန်ုပ်သည် မေတ္တာကျေးဇူးတော်ကို မျက်မှောက်ပြု၍ သစ္စာတရားတော်နှင့် အညီကျင့်ပါ၏"*

## ရှောလုနှင့် ဒါဝိတ်တွေ့ဆုံမှု

၁ ရာ ၂၄း၅-၇ ထဲတွင်၊ "ထိုသို့ ရှောလု၏အကျႌကို လှီးဖြတ်မိသောကြောင့်၊ ဒါဝိတ်သည် နောက်တဖန် နောင်တရ ၍၊ ထာဝရဘုရား ပေးတော်မူသော ဘိသိတ်ကို ခံသော ငါ့အရှင်သည်၊ ထာဝရဘုရား အခွင့်နှင့် ဘိသိတ်ခံသူ ဖြစ်သောကြောင့်၊ ထိုအရှင်ကို ထိခိုက်ဖြင်းငှါ ငါလက်ဆန့်သောအမှုကို ထာဝရဘုရား ဆီးတားတော်မူပါစေသောဟု မိမိလူတို့အား ဆိုသဖြင့်။ ရှောလုကို ထိခိုက်စေခြင်းငှါ အခွင့်မပေး မြစ်တားလေ၏။ ရှောလုသည်လည်း ထ၍ ဥမင်ထဲက ထွက်သွားလေ၏" ဟု ဆိုထားပါသည်။

ဥမင်ထဲမှ ရှောလုထွက်သွားသောအခါ၊ ဒါဝိဒ်သည်လည်း ထွက်သွားခဲ့ပြီး ရှောလုကို လိုက်ခဲ့ပါသည်။ ထို့နောက် ရှောလုကို အော်ခေါ်လျက်၊ မြေပေါ်၌ ပြပ်ဝပ်ခဲ့ပါသည်။ ရှောလုသည် မိမိ၏ ရှင်ဘုရင်ဖြစ်ကြောင်းနှင့် သူ့ကို ထိခိုက်အောင်လုပ်မည် မဟုတ်ကြောင်း ဒါဝိဒ် ဆိုခဲ့၏။ ဒါဝိဒ်သည် ရှင်ဘုရင်နှင့် သင့်မြတ်ခြင်းရှိရန် ကြိုးစားခဲ့ပါသည်။ ဥမင်ထဲ၌ ရှင့်ဘုရင်၏အသက်ကို လွတ်ပေးခဲ့သည်ဖြစ်သောကြောင့်၊ မိမိသည် ဘုရင်၏ရန်သူ မဟုတ်ကြောင်း ပြောခဲ့ပါသည်။

ဒါဝိဒ်က ဘုရားသခင်၏စကား နာခံခြင်းအကြောင်းကို ပြသခဲ့ပါသည်။ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းရှိပြီး၊ မိမိကို သတ်ဖို့ကြိုးစားနေသောသူကို မသတ်ခဲ့ပါ။ ဒါဝဒ်က ဘုရားသခင်ထံ မိမိအသက်ကို ဆက်ကပ် ပုံအပ်ခဲ့သော သူတဦး၏အသက်တာကို လက်တွေ့ကျကျ ဖော်ပြခဲ့ပါသည်။

ဒါဝိဒ် ပြုခဲ့သောအရာသည် ရှောလုနှင့်သူ့နောက်လိုက်များ၏ မျှော်လင့်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့ပါသည်။ ဒါဝိဒ်၏လူများသည်လည်း သူတို့သခင် ဒါဝိဒ်က ဥမင်ထဲ၌ ရှင်ဘုရင် ရှောလုကို သတ်ရသောအခွင့် ရှိခဲ့သော်လည်း ထိုအခွင့်ကရေးကို အသုံး မပြုခဲ့သောကြောင့် အံ့သြခဲ့ရ၏။ ရှောလုနှင့်သူ့အကြား၌ ငြိမ်ချမ်းရေးရှိစေဖို့ရန် ထိုသို့သောနည်းလမ်း အသုံးပြုခြင်းသည် ဘုရားသခင် ပေးတော်မူသော ဉာဏ်တော်ပင်ဖြစ်ပါသည်။ ရှောလုသည် ဘုရားသခင် ခန့်ထားတော်မူသော ရှင်ဘုရင် ဖြစ်ကြောင်း ဒါဝိဒ် ကောင်းကောင်း သိမှတ်ခဲ့၏။ ထာဝရဘုရား၏ ဘိသိတ်ခံသောသူဟု သူ့ကိုဖော်ပြခဲ့ပါသည်။

သူတို့နှစ်ဦးသည် အပြန်အလှန် စကားပြောခဲ့ကြပြီးနောက်၊ မိမိတို့၏နေရာသို့ နောက်ဆုတ်ခဲ့ကြပါသည်။ ထို့နောက်တွင်၊ သူတို့နှစ်ဦးအကြား၌ရှိသော ရန်လိုမှုသည် ငြိမ်းချမ်းခဲ့ပါသည်။ ရှောလုသည် ထိုအဖြစ်အပျက်အမှုက အနိုင်ယူခဲ့၏။ ယခုအမှုတွင်၊ ဒါဝိဒ်သည် ဘုရားသခင် ပေးတော်မူသော သူ၏ဉာဏ်ပညာကို ပြသခဲ့ပါသည်။ ထို့ပြင် သူ၏နှိမ့်ချသောစိတ်သဘောကိုလည်း တွေ့ရပါသည်။

**ဆင်ခြင်ရန်** - မုန်းတီးခြင်းရှိသောအရပ်၌ပင် ဘုရားသခင်သည် စိတ်ငြိမ်သက်ခြင်းကို ပေးတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ပြဿနာထဲ၌ပင် ကိုယ်တော်၏ ငြိမ်သက်ခြင်းကို ကျွန်တော် ခံစားရရှိလိုပါ၏။



တနင်္လာ၊ အောက်တိုဘာ (၂၁)

**၁ ရာ ၇း၇-၁၇**

ဇဖက် ၆း၁၀-၁၈

*"မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့"*

## ဖိလိတ္တိလူတို့သည် ဣသရေလရှေ့၌ ရှုံးနိမ့်ခဲ့ကြ၏

မိဇပါမြို့၌ ရှမွေလပြုသောအမှုကို ဖိလိတ္တိလူတို့သည် တုန့်ပြန်လျက်၊ ဣသရေလနှင့် စစ်ပြန်တိုက်ဖို့ရန် ပြင်ဆင်ခဲ့ကြပါသည်။ ဣသရေလသည် ထိုတုန့်ပြန်မှုကို ထိတ်လန့်ခဲ့ပါသည်။ သူတို့သည် လူ့ဇာတိ ခွန်အားကို ကိုးစားရမည် မဟုတ်ပါ။ ဝိညာဉ်အရေး၌ အသင့်ပြင်ဆင်ဖို့ရန် ဖြစ်ပါသည်။ ယခုတွင် သူတို့၌ ရင့်ကျက်သော အခြေအနေကို နားလည်သဘောပေါက်သော ဝိညာဉ်ရေးရာ ခေါင်းဆောင် ပိုင်ဆိုင်ခဲ့ပြီ ဖြစ်ပါသည်။

မိမိတို့အတွက် ထာဝရဘုရားထံ အစဉ် ဆုတောင်းဖို့ရန် ရှမွေလကို တောင်းလျှောက်ခဲ့ကြပါသည်။ ထိုအခါ၊ ဘုရားသခင်သည် ဖိလိတ္တိလူတို့လက်မှ သူတို့ကို ကယ်တင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ရှမွေလသည် ထာဝရဘုရားကို အကောင်းဆုံး ချဉ်းကပ်ခဲ့ပါသည်။ နို့စို့ သိုးသငယ်ကို ယူလျက် ထာဝရဘုရားထံ မီးရှို့ရာယဇ်ကို ပူဇော်ခဲ့ပြီး၊ ဘုရားသခင်သည် နားညောင်းတော်မူ၏။ ချက်ချင်း အဖြေပေးခဲ့ပါသည်။

ရှမွေလသည် စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းကို နားလည်သဖြင့်၊ ထိုသို့မှန်ကန်စွာ ပြုခဲ့ပါသည်။ ယခုတွင် ဣသရေလ၌ ပရောဖက် ရှိသည်ဖြစ်၍ ဘုရားသခင် အတူပါရှိတော်ကြောင်း သေချာလှပါသည်။ ဣသရေလကို တိုက်ခိုက်ဖို့ရန် ဖိလိတ္တိလူတို့သည် အသင့်ရှိခဲ့ကြ၏။ တဘက်တွင်၊ ရှမွေလသည် ဣသရေလလူတို့အား စစ်ပွဲအတွက် ပြင်ဆင်ဖို့ရန် အသိ မပေးခဲ့ပါ။ ထိုသို့ ရှမွေလ ယဇ်ပူဇော်နေစဉ်တွင် ဖိလိတ္တိလူတို့သည် ချဉ်းကပ်လာခဲ့ကြ၏။ ထိုအခါ ထာဝရဘုရားသည် ထိုနေ့၌ ဖိလိတ္တိလူတို့အပေါ်သို့ ပြင်းစွာ မိုးချုန်းစေတော်မူ၏။ သူတို့သည် တပ်ဖျက်ခြင်းခံရ၍ ဣသရေလ ရှေ့၌ စစ်ရှုံးခဲ့ကြပါသည်။ ထာဝရဘုရားသည် မိမိလူတို့အတွက် တိုက်ပေးတော်မူ၏။ ထိုအခါ ဣသရေလလူတို့သည် မိဇပါမြို့မှထွက်လာလျက်၊ ကျန်နေသေးသော ဖိလိတ္တိလူတို့ကို လုပ်ကြံခဲ့ကြပါသည်။ ဣသရေလသည် ထာဝရဘုရား၏လက်တော်ကို မြင်ရလျက် ယုံကြည်မှု ရှိခဲ့ကြပါသည်။

ယခုတွင် ရှမွေလသည် လူထု အားကိုးသော တရားသူကြီးနှင့် ဝိညာဉ်ရေးရာ ခေါင်းဆောင် ဖြစ်လာခဲ့ပါသည်။ ရှမွေလ၏ခေတ်ကာလတွင် ဖိလိတ္တိလူတို့သည် အစဉ် ရှုံးနိမ့်ခဲ့ပါသည်။ ထာဝရဘုရား၏လက်တော်သည် သူတို့ကို ဆန့်ကျင်တော်မူသောကြောင့် ဣသရေလ နယ်စပ်သို့ နောက်တဖန် မချဉ်းကပ်ကြတော့ပါ။ သိမ်းပိုင်ခဲ့သော မြို့များကိုလည်း ဣသရေလထံ ပြန်ပေးခဲ့ပါသည်။ ဣသရေလပြည် တခုလုံးက ရှမွေလကို သူတို့၏ တရားသူကြီးအဖြစ် သတ်မှတ်ကြ၏။ သူသည် တတ်စွမ်းနိုင်သောသူဖြစ်၍ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို တည်ထောင်ခဲ့ပါသည်။

ဘုရားသခင်ကို ကြောက်ရွံ့သော ခေါင်းဆောင်ကောင်းကို နိုင်ငံတိုင်း လိုအပ်ကြပါသည်။ ဘုရားသခင်သည် နိုးထမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှု စနစ်ကို တည်ထောင်တော်မူ၏။ အသင်းတော်သည် ထိုနည်းလမ်းကို စံနမူနာထား လိုက်လျှောက်ရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဖြောင့်မတ်သောသူကို ငြိမ်သက်ခြင်းလမ်းထဲသို့ ပို့ဆောင်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်ရင်ဆိုင်နေရသော ဝိညာဉ်တိုက်ပွဲများ၌ ကိုယ်တော်ကို ယုံကြည်ကိုးစားမည်အကြောင်း မစတော်မူပါ။

**၁ ရာ ၈**

သု ၃၁း၁-၉

*"စကားပြောလျက်၊ တရားသဖြင့် စီရင်လျက်၊ ဆင်းရဲငတ်မွတ်သောသူတို့၏အမှုကို စောင့်လော့"*

## ဣသရေလလူတို့သည် ရှင်ဘုရှင်တောင်းလျှောက်ကြ၏

ရှမွေလသည် အသက်ကြီးလာ၍ သူ၏သားများအား တရားသူကြီးများအဖြစ် ခန့်ထားလာပြီး၊ ဣသရေလ သမိုင်းသည် ပြောင်းလဲစပြုလာခဲ့ပါသည်။ သူတို့သည် ဗေရရှေဗမြို့၌ တာဝန်ထမ်းဆောင်ခဲ့ကြပြီး၊ သူတို့၏နာမည်မှုကား၊ ယောလနှင့်အဘိရ ဖြစ်ပါသည်။ သူတို့ ဖခင်၏လမ်းကို သူတို့သည် မလိုက်လျှောက်ခဲ့ကြပါ။ သူတို့သည် ငွေမက်ကြလျက်၊ တံစိုးစားခဲ့ကြပြီး၊ မှားယွင်းစွာ တရားစီရင်ကြ၏။ ဣသရေလလူကြီးများသည် စုဝေးလျက် ရှမွေလထံ တောင်းလျှောက်မှု ပြုခဲ့ကြပါသည်။ ရှမွေလအား သင်၏သားများသည် ဘုရားသခင်၏လမ်းတော်သို့ လျှောက် မသွားခဲ့ကြောင်း ပြောကြားခဲ့ကြ၏။ သူ့သားများ၏အပြုအမူ၌ ဣသရေလလူတို့သည် ကျေနပ်မှု မရှိခဲ့ကြပါ။ သူတို့သည် ရိုးသားမှု မရှိကြသောကြောင့် တရားသူကြီးတာဝန်နှင့် ထိုက်တန်မှု မရှိကြကြောင်း ရှမွေလထံ တိုင်ကြားခဲ့ကြပါသည်။

ထို့ကြောင်း ဣသရေလလူတို့က မိမိတို့၏အမှုကို စီရင်ဆောင်ရွက်မည့် ရှင်ဘုရင်ကို တောင်းလျှောက် ခဲ့ကြပါသည်။ ရှမွေလသည် သူတို့၏တောင်းလျှောက်မှုကို သဘောမတူဘဲ၊ ဘုရားသခင်ထံ ထိုအမှုနှင့်ပတ်သက်၍ ဆုတောင်းခဲ့ပါသည်။ ဘုရားသခင်ကလည်း သူတို့တောင်းလျှောက်သောအမှုကို သဘောတူဖို့ရန် ပြောကြားလျက်၊ တဆက်တည်း၌ ထိုအမှုကို မိမိ ဆန့်ကျင်ကြောင်းလည်း ဖော်ပြတော်မူ၏။ ထိုသို့သောတောင်းလျှောက်မှုသည် ရှမွေလကို မဟုတ်ဘဲ၊ ဘုရားသခင် မိမိကိုယ်တိုင်ကို ဆန့်ကျင်ကြခြင်း ဖြစ်ကြောင်း မိန့်တော်မူ၏။ ရှင်ဘုရင် အုပ်ချုပ်မှု၏ ဆိုးကျိုးကိုလည်း ရှမွေလထံ ပြောပြတော်မူခဲ့ပါသည်။ သူတို့သည် အတင်းတောင်းခဲ့ကြသောကြောင့် ဘုရားသခင်သည် သူတို့အတွက် ရှင်ဘုရှင် ခန့်ဖို့ရန် သဘောတူခဲ့ပါသည်။

ရှမွေလ၏ ဘဝသမိုင်းသည် ပဋိသန္ဓေ မစွဲမှီ၊ သူ့မိခင်၏ ဆုတောင်းခြင်းမှ စတင်ခဲ့ပါသည်။ မွေးဘွားလာ၍ သူ့မိခင်က စောင့်ရှောက် ပြုစုကျွေးမွေးခဲ့ပါသည်။ ဘုရားသခင်၏အိမ်တော်၌ အမှုတော် ထမ်းရွက်စေမည်အကြောင်း ဘုရားသခင်ထံ ဂတိသစ္စာလည်း ပြုခဲ့ပါသည်။ ရှမွေလသည် သူ့ဘဝ တလျှောက်လုံး ဘုရားသခင်၏အိမ်တော်၌ အမှုတော် ဆောင်ရွက်ခဲ့ပါသည်။ ငယ်ရွယ်စဉ် ဘုရားသခင် ခေါ်တော်မူလျက်၊ ထိုသို့ဖြင့် ဘုရားသခင်၏အမှုတော်ကို ထမ်းရွက်ခဲ့ပါသည်။ သို့သော်လည်း၊ သူ့သားတို့သည် သူ့တို့၏ဖခင် ကြုံတွေ့ခဲ့သော အတွေ့အကြုံမျိုး မကြုံခဲ့ရပါ။ သူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့သော စိတ်သဘော မရှိခဲ့ကြပါ။ သူတို့သည် လောကီလူများကဲ့သို့ အသက်ရှင်လျက်၊ သွေးဆောင်ခြင်း ထဲသို့ လဲကျခဲ့ကြပါသည်။ သာဓကကောင်း မဟုတ်ခဲ့ကြပါ။ ထို့သို့သောအမှုကို ဆက်လက် မဖြစ်စေသင့်ပါ။

**ဆင်ခြင်ရန်** - သန့်ရှင်းသူများ သတိ မမူသောအခါ၊ သမိုင်း ပြန်လည်တတ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ အသင်းတော်၌ ခေါင်းဆောင်ကောင်းများ ပေါ်ပေါက် စေတော်မူပါ။





**၁ ရာ ၂၄**

ဆာလံ ၃၅း၁-၈

*"အို ထာဝရဘုရား၊ အကျွန်ုပ်၌ ဆန့်ကျင်ဘက် ပြုသောသူတို့ကို ဆန့်ကျင်ဘက် ပြုတော်မူပါ။ အကျွန်ုပ်ကို စစ်တိုက်သောသူတို့ကို တိုက်တော်မူပါ"*

## ဒါဝိဒ်သည် ရှောလု၏အသက်ကို လွှတ်ခဲ့၏

ရှောလုသည် ဖိလိတ္တိလူတို့ကို တိုက်လျက်၊ လုံခြုံစိတ်ချရပြီဟု ထင်မှတ်သောအခါ၊ တောထဲသို့ ဒါဝိဒ်ကို လိုက်ဖမ်းဖို့ရန် ပြန်သွားခဲ့ပါသည်။ ဒါဝိဒ်သည် အင်္ဂေဒိတော၌ ရှိသည်ဟု သူသတင်း ရရှိခဲ့ပါသည်။

ထိုသို့ ဖိလိတ္တိလူတို့၏တိုက်ခိုက်လာခြင်း၌ တိုင်းပြည်ကို ရှောလု လုံခြုံစေခဲ့ပြီးသောအခါ၊ သူ၏အဓိက လုပ်ဆောင်ချက်မှာ ဒါဝိဒ်ကို ဖမ်းဆီးခြင်းပင်ဖြစ်ပါသည်။ သူသည် လူသုံးထောင်တို့နှင့် ဒါဝိဒ်ကို တောအရပ်၌ ရှာဖွေခဲ့ပါသည်။ ထိုမျှလောက်များသော လူကို အသုံးပြုခြင်းက ဒါဝိဒ်ကို သတ်ရန် ဆုံးဖြတ်ချက် ခိုင်မာခဲ့ကြောင်း ထင်ရှားစေခဲ့၏။ ထိုအမှုကိုသည် မိမိအတွက် အလွန်အရေးကြီး၍ အဓိကထားသောအမှုဖြစ်ကြောင်းကို ရှင်ဘုရင်ကိုယ်တိုင် မိမိနန်းတော်မှ ထွက်လာခဲ့ခြင်းက သက်သေပြလျက်ရှိပါသည်။

ရှောလုက မိမိကြိုးစားကာကွယ်နေသော ရှင်ဘုရင် အရိုက်အရာကို ဒါဝိဒ်အား ဘုရားသခင် ပေးတော်မူခဲ့ပြီဖြစ်ကြောင်း မမှတ်မိခဲ့ပါ။ သူ့စိတ်ထဲ၌ ရှိသောအရာမှုကား၊ ဒါဝိဒ်ကို သတ်ပြီး၊ ထီးနန်းကို အတတ်နိုင်ဆုံးထိန်းသိမ်းလျက် မိမိသား တစ်ဦးဦးအား ဆက်ခံသူအဖြစ် တင်မြှောက်ရန်သာဖြစ်ပါသည်။ ချီးမြှောက်ခြင်းအပေါင်းသည် ထာဝရဘုရားထံမှ ဖြစ်ကြောင်းကို မသိခဲ့ပါ။ ရှောလုသည် ဘုရားသခင် သွန်သင်ဆုံးမချက်ကို မသိခဲ့သောကြောင့်၊ မိမိကိုယ်ကို ရှင်ဘုရင်နေရာမှ ဖယ်ရှားခဲ့ခြင်းဖြစ်ပါသည်။ ထိုများစွာသော မိမိ၏စစ်သူရဲများအလယ်၌ မိမိလုံခြုံမှုကို ရှောလု မကာကွယ်နိုင်ခဲ့ပါ။ ဒါဝိဒ်ကို သတ်မည်ဟု ဆုံးဖြတ်ချက်ချသောနေရာ၌ ဘုရားသခင်၏မစတော်မူခြင်းဖြင့် ဒါဝိဒ် ပြုနိုင်သောမှုကို ရှောလု မတွေးခဲ့ဘဲ၊ အထင်သေးခဲ့ပါသည်။

ထိုသို့ ဒါဝိဒ်အား လိုက်လံ ဖမ်းဆီးခြင်း၌ ရှောလုသည် (ဒါဝိဒ် ပုန်းခိုလျက်ရှိသောနေရာ) ဥမင်တခုထဲသို့ အနားယူဖို့ရန် ဝင်ခဲ့ပါသည်။ ဒါဝိဒ်၏လူတို့က ထိုအချက်ကို အခွင့်ကောင်းဖြစ်သည်ဟုယူဆလျက်၊ ဥမင်ထဲ၌ ရှောလုကို သတ်ဖို့ရန် ဒါဝိဒ်အား တိုက်တွန်းခဲ့ကြ၏။ သို့သော်လည်း၊ ဒါဝိဒ်သည် ဘုရားသခင်၏အလိုတော်သို့ ဆက်ကပ်လျက်၊ ရှောလုသည် ဘုရားသခင်၏ဘိသိက်ခံဖြစ်ကြောင်း သိသဖြင့်၊ ရှောလု၏ အင်္ကျီ အောက်ပိုင်းကိုသာ ဖြတ်ပြီး၊ မသတ်ဘဲ နေခဲ့ပါသည်။ ရှင်ဘုရင်အပေါ် ဘာမှမလုပ်ခဲ့ပါ။ ရှင်ဘုရင်၏အင်္ကျီစ ဖြတ်ခဲ့ခြင်းကိုပင် စိတ်မကောင်း ဖြစ်ခဲ့၏။ ထိုပြုခဲ့သောအမှုကြောင့် ဒါဝိဒ်သည် နောင်တရလျက်၊ ရှောလုသည် ထာဝရဘုရား ခန့်ထားတော်မူသော ရှင်ဘုရင်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ပါသည်။

**ဆင်ခြင်ရန်** - လူအပေါင်းတို့၏ဆုံးဖြတ်ချက်နှင့် ကျွန်ုပ်ရန်သူ၏ဆုံးဖြတ်ချက်ပင်လျှင် ဘုရားသခင်၏ အဆုံးစွန် အလိုတော်က အုပ်စိုးတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ အဆုံးစွန်အာဏာတော်ကို သိမြင်သည်အတိုင်း၊ ပတ်ဝန်းကျင်၌ ဖြစ်ပျက်သော မကောင်းမှုများအလယ်၌ပင် မိမိရန်သူကို ကျွန်တော် ချစ်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၉)
**၁ ရာ ၂၃**
ဆာလံ ၂၃

*"အကယ်၍ သေမင်း၏အရိပ် လွှမ်းမိုးသော ချိုင့်ထဲသို့ ရှောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ"*

## ရှောလုသည် ဒါဝိဒ်ကို သတ်ဖို့ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ

ဇိဖသားတို့က ရှင်ဘုရင်ရှောလုအား ဒါဝိဒ်သည် မိမိတို့နေရာ၌ ရှိကြောင်း ပြောကြားခဲ့ကြ၏။ ဒါဝိဒ်ကို ဖမ်းဆီးနိုင်မည်ဟု ရှောလု မျှော်လင့်အားကြီးနေသော်လည်း၊ ယေရှဲ၏သားသည် သာမန်စစ်သူရဲ မဟုတ်ခဲ့ကြောင်း ပြသခဲ့ပါသည်။ သူသည် စစ်ရေးအလွန် ကျွမ်းကျင်သောသူဖြစ်ပါသည်။ ပုံမှန် စစ်သင်တန်း မတက်ခဲ့သော်လည်း သူသည် အလိုလို တတ်ကျွမ်းခဲ့၏။ ထိုအရည်အချင်းနှင့် ဉာဏ်ပညာကို ဘုရားသခင်က ပေးတော်မူခဲ့ပါသည်။

ရှောလုက ဇိဖတော၌ သူ့ကို လိုက်ရှာနေစဉ်၊ ဒါဝိဒ်သည် မောနတောသို့ ရောက်ခဲ့ပြီဖြစ်ပါသည်။ သူသည် ဂေါလျတ်ကို သတ်ခဲ့စဉ်၊ သိုးတို့ကို ကာကွယ်ဖို့ရန် ခြင်္သေ့နှင့်ဝက်ဝံတို့ကို သတ်ခဲ့ကြောင်း ပြောပြခဲ့ပါသည်။ ထိုအတွေ့အကြုံသည် သူ့ကို ရဲရင့်စေလျက်၊ ဘုရားသခင် အတူပါရှိတော်မူခြင်းဖြင့် ထိုလူကောင် ထွားကြိုင်းသောသူကို အနိုင်ရခဲ့ပါသည်။ ရှောလုသည် ဒါဝိဒ်ကို မဖမ်းဆီးနိုင်ခဲ့ပါ။ နောက်တွင်၊ ဒါဝိဒ်က ဆာလံ ၂၃ ကို ရေးသားလျက်၊ သေမင်း၏ အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ လျှောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ၊ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူ၏ ဟုဆိုခဲ့ပါသည်။ သူ့အောင်မြင်မှုအပေါင်း၏လျှို့ဝှက်ချက်သည် ထာဝရဘုရား ပင်ဖြစ်တော်မူ၏။ ကွယ်လွန်ပြီးနောက် ဒါဝိဒ်၏ရှင်ဘုရင်အသက်တာသည် ကောင်းသောရှင်ဘုရင်များ၏ စံနမူနာ ဖြစ်ခဲ့ပါသည်။

ထိုသို့ ဒါဝိဒ်ကို ဖမ်းဆီးဖို့ရန် လိုက်နေစဉ်၊ ဖိလိတ္တိလူတို့သည် ပြည်တော်ကို တိုက်လာကြကြောင်း ကြားသဖြင့် ရှောလုသည် ဖိလိတ္တိလူတို့ကို တိုက်ရန် ချက်ချင်းပြန်လှည့်ခဲ့ရပါသည်။ ထိုသို့ ပြန်လှည့်ရသောနေရာကို သေလဟမ္မလေကုပ် (အနက်ကား၊ ကွဲသောကျောက်ဟူ၍ဖြစ်ပါသည်) ဟု သမုတ်ခဲ့သတည်း။ ထို့ကြောင့်၊ ဒါဝိဒ်သည် လွတ်ပြန်၍ အင်္ဂေဒိအရပ်၌ ခိုလှုံရာ နေရာသစ် ရှာတွေ့ခဲ့ပါသည်။

ဘုရားသခင်သည် ဒါဝိဒ်အား ရှင်ဘုရင်အရာ၌ ခန့်ထားတော်မူသောကြောင့်၊ ရှမွေလအား ဘိသိက်ပေးဖို့ရန် စေလွှတ်တော်မူခဲ့၏။ ဘုရားသခင်သည် အံ့ဘွယ်အမှုကို ပြုလျက် ဒါဝိဒ်ကို ဘုရင်နေရာ၌ ချက်ချင်းတင်မြှောက်ခဲ့ပါလျှင် ကောင်းမွန် လွယ်ကူခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့သော်လည်း၊ ထိုသို့ မပြုဘဲ၊ ဘုရားသခင်သည် ပုံမှန်ဖြစ်စဉ်အားဖြင့် ဒါဝိဒ်ကို ကွယ်ကာလျက် ပို့ဆောင်လျက်ရှိပါသည်။ ဤသည်ကား မိမိလူတို့ထံ ဘုရားသခင် အမှုပြုပုံနည်းလမ်းဖြစ်ပါသည်။ ဘုရားသခင်၏ အဆုံးစွန်အာဏာတော်နှင့် လူ့တာဝန်ဝတ္တရားသည် အတူတကွ လက်တွဲသွားခဲ့ကြပါသည်။ လူသည် ဆုတောင်းလျက်၊ ကြိုးစားအားထုတ်၍ ဘုရားသခင်၌ သစ္စာရှိရမည်ဖြစ်ပါသည်။ ထိုအခါ၊ ဘုရားသခင်၏အလိုတော်အားဖြင့် ကောင်းသောအကျိုးဖြစ်ပွားမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ ကွယ်ကာမှု၌ မိမိ၏အသိဉာဏ်လည်း ပါဝင်လိုအပ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော့်နောက်ကို လိုက်လျက်၊ မိမိ၏တာဝန်ကို ကြိုးစား လုပ်ဆောင်မည်အကြောင်း မစတော်မူပါ။



ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၃)
**၁ ရာ ၈**
၁ ပေ ၂း၁၃-၁၇

*"သခင်ဘုရား၏မျက်နှာတော်ကို ထောက်လျက်၊ . . . လူတို့တွင် စီရင်ခန့်အပ်ထားသမျှသော မင်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့"*

## ဣသရေလလူတို့သည် ရှမွေလထံ ရှင်ဘုရင်တောင်းလျှောက်ကြ၏

ရှမွေလ၏သားတို့သည် တရားသူကြီးများဖြစ်ကြ၏။ သို့သော်လည်း၊ မိမိတို့၏ရာထူးကို အလွဲသုံးစား ပြုခဲ့ကြပါသည်။ သူတို့သည် မိမိတို့၏ တာဝန် ဝတ္တရားကို မကျေပွန်ဘဲ၊ တရားမျှတမှုကို ရောင်းစားခဲ့ကြပါသည်။ ထိုသို့သောအမှုသည် ယနေ့၌လည်း များစွာ တွေ့ရပါသည်။ သို့သော်လည်း၊ ထိုရလဒ်မူကား ဆိုးကျိုးပင်ဖြစ်ပါသည်။ ထိုသို့ပြုခြင်းသည် ဒုစရိုက်အပြစ် ဖြစ်ပါသည်။ ဣသရေလ လူကြီးများ ထိုအမှု အလေးထားခဲ့ကြခြင်းသည် မှန်ကန်ပါသည်။

လူထုအမှုကို ဆောင်ရွက်ရာ၌ဇင်း၊ မိမိတကိုယ်တည်းအမှု၌ဇင်း ဘုရားသခင်၏ပညတ်တရားတော်အတိုင်း ပြုရမည်ဖြစ်ပါသည်။ လူထုအစိုးရနှင့်ပတ်သက်၍ The Westminster Confession of Faithက - ခရစ်ယာန်သည် လူထုအမှုကို ထမ်းရွက်သော အစိုးရဝန်ထမ်း အဖြစ် ခေါ်ခြင်းခံရလျှင် ထိုအလုပ်ကို လုပ်ခွင့်ရှိပါသည်။ သို့သော်လည်း၊ တိုင်းပြည်၏မှန်ကန် တရားမျှတသော ဥပဒေနှင့် အညီ မိမိတာဝန်ကို မှန်ကန်စွာ ထမ်းဆောင်ရပါမည်ဟု ဖော်ပြခဲ့ပါသည်။ ခေတ်အဆက်ဆက်၊ ဘယ်နိုင်ငံ၌ မဆို၊ ဘုရားသခင်၏လူတို့သည် ထိုတရားကို သတိပြုလျက် မိမိတာဝန်ကို ဆောင်ရွက်ရမည်အကြောင်း သိမှတ်ထားကြရပါမည်။ သို့သော်လည်း၊ ရှမွေလ၏သားတို့သည် ထိုသို့ မပြုခဲ့ကြပါ။ ထို့ကြောင့် ဣသရေလလူကြီးတို့သည် သူတို့၏အပြုအမူကို မနှစ်သက်ဘဲ တိုင်ခဲ့ကြခြင်းဖြစ်၏။

ဣသရေလသည် ရှင်ဘုရင်ကို တောင်းလျှောက်သောအခါ၊ ရှမွေလသည် မနှစ်သက်ခဲ့ပါ။ ဤအမှုသည် ဘုရားသခင်၏အလိုတော်နှင့် ကိုက်ညီမှု မရှိကြောင်း သူသိခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်ထံ ဆုတောင်းခဲ့ပါသည်။ ထိုသို့ ရှင်ဘုရင် တောင်းလျှောက်ခြင်းသည် ဘုရားသခင်အား မိမိတို့၏ရှင်ဘုရင် အဖြစ်မှ ဆန့်ကျင် ဖယ်ရှားရာရောက်၏။ အဲဂုတ္တုပြည်မှ ထွက်လာခဲ့ပြီးနောက် နှစ်ပေါင်း ၄၀၀ နီးပါး ဘုရားသခင်သည် သူတို့၏ ရှင်ဘုရင်ဖြစ်တော်မူခဲ့၏။ သို့သော်လည်း၊ ဘုရားသခင်က ရှမွေလအား သူတို့၏တောင်းလျှောက်မှုကို လက်ခံဖို့ရန် မိန့်တော်မူ၏။ သူတို့သည် ရှမွေလကို မဟုတ်ဘဲ၊ ဘုရားသခင်ကို ဆန့်ကျင်ကြခြင်းဖြစ်ပါသည်။ သူတို့၏အဓိက ပြဿနာသည် အပြစ်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ အခြားဘုရားများ၏အမှုကို ဆောင်ရွက်ဖို့ရန် သွေးဆောင်ခြင်းခံခဲ့ကြခြင်းဖြစ်ပါသည်။ ဘုရားသခင်က သူတို့၏တောင်းလျှောက်မှုကို လေးနက်စွာ ဆန့်ကျင်ဖို့ရန် ရှမွေလအား ဆိုခဲ့ပါသည်။

သူတို့၏တောင်းလျှောက်မှုကို ဘုရားသခင် သဘောတူခဲ့သော်လည်း၊ ထိုသို့ပြုခြင်းသည် မာနထောင်လွှားခြင်း အမှု၊ မိမိကို မယုံကြည် အားမကိုးခြင်း ဖြစ်ကြောင်း မိန့်တော်မူခဲ့၏။ ရှမွေလသည် ဘုရားသခင်ထံမှ သတင်းစကားကို ပြောကြားခဲ့ပြီး၊ ရှင်ဘုရင် ရှိခြင်း၏ ဆိုးကျိုးကိုလည်း ပြောပြခဲ့ပါသည်။

ဘုရားသခင်၏အလိုတော်ရှာခြင်းနှင့် ထိုအလိုတော်အတိုင်းပြုခြင်းသည် အစဉ်ကောင်းမြတ်လျက်၊ ပညာနှင့်ယှဉ်သော အမှုပြုခြင်း ပေတည်း။

**ဆင်ခြင်ရန်** - လူမျိုးတိုင်းအတွက် ဘုရားသခင်၏အလိုတော်သည် အကောင်းဆုံး ဖြစ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်တို့၏ တိုင်းပြည်နှင့်လူမျိုးကို ကောင်းကြီးပေးတော်မူပါ။

*"ဤသူကား အဘယ်သို့သောသူနည်း။ လေနှင့် ပင်လယ်သည် သူ၏စကားကို နားထောင်ပါသည် တကား"*

## ဣသရေလလူတို့သည် ရှင်ဘုရင်အလွန်လိုချင်ကြ၏

ဣသရေလ တောင်းလျှောက်သော ရှင်ဘုရင်သည် သူတို့၏အခြေအနေကို တိုးတတ်စေမည်မဟုတ်ပါ။ သူတို့လိုချင်သော ဘုရင်သည် မိမိအာဏာ တည်မြဲဖို့ကို အဓိကထားသောသူ ဖြစ်၍၊ ပြည်သူကို ညှင်းဆဲလျက်၊ သူတို့၏ရပိုင်ခွင့်ကို ကာကွယ်ပေးလိမ့်မည် မဟုတ်ပါ။

သူတို့၏ ငယ်ရွယ်သောသားများတို့သည် ထိုရှင်ဘုရင်၏မြင်းလှည်းကို မောင်းနှင်လျက်၊ အချို့သည် ထိုမြင်းလှည်း ရှေ့မှာ ပြေးကြပါလိမ့်မည်။ အချို့သည် ဘုရင့်စစ်တပ်၌ တပ်မှူးရာထူးကို ရကြပြီး၊ အချို့သည် ဘုရင့် လယ်ကွင်း၌ အလုပ်သမားဖြစ်ကြပါလိမ့်မည်။ သူတို့သည် စစ်ဝတ်တန်ဆာများကို ထုဆစ် သွင်းလုပ်ကြပါလိမ့်မည်။ သူတို့၏သမီးများသည် အစားအသောက်ကို ချက်ပြုတ်ပြင်ဆင်သောသူ ဖြစ်ကြပါလိမ့်မည်။ သူတို့၏လယ်ကွက်များကို ဘုရင်က မိမိအတွက် သိမ်းပါလိမ့်မည်။ ရှမွေလ မဖော်ပြသောအချက်မှုကား၊ ထိုရှင်ဘုရင်သည် သူတို့ကို ကျွန်ကဲ့သို့ ဆက်ဆံမည်ဟူသောအချက်ဖြစ်ပါသည်။ ထို့ကြောင့်၊ ရှင်ဘုရင်ရှိလျှင် ကျော်ကြားမည်ဟု ထင်ခဲ့ကြသော်လည်း၊ အမှန်မှာ သူတို့သည် ကျွန်ကျခံရပါလိမ့်မည်။ သူတို့တောင်းလျှောက်သော ဘုရင်သည် ရှမွေလနှင့် မောရှေကဲ့သို့ ဝိညာဉ်အရေးကို အလေးထားသောသူ မဟုတ်သောကြောင့် ထိုဘုရင်လက်အောက်၌ သူတို့ ကြုံတွေ့ခံစားရမည့် ဘဝကို ပုံဖော်ပေးခဲ့ပါသည်။ ထို့ကြောင့် ရှင်ဘုရင် တောင်းလျှောက်ခဲ့ခြင်းကို သူတို့ နောင်တရပါလိမ့်မည်။ သို့သော်လည်း၊ သူတို့သည် ဆုံးဖြတ်ချက် ချခဲ့ကြပြီးဖြစ်၏။

ရှမွေလ၏စကားကို သူတို့ မနာခံလိုကြပါ။ ရှင်ဘုရင် လိုချင်ခဲ့ကြပြီး၊ ဆုံးဖြတ်ချက် ခိုင်မာခဲ့ကြပါသည်။ ဘယ်သူကမျှ ဖျောင်းဖျနိုင်မည် မဟုတ်ပါ။ အမှန်မှာ၊ သူတို့သည် ဘုရားသခင်၏စကားကို ဆန့်ကျင်ကြခြင်းဖြစ်ပါသည်။ ရှမွေလက သူတို့၏စကားကို ဘုရားသခင်ထံ ဖော်ပြခဲ့ပါသည်။ ဘုရားသခင်က သူတို့၏အလိုကို လိုက်လျက်၊ ရှင်ဘုရင် ခန့်ထားပေးရန် ရှမွေလအား မိန့်တော်မူ၏။ ဣသရေလလူတို့တွင် မကျေနပ်မှုနှင့် ညီးတွားခြင်းအမှုသည် ပုံမှန် ဖြစ်နေကျအမှုပင် ဖြစ်ပါသည်။ ဘုရားသခင်၏စကားတော်ကို နာခံမည်အကြောင်း၊ သူတို့လိုအပ်သောအရာမှုကား နောင်တရခြင်းနှင့် ပြောင်းလဲခြင်းပင်ဖြစ်ပါသည်။

မျိုးဆက်သစ်သည် ဖြောင့်မတ်ခြင်းတရား၌ မျိုးဆက်ဟောင်းကို အတုယူ လိုက်လျှောက်ဖို့ လိုအပ်ပါသည်။ ကောင်းကြီးမင်္ဂလာ ခံစားရမည်အကြောင်း၊ ဘုရားသခင်၏ လမ်းပြဦးဆောင်မှုကို ခံယူလျက်၊ စကားတော်ကို နာခံလိုက်လျှောက်ဖို့ လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် အသိအမှတ်ပြုတော် မမူသောအရာသည် မကောင်းသောအရာ ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကောင်းသောအမှု အစသည် နာခံခြင်းဖြစ်ကြောင်း ကျွန်ုပ်ကို သွန်သင်တော်မူပါ။





*"ငါ့ဘက်၌ တပ်ချကြသော်လည်း၊ ငါ့နှလုံး မကြောက်တတ်"*

## ရှောလုသည် ဒါဝိဒ်ကို မဖမ်းနိုင်ခဲ့ပါ

ရှင်ဘုရင်ရှောလု၌ သူလျှိုနှင့်ပညာရှင်များစွာရှိခဲ့သော်လည်း၊ ဒါဝိဒ်သည် မိမိ၏လုံခြုံမှုအတွက် ဆင်ခြင် လှုပ်ရှားမှု၌ နောက်ကောက် မကျခဲ့ပါ။ ထာဝရဘုရားက သူ့ကို လမ်းပြတော်မူခဲ့၏။ ဤအမှု၌ ဒါဝိဒ် (သို့) ရှောလုသည် အဓိက မဟုတ်ကြပါ၊ လူအပေါင်းတို့၏အရေးကို စီမံခဲ့ခန့်တော်မူသော ဖန်ဆင်းရှင် ထာဝရဘုရားသည် အဓိကပုဂ္ဂိုလ်ဖြစ်တော်မူ၏။ ရှောလုသည် မိမိ၏အကြံပေးပုဂ္ဂိုလ်များနှင့်မည်သို့ ဒါဝိဒ်ကို ဖမ်းဆီးနိုင်မည်အကြောင်း နာရီပေါင်းများစွာ ဆွေးနွေးနေခဲ့ကြပါလိမ့်မည်။ သို့သော်လည်း၊ အကျိုး မရှိခဲ့ပါ။ ဘုရင့်သားတော်ကိုယ်တိုင်သည် ဒါဝိဒ်၏ ပဋိညာဉ်ဖွဲ့ မိတ်ဆွေဖြစ်ခဲ့ပါသည်။ တဖက်တွင်၊ နန်းတော်ထဲ၌လည်း ဒါဝိဒ်သည် ဘယ်သူ့ကိုမှ အားမကိုးခဲ့ပါ။ သူသည် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ပြီး၊ ဘုရားသခင်ထံမှ ဉာဏ်ပညာအားဖြင့် ဖမ်းဆီးခြင်းမှ လွတ်မြောက်ခြင်း ဖြစ်ပါသည်။ သူသည် သမ္မာသတိရှိသောသူလည်း ဖြစ်ပါသည်။

ဒါဝိဒ်သည် ဆုတောင်းလျက်၊ လုံခြုံစိတ်ချမှုကို ရရှိခဲ့ပါသည်။ ဒါဝိဒ်သည် အဗျာသာ ယူလာခဲ့သော သင်တိုင်းတော်ကို အကျိုးရှိစွာ ဘုရားသခင်နှင့် မိသာဟာရဖွဲ့ခြင်း အတွက် အသုံးပြုခဲ့ပါသည်။ ထာဝရဘုရားက ဒါဝိဒ်အား ကိလမြို့သားတို့သည် သူ့ကို ရှောလုထံ အပ်မည်ဟု မိန့်တော်မူခဲ့၏။ ထို့ကြောင့်၊ သူသည် ဇိဖတောအုပ်ထဲသို့ ချက်ချင်း ထွက်သွားခဲ့ပါသည်။ ထိုခက်ခဲသောကာလ၌ ဘုရားသခင်သည် ယောနသန်ကို သူ့ထံ စေလွှတ်တော်မူခဲ့ပြီး၊ သူတို့၏ မိတ်ဆွေ ပဋိညာဉ်ကို ပြန်အတည်ပြုခဲ့ကြ၏။ ဒါဝိဒ် နှိမ့်သိမ့်မှု လိုအပ်သောအချိန်၌ ယောနသန်က လာတွေ့ခဲ့ပါသည်။ ယောနသန်က ရှောလုသည် ဒါဝိဒ်ကို ဘယ်တော့မှ ဖမ်းဆီးနိုင်မည် မဟုတ်ကြောင်း သိခဲ့၏။

ထိုအချိန်၌ အဓိက အရေးကြီးဆုံးအရာသည် ဒါဝိဒ်၏ လုံခြုံမှုပင်ဖြစ်ပါသည်။ ထိုမိတ်ဆွေနှစ်ဦး ဆုံတွေ့ခြင်းအမှု ဖော်ပြချက်ဟူမူကား ဤသို့ ဖြစ်ပါသည် - "ရှောလု၏သား ယောနသန်သည် ထ၍ ဒါဝိတ် ရှိရာတောအုပ်သို့ သွားပြီးလျှင်၊ ဘုရားသခင်၌ ခိုလှုံအားကြီးစေခြင်းငှါ ထောက်မလျက်၊ မစိုးရိမ်နှင့်။ သင်သည် ကျွန်ုပ်အဘ ရှောလု ၏လက်မှ လွတ်၍ ဣသရေလ ရှင်ဘုရင် ဖြစ်လိမ့်မည်။ ကျွန်ုပ်သည်လည်း သင့်အောက်မှာ အရာ ကြီးလိမ့်မည်။ ထိုသို့ ဖြစ်မည်ကို ကျွန်ုပ်အဘ ရှောလု သိသည် ဟုဆိုသဖြင့်၊ ထိုသူ နှစ်ယောက်တို့ သည် ထာဝရဘုရား ရှေ့တော်၌ ပဋိညာဉ် ဖွဲ့ကြပြီးမှ ဒါဝိတ်သည် တောအုပ်၌ နေ၍ ယောနသန် သည် မိမိအိမ်သို့သွား၏" (၁ ရာ ၂၃း၁၆-၁၈)။ ဤသည်ကား ဝမ်းနည်းစရာ ကောင်းသောအဖြစ်အပျက်သာသာ မဟုတ်ဘဲ၊ သူတို့၏စိတ်နှလုံးထဲ၌ ဘုရားသခင် ပြုတော်မူသော အမှုပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လိုအပ်သောအချိန်၌ ဘုရားသခင်သည် ကျွန်ုပ်ကို ကွယ်ကာမည်အကြောင်း ဂတိပေးတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အဘယ်အခြေအနေ၌မဆို ကျွန်ုပ်၏ယုံကြည်ခြင်း မယိမ်းယိုင်မည်အကြောင်း မစတော်မူပါ။

**၁ ရာ ၂၃**
ဆာလံ ၂၀

*"အို ထာဝရဘုရား မင်းကြီးကို ကယ်တင်တော်မူပါ။
အကျွန်ုပ်တို့ ခေါ်သောအခါ နားထောင်တော် မူပါ"*

## ဒါဝိဒ်သည် ခိုလှုံရာနေရာ တွေ့ခဲ့၏

ထာဝရဘုရားသည် ဒါဝိဒ်ကို ဆက်လက်ကာကွယ်ပြီး၊ ဆုတောင်းသံကို နားညောင်းတော်မူ၏။ ဒါဝိဒ်သည် တိုင်းပြည်အပေါ် သစ္စာရှိလျက်၊ ဖိလိတ္တိလူများကို တိုက်ခဲ့ပါသည်။ တဖက်တွင်၊ ရှောလုက သူ့ကိုသတ်ဖို့ လိုက်ရှာနေခဲ့ပါသည်။ ဒါဝိဒ်၌ မိမိစစ်တပ်ရှိလာခဲ့ပြီး လူအင်အား ခြောက်ရာရှိပါ၏။ ယောနသန်ကလည်း လာတွေ့ခဲ့ပြီး သူတို့၏ ပဋိညာဉ်ကို ပြန်လည်းအတည်ပြုခဲ့ကြပါသည်။ ဒါဝိဒ်သည် တော၌ သွားလာနေရပြီး ဘုရားသခင်က ခြေလှမ်းတိုင်း၌ လမ်းပြတော်မူခဲ့ပါသည်။ နေစရာအိမ် မရှိခဲ့သော်လည်း၊ ဒါဝိဒ်သည် ရှောလုအပေါ် အသာရခဲ့ပါသည်။

ဒါဝိဒ်သည် စစ်တပ်မရှိ၊ နေစရာအိမ် မရှိဘဲ တနေရာမှ တနေရာသို့ သွားလာနေခဲ့ရပါ၏။ ဘာလုပ်ရမှန်း မသိဖြစ်ခဲ့သော်လည်း၊ ဘုရားသခင်သည် သူ့ကို ပစ်ထားတော် မမူခဲ့ပါ။ ကူညီမည့်သူ ပေးတော်မူခဲ့၏။ ရှောလုသည် ဣသရေလ ရှင်ဘုရင်ဖြစ်သော်လည်း၊ ဒါဝိဒ်က မိမိသည် ရှောလု နေရကို ဆက်ခံမည်ဖြစ်ကြောင်း သိခဲ့ပါသည်။ ထို့ကြောင့် သူသည် တိုင်းပြည်အပေါ် သစ္စာရှိခဲ့၏။ ဖိလိတ္တိလူတို့သည် ဣသရေလ မြို့တမြို့ဖြစ်သော ကိလမြို့ကို လာတိုက်ခဲ့ကြပါသည်။ ထိုအကြောင်း ဒါဝိဒ် သိသောအခါ၊ သူသည် ငြိမ် မနေခဲ့ပါ။ ဣသရေလပြည် ကာကွယ်ဖို့ရန် မိမိ၌ တာဝန်ရှိသည်ဟု သူခံယူထားခဲ့ပါသည်။

ဒါဝိဒ်သည် ထာဝရဘုရားထံ ဆုတောင်းလျက်၊ ထာဝရဘုရားက သူ့ကို လမ်းပြခဲ့တော်မူ၏။ ဤသို့ဖြစ်ပျက်ခဲ့ပါသည် - "တဖန် ဒါဝိတ်သည် ထပ်၍ ထာဝရဘုရားအား မေးလျှောက်လျှင်၊ ထာဝရဘုရားက၊ ထ၍ ကိလမြို့သို့ သွားလော့။ ဖိလိတ္တိလူတို့ကို သင့်လက်၌ ငါအပ်မည်ဟု မိန့်တော်မူသည်အတိုင်း၊ ဒါဝိတ်နှင့် သူ၏လူတို့သည် ကိလမြို့သို့ သွား၍ ဖိလိတ္တိလူတို့နှင့် တိုက်သဖြင့်၊ ထိုသူတို့၏ တိရစ္ဆာန်များကို ယူ၍ သူတို့ကို ကြီးစွာသော လုပ်ကြံခြင်းအားဖြင့် သတ်ကြ၏။ ထိုသို့ ဒါဝိတ်သည် ကိလမြို့ကို ကယ်တင်လေ၏" (၁ ရာ ၂၃း၄-၅)။ ဒါဝိဒ်သည် စစ်ရေးကျွမ်းကျင်သောသူဖြစ်၍ အချိန်တိုင်း စစ်တိုက်ဖို့အသင့်ရှိခဲ့ပါသည်။ ဘုရားသခင်သည် သူနှင့်အတူပါရှိတော်မူလျက်၊ အောင်မြင်မှုကို ပေးတော်မူ၏။ ဒါဝိဒ်သည် စစ်ချီလာသော ဖိလိတ္တိလူတို့ကို အနိုင်ရသည် သာမက၊ သူတို့၏တိရစ္ဆာန်များကိုလည်း သိမ်းယူခဲ့ပါသည်။ ရှောလု သတ်ခဲ့သော ယဇ်ပုရောဟိတ် မိသားစုမှ လွတ်မြောက်လာခဲ့သော အဗျာသာသည်လည်း ဒါဝိဒ်ထံ ရောက်လာခဲ့ပါသည်။ သင်တိုင်းတော်ကိုလည်း ဒါဝိဒ်ထံ ယူလာခဲ့ပါသည်။ ကိလမြို့၌ ဒါဝိဒ် ရှိကြောင်း ရှောလု သိသောအခါ၊ ထိုမြို့သည် မြို့တံခါးရှိသောမြို့ ဖြစ်သောကြောင့် ဒါဝိဒ်ကို ဖမ်းရတော့မည်ဟု မျှော်လင့်ချက်ရှိခဲ့ပါသည်။ သို့သော်လည်း၊ ဒါဝိဒ်သည် ရှောလုထက် ခြေလှမ်း တစ်လှမ်းသာလျက်၊ ထိုမြို့မှ လွတ်မြောက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိလူတို့ကို ကယ်တင်ဖို့ရန် အစီအစဉ် ရှိတော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ မြော်လင့်စရာ မရှိသောအချိန်၌ပင် ကိုယ်တော်သည် ကျွန်ုပ်၏ မြော်လင့်ချက်ဖြစ်တော်မူ၏။





**၁ ရာ ၉း၁-၂၇**
တမန် ၁း၂၃-၂၆

*"စာရေးတံချကြသဖြင့် မာသိသည်
စာရေးတံကို ရ၍"*

## ဘုရားသခင်သည် ရှောလအား ရှင်ဘုရင်အဖြစ် ရွေးခဲ့၏

ဣသရေလသည် ရှင်ဘုရင် လိုချင်၍ ဘုရားသခင်က သူတို့၏တောင်းလျှောက်မှုကို ခွင့်ပြုခဲ့ပါသည်။

ရှောလုသည် ပျောက်သောမြည်းများကို ရှာဖို့ရန် ငယ်သားတယောက်နှင့် အိမ်မှ ထွက်သွားခဲ့ပါသည်။ ထိုသို့ရှာခဲ့ပြီးမှ မတွေ့ သောအခါ၊ "မြင်သောသူ" ဟု သိမှတ်ကြသော ပရောဖက် ရှမွေလ ထံမေးလျှောက်ရန် ဆုံးဖြတ်ခဲ့ကြ၏။ ပရောဖက် ရှမွေလသည် ရှောလုကို တွေ့သောအခါ၊ ဘုရားသခင်က ရှမွေလအား၊ ရှောလုသည် မိမိလူတို့ကို အုပ်စိုးဖို့ရန် မိမိရွေးချယ်သောသူ ဖြစ်ကြောင်း ဖော်ပြတော်မူ၏။ ရှမွေလက အကျိုးအကြောင်းကို နားလည်ခဲ့ပါသည်။ ရှောလုနှင့်ငယ်သားအား သူတို့၏မြည်းများကို တွေ့ပြီဖြစ်ကြောင်း ရှမွေလ ပြောပြခဲ့၏။ ထို့နောက် ရှောလုအတွက် အခြားအမှု မိမိပြောစရာရှိကြောင်း ဆိုခဲ့ပါသည်။ ရှောလုအား ဣသရေလလူတို့ကို ဦးဆောင်ဖို့ရန် ရွေးကောက်ခြင်း ခံရပြီးဖြစ်ကြောင်း ရှမွေလ အသိပေးခဲ့၏။

ထို့နောက် ရှောလုအား ရှင်ဘုရင် အဖြစ်သို့ တင်မြှောက်ခဲ့ပါသည်။ ရှောလုသည် ဗင်္ယာမိန် အမျိုး၊ ကိရှ၏သားဖြစ်ပါသည်။ ကမ္ဘာဦးကျမ်း ၄၉ ထဲတွင်၊ အဲဂုတ္တုပြည်၌ ယာကုပ် မကွယ်လွန်မီ၊ မိမိ၏သား ဆယ့်နှစ်ဦးတို့နှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာ ပရောဖက်ပြုချက်ကို ယာကုပ် ပြောကြားခဲ့ပါသည်။ ဣသရေလကို အုပ်စိုးမည့်သူသည် ဘုရားသခင်က အသုံးပြုလျက် ဣသရေလကို အဲဂုတ္တုပြည်သို့ ခေါ်ဆောင်ခဲ့သော ယောသပ်အမျိုးဖြစ်မည်ဟု ထင်ရပါသည်။ (သို့) သားဦးဖြစ်သော ရုဗင်အမျိုးဖြစ်မည်ဟု ထင်ရပါသည်။ (သို့) ယာကုပ် ဟောခဲ့သည်အတိုင်း ယုဒအမျိုးဖြစ်မည်ဟု ထင်ရပါသည်။ ထို့ကြောင့်၊ ဗင်္ယာမိန်အမျိုး ရှောလုအား ခန့်ထားသောအခါ၊ ရှောလုက ငြင်းဆိုခြင်း စကားကို ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဣသရေလအမျိုးသည် ခါနန်ပြည်၌ အခြေချလျက်၊ ရှင်ဘုရင် လိုချင်ခဲ့ကြ၏။ မည်သူကို ခန့်ထားမည်အကြောင်း ရှမွေလနှင့်ပြည်သူပြည်သားတို့သည် မသေချာခဲ့ကြပါ။ ဖော်ပြထားသည်အတိုင်း၊ ထိုအကြောင်းကို ယခု သူတို့ နားလည်လာခဲ့ကြပါသည်။ ဗင်္ယာမိန်အမျိုး ကိရှ၏သားကို ရှင်ဘုရင်အဖြစ် ခန့်ထားခဲ့ကြ၏။ ဗင်္ယာမိန်သည် ယာကုပ်၏သား အငယ်ဆုံးဖြစ်သောကြောင့်၊ ထိုအမျိုးမှ ရှင်ဘုရင် ပေါ်ထွက်လာခြင်းသည် ဖြစ်နိုင်ချေ အလွန်နည်းလှပါသည်။ သို့သော်လည်း၊ ထိုသို့ ဖြစ်ပျက်လာခဲ့ပါသည် (မကြာသေးမီအချိန်၌ ဤလူမျိုးပြုခဲ့သောအမှု သမိုင်းရှိခဲ့သော်လည်း၊ တရား ၂၀-၂၁ ကိုကြည့်ပါ)။ ဤရွေးချယ်ခန့်ထားခြင်းသည် ဘုရားသခင် ပြုတော်မူသော အမှုဖြစ်၏။ ထို့ကြောင့်၊ ရှောလုသည် ဣသရေလ ရှင်ဘုရင်အဖြစ် ခန့်ထားခြင်းခံခဲ့ရပါသည်။

**ဆင်ခြင်ရန်** - အုပ်စိုးခြင်းအာဏာစက်တိုင်းကို ဘုရားသခင် ခန့်ထားတော်မူခြင်း ဖြစ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ ခေါင်းဆောင်ရွေးချယ်ခြင်းအမှု၌ ကျွန်ုပ်တို့အား ဉာဏ်ပညာ ပေးသနားတော်မူပါ။

စနေ၊ အောက်တိုဘာ (၂၆)

**၁ ရာ ၉**

၁ ပေ ၂း၁၃-၁၇

*"ခပ်သိမ်းသောသူတို့ကို ရိုသေကြလော့။ ညီအစ်ကိုများကို ချစ်ကြလော့။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း၊ ရှင်ဘုရင်ကို ရိုသေခြင်း ရှိကြလော့"*

## ရွေးချယ်ခံရသော ရှောလု

ဘုရားသခင်သည် မိမိရွေးချယ်ခဲ့သောသူကို ရှမွေလထံ ဖော်ပြတော်မူ၏။ ဘုရားသခင်သည် မိမိသွားစေလိုသောအရပ်သို့ ရှောလုကို ပို့ဆောင်ခဲ့ပါသည်။ ရှောလုသည် မိမိငယ်သားနှင့်အတူ ပျောက်သော မြည်းများကို ရှာဖို့ရန် အိမ်မှ ထွက်ခဲ့ကြပါသည်။ သုံးရက်လွန်သောအခါ၊ ရှောလုက ငယ်သားအား ဖခင်သည် မြည်းများထက် မိမိတို့ကို ပို၍ စိုးရိမ်စိတ်ရှိလိမ့်မည်ဟု ပြောပြခဲ့၏။ သူတို့၏စားစရာကုန်လာပြီးဖြစ်သော်လည်း မြည်းများကိုမူ မတွေ့ကြသေးပါ။

ရှောလု၏ငယ်သားသည် အားကိုးရသောသူ၊ ဆင်ခြင်တုံတရားရှိသောသူ ဖြစ်ပါသည်။ သူသည် ရှောလုအား ဤမြို့၌ "မြင်သောသူ" ဟု ခေါ်ကြသော ဘုရားသခင်၏လူ ရှိကြောင်း ပြောပြခဲ့ပါသည်။ ထို မြင်သောသူသည် မြည်းများ ရှိသောနေရာကို ပြောပြနိုင်မည်ဟု ဆိုခဲ့၏။ ထိုဘုရားသခင်၏လူကို သွားတွေ့သောအခါ လက်ဆောင်ယူသွားကြဖို့ လိုအပ်ပါသည်။ ထိုငယ်သားက မိမိ၌ ငွေတမတ်ရှိပြီး ဘုရားသခင်၏လူအတွက် လက်ဆောင်အဖြစ် လုံလောက်ပါသည်ဟုဆို၏။ Matthew Henry က ရှမွေလသည် သူတို့၏ငွေကို မလိုအပ်၊ ဘာလက်ဆောင်မှ ယူမလာခဲ့လျှင်လည်း သူသည် သိသောအရာကို မပြောဘဲ နေမည် မဟုတ်ပါဟု ရှင်းပြခဲ့ပါသည်။ သို့သော်လည်း သူတို့သည် ရှမွေလအား လေးစားသောအားဖြင့်၊ သူ၏ရာထူးကို တန်ဖိုးထားသောအားဖြင့် လက်ဆောင်ပေးခဲ့ကြ၏။ ဘုရားသခင်သည် သူတို့မသိဘဲ သူတို့ကို ပို့ဆောင်လမ်းပြနေခြင်းဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏လူကို ရှာခဲ့ကြ၏။ တချိန်တည်းမှာဘဲ၊ ရှမွေလသည် ဘုရားသခင် ဖော်ပြတော်မူသည်အတိုင်း သူတို့ကို စောင့်မျှော်လျက် နေခဲ့ပါသည်။

သူတို့သည် မြို့သို့ဝင်လျက်၊ မြင်သောသူ ဘယ်မှာရှိသည်ကို မေးခဲ့ကြပါသည်။ ထိုမြို့သူမြို့သားတို့သည် ရှမွေလကို ကောင်းကောင်း သိကြသဖြင့်၊ ရှောလုနှင့်သူ၏ငယ်သားကို လမ်းညွှန်ပေးခဲ့ကြ၏။ ထိုသို့ဖြင့် ရှောလုနှင့် ရှမွေလသည် မျက်နှာချင်းဆိုင် တွေ့ခဲ့ကြရ၏။ ရှောလု ရောက်လာသောအခါ၊ ဘုရားသခင်က ရှမွေလအား ဣသရေလကို ဦးဆောင်ဖို့ရန် ရွေးချယ်ခံရသောသူ ဖြစ်ကြောင်း ဖော်ပြတော်မူခဲ့၏။ ရှမွေလသည် တရားသူကြီးခေတ်မှ ရှင်ဘုရင်ခေတ်သို့ ဣသရေလ ပြောင်းလဲသောကာလ၏ အရေးကြီးပုဂ္ဂိုလ်ဖြစ်ခဲ့ပါသည်။ ရှောလုအား ရှင်ဘုရင်အဖြစ် အတည်ပြုသောအခါ၊ လိုအပ်သော အစီအစဉ်များကို တရားဝင် ဆောင်ရွက်ဖို့လိုပါသည်။ ထို့ကြောင့် ရှင်ဘုရင်နန်းတက်သည့်အချိန်အထိ ရှမွေလသည် အမှုဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရှမွေလက ရှောလုအားသင်သည် ဣသရေလ ရှင်ဘုရင် အဖြစ် ဘုရားသခင် ရွေးချယ်တော်မူခဲ့ကြောင်း ပြောပြ ခဲ့ပါသည်။ ရှောလုသည် အဆင်သင့် မဖြစ်ခဲ့ပါ။ သို့သော်လည်း၊ ဘုရားသခင်၏အစီအစဉ်ကို ဘယ်သူမှ မပြောင်းလဲနိုင်ပါ။ ရှမွေလသည် ထိုနေ့ထူး နေ့မြတ်အတွက် သူ့ကို ပြင်ဆင်ရမည်ဖြစ်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ယုံကြည်ကိုးစားသော အရပ်၌ ရှင်းလင်းသော လမ်းပြခြင်း တွေ့ရတတ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ထာဝရနှင့်ဆိုင်သော ကိုယ်တော်၏အစီအစဉ် ဖော်ပြတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။



သောကြာ၊ ဒီဇင်ဘာ (၆)

**၁ ရာ ၂၂**

ဆာလံ ၃၄း၁၁-၂၂

*"ကိုယ်တော်ကို ခိုလှုံသောသူ တစုံတယောက်မျှ အပြစ်စီရင်ခြင်းကို မခံရ"*

## ရှောလုသည် ဒါဝိတ်ကြောင့် ယဇ်ပုရောဟိတ်များကို သတ်ခဲ့၏

ဂိဗာမြို့ ရာမအရပ်၌ ရှောလုရှိနေစဉ် ဒါဝိဒ် နေထိုင်သောနေရာကို သူ့ထံ အသိပေးခဲ့ကြ၏။ သူသည် ဒါဝိဒ်၏ အကြံအစည်ကြောင့် ညီးထွားခဲ့ပြီး၊ သူ၏အမျိုးဖြစ်သော ဗင်္ယာမိန်အမျိုးအား ဒါဝိဒ်အပေါ် သနားခြင်းရှိကြသည် အထင်ဖြင့် ပြစ်တင်ပြောဆိုခဲ့ပါသည်။ ဒါဝိဒ်နှင့်ပူးပေါင်းကြသည်ဟု စွပ်စွဲလျက်၊ သူ့သားနှင့် ယေရှဲ၏သားတို့ မိတ်ဖွဲ့ခဲ့ကြခြင်းအကြောင်းကို မိမိအား ဖုံးကွယ်ခဲ့ကြသည်ဟု ဆို၏။ သူသည် ဒါဝိဒ်ကို သတ်ဖို့ရန် အစွမ်းကုန်ကြိုးစားခဲ့သော်လည်း၊ မအောင်မြင်ခဲ့ပါ။ မိမိ မိသားစု၌ ပြဿနာရှိကြောင်း ခံစားခဲ့ပါသည်။ ပရောဖက် ရှမွေလက သူ့ကို ဘုရားသခင် ငြင်းပယ်တော်မူခဲ့ကြောင်း မိန့်တော်မူခဲ့ပြီဖြစ်သော်လည်း၊ သူသည် ဇာတိသဘောဖြင့် လှုပ်ရှားခဲ့ပါသည်။ နောင်တရ ရမည့်အစား၊ လက်တုံ့ပြန်ခြင်းအမှုကို ပြုလျက်၊ မအောင်မြင်ဖြစ်ခဲ့ပါသည်။ ယောနသန်၏ပြောဆိုမှုကို သူနားထောင်ခဲ့သင့်ပါသည်။ နားမထောင်ခဲ့သောကြောင့်၊ သူသည် ကျဆုံးလျက်ရှိ၏။

ဒေါဂက ရှင်ဘုရင် ရှောလုအား၊ နောဗမြို့သို့ ဒါဝိဒ် ရောက်လာခဲ့ကြောင်း၊ အဟိမလက်က သူ့ကို အစားအစာ ပေးလျက် ကူညီခဲ့ကြောင်း၊ သူ့အတွက် ဘုရားသခင်ထံ မေးမြန်း ပေးခဲ့ကြောင်းနှင့် ဂေါလျတ်၏ဓါးကို ပေးခဲ့ကြောင်း ပြောပြခဲ့ပါသည်။ ထိုအခါ၊ ရှင်ဘုရင်သည် အလွန် အမျက်ထွက်လျက်၊ ရက်စက်စွာ လှုပ်ရှားခဲ့ပါသည်။ ယဇ်ပုရောဟိတ် အဟိမလက်က မိမိသည် အပြစ်ကင်းကြောင်း ဆိုခဲ့သော်လည်း၊ ရှောလုသည် နားမထောင်ခဲ့ပါ။ မိမိကို ပုန်ကန်ဖို့ ဒါဝိဒ်နှင့်ပူးပေါင်းသည်ဟု စွပ်စွဲခဲ့ပါသည်။ အဟိမလက်က ဒါဝိဒ်သည် ရှောလု အုပ်ချုပ်မှုအောက်၌ စစ်ခေါင်းဆောင်ဖြစ်သောကြောင်းနှင့် ဘုရင့် သမက်တော်ဖြစ်သောကြောင့် သူ့ကို ကူညီခဲ့ခြင်းဖြစ်ကြောင်း ပြောပြခဲ့၏။ သို့သော်လည်း၊ ရှောလုသည် အဟိမလက်ကို အပြစ်ရှိသည်ဟု ဆိုလျက်၊ သေဒဏ်ပေးခဲ့ပါသည်။

အဟိမလက်နှင့် သူ့မိသားစု တခုလုံး သေခဲ့ရ၏။ ရှောလုက မိမိ၏ခြေလျင်စစ်သားများကို ယဇ်ပုရောဟိတ်အား သတ်ဖို့ရန် အမိန့်ပေးခဲ့သော်လည်း၊ သူတို့သည် ဘုရားသခင်ကို ကြောက်သဖြင့် အသတ်ရဲကြပါ။ ထိုအချက်က မိမိပြုသောအမှုသည် မှားယွင်းကြောင်းကို ရှောလု သိခဲ့သင့်ပါသည်။ သို့သော်လည်း၊ သူ့ဝိညာဉ်ဆိုးက သတ်ဖို့ရန် တိုက်တွန်းခဲ့ပါသည်။ ထိုအခါ၊ ဒေါဂကို ယဇ်ပုရောဟိတ်များ သတ်ဖို့ရန် အမိန့်ပေး၍၊ ဒေါဂက ထိုသို့ပြုခဲ့၏။ ယဇ်ပုရောဟိတ် မိသားစုဝင် ရှစ်ဆယ့်ငါးဦး သေခဲ့ကြရ၏။ ထိုအကြောင်းကို ဒါဝိဒ် ကြားခဲ့သောအခါ၊ ဝမ်းနည်းခဲ့ရပါသည်။ သို့သော်လည်း၊ မိမိနှင့်အတူ ဘုရားသခင် ရှိတော်မူသည်ကို သိလျက်၊ အောင်မြင်ခြင်းရမည်ဟု ယုံကြည်ခြင်း ရှိခဲ့၏။ ဘုရားသခင်က ဒါဝိဒ်ကို ကူညီဖို့ရန် ပရောဖက် ဂဒ်ကို စေလွှတ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဒါဝိတ်၏မှု၌ ပရောဖက် အတူပါရှိခြင်းသည် ဘုရားသခင်အတူပါရှိတော်မူခြင်းပေတည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ် ကြုံတွေ့ရသော အခက်အခဲတိုင်းကို ကျော်လွှားနိုင်မည်အကြောင်း ယုံကြည်ခြင်း ပေးသနားတော်မူလျက်၊ အောင်မြင်ခြင်းအတွက် ကိုယ်တော်ကို အစဉ် မျက်မှောက်ပြုမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၅)
**၁ ရာ ၂၂**
ဆာလံ ၃၅း၁-၁၂

*"ငါဝိညာဉ်သည် ထာဝရဘုရားကို အမှီပြု၍ ဝမ်းမြောက်ခြင်း ရှိလိမ့်မည်။ ကယ်တင်တော်မူခြင်းအကြောင်းကိုလည်း အမှီပြု၍ စိတ်ရွှင်လန်းမြူးတူးခြင်း ရှိလိမ့်မည်"*

## ရှောလု လိုက်လံရှာဖွေစဉ် ဒါဝိဒ်သည် အကူအညီရခဲ့၏

ယခုအချိန်တွင်၊ ဒါဝိဒ်သည် ပိုကြီးမားသော အန္တရာယ်ကို ကြုံတွေ့ရနေရသောကြောင့်၊ ဥမင်ဂူ တခုသို့ သွားရောက် ခိုလှုံခဲ့ပြီး၊ ထိုအရပ်၌ မိသားစုနှင့် မိတ်ဆွေများက လာရောက် အကူအညီ ပေးခဲ့ကြ၏။ ရှောလုအပေါ် မကျေနပ်သောသူများသည် ဒါဝိဒ်ထံ လာခဲ့ကြ၏။

ရှောလုသည် ဒါဝိဒ်၏ပုန်ကန်မှု၌ သူ့သား ယောနသန်ကို အပြစ်တင်ခဲ့ပါသည်။ ဒေါဂကလည်း နောဗမြို့၏ ယဇ်ပုရောဟိတ် အဟိမလက်နှင့် ဒါဝိဒ်၏အမှုကို ရှောလုထံ တိုင်ကြားခဲ့၏။ ရှင်ဘုရင်သည် ယဇ်ပုရောဟိတ်များကို သတ်ခဲ့ပြီး၊ လွတ်မြောက်သွားသော ယဇ်ပုရောဟိတ်တပါးသည် ဒါဝိဒ်ထံသို့ လာရောက်ခဲ့ပါသည်။ ဒါဝိဒ်သည် ယဇ်ပုရောဟိတ်များ အသတ်ခံခဲ့ကြသောကြောင့် ဝမ်းနည်းခဲ့ရပါ၏။ သို့သော်လည်း၊ ရဲရင့်ခြင်း ရှိခဲ့ပါသည်။ ဒါဝိဒ် ရှင်ဘုရင်အဖြစ် အုပ်စိုးရဖို့ရန် ထိုသို့သော အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပါသည်။

ဒါဝိဒ်သည် ရှောလု၏တပည့်များကို ရှောင်လျက် အဒုလံဥမင်သို့ ထွက်ပြေးခဲ့ခြင်းဖြစ်ပါသည်။ ထိုအနေရာသို့ သူ့မိသားစုတို့သည် လာ၍ သူ့ကို အားဖြည့်ကူညီခဲ့ကြ၏။ ဖော်ပြခဲ့သည်အတိုင်း ရှောလု အပေါ် မကျေနပ်သောသူများသည် သူ့ထံ လာရောက်ခဲ့ကြပါသည်။ ထိုအခါ သူတို့သည် လူ လေးရာလောက်ဖြစ်ခဲ့ကြ၏။ ထို့ကြောင့် ရှင်ဘုရင်ရှောလုနှင့် ဒါဝိဒ် ဘက်၌ရပ်တည်သောသူများ ရင်ဆိုင်တိုက်ခိုက်ဖြစ်း ဖြစ်လာခဲ့ပါသည်။ ဒါဝိဒ်သည် မိမိ၏မိဘများ အသက်ကြီးလာကြပြီးဖြစ်သောကြောင့် ဗက်လင်မြို့၌ ဆက်နေခြင်းသည် လုံခြုံမှု မရှိဟု ထင်မှတ်ခဲ့ပါသည်။ ထို့ကြောင့်၊ မောဘပြည်၌ သူတို့အတွက် ခိုလှုံဖို့နေရာ ရှာပေးခဲ့၏။ သူသည် မိမိ၏မိဘများကို လုံခြုံစွာ စောင့်ရှောက်ပေးဖို့ရန် မောဘ ရှင်ဘုရင်အား တောင်းလျှောက်ခဲ့ပါသည်။ ဤသို့ဖြင့် သူတို့အတွက် လုံခြုံသောနေရာ ပြင်ဆင်ပေးခဲ့ပါသည်။

ဒါဝိဒ်ကို လမ်းညွှန်ဖို့ရန် ဘုရားသခင်သည် ပရောဖက် ဂဒ်ကို စေလွှတ်တော်မူခဲ့၏။ ဤအချက်က ဒါဝိဒ် ပြုသောအမှုသည် ဘုရားသခင်၏အလိုတော်အားဖြင့် ပြုသောအမှုဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ ဂဒ်က ဒါဝိဒ်အား ထိုဥမင်၌ ဆက်မနေဘဲ၊ ယုဒပြည်သို့ သွားဖို့ရန် မိန့်တော်မူ၏။ ဒါဝိဒ်က နာခံခဲ့ပါသည်။ သူသည် အလွန် ခွန်အားရခဲ့ပါသည်။ ယခုတွင်၊ ရှောလု၏လူများလက်မှ မိမိကို ကာကွယ်နိုင်မည့် စစ်တပ်ကို တည်ထောင်နိုင်ခဲ့ပါသည်။ ဘုရားသခင်သည် ဒါဝိဒ်၏လှုပ်ရှားမှုများကို လမ်းပြပြုစု ဦးဆောင်လျက်ရှိပါသည်။ သူ ကြုံတွေ့ခဲ့သော အဖြစ်အပျက်များ၌ သူ့ခံစားချက်များကို သူရေးသားသော ဆာလံကျမ်းထဲ၌ များစွာ ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် ဒါဝိဒ်၏ မျှော်လင့်ချက်၊ ယုံကြည်ကိုးစားမှု ဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် မိမိ၏တာဝန်ကို အကောင်းဆုံး ဆောင်ရွက်လျက်၊ ဘုရားသခင်ထံ ဆုတောင်းသောအခါ ကိုယ်တော်သည် မစတော်မူလိမ့်မည်။

**ဆုတောင်းချက်** - အဖဘုရား၊ အရေးကြီးသောအချိန်၌ မှန်ကန်သော ဆုံးဖြတ်ချက် ချတတ်မည်အကြောင်း ကျွန်ုပ်အား အသိဉာဏ် ပေးသနားတော်မူပါ။



တနင်္ဂနွေ၊ အောက်တိုဘာ (၂၇)
**၁ ရာ ၁၀**
ထွက် ၃၀း၂၂-၂၉

*"ထာဝရဘုရား၏ဝိညာဉ်တော်သည် သင့်အပေါ်မှာ သက်ရောက်သဖြင့်"*

## ရှောလုအား ရှင်ဘုရင်အဖြစ် ဘိသိက်ပေးတော်မူခြင်း

ဣသရေလ ရှင်ဘုရင်အဖြစ် ဘုရားသခင် ရွေးချယ်တော်မူသော ရှောလုကို ဘိသိက်ပေးဖို့ရန် ရှမွေလ ပြင်ဆင်ခဲ့ပါသည်။ ရှောလုအား တိတ်တဆိတ် ဘိသိက်ပေးခဲ့ပြီး ရှင်ဘုရင် အဖြစ် ကြေငြာခဲ့ပါသည်။ ထို့ပြင် ဆက်လက် လုပ်ဆောင်ရမည့်အရာများကိုလည်း ပြောပြခဲ့ပါသည်။ ထို့နောက် လူထုထံ အသိပေးလျက်၊ ရှင်ဘုရင်အဖြစ် ခန့်အပ်ခြင်း အစီအစဉ်ကို တရားဝင် ပြုလုပ်ရမည်ဖြစ်ပါသည်။ ရှမွေလက ရှောလုအား အတည်ပြုခြင်း လက္ခဏာများကို ဖော်ပြခဲ့၏။ ရှောလုသည် ထာဝရဘုရား၏ဝိညာဉ်တော် သူ့အပေါ်သို့ သက်ရောက်သောအခါ၊ "ခြားနားသောသူ" (၁ ရာ ၁၀း၆) ဖြစ်လာခဲ့ပါသည်။

ဘိသိက်ပေးစဉ်၊ ရှမွေလက ရှောလုအား ဖြစ်လာမည့်အရာများကို တခုချင်းစီ ပြောပြခဲ့၏။ ရှမွေလက ရှောလုအား တာဗော်လွင်ပြင်သို့ သွားစေလျက်၊ လူသုံးယောက်တို့က သူ့ကို တွေ့လျှင် မုန့်နှစ်လုံး ပေးကြလိမ့်မည်အကြောင်း ပြောပြခဲ့ပါသည်။ ထို့နောက် ထိုသူတို့သည် ဖိလိတ္တိလူများ တပ်ချရာ ဘုရားသခင်၏တောင်သို့ လာကြလိမ့်မည်။ မြို့ထဲတွင်၊ တူရိယာများ ပါလျက် ပရောဖက် အပေါင်းအသင်းကို သူသည် တွေ့လျက်၊ ပရောဖက်ပြုကြမည်အကြောင်း ပြောပြခဲ့ပါသည်။ ရှောလုသည်လည်း ပရောဖက်ပြုပါလိမ့်မည်။

ရာထူးသစ်၌ တာဝန်ဝတ္တရားများစွာရှိခဲ့ပါသည်။ ရှောလုသည် ဘုရားသခင်ကို လုံးဝကိုးစားရမည်ဖြစ်၏။ သို့မှသာ ရှင်ဘုရင် တာဝန်ကို ထမ်းရွက်နိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်သည် သူနှင့်အတူ ပါရှိတော်မူကြောင်း ရှမွေလက အထူး ပြောပြခဲ့၏။ တိုင်းပြည်၌ အမြင့်ဆုံးသောရာထူး ပေးအပ်ခံရခြင်းသည် အလွန်အရေးကြီးသောအမှုဖြစ်ပါသည်။ ထိုတာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်သည့် စွမ်းရည်ကို ရှောလုအား ပေးမည်အကြောင်း ဘုရားသခင် မိန့်တော်မူ၏ (၁ ရာ ၁၀း၇)။

ဣသရေလလူတို့သည် အိမ်နီးချင်း လူမျိုးများကဲ့သို့ ရှင်ဘုရင် လိုချင်ကြလျက်၊ ထောင်လွှားသောစိတ်ဖြင့် တောင်းလျှောက်ခဲ့ကြ၏။ ဘုရားသခင်၏ အုပ်စိုးမှုကို လုံလောက်သည်ဟု မထင်ကြ။ အခြားလူမျိုးများအထက်၌ မိမိတို့ခွန်အားဖြင့် ရပ်တည်လိုခဲ့ကြ၏။ သူတို့၏တောင်းလျှောက်မှုသည် ကောင်းသောအမှု မဟုတ်ကြောင်း ဘုရားသခင်က ရှမွေလအား ပြောကြားစေတော်မူ၏။ ဘုရားသခင် ပေးတော်မူသော လက္ခဏာတို့သည် ရှောလုက မိမိ၏အစွမ်းဖြင့် ဤလူမျိုးကို မဦးဆောင်နိုင်ကြောင်း သိမှတ်စေရန်ဖြစ်ပါသည်။

ရှမွေလက ရှောလုထံ တရားဝင် ပြောပြခဲ့ပါသည်။ ရှင်ဘုရင်ရာထူးအတွက် အဆင်သင့်ဖြစ်သည်အထိ ရှမွေလက လမ်းညွှန်ပေးခဲ့ပါသည်။ ရှောလုသည် ဖခင်၏ တိရိစ္ဆာန်များကို ထိန်းကျောင်းသော လူငယ်သာဖြစ်ပါသည်။ ယခုတွင် တိုင်းပြည်၏ အဓိကတာဝန်ကို ထမ်းရွက်ဖို့ရန် ဖြစ်လာခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်များကို စုံလင်စေဖို့ရန် လူတိုင်းကို အသုံးပြုတော်မူနိုင်၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျမ်းစာ၌ ပါရှိသော သွန်သင်ချက်အပေါင်းကို မြဲမြံစွာ ယုံကြည်စွဲကိုင်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၂၈)
**၁ ရာ ၁၀**
သု ၂၅း၁၁

*“လျောက်ပတ်သောစကားသည် ငွေအပြောက်မှာ စီချယ်သောရွှေ ရှောက်ချိုသီးနှင့်တူ၏”*

## ရှောလုအား ရှင်ဘုရင်အဖြစ် ခန့်အပ်ရန် ပြင်ဆင်ခြင်း

ရှမွေလက ရှောလုအား ဂိလဂါလမြို့သို့သွား၍ ခုနစ်ရက် တည်းနေဖို့ရန် ညွှန်ကြားခဲ့၏။ ထို့နောက် မိမိသည်လာ၍ မီးရှို့ရာယဇ်နှင့်မိဿဟာယဇ်တို့ကို ပူဇော်လျက်၊ ရှောလု ပြုရမည့်အမှုကို ပြောပြမည်ဖြစ်ပါသည်။ ဝတ်ပြုခြင်း၌ ဤအရာများကို အစဉ် ပူဇော်လေ့ရှိ၏။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းအမှုကို သီးခြားခွဲထား၍ မရပါ။

ရှမွေလထံမှ ရှောလု ထွက်သွားသောအခါ၊ ဘုရားသခင်က အခြားသော စိတ်သဘောကို ပေးလျက်၊ သူသည် ခြားနားသောသူဖြစ်လာခဲ့၏။ ရှမွေလ ပြောပြခဲ့သော လက္ခဏာအားလုံး ဖြစ်လာခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ရှောလုအပေါ် သက်ရောက်လျက်၊ သူသည် ပရောဖက်ပြုခဲ့၏။ ဤအမှုက ဘုရားတရားနှင့်ပတ်သက်သော ပြောင်းလဲမှုကို ချက်ချင်း ပြသခဲ့ပါသည်။ လူတို့က ရှောလုသည်လည်း “ပရောဖက်တို့၌ ပါသလော” (၁ ရာ ၁၀း၁၁) ဟုဆိုခဲ့ကြ၏။

ရှင်ဘုရင်အဖြစ် ရှောလု ခန့်အပ်ခံရခြင်းသည် ထူးခြားလှပါသည်။ ဣသရေလသည် အခြားလူမျိုးများကဲ့သို့ ဖြစ်ချင်သော်လည်း၊ ရှင်ဘုရင် ရွေးချယ်ခြင်းအမှု၌ ခြားနားမှုရှိပါသည်။ ရှောလုက ဣသရေလအမျိုးသည် ဘုရားသခင် ရွေးကောက်တော်မူသောလူမျိုးဖြစ်ကြောင်း သိရပါမည်။ ထို့ပြင် သူသည်လည်း ဘုရားသခင်၏လမ်းပြဦးဆောင်မှုအောက်၌ တာဝန် ထမ်းဆောင်မည်ဖြစ်၏။

လူတို့သည် ရှင်ဘုရင်သစ်အား ပရောဖက်များအကြား၌ တွေ့ခဲ့ကြ၏။ ဤပရောဖက်တို့သည် ဘုရားသခင်အတွက် ဟောပြောသောသူများဖြစ်ကြပါသည်။ ထို့ကြောင်း လူတို့က ရှောလုအကြောင်းကို မေးခွန်းထုတ်ခဲ့ကြ၏။ ထိုအခါ ရှောလုသည် မြင့်သောအရပ်သို့ သွားခဲ့၏ (၁ ရာ ၁၀း၁၃)။ ထိုအချိန်၌ သူသည် ရှင်ဘုရင်အဖြစ် လူထုထံ တရားဝင် ကြေငြာခြင်း မရှိသေးသောကြောင့် လူတို့က သူ့ကို ကိရှ၏သားဟု ခေါ်ကြ၏။ ဘထွေးက မြင်လျှင်၊ သင်သည် အဘယ်အရပ်သို့ သွားသနည်းဟု မေးခဲ့၏။ ရှောလုက ဖခင်၏မြည်းများကို ရှာဖို့ရန် သူ့ငယ်သားနှင့် သွားခဲ့ပြီး မတွေ့သောအခါ၊ ရှမွေလ ထံ ဝင်ခဲ့ကြောင်း ပြန်ဖြေခဲ့ပါသည်။ ရှမွေလ ပြောပြခဲ့သောအရာအားလုံးကို ဘထွေးထံ မပြောပြခဲ့ပါ။ သို့သော်လည်း၊ မြည်းများကို တွေ့ခဲ့ပြီဖြစ်ကြောင်း ရှမွေလ ပြောပြသည်ကိုမူ ပြန်ပြောခဲ့ပါသည်။

**ဆင်ခြင်ရန်** - အရေးကြီးသောအရာများကို မှန်ကန်သော အချိန်၌ ဖော်ဆောင်သင့်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ မှန်ကန်သောအချိန်၌ မှန်သောစကားကို ဆိုတတ်မည်အကြောင်း ဉာဏ်ပညာ ပေးသနားတော်မူပါ။



ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၄)
**၁ ရာ ၂၂**
ဆာလံ ၃၄း၁-၁၀

*“ငါသည် ထာဝရဘုရားကို ရှာသောအခါ နားထောင်တော်မူ၏။ ကြောက်မက်ဘွယ်သော အကြောင်း အလုံးစုံတို့အထဲက ငါ့ကို ကယ်နှုတ်တော်မူ၏”*

## ဒါဝိဒ်သည် ကယ်နှုတ်ခြင်းခံရ၏

ရှင်ဘုရင်ရှောလုသည် နေရာတိုင်း၌ သူ့သူလျှိုများကို ထားခဲ့ပါသည်။ ဒါဝိဒ်က နောဗမြို့တွင် တဦးတွေ့ခဲ့ပါသည်။ ထိုသူသည် “အမှုတော်ထမ်းအဝင် သိုးတော်ထိန်းအုပ် ဧဒုံ အမျိုးသား၊ ဒေါဂ” (၁ ရာ ၂၁း၇) ဖြစ်ပါသည်။ ထိုသူသည် ဒါဝိဒ် နေရာအရပ်ကို ဘုရင်ထံ အကြောင်းကြားမည်ဟု စိုးရိမ်စရာရှိ၏။ ထိုသူရှိနေခြင်းက မကောင်းမှုကို အချိန်မရွေးဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဒါဝိဒ်သည် အခြားအရပ်သို့ လျင်မြန်စွာ ထွက်ခွါဖို့လိုအပ်ပါသည်။ ထိုအခါ၊ ယဇ်ပုရောဟိတ်က ဒါဝိဒ် သတ်ခဲ့သော ဂေါလျတ်၏ ဓါးကို ပေးခဲ့ပါသည်။ ဒါဝိဒ်သည် ထိုဓါးကို ယူလျက် ထွက်သွားခဲ့၏။

ထိုအခါ ဒါဝိဒ်သည် ဂါသမင်းကြီး အာခိတ်ထံ သွားရောက် ခိုလှုံခဲ့ပါသည်။ ထိုဖိလိတ္တိမြို့ဖြစ်သော ဂါသသို့ သွားခြင်းသည် ဒါဝိဒ်အတွက် လွယ်ကူသော ဆုံးဖြတ်ချက် မဟုတ်ခဲ့ပါ။ သူတို့သည် ဣသရေလလူတို့၏ မိတ်ဆွေကောင်း မဖြစ်ခဲ့ကြပါ။ သို့သော်လည်း၊ ဒါဝိဒ်သည် အရဲစွန့်လျက် သွားခဲ့ပြီး၊ အာခိတ် ကျွန်များ၏ မသင်္ကာမှုကို ခံခဲ့ရပါသည်။ သူတို့က ဣသရေလ၌ (ရှောလုထက်) ဒါဝိဒ်သည် ချီးမွမ်းခံခဲ့ကြောင်း သိခဲ့ပြီး၊ ဒါဝိဒ်သည် ထိုပြည်၏ဘုရင်ဖြစ်သည်ဟု ဆိုခဲ့ကြ၏။ ထို့ကြောင့် သူသည် သူလျှိုအဖြစ် ရောက်လာခြင်းဖြစ်သည်ဟု ထင်မှတ်ကြပါသည်။ ဒါဝိဒ်က သူတို့၏စကားကို ကြား၍ ကြောက်ရွံ့ခြင်းရှိခဲ့၏။ ထိုအခါ ချက်ချင်း အရူးကဲ့သို့ ဟန်ဆောင်ခဲ့ပါသည်။ ထိုအပြုအမူကို ၁ ရာ ၂၁း၁၃-၁၄ ထဲတွင် ဤသို့ ဖော်ပြခဲ့ပါသည်၊ “ရူးသွပ်ဟန်ဆောင်၍ သူတို့ရှေ့မှာ အရူးကဲ့သို့ ပြုလျက်၊ တံခါးရွက်ပေါ်၌ ရေးသား၍ မိမိတံထွေးကို မုတ်ဆိတ်တွင် ယိုစေ၏။ အာခိတ်မင်းကလည်း ကြည့်ကြလော့။ ဤသူသည် အရူးဖြစ်၏။ အဘယ့်ကြောင့် ငါ့ထံသို့ သွင်းကြသနည်း” ဟု ကျွန်တို့အား ဆို၏။ ပြဿနာမှ လွတ်မြောက်ဖို့ရန် ထိုသို့ ကြိုးစားအားထုတ်ခဲ့ပါသည်။ သူသည် အရူးမဟုတ်သော်လည်း၊ အန္တရာယ်မှ လွတ်မြောက်ဖို့ရန် လူ့ဉာဏ်ကို အသုံးပြုခဲ့ခြင်း ဖြစ်၏။ ထိုအချိန်၌ သူသည် ဆာလံ ၃၄ ကို ရေးစပ်ခဲ့ပါသည်။ (ဆာလံ ၃၄ ခေါင်းစဉ်၌တွေ့ရသော အဘိမလက်သည် အာခိတ်ကို ရည်ညွှန်းပါသည်)။

ရှောလုသည် ဒါဝိဒ်ကို သတ်ဖို့ရန် ဆုံးဖြတ်ထားခဲ့သောကြောင့်၊ ထိုသို့ ထွက်ပြေးဖို့ လိုအပ်ရခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် ဒါဝိဒ်ကို ကွယ်ကာတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - အန္တရယ်ကြားထဲ၌ ကွယ်ကာခြင်းအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်၊ ဖြောင့်မတ်စွာ အသက်ရှင်ပါ။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ကျဉ်းသောလမ်းထဲသို့ လျှောက်လှမ်းစဉ် အကျွန်ုပ်အား စိတ်ငြိမ်သက်ခြင်း ပေးသနားတော်မူပါ။

**၁ ရာ ၂၁**
လု ၆း၁-၅

*"ထိုမှတပါး လူသားသည် ဥပုသ်နေ့ကိုပင် အစိုးရသည်"*

## ဒါဝိဒ်သည် ယဇ်ပုရောဟိတ်၏အိမ်၌ သန့်ရှင်းသောမုန့်ကို စားခဲ့၏

ဒါဝိဒ်သည် ဆာလောင်လျက်၊ ယဇ်ပုရောဟိတ်ထံမှ စားစရာ တစုံတခု မျှော်လင့်ခဲ့ပါသည်။ ယဇ်ပုရောဟိတ်များသာ စားခွင့်ရှိသော ရှေ့တော်မုန့်မှလွဲ၍ အခြားစားစရာ သူ့၌ မရှိခဲ့ပါ။ သို့သော်လည်း၊ အဟိမလက်က ထိုသန့်ရှင်းသောမုန့်သည် မိန်းမကို ရှောင်သောသူအတွက် စားခွင့်ရှိသည်ဟု ဆိုခဲ့ပါသည်။

ဤဆုံးဖြတ်ချက်ကို ဘုရားသခင် ခွင့်ပြုတော်မူခဲ့၏။ သခင်ယေရှုခရစ်တော်က ဤအဖြစ်မပျက်ကို နောက်နှစ်ပေါင်းများစွာကြာပြီးမှ ပြန်လည်ကိုးကားဖော်ပြတော်မူခဲ့ပါသည်။ ယေရှုသည် ဘုရားသခင်၏သားတော်၊ ပညတ်တရားကို ပေးတော်မူသောသခင် ဖြစ်ပါသည်။ မာကု ၂း၂၅-၂၆ ထဲတွင်၊ "ကိုယ်တော်က၊ ယဇ်ပုရောဟိတ်မင်း အဗျာသာ လက်ထက်၌ ဒါဝိတ်သည် မိမိအဘော်တို့နှင့်တကွ ဆာမွတ်၍ မတတ်နိုင်သောအခါ၊ ဘုရားသခင်၏ အိမ်တော် သို့ ဝင်၍ ယဇ်ပုရောဟိတ်တို့ မှတပါး အဘယ်သူမျှ မစားအပ်သော ရှေ့တော်မုန့်ကို စား၍ မိမိ အဘော်တို့အား ပေးသည်အကြောင်းကို သင်တို့သည် တရံတခါမျှ မဖတ်ဘူး သလော" ဟု ဖော်ပြထားပါသည်။ ယေရှုသည် ဥပုသ်နေ့၌ ဂျုံစပါးကို တပည့်တော်များက စွတ်ခဲ့သည်ကို ကာကွယ်သောအားဖြင့် ဤစကားကို မိန့်တော်မူခြင်းဖြစ်ပါသည်။ ဤသည်ကား လူ့ပညတ်တရားထက် ဘုရားသခင်၏ပညတ်သည် သာလွန်ခြင်းရှိကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။

ဤတရားသည် သခင်ဘုရားက တပည့်တော်များကို သွန်သင်ခဲ့သော အလွန်အရေးကြီးသည့် တရားတော်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်က မိန်းမနှင့် ညစ်ညူးခြင်း မရှိသောသူသည် ထိုသန့်ရှင်းသောမုန့်ကို စားခွင့်ရှိပါသည်ဟု ဆိုခဲ့ပါသည်။ ထိုအခါ ဒါဝိဒ်က မုန့်ကို ကျေးဇူးတော်ချီးမွမ်းလျက် လက်ခံခဲ့ပါသည်။ ထိုသို့ဖြင့် သူတို့၏ ဆာလောင်မှုကို ဖြေရှင်းနိုင်ခဲ့ပါသည်။ ထိုအချိန်၌ ဒါဝိဒ် အဓိကထားသောအရာသည် ရှင်ဘုရင် ရှောလုလက်မှ လွတ်မြောက်ရန်ဖြစ်ပါသည်။ ဘုရင်က သူ့ကို သတ်ဖို့ကြိုးစားသောကြောင့်၊ နောဗမြို့သည်လည်း သူ့အတွက် မလုံခြုံခဲ့ပါ။ ထို့ကြောင့် မိမိအသက်ရှင်ဖို့အတွက် ဘယ်အရပ်သို့ ထွက်သွားရမည်ကို ချက်ချင်း စဉ်းစားဖို့လိုခဲ့ပါသည်။ ဒါဝိဒ်သည် ယဇ်ပုရောဟိတ်၏ ထောက်ပံ့မှုကို ရခဲ့၏။ ဇက်လင်မြို့တွင် သူ့မိသားစု၏ ထောက်ပံ့မှု၊ နန်းတော်ထဲတွင် ယောနသန်၏ ထောက်ပံ့မှုကို ရခဲ့ပြီး၊ လူထု၏ ထောက်ပံ့မှုကိုလည်း ရရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - သမ္မာတရားသည် ဘယ်တော့မှ ပြောင်းလဲခြင်း မရှိပါ။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် အစဉ်အကျိုးရှိတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။





**၁ ရာ ၁၀**
တရား ၁၇း၁၄-၂၀

*"သင်၏ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူသောသူ . . . ကိုသာ ရှင်ဘုရင် အရာ၌ ချီးမြှောက်ရမည်"*

## ရှောလုသည် တရားဝင် ရှင်ဘုရင် ဖြစ်လာ၏

ရှောလုသည် ဘထွေးအား နိုင်ငံတော်အကြောင်းကို မပြောပြခဲ့ပါ။ သို့သော်လည်း၊ ရှင်ဘုရင် အဖြစ် တရားဝင် ကြေငြာဖို့ရန် ပြင်ဆင်မှု ဆောင်ရွက်လျက်ရှိပါသည်။

မိဇပါမြို့၌ လူထုထံ ရှမွေလ တရားဟောစဉ်၊ ဣသရေလ၏ ရှင်ဘုရင် တောင်းလျှောက်မှုကို ဆက်လက် ဆန့်ကျင်ခဲ့ပါသည်။ ရှင်ဘုရင်စနစ်၏ ဆိုးကျိုးကိုလည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သူတို့၏လုပ်ရပ်သည် ဇာတိပကတိ ဆန်သော အပြုအမူဖြစ်ကြောင်းလည်း ရှမွေလ သတိပေးခဲ့၏။ သို့သော်လည်း၊ ဘုရားသခင်သည် သူတို့၏တောင်းလျှောက်မှုကို ခွင့်ပြုတော်မူခဲ့၏။ ရှမွေလက ရှင်ဘုရင်သစ်ကို သူတို့ထံ မိတ်ဆက်ပေးခဲ့ပါသည်။ ဣသရေလူတို့သည် သူတို့၏ရှင်ဘုရင်သစ် (ရှောလု၊ ကိရှ၏သား) သည် ဗယ်္ာမိန်အမျိုးဖြစ်သောကြောင့် အံ့ဩခဲ့ကြပါသည်။ ရှမွေလက သူတို့အား ရှောလုကို သူပုန်းခိုသောအရပ်မှ သွားခေါ်စေလျက် လူထုရှေ့၌ ရပ်စေခဲ့ပါသည်။ "ရှမွေလသည်လည်း၊ ထာဝရဘုရား ရွေးချယ်တော်မူသောသူကို ကြည့်ကြလော့။ လူခပ် သိမ်းတို့တွင် သူနှင့် တူသောသူ တစုံတယောက်မျှ မရှိဟု လူအပေါင်းတို့အား ပြောဆိုလျှင်၊ လူအပေါင်း တို့က၊ ရှင်ဘုရင် အသက်တော် မြဲပါစေဟု ကြွေးကြော်ကြ၏" (၁ ရာ ၁၀း၂၄)။ ထိုအမှုများကို စာအုပ်ထဲ၌ ရေးမှတ်ခြင်းဖြင့် ထိုအစီအစဉ်ကို အဆုံးသတ်စေခဲ့ပါသည်။ ထို့နောက်၊ လူထုသည် မိမိတို့အိမ်သို့ ပြန်သွားလျက်၊ မတူညီသော တုန့်ပြန်မှုကိုလည်း တွေ့ရပါသည်။ သို့သော်လည်း၊ ဣသရေလသည် မိမိတို့၏ ပထမဆုံး ရှင်ဘုရင်ကို ပိုင်ဆိုင်ခဲ့ပါသည်။

ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူသောသူဖြစ်၍ မိမိ၏အလိုတော်အတိုင်း အရာခပ်သိမ်းကို ပြုတော်မူ၏။ အနာဂတ်ကိုလည်း သူ့လက်ထဲ၌ ဆုပ်ကိုင်ထားပါသည်။ သူသည် ရှင်ဘုရင်တပါးကို ဆွဲချလျက်၊ အခြားတပါးကို ဆွဲတင် ခန့်ထားတော်မူ၏။ ကျွန်တော်တို့သည် ဖော်ပြတော်မူသော ဘုရားသခင်၏အလိုတော်ကို အစဉ် နာခံဖို့လိုပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဣသရေလနှင့် လူမျိုးအပေါင်းတို့ကို မိမိ၏ထာဝရ အစီအစဉ်အတိုင်း လမ်းပြတော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ် ပြုသောအမှုအားလုံးသည် ကိုယ်တော်၏အလိုတော်နှင့် ညီပါစေသော။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၃၀)
**၁ ရာ ၁၁**
ဆာလံ ၇၃း၁-၆

*"အကယ်စင်စစ် ကိုယ်တော်သည် . . . ဣသရေလ အမျိုး၌ ကျေးဇူးကြီးတော်မူ၏"*

## ရှင်ဘုရင် သစ်ခန့်အပ်ခြင်းနှင့် စစ်ပွဲ

ရှင်ဘုရင်၏ အဓိက တာဝန်တရပ်မှာ တိုင်းပြည်ကို ရန်သူလက်မှ ကာကွယ်ခြင်းပင်ဖြစ်ပါသည်။ ထိုအမှုကို ဣသရေလရှင်ဘုရင် ရှောလု ပထမဆုံး ပြုခဲ့ရပါသည်။ အမ္မုန်အမျိုးသားတို့သည် ဣသရေလကို တိုက်ခိုက်ဖို့ရန် ပြင်ဆင်ခဲ့ကြ၏။ ထိုအချိန်၌ ဣသရေလသည် ရန်သူကို ရင်ဆိုင်ဖို့ရန် လုံလောက်သော အင်အား မရှိခဲ့ပါ။ အမ္မုန်လူတို့၏ ခြိမ်းခြောက်မှုသည် ရှောလုအတွက် တိုင်းပြည်ကို ဦးဆောင်ဖို့ရန် အစွမ်းသတ္တိ ရှိမရှိ စမ်းစစ်ခြင်းလည်း ဖြစ်ပါသည်။ ထိုအခါ ရှောလုသည် မိမိ၏ ပထမဆုံး စစ်ပွဲကို ဆင်နွှဲဖို့ရန် ဖြစ်လာခဲ့ပါသည်။

ဣသရေလ ရှင်ဘုရင် သမိုင်းတွင် စစ်ပွဲများစွာ ဆင်နွှဲခဲ့ကြကြောင်း တွေ့ရပါသည်။ စစ်ပွဲကို ထိုကာလ၌ ပုံမှန်တွေ့မြင်ခဲ့ရပါသည်။ ဣသရေလသည် ဘုရားသခင်က မိမိ၏တန်ခိုးတော်ကို ပြ၍ မိမိ၏သက်သေကို ခံဖို့ရန် ရွေးချယ်ခဲ့သောလူမျိုးဖြစ်ပါသည်။ ဘုရင်တိုင်းသည် တိုင်းတပါးရန်သူကို တိုက်ခိုက်ခဲ့ရပါသည်။ ထိုအခါ၊ ဘုရားသခင်၏လက်တော်သည် သူတို့ကို မစတော်မူကြောင်း ကျမ်းစာထဲ၌ ဖော်ပြခဲ့ပါသည်။ ပထမဆုံး ရှင်ဘုရင်ဖြစ်သော ရှောလုသည်လည်း စစ်ပွဲဖြင့် စတင်ခဲ့ပြီး၊ စစ်ပွဲဖြင့် အဆုံးသတ်ခဲ့ပါသည်။

အမ္မုန် ရှင်ဘုရင် နာဟတ်သည် ဣသရေလ နယ်နိမိတ် တခုဖြစ်သော ဂိလဒ်ပြည် ယာဗက်မြို့ အနား၌ တပ်ချခဲ့ပါသည်။ တရားသူကြီးများ ခေတ်တွင် ဣသရေလအမျိုးတိုင်းသည် ကိုယ်ပိုင်အုပ်ချုပ်မှုကို အတော်အတန် ကျင့်သုံးခဲ့ကြ၏။ ဘုံရန်သူ ရင်ဆိုင်သောအခါ၌သာ တိုင်းပြည်တခုကဲ့သို့ စည်းလုံးခဲ့ကြပါသည်။ ရှောလုအား ရှင်ဘုရင်အဖြစ် ခန့်အပ်ခြင်းသည် အမျိုးတမျိုးတည်းအတွက် မဟုတ်ဘဲ၊ ဣသရေလပြည်တခုလုံးအတွက် ခန့်အပ်ခြင်းဖြစ်ပါသည်။ ထိုကာလ၌ ဘုရင်များသည် ငြိမ်းချမ်းရေးသဘောတရားကို အရင်ဆွေးနွေးလျက်၊ နောက်ဆုံး အဆင်မပြေမှသာ စစ်ပွဲကို ဖော်ဆောင်ခဲ့ကြ၏။ ထိုသို့ နာဟတ် ပြုခဲ့ပါသည်။ ဂိလဒ်ပြည် ယာဗက်မြို့သားတို့သည် သစ္စာဂတိကို တောင်းခဲ့ကြပါသည်။ ပြည်အချင်းချင်းအကြားတွင် ထိုသို့သော သဘောတူညီမှု ပဋိညာဉ်ကို ထားတတ်ကြပါသည်။ သို့သော်လည်း၊ အမ္မုန် ရှင်ဘုရင်က မိမိသည် ပို၍ အားကြီးသည်ဟု ထင်မှတ်လျက်၊ ပို၍အားနည်းသော လူမျိုးကို ကျွန်အဖြစ် ဖမ်းလိုခဲ့ပါသည်။ ထို့ကြောင့်၊ သူသည် ဣသရေလလူတို့အား နိုင်ထက်စီးနင်းပြုခဲ့ပါသည်။ ထိုအခါ ယာဗက်မြို့သားတို့သည် ခုနစ်ရက်လုံးလုံး ဣသရေလပြည် တလျှောက် အကူအညီ ရှာတောင်းခဲ့ပါသည်။ သူတို့သည် အမ္မုန်လူတို့၏စကားကို ကြားခဲ့ပြီးနောက်၊ အရှုံး မပေးလိုခဲ့ကြပါ။ ထို့ကြောင့် ဣသရေလတပြည်လုံး စုစည်းခဲ့ကြ၏။ ဣသရေလ သမိုင်းတွင် ဘုရားသခင်၏လက်တော်သည် သူတို့အတွက် စစ်တိုက်ပေးတော်မူကြောင်း တွေ့ရပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဣသရေလ အခက်အခဲတွေ့သောအချိန်၌ မစတော်မူခြင်းငှါ အသင့်ရှိတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလ ပြောင်းလဲတော် မမူကြောင်း ကျွန်ုပ်အား အစဉ် သတိရစေတော်မူပါ။



တနင်္လာ၊ ဒီဇင်ဘာ (၂)
**၁ ရာ ၂၁**
မသဲ ၅း၁-၁၂

*"စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့"*

## ဒါဝိဒ်သည် အန္တရာယ်ကြား၌ ကွယ်ကာခြင်းခံရ၏

ဒါဝိဒ်သည် ရှင်ဘုရင် မိသားစုထံမှ ထွက်သွားသောအခါ၊ ဘုရားသခင်၏လမ်းပြတော်မူခြင်းအားဖြင့် မိတ်ဆွေများ၏ကွယ်ကာမှုကို ရှာလျက် ပုန်းနေရပါသည်။ ဒါဝိဒ်သည် ယဇ်ပရောဟိတ် အဟိမလက်ထံ သွားခဲ့ပြီး ကူညီမှု ရခဲ့ပါသည်။ သူသည် မိမိကို သတ်ရန် လိုက်ရှာနေသော ရှောလုကို ကြောက်သဖြင့် စိုးရိမ်မှုရှိခဲ့၏။ သူသည် (ဖိလိတ္တိမြို့) ဂါသမင်းကြီး အာခိတ်ထံသို့ သွားဖို့ရန် ဆုံးဖြတ်ခဲ့ပါသည်။ မင်းကြီးက သူ့ကို လက်ခံခဲ့သော်လည်း ဂါသမြို့သားများကား ဒါဝိဒ်ကို မသက်သာခဲ့ကြပါ။ မင်းကြီးကျွန်များ၏ စွပ်စွဲမှုများကို သူကြားသောအခါ ကြောက်ရွံ့ခဲ့ပါသည်။ ထိုအခါ မိမိ၏အမူအရာကိုပြောင်းလျက် အန္တရာယ်မှ လွတ်ခဲ့ပါသည်။ ထိုသို့ဖြင့် ဘုရားသခင်သည် ဒါဝိဒ်ကို ရန်သူများထံမှ ကာကွယ်ခဲ့ပါသည်။

ယဇ်ပုရောဟိတ် အဟိမလက်ကို တွေ့ဖို့ရန် ဒါဝိဒ်သည် နောဗမြို့သို့သွားခဲ့ပါသည်။ ဒါဝိဒ်သည် တယောက်တည်းဖြစ်သောကြောင့် ယဇ်ပုရောဟိတ်သည် အံ့ဩခဲ့ပါသည်။ ဒါဝိဒ်က ရှင်းပြခဲ့ပါသည်။ သူသည် ရှင်ဘုရင်၏အမှုကို ဆောင်ရွက်ရန်လာသောကြောင့်၊ အလျင်လိုသည်ဟု ဆိုခဲ့ပါသည်။ ယဇ်ပုရောဟိတ်သည် ရှင်ဘုရင်နှင့် ရင်းနှီးသောကြောင့်၊ ထိုသို့ သူ့ကို တွေ့သောအခါ အံ့ဩခြင်းဖြစ်ပါလိမ့်မည်။ တိုင်းပြည်၌ အရေးကြီးသောရာထူးကို ပိုင်ဆိုင်သော ဒါဝိဒ်၏စကားကို အဟိမလက် ကျေနပ်ခဲ့ပါသည်။

ဒါဝိဒ်သည် တိုင်းပြည်၌ ကျော်ကြားသောသူဖြစ်ပါသည်။ ရှောလုနှင့် လမ်းခွဲရခြင်းမှာ ရှောလုသည် မိမိ၏ရာဇပလ္လင်ကို မစွန့်လွှတ်လိုဘဲ၊ ကာကွယ်သောကြောင့်ဖြစ်ပါသည်။ သူသည် မိမိ၏သားအကြီးဆုံးအား မိမိနေရာကို ဆက်ခံစေလို၏။ သို့သော်လည်း၊ ရာဇပလ္လင်ကို ဒါဝိဒ် ဆက်ခံမည်ဟု ဖြစ်ပျက်သောအရာအားလုံးက ညွှန်ပြလျက်ရှိပါသည်။ ထိုအချက်သည် ပြဿနာ၏ အဓိက အရင်းအမြစ်ဖြစ်ပါသည်။ ထို့ပြင် ပိုဆိုးသည်မှာ ထီးနန်းဆက်ခံမည့်သူဟု ထင်မှတ်ရသော ရှင်ဘုရင်၏သားကြီးသည် ဒါဝိဒ်၏ မိတ်ဆွေကောင်း ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်၊ နန်းတော်၌ ပြဿနာဖြစ်လျက် ဒါဝိဒ်သည် ပြည်ပြေးဖြစ်ခဲ့ရပါသည်။ ထိုပြဿနာကို ဒါဝိဒ်နှင့် အချို့အနည်းငယ်ကသာ သိခဲ့ကြ၏။ ယဇ်ပုရောဟိတ် အဟိမလက်ကပင် ထိုအမှုကို မသိခဲ့ပါ။ လူသိမခံသောအမှု ဆောင်ရွက်စရာရှိသည်ဟူသောစကား၌ သူကျေနပ်ခဲ့ပါသည်။ ထိုအချိန်၌ ဒါဝိဒ်သည် မိမိအသက်အတွက် ခိုလှုံစရာနေရာ လိုအပ်ခဲ့ပါသည်။ သူသည် နောဗမြို့၌ ကြာကြာ မနေရပါ။ အကြောင်းမှာ သူ၏လှုပ်ရှားမှုများကို တိုင်ကြားမည့် သူလျှိုများ ရှင်ဘုရင်၌ ရှိသောကြောင့်ဖြစ်ပါသည်။ ထိုအချိန်၌ ထိုသို့ပြုခြင်းမှတပါး ဒါဝိဒ် ရွေးချယ်စရာ မရှိခဲ့ပါ။

**ဆင်ခြင်ရန်** - "ကောင်းသောသူ၏ခြေရာတို့ကို ထာဝရဘုရားသည် ပဲ့ပြင်၍ သူသွားရာလမ်းကို နှစ်သက်တော်မူ၏" (ဆာလံ ၃၇း၂၃)။

**ဆုတောင်းချက်** - အဖဘုရား၊ အန္တရယ်ကျရောက်သောအခါ အထူးသဖြင့် ဉာဏ်ပညာ ပေးသနားတော်မူပါ။

*"သခင်ဘုရား၏ကျွန်သည် ရန်မတွေ့ရ။ ခပ်သိမ်းသောသူတို့အား ဖြည်းညှင်းစွာပြုသောသူ . . . ဖြစ်ရမည်"*

## ယောနသန်သည် ဒါဝိဒ်ကို ကာကွယ်ခဲ့ပါသည်

ဒါဝိဒ်သည် ယောနသန်နှင့် ဆွေးနွေးခဲ့ပြီးနောက်၊ ထွက်သွားခဲ့ပြီး၊ စားပွဲတော်၌ သူ၏နေရာ လစ်လပ်ခဲ့ပါသည်။ ဒုတိယမြောက်နေ့တွင်၊ ရှင်ဘုရင်က ဒါဝိဒ် ဘယ်မှနည်းဟု မေးခဲ့ပါသည်။ ယောနသန်က ဗက်လင်မြို့သို့ သွားဖို့ရန် ခွင့်တောင်းခဲ့ကြောင်း ဖြေခဲ့၏။ ထိုအခါ၊ ယောနသန်အပေါ် ရှင်ဘုရင်သည် အမျက်ထွက်လျက်၊ "မြောက်မထားသောမိန်းမ၏သား၊ သင်သည် ကိုယ်တိုင် အရှက်ကွဲသည် တိုင်အောင်၎င်း၊ သင့်အမိအဝတ်ကျွတ်၍ အရှက်ကွဲသည်တိုင်အောင်၎င်း၊ ယေရှဲ၏သား ဘက်၌ နေသည်ကို ငါမသိ သလော။ ယေရှဲ၏သားသည် မြေကြီးပေါ်မှာ အသက်ရှင်သည် ကာလ ပတ်လုံး သင်နှင့်သင်၏ နိုင်ငံမတည်ရ။ ယခု စေလွှတ်၍ သူကို ခေါ်ခဲ့။ သူသည် အသေခံရမည်" (၁ ရာ ၂၀း၃၀-၃၁) ဟုမိန့်တော်မူ၏။

ထိုအခါ ယောနသန်သည် သူ့မိတ်ဆွေကို ကာကွယ်လျက်၊ ခမည်းတော်အား၊ ဒါဝိဒ်သည် အဘယ့်ကြောင့် သေရမည်နည်း၊ သေလောက်သောအပြစ်ကို သူမကျူးလွန်ဘဲနှင့် အဘယ်ကြောင့် သေရမည်နည်းဟု မေးခဲ့ပါသည်။ ရှောလုသည် သူ့သား၏စကားကြောင့် အလွန်အမျက်ထွက်ခဲ့၏။ ထို့ကြောင့်၊ လှံကိုယူလျက် ယောနသန်ကို ထိုးလွှတ်ခဲ့ပါသည်။ ထိုအခါ၊ ခမည်းတော်သည် ဒါဝိဒ်ကို သတ်ဖို့ရန် ဆုံးဖြတ်ထားကြောင်း ယောနသန် သိခဲ့ပါသည်။ ယောနသန်သည်လည်း ခမည်းတော် အပေါ် စိတ်ဆိုးလျက် အစာ မစားဘဲ နေခဲ့၏။ သူသည် အိပ်မပျော်ဘဲ ထိုညကို ဖြတ်ကျော်ခဲ့မည်ဟု ထင်ရပါသည်။ ယောနသန်သည် ဒါဝိဒ် အဆင်ပြေဖို့ကိုသာ လိုချင်ခဲ့ပါသည်။

နက်ဖြန်နေ့၌ ချိန်းချက်သောအချိန်တွင် ယောနသန်သည် ဒါဝိဒ်ကို တွေ့ဖို့ရန် တောသို့ သွားခဲ့ပါသည်။ သူသည် လူကလေးကိုခေါ်သွားခဲ့ပါသည်။ ကြိုတင် သဘောတူခဲ့သော ဆက်သွယ် ခြင်းနည်းလမ်းအတိုင်း ယောနသန်ပြုခဲ့ပါသည်။ ထိုလူကလေးသည် မြားတို့ကို ကောက်သိမ်းခဲ့၏။ သို့သော်လည်း၊ ဒါဝိဒ်နှင့်ယောနသန်တို့၏ ဆက်သွယ်ပြောဆိုမှုကို မသိခဲ့ပါ။ ယောနသန်သည် လူကလေးကို မြို့ထဲသို့ ပြန်လွှတ်ခဲ့၏။ ထိုနောက်၊ ယောနသန်နှင့်ဒါဝိဒ်၏ နောက်ဆုံး တွေ့ဆုံမှု အဖြစ်အပျက်ကို ဤသို့တွေ့ရပါသည်။ "လူကလေး သွားသောနောက်၊ ဒါဝိတ်သည် တောင်မျက်နှာ အရပ်က ထ၍ မြေပေါ်မှာ ပြပ်ဝပ်လျက် သုံးကြိမ်တိုင်အောင် ဦးညွှတ်ပြီးလျှင်၊ သူတို့သည် တယောက်ကို တယောက် နမ်းလျက် မျက်ရည် ကျလျက်၊ ဒါဝိတ်သည် သာ၍ ပြုသည် တိုင်အောင် ပြုကြ၏" (၁ ရာ ၂၀း၄၁)။ ယောနသန်သည် ဒါဝိဒ်ကို ငြိမ်ဝပ်စွာသွားတော့ဟု ဆိုလျက်၊ သူတို့အကြား ၌ရှိသော ပဋိညာဉ်ကိုလည်း မဖေါက်ဖျက်ဖို့ရန် တည်စေခဲ့ပါသည်။ ထာဝရဘုရားသည် သူတို့၏ အသိသက်သေဖြစ်တော်မူ၏။ ဤသို့ဖြင့် အလွန်ရင်းနှီးသော မိတ်ဆွေနှစ်ဦးသည် ခွဲခွာခဲ့ကြ၏။

ဘုရားသခင်က ဒါဝိဒ်ကို စောင့်ရှောက်လျက်၊ အန္တရာယ်များအကြား၌ ကာကွယ်တော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကြောက်ရွံ့သော မိတ်ဆွေနှစ်ဦးသည် ဘုရားသခင် ယုံကြည် ကိုးစားထိုက်မှုကို သိမှတ်ခံစားခဲ့ကြပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ဘဝ ခက်အခဲကြား၌ ကိုယ်တော်သည် အကျွန်ုပ်အဘို့ ခိုလှုံရာ ရဲတိုက် ဖြစ်တော်မူ၏။





*"နာမတော်ကို ချီးမွမ်းပါမည်။ အံ့ဘွယ်သော အမှုတို့ကို ပြုတော်မူပြီ"*

## ရှင်ဘုရင်အသစ် ရှောလု

အမ္မုန်အမျိုး၏ ခြိမ်းခြောက်မှုသည် ဂိလဒ်ရှေလလူအပေါင်းထံ ပျံ့နှံ့သောအခါ၊ ရှောလုက လည်း ကြားသိခဲ့ပါသည်။ ထိုဝမ်းနည်းစရာသတင်းကို သတင်းပို့သူများက ကြားပြောသောအချိန်၌ သူသည် ဂိဗာမြို့၌ ရှိနေခဲ့ပါသည်။ ရှင်ဘုရင်သစ်ဖြစ်သည်နှင့်အညီ၊ မိမိ၏ တိုက်ရည်ခိုက်ရည်ကို ပြသလျက်၊ သူသည် ထိုက်တန်သော ဘုရင်ဖြစ်ကြောင်း ပြသဖို့ရန် အခွင့်ကောင်းဟု မှတ်ယူနိုင်ပါ သည်။ ကျန် ဣသရေလလူအပေါင်းတို့သည် ထိုစစ်သတင်းကို ကြားသောအခါ ကြုံတွေ့လာမည့် နာကျင်မှုကို ကြိုတွေးလျက် ငိုကြွေးခဲ့ကြပါသည်။

အမ္မုန်လူတို့သည် ဣသရေလ၏တုန့်ပြန်မှုကို အောင်နိုင်သူပမာ စောင့်နေခဲ့ကြပါသည်။ စစ်ပွဲ အောင်နိုင်ခြင်းသည် ဘုရားသခင်အပေါ်၌ တည်မှီကြောင်းကို သူတို့ မသိခဲ့ပါ။ ကိရှ၏သား၊ ရှောလုသည် ဘုရားသခင်၏ဝိညာဉ်တော် လမ်းပြမှုကို ခံရသော တရားဝင်ရှင်ဘုရင်ဖြစ်ပါပြီ။ ဝိညာဉ်တော်သည် သူ့အပေါ် သက်ရောက်သောအခါ၊ သူသည် အလွန်အမျက်ထွက်ခဲ့ပါသည်။ ထို့ပြင် မိမိတိုင်းပြည်ကို ရန်သူလက်မှ ကာကွယ်ရမည်မှာ ရှင်ဘုရင်၏ အဓိကတာဝန်ဖြစ်ကြောင်း သိခဲ့ပါသည်။ သူသည် သားကောင်းအနံ့ကို ရသော ခြင်္သေ့ကဲ့သို့ဖြစ်ခဲ့ပါသည်။ သူသည် လျင်မြန်စွာ လှုပ်ရှားလျက်၊ ဣသရေလလူအပေါင်းထံ သတင်းပါးခဲ့ပါသည်။ သူသည် နွားတရှဉ်းကို ယူ၍ ခုတ်ဖြတ်ပြီးမှ ဣသရေလပြည်တလျှောက် ပို့လိုက်ပါသည်။ မိမိနှင့်ရှမွေလ၏နောက်သို့ လိုက်ကြရန် ဣသရေလလူတိုင်းအား အမိန့်ပေးလျက်၊ ထိုသို့ မပြုသောသူ၏ နွားများသည် ဤကဲ့သို့ဖြစ်မည်ဟု ဆိုခဲ့ပါသည်။ ထိုသတင်းစကားသည် ရှင်းလင်းလှပါ၏။ ဘုရားသခင်ကြောက်ရွံ့ခြင်းစိတ်သဘော သည် လူထုအပေါ် သက်ရောက်လျက်၊ လူအပေါင်းတို့သည် ရှင်ဘုရင် ရှောလုထံ စည်းလုံးညီညွတ်စွာ ရောက်လာခဲ့ကြပါသည်။

ရှင်ဘုရင်သည် စစ်ရေး ကျွမ်းကျင်ဖို့လိုပါသည်။ ယခုအခြေအနေတွင် ဘာလုပ်ရမည်ကို သူ သိခဲ့ပါသည်။ လူထု၏စိတ်ထားကိုလည်း သိနားလည်သည်ဖြစ်သောကြောင့်၊ သူတို့အပေါ် မည်သို့ အုပ်ချုပ်မည်ကို သိထားပါသည်။ တွေ့ရသည်မှာ၊ သူ၏အမိန့်ကို လူထုက ချက်ချင်း တုန့်ပြန်ခဲ့ကြ ပါသည်။ ရှောလုအဖြစ် မဟုတ်ဘဲ၊ ရှင်ဘုရင်အနေဖြင့် လူထုက တုန့်ပြန်ကြခြင်းဖြစ်၏။ ရှမွေလသည် ထိုဘုရင်သစ်ကို အကူအညီပေးဖို့ရန် အသင့်ရှိနေခဲ့ပါသည်။ လူထုကလည်း ဘုရားသခင်၏စကား တော်ကို ပြောကြားသောသူဖြစ်ကြောင်းသိကြသဖြင့်၊ ရှမွေလကို ယုံကြည်ကိုးစားခဲ့ကြ၏။ တိုင်းပြည် ကို ကာကွယ်မည့် ရှင်ဘုရင်ကို ကူညီကြဖို့ရန် သူတို့သည် ယခု လှုပ်ရှားခဲ့ကြပါသည်။ ရှင်ဘုရင်၏ အမိန့်ကို နာခံဖို့ရန် သူတို့သည် အသင့်ရှိခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိခန့်ထားတော်မူသော အစေခံကျွန်များကို ဘယ်တော့မှ ပစ်ထား တော်မမူ။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏အစေခံကျွန်များကို ဉာဏ်ပညာပေးသနားတော်မူပါ။

*"လိုချင်သောသူသည် တတ်နိုင်သည် မဟုတ်။
ပြေးသောသူသည်လည်း တတ်နိုင်သည် မဟုတ်။
ကျေးဇူးပြုတော်မူသော ဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏"*

# ရှောလုသည် အမ္မုန်အမျိုးသားများကို တိုက်ခိုက်ရန် စစ်တပ်စုဆောင်း၏

အမ္မုန်အမျိုးသားတို့သည် ဣသရေလအား စစ်ကြေငြာလျက်၊ စစ်တိုက်မည့်အချိန်ကို စောင့်နေခဲ့ကြပါသည်။ ရှင်ဘုရင် ရှောလုသည်လည်း မိမိလူများကို စုဆောင်းခဲ့ပြီး၊ သုံးသိန်းကျော် ရှိခဲ့၏။ ထိုသူအပေါင်းတို့သည် အစွမ်းသတ္တိရှိသောသူများဖြစ်ကြပါသည်။

ရှောလုထံ အကူအညီ လာတောင်းကြသော ဂိလဒ်ပြည် ယာဗက်မြို့သားတို့သည် သတင်းကောင်းနှင့်အတူ ပြန်သွားခဲ့ကြ၏ (၁ ရာ ၁၁း၉)။ နက်ဖြန်နေ့တွင် အမ္မုန်အမျိုးသားများ တိုက်ခိုက်ခြင်း၌ သူတို့အား အကူအညီ ပေးမည်ဟု ဂတိပေးခဲ့ပါသည်။ ထိုအခါ၊ ရှင်ဘုရင်သစ်သည် စစ်တပ်ကို စုဆောင်းလျက်၊ တိုက်ခိုက်သဖြင့်၊ ရန်သူကို အောင်နိုင်ခဲ့ပါသည်။ အမ္မုန်အမျိုးသားတို့သည် ဣသရေလ၏စွမ်းရည်ကို အထင်သေးမိခဲ့ကြကြောင်း မိမိကိုယ်ကို သိလားခဲ့ကြ၏။ ဂိလဒ်ပြည် ယာဗက်မြို့သားများသည် ရန်သူအပေါ် အောင်နိုင်မည်ဟု ယုံကြည်မှု ရှိခဲ့ကြပါသည်။ သူတို့သည် ထိုကောင်းသော သတင်းစကားကြောင့် စိတ်ခွန်အားရခဲ့ကြပြီး ယာဗက်မြို့တွင် ဝမ်းမြောက်ခြင်း ရှိခဲ့ပါသည်။ ဤစစ်ပွဲသည် ဣသရေလ ဘုရင် ရှောလု၏ ပထမဆုံး စစ်ပွဲဖြစ်ခဲ့ပါသည်။

ဤအမှု၌ အဓိက အရေးကြီးဆုံးအရာသည်၊ ဣသရေလ၏စစ်ရေး ကျွမ်းကျင်မှု (သို့) ဘုရင်သစ် လည်း မဟုတ်ဘဲ၊ ဘုရားသခင်သာလျှင် ဖြစ်တော်မူ၏။ ဘုရားသခင်၏အဆုံးစွန် အာဏာရှိတော်မူခြင်းတရားကို သမ္မာကျမ်းစာထဲ၌ ဖော်ပြခဲ့ပါသည်။ လူတို့၏လုပ်ရှားမှုအပေါင်း အပေါ်၌လည်း အာဏာရှိတော်မူ၏။ သို့သော်လည်း၊ ဘုရားသခင်သည် အဖြစ်အပျက်တိုင်း၏ ရည်ရွယ်ချက်ကိုမူ အသေးစိတ် ဖော်ပြတော် မမူခဲ့ပါ။ သူသည် အရာရာတိုင်းကို ထိန်းကျောင်းစောင့်ရှောက်တော်မူလျက်၊ မိမိ၏ရည်ရွယ်ချက်ကို နောက်ဆုံး၌ ပြည့်စုံစေတော်မူတတ်၏။ ယခုတွင်၊ ရှင်ဘုရင် ရှောလုသည် အမ္မုန်အမျိုးသားများကို တိုက်ခိုက်ဖို့ရန် ပြင်ဆင်ခဲ့ပါသည်။

ဣသရေလသည် အမ္မုန်အမျိုးသားများနှင့် တိုက်ခိုက်ခဲ့ပြီး အောင်မြင်မှုရခဲ့ပါသည်။ ရှောလုကလည်း ဣသရေလ၌ မိမိကို ဆန့်ကျင်ခဲ့သောသူများကို စည်းလုံးမှုလိုလားသောကြောင့် ခွင့်လွှတ်ခဲ့ပါသည်။ ဘုရားသခင်သည် ဣသရေလတိုင်းပြည် လုံခြုံမှုကို လိုလားတော်မူ၏။ ထာဝရဘုရားသည် ခေါင်းဆောင်များကို တင်မြှောက်၍ ဆွဲချတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူများ ရရှိသော အောင်မြင်မှုတိုင်းသည် ထိုဘုရားသခင်၏ ထာဝရ အစီအစဉ်၌ အခြေခံထားတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ပရောဖက်များနှင့် ရွေးချယ်တော်မူသော ခေါင်းဆောင်တို့သည် ကိုယ်တော်၏လူများကို ဖြောင့်မတ်ရာလမ်းသို့ ပို့ဆောင်ကြပါစေသော။





*"မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်
. . . သောသူသည် မင်္ဂလာရှိ၏"*

# ဒါဝိဒ်နှင့်ယောနသန်သည် မည်သို့ဆက်သွယ်ကြမည်ကို စီစဉ်ကြ၏

ဒါဝိဒ်နှင့်ယောနသန်သည် တောသို့သွားလျက် မည်သို့ ဆက်သွယ်ကြမည်ကို ဆွေးနွေးစီစဉ်ခဲ့ကြပါသည်။ ယောနသန်သည် ဣသရေလ၏ဘုရားသခင် ထာဝရဘုရားထံ ဆုတောင်းပြီး၊ ဒါဝိဒ်အကြောင်း၌ ခမည်းတော်မည်သို့ တုံ့ပြန်မည်ကို လေ့လာမည်ဟု ဒါဝိဒ်အား ဆိုခဲ့ပါသည်။ ထို့နောက် ဒါဝိဒ်ထံ အကြောင်းကြားမည်ဟု ဆိုခဲ့၏။ ယောနသန်သည် ဘုရားသခင်၏နာမတော်အားဖြင့် ဂတိပြုခဲ့ခြင်းဖြစ်ပါသည်။ သူနှင့်အတူ ဘုရားသခင် အတူရှိတော်မူမည်အကြောင်းလည်း ဆုတောင်းပေးခဲ့၏။ ထို့ပြင် အသက်ရှင်စဉ်ကာလ ရှောလုအပေါ် ဘုရားသခင်၏ကျေးဇူးကို ပြသရန် တောင်းဆိုခဲ့ပါသည်။ ယောနသန်သည် ဒါဝိဒ်အား ကျိန်စေခဲ့ပါသည်။ သူတို့သည် အချင်းချင်း အလွန် ချစ်ခင်ကြသည်ဖြစ်သောကြောင့်၊ ထိုအခိုက်အတန့်သည် အလွန် မွန်မြတ်လျက်၊ စိတ်တူကိုယ်တူ ရှိခဲ့ကြ၏။

ဒါဝိဒ်နှင့်ယောနသန်သည် သုံးရက်လွန်ပြီးမှ ဧဇေလကျောက်နားမှာ ဆုံးတွေ့ကြဖို့ သဘောတူခဲ့ကြပါသည်။ သူတို့သည် ယောနသန် အကြံပြုသော ဆက်သွယ်မှုလက္ခဏာကို အတည်ပြုလျက် သဘောတူခဲ့ကြ၏။ ထိုဆက်သွယ်မှုကား၊ "ကျွန်ုပ်သည်လည်း၊ စက်ကို ပစ်ဟန်ပြု၍၊ ထိုကျောက်နားသို့ မြားသုံးစင်း ပစ်မည်။ မြားတို့ကို သွား၍ ရှာချေဟု လူကလေးကို စေခိုင်းသောအခါ၊ မြားတို့သည် နင့်အနားမှာရှိ၏။ ကောက်တော့ ဟု သေချာစွာ ပြောလျှင် လာခဲ့ပါ။ ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း ဘေးမရှိ၊ ချမ်းသာရပြီ။ သို့မဟုတ်၊ မြားတို့သည် နင့်ကို လွန်ပြီဟု လုလင်အားဆိုလျှင် သွားတော့။ ထာဝရဘုရားသည် သင့်ကို လွှတ်လိုက်တော်မူ၏" (၁ ရာ ၂၀း၂၀-၂၂) ဟူ၍ဖြစ်ပါသည်။ ယောနသန်က သူတို့နှစ်ဦး၏ပဋိညာဉ်တွင် ဘုရားသခင်သာလျှင် အသိသက်သေဖြစ်တော်မူ၏ဟု ကျပ်ကျပ်ဆိုခဲ့ပါသည်။ ထို့နောက်၊ ဒါဝိဒ်သည် ထွက်သွား၍ တောထဲ၌ ပုန်းနေခဲ့၏။

ယောနသန်သည် ခေါင်းဆောင်တယောက်ဖြစ်ပြီး၊ ဘုရားသခင်ကို ကြောက်ရွံ့သောသူဖြစ်ပါသည်။ ယခုအမှု၌ သူ၏စိတ်သဘောထားကို တွေ့ရပါသည်။ သူသည် စစ်ရေးကျွမ်းကျင်သောသူဖြစ်၍ စစ်ပွဲအတွင်း အချင်းချင်း လက္ခဏာဖြင့် ဆက်သွယ်ခြင်းအတွက် လေ့ကျင့်ခဲ့သော သူလည်းဖြစ်ပါသည်။ သူသည် အရေးကြီးပုဂ္ဂိုလ်လည်းဖြစ်၏။ ထို့ကြောင့် အရေးကြီးသော ဆုံးဖြတ်ချက်ချခြင်းတွင် ခမည်းတော်ကိုလည်း ခံပြောရခဲ့၏။ တိုင်းပြည်၏ရာဇပလ္လင်ကို သူ့ထံမှယူလျက် ဒါဝိဒ်ထံ ဘုရားသခင် ပေးတော်မူခြင်း၌ ဘုရားသခင်၏ဆုံးဖြတ်ချက်ကို သူ လုံးလုံး သဘောတူလျက် ကျေနပ်ခဲ့ပါသည်။ သူသည် ဉာဏ်ပညာနှင့်ယှဉ်၍ တုံ့ပြန်လှုပ်ရှားခဲ့ပြီး၊ အရာရာတိုင်းကို နှိမ့်ချသောစိတ်နှင့် လက်ခံခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ကြောက်ရွံ့သော ခေါင်းဆောင်သည် သမ္မာတရားဘက်၌ အစဉ်ရပ်တည်ဖို့လိုပ်သည်။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အကျင့်သည် အစဉ် ဖြောင့်မှန်လျက်၊ သူတပါးအတွက် အစဉ် စံနမူနာ ဖြစ်စေတော်မူပါ။

**၁ ရာ ၂၀**
သု ၁၇း၁၇

*"အဆွေခင်ပွန်းသည် အခါခပ်သိမ်း ချစ်တတ်၏။
ညီအစ်ကိုသည် ဒုက္ခကာလအဘို့
မွေးဘွားလျက်ရှိ၏"*

## ယောနသန်နှင့်ဒါဝိဒ်တို့၏ ပဋိညာဉ် အတည်ပြုခြင်း

ရှောလုသည် မိမိ၏ရာဇပလ္လင် တည်မြဲဖို့ အတွက် အစွမ်းကုန်ကြိုးစားခဲ့ပါသည်။ ရှောလုသည် ဒါဝိဒ်ကို ဖမ်းဖို့ကြိုးစားစဉ် ရာမမြို့၌ ဒါဝိဒ်သည် ကာကွယ်ခြင်းခံခဲ့ရပါသည်။ ထို့နောက် ယောနသန်ကို သွားရှာခဲ့ပါသည်။ ရာမမြို့မှ ထွက်ခွါလျက် ဒါဝိဒ်သည် ယောနသန်ထံ ရောက်လာခဲ့၏။ မိမိသည် ရှောလု၏လက်ထဲ၌ အချိန်မရွေး အသက် သေနိုင်ကြောင်း ဆိုခဲ့ပါသည်။ ယောနသန်သည် ဒါဝိဒ်ကို ကယ်ဖို့ရန် စိတ်ဆုံးဖြတ်ခဲ့၏။ ဒါဝိဒ် လွတ်မြောက်မည့် အစီအစဉ်ကို သူတို့နှစ်ဦး ကြံစည်ခဲ့ပါသည်။ ရှောလု၏အစီအစဉ်များကို အသိပေးမည်ဟု ယောနသန်က ဂတိပေးခဲ့၏။ ယောနသန်နှင့်ဒါဝိဒ်သည် သူတို့၏ပဋိညာဉ်ကို ပြန်လည် အတည်ပြုခဲ့ကြပါသည်။ သူတို့နှစ်ဦး၏ အသိ သက်သေသည် ဘုရားသခင်ဖြစ်တော်မူ၏။

ဒါဝိဒ်သည် ရှောလု၏ အမျက်တော်ကို တိမ်းရှောင်ခြင်းဖြင့် အချိန်ကုန်နေခဲ့ရပါသည်။ ယောနသန်က သူ့ခမည်းတော်သည် အကောင်းသော အကြံအစည်များကို ဒါဝိဒ်အား ချက်ချင်း အသိပေးမည်ဟု ဆိုခဲ့ပါသည်။ ဘယ်သူမှ မသိနိုင်အောင်၊ သူတို့နှစ်ဦးကြား အပြန်အလှန် ဆက်သွယ်မည့် နည်းလမ်းများကို ဆွေးနွေး အတည်ပြုခဲ့ကြပါသည်။

ယောနသန်နှင့် ဒါဝိဒ်သည် ထိုသို့ တွေ့ဆုံ ဆွေးနွေးသောအခါတိုင်း၌ သူတို့မိတ်ဆွေဖြစ်ခြင်း အစဉ်အလေးထားလျက် အချင်းချင်း ပြောဆိုဆက်ဆံခဲ့ကြ၏။ ယောနသန်က ဒါဝိဒ်သည် ရှင်ဘုရင် ဖြစ်လာမည်ဟု သိခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့စိတ်နှလုံးထဲ၌ အမှုပြုတော်မူသဖြင့်၊ သိခဲ့ခြင်းဖြစ်ပါသည်။ ထိုအကြောင်းကို လူထုက မသိသေးပါ၊ အဓိက ပုဂ္ဂိုလ်များကသာ သိခဲ့ကြ၏။ ယောနသန်သည် ဘုရားသခင်၏အလိုတော်ကို နာခံလျက်၊ ထိုအမှုကို နားလည်လက်ခံခဲ့ပါသည်။ သူသည် ဒါဝိဒ်နှင့် ပူးပေါင်းလျက် ပဋိညာဉ် ပြုခဲ့ပါသည်။ ထိုသို့သောဆက်ကပ်မှုသည် ပြောင်းလဲသော စိတ်နှလုံးမှသာ ပေါ်ပေါက်လာနိုင်၏။

ရှောလုက ဒါဝိဒ်သည် စားပွဲတော်၌ မိမိထိုင်သောနေရာတွင် မရှိကြောင်းကို နှစ်ရက်လွန်ပြီးမှသာ သတိပြုခဲ့ပါသည်။ ရှင်ဘုရင်သည် သူ့ကို ကြောက်သောကြောင့် စားပွဲတော်၌ ပေါ်မလာဖို့ရန် ဒါဝိဒ် ဆုံးဖြတ်ခဲ့၏။ ရှင်ဘုရင်အား မိမိသည် မိသားစု ယဇ်ပူဇော်ခြင်းအတွက် ဗက်လင်မြို့သို့ သွားခဲ့ကြောင်း ပြောပေးရန် ယောနသန်ကို မှာထားခဲ့ပါသည်။ ထို့ကြောင့်၊ ရှောလုက ဒါဝိဒ်သည် အဘယ်မှာနည်းဟု မေးသောအခါ၊ ယောနသန်က ဒါဝိဒ် မရှိရခြင်းအကြောင်းကို ပြောပြလျက်၊ သူသည် ဗက်လင်မြို့သို့ သွားဖို့ရန် မိမိထံ ခွင့်တောင်းခဲ့ပြီဖြစ်ကြောင်းလည်း ပြောခဲ့၏။ ထိုအခါ၊ ရှင်ဘုရင်သည် အလွန်အမျက်ထွက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဒုတိယမွေးဘွားခြင်းခံရသောစိတ်နှလုံးမှသာလျှင် စစ်မှန်သော ချစ်ခြင်းမေတ္တာ ပေါ်ထွက်လာနိုင်၏။

**ဆုတောင်းချက်** - အဖဘုရား၊ ဒါဝိတ်နှင့်ယောနသန်ကဲ့သို့ မိမိညီအစ်ကိုတို့ကို ချစ်မည်အကြောင်း မစတော်မူပါ။




**၁ ရာ ၁၂**
ဆာလံ ၁

*"မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့ မလိုက် . . . သောသူသည် မင်္ဂလာရှိ၏"*

## ရှမွေလသည် ရှောလုအား အတည်ပြုခဲ့၏

ရှင်ဘုရင်သစ်၏ အုပ်ချုပ်ရေး တည်ဆောက်သောအချိန် ဤပြောင်းလဲခြင်းကာလ၌ ရှမွေလသည် ဣသရေလကို ဆက်လက် လမ်းပြလျက်၊ သူသည် ပရောဖက်ဖြစ်သကဲ့သို့ ထိုအမှုတွင် အလွန်အရေးပါသောသူ ဖြစ်ပါသည်။ လူထုသည် သူ၏စကားကို နာခံကြပါသည်။ ရှမွေလသည် ဘုရားသခင်၏စကားတော်ကို ပြောကြားသောသူအဖြစ် လက်ခံခဲ့ကြ၏။ ရှင်ဘုရင် တောင်းလျှောက်ကြခြင်းကို သဘောမတူခဲ့သော်လည်း၊ ဘုရားသခင်၏စကားကို နာခံလျက် သစ္စာရှိကြဖို့ရန် သူတို့ကို ဆုံးမသွန်သင်လျက်ရှိပါသည်။ သူတို့ကို ဘုရားသခင်က စွန့်ပစ်တော်မူမည် မဟုတ်ကြောင်း အသိပေးခဲ့ပါသည်။ ရှောလုအား လူထုရှေ့၌ တရားဝင် ဘုရင်အဖြစ် အတည်ပြုခဲ့ပါသည်။ ထိုသို့ နောက်ဆုံး နှုတ်ဆက်စကား၊ မိန့်ခွန်း ပြောဆိုလျက်၊ သူသည် တိုင်းပြည်အရေး၌ အလွန် ဝင်ရောက်စွက်ဖက်ခြင်း လုပ်တော့မည် မဟုတ်ကြောင်း တွေ့ရပါသည်။

လူထုအား သူတို့၏ရှင်ဘုရင် တောင်းလျှောက်မှုကို နားထောင်ခဲ့ကြောင်း ပြောခဲ့၏။ သူသည် မိမိ၏ဖြောင့်မတ်မှန်ကန်မှုကိုလည်း ဖော်ထုတ်ပြောကြားခဲ့ပါသည်။ မိမိ၏စကားကို ဆန့်ကျင်လိုသောသူရှိလျှင် ထုတ်ပြောဖို့ စိန်ခေါ်ခဲ့၏။ ဘုရားသခင်သည် မိမိ၏သက်သေ ဖြစ်သည်ဟု ဆိုခဲ့ပါသည်။ သူသည် မိမိ၏တာဝန် ဝတ္တရားများကို သစ္စာရှိစွာ ဆောင်ရွက် ပြီးစီးခဲ့ကြောင်း ထုတ်ပြောခဲ့ပါသည်။ ဘုရားသခင် အတူပါရှိတော်မူသည်နှင့်အညီ သူသည် ရဲရင့်စွာ ထိုသို့ ပြောခဲ့၏။ သူသည် ဣသရေလလူအပေါင်းအတွက် စံနမူနာဖြစ်ခဲ့ပါသည်။ သူ ပြောသော မိန့်ခွန်းသည် ဣသရေလအတွက် ဆုံးမသွန်သင်မှုပင်ဖြစ်ပါသည်။ သူ ပြောသောစကားများ မှန်ကန်ကြောင်း သက်သေသည် လူထုကိုယ်တိုင်ပင် ဖြစ်ကြပါသည်။ အဲဂုတ္တုပြည်မှ သူတို့ကို ကယ်ထုတ်တော်မူခဲ့သော ဘုရားသခင် ပြုတော်မူခဲ့သည့်အမှုများကို ပြန်လည် ဖော်ပြခဲ့ပါသည်။

နှစ်ပေါင်း လေးရာ နီးပါး ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း အဖြစ်အပျက်တို့သည် အသစ်သဖွယ် လတ်ဆတ်ဆဲဖြစ်ပါသည်။ ရှမွေလက ထိုအဖြစ်အပျက်များကို ရည်ညွှန်းလျက် ယခုလူထုအား ဘုရားသခင်ကို မစွန့်ပစ်ကြဖို့ရန် သတိပေးခဲ့ပါသည်။ ရှမွေလသည် ဣသရေလ၏ နောက်ဆုံး တရားသူကြီး ဖြစ်ခဲ့ပါသည်။

ရှင်ဘုရင် တောင်းလျှောက်ကြသောအခါ၊ ရှမွေလသည် ချက်ချင်း သဘောမတူဘဲ၊ သူတို့အား ဘုရားသခင်နှင့် နီးကပ်စွာ လျှောက်လှမ်းကြဖို့ ဆုံးမခဲ့ပါသည်။ သူသည် ဘုရားသခင်၏ ပရောဖက်ဖြစ်သည်အလျောက် ဤမိန့်ခွန်းကို ပြောကြားဖို့ရန် အခွင့်အာဏာရှိပါသည်။ သူသည် ဘုရားသခင်၏အိမ်တော်၌ အမှုတော် ဆောင်ရွက်ဖို့ရန် သူ့မိခင်က ဆက်ကပ်ခဲ့သောသူဖြစ်သည်နှင့်အညီ၊ သူ့ဘဝတလျှောက်လုံး ဘုရားသခင်၏တိုက်တန်သော အမှုတော်ဆောင်ကောင်း ဖြစ်ခဲ့၏။

**ဆင်ခြင်ရန်** - ရှမွေလသည် ဘုရားသခင်နှင့်အတူ သွားလာသောကြောင့် ယုံကြည်ခြင်း သူရဲကောင်း ဖြစ်ခဲ့ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ သစ္စာရှိသော သန့်ရှင်းသူများ၏ ခြေရာတော်ကို အကျွန်ုပ်အား နင်းစေတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၃)
**၁ ရာ ၁၂**
တမန် ၂၆း၂၈-၃၂

*"ကိုယ်တော်မှစ၍ ယနေ့တွင် အကျွန်ုပ်၏စကားကို ကြားသောသူအပေါင်းတို့သည် . . . အကျွန်ုပ်ကဲ့သို့ ဖြစ်လုသည် သာမက လုံးလုံးဖြစ်စေခြင်းငှါ ဘုရားသခင်ကို အကျွန်ုပ် ဆုတောင်းပါသည်"*

## တရားသူကြီးများ ခေတ်ကာလ ပြန်လည်သုံးသပ်ခြင်း

ဣသရေလလူတို့အား ဘုရားသခင်ကို မေ့လျော့ကြသောအခါ သူတပါး၏လက်အောက်သို့ အစဉ် ကျရောက်ခဲ့ကြောင်း သတိပေးရင်း၊ ရှမွေလသည် ရှင်ဘုရင် အုပ်ချုပ်မှု ခေတ်သစ်အတွက် တိုင်းပြည်ကို ပြင်ဆင်ခဲ့ပါသည်။ တရားသူကြီးများ ခေတ်ကာလ၌ သူတို့ကို ဦးဆောင်တော်မူသောသူသည် ဘုရားသခင်ဖြစ်ကြောင်း ပြန်အသိပေးခဲ့ပါသည်။ သူတို့သည် ထောင်လွှားသောစိတ် မရှိခဲ့သင့်ပါ။ အခြားလူမျိုးများနှင့်လည်း မနှိုင်းယှဉ်သင့်ပါ။ အချိန်တိုင်း ဘုရားသခင်ကို အောက်မေ့သိမှတ်ခဲ့သင့်ပါသည်။

ပရောဖက်သည် အဖြစ်အပျက် တချို့ကို ပြန်ဖော်ထုတ်လျက် ထိုကာလကို ပြန်သုံးသပ်ခဲ့ပါသည်။ ဟာဇော် ဗိုလ်ချုပ်မင်း သိသရကို ဖော်ပြခဲ့ပါသည်။ ထိုဗိုလ်ချုပ်ကို (ပရောဖက်မ ဒေဗောရ လမ်းညွှန်မှုဖြင့်) ဗာရက်သည် အောင်နိုင်လျက်၊ သိသရကို ယေလက သတ်ခဲ့ပါသည်။ ဤဣသရေလ၏အောင်မြင်မှု၌ မိန်းမနှစ်ဦး ပါဝင်ခဲ့ကြပါသည်။ ဘုရားသခင်၏လက်တော်သည် ဣသရေလကို မစတော်မူခဲ့၏။ တရားသူကြီးမှတ်စာသည် မိုက်မဲမှုသမိုင်းမှတ်တမ်းဖြစ်ခဲ့ပါသည်။ ဤအောင်မြင်မှုအပြီးတွင်၊ ဣသရေလသည် ရုပ်တုကိုးကွယ်ခြင်းသို့ ပြန်သွားခဲ့ပါသည်။ ထို့ကြောင့်၊ သူတို့သည် ရန်သူလက်ထသို့ ပြန်ရောက်ခဲ့ပါသည်။ ရှမွေလက ဣသရေလလူတို့၏ ကျဆုံးမှု ထိုသမိုင်းကြောင်းကို ပြန်လည် ဖော်ပြခဲ့ပါသည်။ ယေရုဗာလနှင့် ယေဖသတို့၏ အောင်မြင်မှုကိုလည်း ဖော်ပြခဲ့ပါသည်။ ဤလူနှစ်ဦးတို့သည် ခေါင်းဆောင် မိသားစုမှ မွေးဖွားခဲ့ခြင်း မဟုတ်ပါ။ ယေရုဗာလ (ဂိဒေါင်)သည် မိမိ မိသားစုသည် ဆင်းရဲကြောင်း (သူကြီး ၆း၁၅) ဆိုခဲ့ပါသည်။ သို့သော်လည်း၊ ရန်သူလက်မှ ဣသရေလကို ကယ်နှုတ်ဖို့ရန် ဘုရားသခင်က သူ့ကို အသုံးပြုတော်မူ၏။ ယေဖသသည်လည်း သူ့မိသားစုက တရားမဝင်သောသားဟု သတ်မှတ်ခဲ့ကြပါသည် (သူကြီး ၁၁း၂)။ သို့သော်လည်း၊ ဘုရားသခင်က သူ့ကို အားကြီးသော စစ်ဗိုလ်ချုပ်မင်းအဖြစ် ခန့်အပ်တော်မူခဲ့၏။

ထိုအမှုအားလုံးသည် ဣသရေလလူများ သိကျွမ်းခဲ့သော၊ ဘုရားသခင် ပြုတော်မူသည့်အမှုများဖြစ်ပါသည်။ သို့သော်လည်း၊ သူတို့သည် မိမိအလိုသို့ လိုက်ခဲ့ကြ၏။ သူတို့၏ ယခုရန်သူသည် အမ္မုန်မင်း နာဟတ်ဖြစ်ပါသည်။ ထိုတိုက်ပွဲသည် ရှင်ဘုရင် ရှောလုအတွက် ပထမဆုံး စမ်းသပ်ခံရသော စစ်ပွဲဖြစ်ပါသည်။ ဘုရားသခင်က မိမိ၏ မစတော်မူခြင်းဖြင့်၊ ရှင်ဘုရင် ရှောလုသည် တိုင်းပြည်ကို ရန်သူလက်မှ ကာကွယ်နိုင်သောသူဖြစ်ကြောင်း ပြသတော်မူခဲ့ပါသည်။

ရှမွေလသည် ဘုရားသခင် ဉာဏ်တော်၏လမ်းပြပို့ဆောင်ခြင်း ခံရသည်ဖြစ်သောကြောင့်၊ တရားသူကြီးများခေတ်မှ ရှင်ဘုရင်များခေတ်သို့ အဆင်ပြေချောမွေ့စွာ ပြောင်းလဲလာခဲ့ပါသည်။ ဣသရေလအတွက် ခေတ်သစ် စတင်ခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်သည် အရင်အတိုင်း ဣသရေလ၏ဘုရားသခင်ဖြစ်တော်မူ၏

**ဆင်ခြင်ရန်** - ထိုက်တန်သော ခေါင်းဆောင်ကောင်းသည် ဘုရားသခင် ခန့်ထားတော်မူခြင်း ဖြစ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ စိတ်ချမ်းသာစွာ နေထိုင်နိုင်မည်အကြောင်း ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးတော်မူပါ။



ကြာသပတေး၊ နိုဝင်ဘာ (၂၈)
**၁ ရာ ၁၉**
သု ၁၆း၂၀-၂၉

*"လူထင်သည်အတိုင်း မှန်သောလက္ခဏာ ရှိသော်လည်း အဆုံး၌ သေခြင်းသို့ ပို့သောလမ်း တမျိုးရှိ၏"*

## ရှောလုသည် ဒါဝိဒ်ကို သတ်ရန် ကြိုးစားပြန်၏

ရှောလုသည် ဒါဝိဒ်ကို သွားသတ်ဖို့ရန် သူ့အိမ်သို့ လူစေလွှတ်ခဲ့ပါသည်။ ရှောလုက မိခါလ၏အကူအညီ ရမည်ဟု ထင်မှတ်ခဲ့ပါသည်။ သို့သော်လည်း၊ မိခါလသည် ဒါဝိဒ်ဘက်၌ ရပ်တည်လျက် သူ့အသက်ကို ကယ်တင်ခဲ့ပါသည်။ သူသည် ဒါဝိဒ်အား လွတ်မြောက်ရာ အကြံကို ပေးခဲ့ပါသည်။ သူတို့သည် သဘောတူခဲ့ကြ၏။ ထိုအခါ မိခါလသည် ရုပ်တုကို ယူ၍ ဒါဝိဒ်၏ခုတင်ပေါ်မှာ ထားခဲ့ပါသည်။ သူ့ကို ဖမ်းဆီးရန် ရှောလု၏လူများ ရောက်လာသောအခါ၊ သူ နေမကောင်းဟု ဆိုခဲ့ပါသည်။ ရှင်ဘုရင်က ခုတင်နှင့်တကွ ဒါဝိဒ်ကို သယ်လာဖို့ရန် အမိန့်ပေးခဲ့ပါသည်။ ထိုအခါ၊ ဒါဝိဒ် မရှိကြောင်း သူတို့သိခဲ့ရ၏။ ရှောလုက ဒါဝိဒ်အား မိမိ၏ရန်သူဟု အတိအလင်းဆိုခဲ့ပါသည်။ မိခါလက ဒါဝိဒ်သည် အသက်ဘေးမှ လွတ်မည်အကြောင်း ထွက်ပြေးရမည်ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဒါဝိဒ်သည် လွတ်မြောက်ခဲ့ပါသည်။ ဒါဝိဒ်ကို သတ်ဖို့ရန် အနားတမ်း ကြိုးစားအားထုတ်မှု၌ ရှောလု၏ ယိုယွင်းပျက်စီးသော စိတ်သဘောကို တွေ့ရပါသည်။

ရှမွေလသည် ဘုရားသခင်၏ပရောဖက်ဖြစ်၍၊ ဣသရေလ၌ ရှင်ဘုရင် မရှိမီ သူသည် နောက်ဆုံး တရားသူကြီးလည်းဖြစ်ခဲ့ပါသည်။ ရှောလုကို ရှင်ဘုရင်အဖြစ် ဘိသိက်ပေးဖို့ရန် ဘုရားသခင် စေလွှတ်တော်မူသောသူ လည်းဖြစ်ပါသည်။ ထို့ကြောင့်၊ သူသည် တရားသူကြီးခေတ်မှ ရှင်ဘုရင် ခေတ်သို့ ပြောင်းလဲခြင်းကို မြင်တွေ့ခဲ့ရ၏။ ရှောလု ငြင်းပယ်ခံရသောအခါ၊ နောက် ရှင်ဘုရင်အဖြစ် ဒါဝိဒ်အား ဘိသိက်ပေးဖို့ရန် စေလွှတ်ခြင်း ခံရပြန်ပါသည်။ ထို့ကြောင့်၊ ဒါဝိဒ် အခက်အခဲ ကြုံတွေ့သောအခါ၊ ရှမွေလထံ သွားရောက်ခိုလှုံခြင်းသည် ဖြစ်သင့်သောအမှုဖြစ်၏။ ရှမွေလထံ ရောက်လာသောအခါ၊ မိမိအပေါ် ရှောလု ပြုခဲ့သောအမှုအလုံးစုံကို ဒါဝိဒ်က ပြောပြခဲ့၏။ ထို့နောက် ရာမမြို့၌ ရှိသော နာယုတ်ရွာသို့ သွားနေခဲ့ကြပါသည်။ ရှောလု၌ သူလျှိုများစွာ ရှိသဖြင့်၊ ဒါဝိဒ်သည် ရှမွေလနှင့်အတူ ရှိကြောင်းကို သိခဲ့၏။ ရှောလုသည် လူကိုလွှတ်လျက် ဒါဝိဒ်ကို ဖမ်းစေခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် ဒါဝိဒ်ကို ကာကွယ်တော်မူခဲ့၏။ စေလွှတ်ခြင်းခံရသော သူများသည် ဒါဝိဒ်ကို ရှာရမည့်အစား၊ ပရောဖက်များနှင့်အတူ ပရောဖက်ပြုခဲ့ကြပါသည်။

ဖြစ်ပျက်သောအမှုကို တိကျစွာ မဖော်ပြထားသော်လည်း၊ သေချာသည်မှာ စေလွှတ်ခြင်းခံသော လူများသည် မိမိတို့ ပြုမည့်အမှုကို မေ့လျော့လျက်၊ ဘုရားသခင်အတွက် မြွက်ဆိုခဲ့ကြ၏။ ဒုတိယအဖွဲ့သည်လည်း ထိုနည်းတူ ပြုခဲ့ကြပါသည်။ နောက်ဆုံးတွင်၊ ရှောလုကိုယ်တိုင် လာခဲ့၏။ သို့သော်လည်း၊ သူကိုယ်တိုင် ပရောဖက်ပြုခဲ့ပါသည်။

ဘုရားသခင်သည် ဒါဝိဒ်ကို ကယ်တင်ဖို့ရန် ယောနသန်နှင့်မိခါလကို အသုံးပြုတော်မူခဲ့၏။ ထိုအမှုအားဖြင့် ထာဝရဘုရား၏လက်တော်ကို မြင်တွေ့ရပါသည်။ ယုံကြည်ကိုးစားလျက်၊ နာခံခြင်းရှိပါလော့၊ သို့ပြုလျှင် ဘုရားသခင်သည် သင့်ကို အစဉ် ကွယ်ကာတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်အား အကျွန်ုပ်၏ ခိုလှုံရာအဖြစ် ကျွန်တော် ကိုးစားပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော့်ကို အစဉ် ချဉ်းကပ်ရသောအခွင့် အကျွန်ုပ်၌ ရှိသောကြောင့် ကျေးဇူးတင်ပါသည်။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၂၇)

**၁ ရာ ၁၉**

ဆာလံ ၅၅:၁၉-၂၃

*“ထမ်းရွက်သောဝန်ကို ထာဝရဘုရား၌ ချထားလော့။ သင့်ကို မစတော်မူမည်”*

## ဒါဝိဒ်၏ ကောင်းသောစိတ်သဘောထား

ဒါဝိဒ်၌ အပြစ် မရှိကြောင်း ရှောလု သိခဲ့ပါသည်။ ဂေါလျတ်ကို သတ်ခြင်းအမှုက တတိုင်းပြည်လုံးအား ဒါဝိဒ်ကို ချစ်စေခဲ့ပါသည်။ ထိုချစ်ခြင်းကို ရှောလုက မချေဖြတ်နိုင်ခဲ့ပါ။ ထို့ကြောင့် ရှောလုသည် ဒါဝိဒ်ကို တဖက်သတ် မုန်းတီးခဲ့ပါသည်။ ယောနသန်က ဒါဝိဒ်ကို ရှောလု ရှေ့သို့ ပြန်ခေါ်လာခဲ့၏။ ထိုကြားဝင် ဖြန်ဖြေမှုကြောင့် သူတို့၏ဆက်ဆံမှု တိုးတတ်ခဲ့ပါသည်။ သို့သော်လည်း ရှောလု စိတ်ထဲတွင် ဒါဝိဒ်နှင့် ပြန်လည်သင့်မြတ်လိုခြင်း မရှိခဲ့ပါသည်။ ဒါဝိဒ်၏ စိတ်သဘောထားနှင့် အကျင့်တို့ကို လူတိုင်းက မြင်တွေ့ခဲ့ရ၏။ သူသည် အားကိုးထိုက်သောသူ ဖြစ်ပါသည်။

ဒါဝိဒ်သည် စစ်မြေပြင်၌ အစဉ်သဖြင့် ရှိနေခဲ့ပါသည်။ သူတို့၏ရန်သူများသည် ဖိလိတ္တိလူများဖြစ်ကြ၏။ ဒါဝိဒ်သည် ဉာဏ်ပညာနှင့်ယှဉ်လျက် ပြုမူနေထိုင်သောကြောင့် ရှောလုသည် အခက်တွေ့ခဲ့ရပါသည်။ ဖိလိတ္တိလူတို့နှင့် ဒါဝိဒ်သည် စစ်တိုက်သဖြင့် အောက်မြင်မှုကို ရခဲ့ပါသည်။ အဖက်တွင်၊ ရှောလုသည် ဝိညာဉ်ဆိုး၏ ထိန်းချုပ်မှုကို ခံရလျက်၊ ဒါဝိဒ်ကို အစဉ် သတ်လိုခဲ့၏။ ဒါဝိဒ်သည် လာ၍ ရှောလုအတွက် စောင်းတီးပေးခဲ့ပါသည်။ ထိုအခါ၊ ရှောလုသည် ဒါဝိဒ်အား လှံဖြင့် သတ်ဖို့ကြိုးစားခဲ့၏။ ဒါဝိဒ်သည် ထိုလှံကို ရှောင်ရှားနိုင်ခဲ့ပါသည်။ ထိုလှံသည် နံရံကို ထိခဲ့၏။

ထိုကြိုးစားမှုက ဒါဝိဒ်ကို သတ်မည်ဟူသော ရှောလု၏ ဆုံးဖြတ်ချက် မပြောင်းလဲသေးကြောင်း ဒါဝိဒ်ကို သတိပေးလျက်ရှိပါသည်။ ဒါဝိဒ်က မိမိသည် ရှောလုလက်၌ အချိန်မရွေး သေနိုင်ကြောင်း သိခဲ့ပါသည်။ ရှောလုအပေါ် သက်ရောက်သော ဝိညာဉ်ဆိုးသည် မပြုအပ်သောအမှုကို ပြုစေပါသည်။ သူသည် ပုံမှန် မဟုတ်တော့ဘဲ၊ အဘယ်အမှုပြုမည်ကို ခန့်မှန်း၍ မရပါ။ ထိုအချိန်မှစ၍ ဒါဝိဒ်သည် ရှောလုရှေ့၌ မပေါ်လာဖို့ ဆုံးဖြတ်ခဲ့ပါသည်။ ထိုည၌ သူသည် ရှောလုထံမှ ထွက်သွား လွတ်မြောက်ခဲ့ပါသည်။ ထိုအခါ တဦးက လိုက်ရှာပြီး၊ တဦးသည် ပုန်းခို နေခဲ့ရပါတော့သည်။ ဤအဖြစ်အပျက်အားလုံးသည် ဣသရေလ၏ ရာဇပလ္လင်နှင့် သက်ဆိုင်လျက်ရှိပါသည်။ ဒါဝိဒ်က မိမိသည် ရှင်ဘုရင် ဖြစ်လာလိမ့်မည်အကြောင်း သိခဲ့ပါသည်။ သို့သော်လည်း၊ ထိုအမှုကို လူထုထံ အသိပေးခြင်း မရှိသေးပါ။ တဖက်တွင်၊ ရှောလုကလည်း ဒါဝိဒ် ရှင်ဘုရင်ဖြစ်လာမည့် အကြွောင်းများကို တွေ့မြင်ခဲ့ပါသည်။ ထို့ကြောင့် မိမိတားဆီးနိုင်သောနည်းလမ်း တခုတည်းသည် သူ့ကို သတ်ခြင်းသာဖြစ်သည်ဟု ထင်မှတ်ခဲ့၏။ သို့သော်လည်း၊ ဘုရားသခင်သည် အဖြစ်အပျက်အလုံးစုံကို ထိန်းချုပ်တော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဖြောင့်မတ်သောသူအဖို့ ခိုလှုံရာရဲတိုက်ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ထိတ်လန့်သောအခါ အကျွန်ုပ်အား လုံခြုံမှု ပေးတော်မူပါ။



တနင်္လာ၊ နိုဝင်ဘာ (၄)

**၁ ရာ ၁၂:၁၃-၂၅**

ဆာလံ ၉၉

*“ဤသူတို့သည် ထာဝရဘုရားကို ပဌနာပြု၍ ကိုယ်တော်သည် ထူးတော်မူ၏”*

## ရှင်ဘုရင်သစ် ရှောလုအုပ်စိုးသော ဣသရေလ

ရှမွေလသည် ရှောလုအား ဣသရေလနိုင်ငံ၏ တရားဝင် ရှင်ဘုရင်အဖြစ် အတည်ပြု ခန့်အပ်ခဲ့ပါသည်။ လူထု၏ တောင်းလျှောက်မှု အပေါ် ဘုရားသခင်က ခန့်ထားခြင်းဖြစ်ပါသည်။ ထိုအခါ ပရောဖက်က ပြည်သူတို့အား ဘုရားသခင်၏နောက်တော်သို့ လိုက်ရန် မှာထားခဲ့ပါသည်။

ဣသရေလထံ ရှမွေလ မိန့်ခွန်း၏ အဓိကအချက်သည် ဘုရားသခင်၏စကားတော်ကို နာခံရန် ဟူ၍ဖြစ်ပါသည်။ သုတ္တံ ၂၁:၁ တွင်၊ “ရှင်ဘုရင်၏ စိတ်နှလုံးသည် ရေချောင်းကဲ့သို့ ဖြစ်၍၊ ထာဝရဘုရား၏ လက်တော်၌ ရှိသဖြင့်၊ အလိုတော် ရှိသည်အတိုင်း လှည့်စေတော်မူ၏။” ထို့ကြောင့်၊ ရှင်ဘုရင်၏စကား နာခံခြင်းသည် ဘုရားသခင်၏စကားကို နာခံရာရောက်၏။ ရှမွေလက ထိုတရားကို အဓိကထား ပြောကြားခဲ့ပါသည်။ သူသည် ဣသရေလ၏ ဘုရင် တောင်းဆိုမှုကို သဘောမတူခဲ့သော်လည်း၊ ဘုရားသခင်၏ အဆုံးစွန်အာဏာတော်သည် ပြည်သူတို့အတွက် ရှင်ဘုရင်အား ဘိသိက်ပေးဖို့ရန် မိန့်တော်မူသောကြောင့် ထိုသို့ပြုခြင်းဖြစ်ပါသည်။

ရှမွေလက ဣသရေလပြည်အား ဘုရားသခင် ကောင်းကြီးပေးတော်မူခဲ့ကြောင်းကို ဖော်ပြခဲ့ပါသည်။ စစ်ပွဲ၌ အောင်မြင်မှု ပေးတော်မူသည်သာမက၊ အခြားသော ကောင်းကြီးမင်္ဂလာများစွာလည်း ပေးတော်မူခဲ့၏။ ထိုအချိန်သည် ဂျုံစပါး ရိတ်ရာကာလဖြစ်၍ ရှမွေလက မိုးချုန်းခြင်းနှင့်တကွ မိုးရွာ စေဖို့ရန် ဘုရားသခင်ထံ မိမိဆုတောင်းမည်ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်သည် သူတို့ကိုသည်းခံတော်မူလျက်၊ သူတို့တောင်းသော ရှင်ဘုရင်ကို ပေးခဲ့ကြောင်း ဖော်ထုတ်ခဲ့ပါသည်။ မိုးနှင့် မိုးချုန်းခြင်းသည် သဘာဝတရား၏တန်ခိုးများဖြစ်ကြပါသည်။ ရှမွေလသည် ထိုအံ့ဘွယ်အမှုများကို ပြုဖို့ရန် ဘုရားသခင်ထံ ဆုတောင်းလျက်၊ ဣသရေလအား ဘုရားသခင်၏လက်တော်ကို ပြသခဲ့၏။

ရှမွေလက ပြည်သူတို့အား ဘုရားသခင်၏နောက်တော်သို့ လိုက်ဖို့ရန် အထူးတိုက်တွန်းခဲ့၏။ သူတို့အတွက် အကျိုး မရှိသော၊ သူတို့ကို မကယ်တင်နိုင်သောအရာများ နောက်သို့ မလိုက်သင့်ပါ။ ဘုရားသခင်သည် မိမိ၏နာမတော်ကို ထောက်၍ သူတို့ကို စွန့်ပစ်တော်မူမည် မဟုတ်ကြောင်း မှာထားခဲ့ပါသည်။ အစဉ် ဆုမတောင်းခြင်းသည် အပြစ်ဖြစ်သည်ဟု ဖော်ပြလျက်၊ မိမိသည် အစဉ် ဆုတောင်းခြင်းပြုမည်ဟု ရှမွေလက ဂတိပေးခဲ့ပါသည်။ ထို့ကြောင့်၊ သူသည် ဣသရေလနှင့် သူ၏ရှင်ဘုရင်အတွက် ဆုတောင်းခြင်းအမှု၌ မိမိကိုယ်ကို ဆက်ကပ်ခဲ့ပါသည်။ ဘုရားသခင်၏တရားများကို သူတို့အား ဆက်လက်သွန်သင်ပေးဖို့ရန်လည်း ဂတိပေးခဲ့ပါသည်။ ထိုအရာများနှင့် ပတ်သက်၍ ရှမွေလသည် ဣသရေလအပေါ်၌ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းရှိသော ရှမွေလ၏ မွေးခါစမှအသက်ကြီးသည်အထိ သူ၏အသက်တာကို လူတိုင်းသိကြပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ဆန္ဒစစ်မှုကို ကျော်ဖြတ်လျက် ကောင်းသော သက်သေခံချက်တည်းဟူသော ကောင်းသော အသက်တာ သာဓကကို ကျွန်တော် ထားခဲ့လိုပါ၏။

## ရှောလု၏ အောင်မြင်ခြင်းနှင့် ကျဆုံးခြင်း

ရှောလုသည် ဣသရေလ၏ရှင်ဘုရင်ရာထူးကို အတည်ယူခဲ့ပါသည်။ တိုင်းတပါးရန်မှ ဣသရေလပြည်ကို သူ ကာကွယ်ရမည်ဖြစ်ပါသည်။ ဖိလိတ္တိလူတို့၏ ခြိမ်းခြောက်မှုကို အမှန်ခံရကြ၏။ ဤအိမ်နီးချင်းလူမျိုးသည် မိတ်ဆွေကောင်း မဟုတ်၊ စစ်အင်အား၌လည်း ပို၍ အားကြီး၏။ ဣသလေသည် နိုင်ငံသေးဖြစ်၍ စစ်လက်နက် အင်အား အားနည်းလှပါသည်။ ဘုရင်သစ်သည် စစ်တပ်အင်အား စုစည်းလျက်ရှိ၏။ ယခု အစပိုင်းတွင်၊ အောင်မြင်မှု ရှိသလို၊ ရှုံးနိမ့်မှုလည်း ကြုံတွေ့ခဲ့ပါသည်။

ရှောလုသည် ဘုရားသခင် ခန့်ထားတော်မူသောသူ ဖြစ်သောကြောင့်၊ ရှမွေလက သူ့အား ဘုရားသခင်ကို ကိုးစား စေလိုပါသည်။ ရှောလုသည် ဂိလဂါလမြို့၌ စုဝေးကြစဉ် ချိန်းချက်သော အချိန်၌ ရှမွေလ မရောက်ဘဲ နောက်ကျသောအခါ၊ ယဇ်ပူဇော်ခြင်း ပြုဖို့ရန် စမ်းစစ်ခြင်း ခံခဲ့ရပါသည်။ ဖိလိတ္တိလူတို့သည် ဝင်တိုက်ဖို့ အသင့်ရှိနေကြပြီဖြစ်၍ ရှောလုသည် ထိုစမ်းစစ်မှုကို မအောင်မြင်ခဲ့ပါ။ ဤသည်ကား သူ၏ ကျဆုံးမှု အစဖြစ်ခဲ့ပါသည်။

ရှောလုသည် နှစ်နှစ်အုပ်စိုးပြီးနောက် မိမိစစ်တပ်ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ အဘယ် စစ်ပွဲမဆို တိုက်နိုင်သော စစ်တပ် တည်ထောင်ခြင်း၌ သူသည် ကြိုးစားအားထုတ်ခဲ့ပါသည်။ သူ၏သား အကြီးဆုံး ယောနသန်သည် (သူ့ ခမည်းတော်၏ ဘုရင့် ပလ္လင်တော်ကို ဆက်ခံမည့်သူ) စစ်တပ်ကို ဦးဆောင်ဖို့ရန် အရွယ်ရောက် ရင့်ကျက်သောသူ ဖြစ်ပါသည်။

ယောနသန်သည် တပ်စုတစုကို ဦးဆောင်ဖို့ရန် တာဝန်ပေးအပ်ခြင်း ခံရ၏။ သူသည် ဗယ်ာမိန်ခရိုင် ဂိဗာမြို့တွင် လူတစ်ထောင်ကို ဦးဆောင်ခဲ့ပါသည်။ ဂိဗာမြို့ရှိ ဖိလိတ္တိတပ်ကို သူသည် အောင်မြင်ခဲ့၏။ ရှောလုသည် ဣသရေလပြည်တခုလုံး၌ တံပိုးမှုတ်စေလျက်၊ လူအပေါင်းတို့သည် ရှောလုထံ ဂိလဂါလမြို့၌ စုဝေးလာခဲ့ကြပါသည်။ ရှောလုက မိမိသည် အားကိုးထိုက်သော ခေါင်းဆောင်ဖြစ်ကြောင်းကို ထိုသို့ အင်အားစုစည်းခြင်းဖြင့် ကြိုးစား ပြသခဲ့ပါသည်။ သူ၏ အမိန့်ကိုလည်း နာခံလာကြ၏။ သူသည် အလုပ်အားဖြင့် ခေါင်းဆောင်မှုကို ဆက်လက် သင်ကြားခဲ့ပါသည်။ သို့သော်လည်း၊ မိမိကို ဘိသိက်ပေးသော ရှမွေလ၏စကားကို သူ နာခံဖို့လိုပါသည်။ ရှမွေလသည် ရှောလုကို အစဉ် စောင့်ကြည့်လျက်၊ လမ်းမှားသောအချိန်တိုင်း၌ ဆုံးမဖို့ အသင့်ရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခေါင်းဆောင်အဖြစ် ခန့်ထားတော်မူသောသူများကို ဘုရားသခင်သည် ဉာဏ်ပညာ ပေးသနားတော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်တို့အား ကိုယ်တော်ကို ကြောက်ရွံ့ရိုသေသော ခေါင်းဆောင် ပေးသနားတော်မူပါ။





## ယောနသန်သည် ဒါဝိဒ်၏အသက်ကို ကယ်တင်ခဲ့၏

ရှောလုက ဒါဝိဒ်သည် သူ့နေရာကို ဆက်ခံမည့်သူဖြစ်ကြောင်း သိခဲ့ပါသည်။ သို့သော်လည်း၊ ဇာတိသဘော၏လွှမ်းမိုးမှုကြောင့် ဒါဝိဒ် ရာဇပလ္လင်ပေါ်၌ ထိုင်မည်ကို မမြင်လိုခဲ့ပါသည်။ မိမိ၏သားနှင့် အစေခံကျွန်များအား ဒါဝိဒ်ကို သတ်ရန် အမိန့်ပေးခဲ့ပါသည်။ သူ၏ကြိုးစားမှုများ မအောင်မြင်သောအခါ၊ နောက်ထပ် အခွင့်အရေးကို ရှာခဲ့၏။ သူ့အိမ်သို့ လူကို စေလွှတ်လျက် သတ်စေခဲ့သော်လည်း၊ သူ့မိန်းမက လွတ်မြောက်ရန် ကူညီခဲ့ပါသည်။ ထို့ကြောင့်၊ ဒါဝိဒ်သည် ရှမွေလ၏အိမ်သို့ သွားရောက် ခိုလှုံခဲ့ပါသည်။ ဘုရင်က နည်းလမ်းမျိုးစုံဖြင့် သတ်ဖို့ရန် ကြိုးစားခဲ့သောကြောင့် ဘုရားသခင်သည် ကွယ်ကာတော်မူခဲ့၏။ ဘုရားသခင်က ဒါဝိဒ်နှင့် ယောနသန်၏ မိတ်ဆွေဖြစ်ခြင်းကို အသုံးပြုတော်မူ၏။ ရှမွေလနှင့် ယောနသန်က ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လိမ့်မည်ကို သိခဲ့ကြ၏။ ရှောလုကလည်း ထိုအကြောင်းကို သိသဖြင့် ဒါဝိဒ်ကို မုန်းတီးခဲ့ပါသည်။

ရှောလုသည် သူ့သား ယောနသန်နှင့် သူ့အစေခံကျွန်များအား ဒါဝိဒ်ကို သတ်ဖို့ရန် အမိန့်ပေးခဲ့ပါသည်။ မိမိ၏ရာဇပလ္လင် စွန့်လွှတ်ရမည်ကို စိုးရိမ်သောကြောင့် ထိုသို့ပြုရခြင်းဖြစ်ပါသည်။ ထို့ပြင် ဣသရေလ၏အနာဂတ် ရှင်ဘုရင်သည် မိမိမျိုးဆက် ဖြစ်စေလိုသောကြောင့်လည်း ဖြစ်ပါ၏။ ရှောလု၏ ရည်ရွယ်ချက်သည် နိုင်ငံရေးနှင့်ဆိုင်သော လူသတ်မှုပင်ဖြစ်ပါသည်။ မနာလိုဝန်တိုမှုမှထွက်လာခြင်းလည်းဖြစ်၏။ သမ္မာကျမ်းစာထဲတွင်၊ ထိုသို့သောအမှုကို ဇာတိပကတိ အမှုဟု ဖော်ပြခဲ့ပါသည်။ ရှင်ဘုရင်သည် စိတ်နှလုံး ယိုယွင်းပျက်စီးမှု၏ စိုးမိုးခြင်းကို ခံရလျက်၊ အပြစ်မဲ့သောသူကို သတ်လိုခဲ့ပါသည်။ တိုင်းပြည်နှင့်လူမျိုး အုပ်စိုးခြင်းအာဏာသည် ဘုရားသခင်၏အခွင့်အာဏာအားဖြင့်ဖြစ်ကြောင်း သူသိခဲ့သင့်ပါသည်။ သူကိုယ်တိုင်လည်း ဘုရင့်မျိုးနွယ်မှ ဆင်းသက်လာသူ မဟုတ်၊ ဘုရားသခင်က ရှမွေလအား ဘိသိက်ပေးစေလျက် ထိုသို့ ဘုရင်ဖြစ်လာခဲ့ခြင်းသာဖြစ်၏။ ယခု ငြင်းပယ်ခံရခြင်းသည်လည်း သူ၏အမှားကြောင့်ဖြစ်ပါသည်။

ရှောလုသည် ဒါဝိဒ်ကို ပြဿနာရှာနေစဉ်၊ ယောနသန်သည် ဒါဝိဒ်ကို ချစ်ခင်လျက် ခမည်းတော်လက်မှ ကာကွယ်ပေးခဲ့ပါသည်။ ဒါဝိဒ် ကောင်းကြောင်းကို ခမည်းတော်ထံ ပြောပြလျက်၊ အပြစ် မရှိသောသူအပေါ် အပြစ် မကျူးလွန်ဖို့ရန် ကြိုးစားပြောပြခဲ့ပါသည်။ ဒါဝိဒ်သည် မိမိ၏ အသက်ကို မငဲ့ဘဲ တိုင်းပြည်ကို ကာကွယ်လျက် ဂေါလျတ်ကို သတ်ခဲ့ပါသည်။ ဘုရားသခင်က ဣသရေလကို ကယ်တင်ဖို့ရန် သူ့ကို အသုံးပြုတော်မူခဲ့၏။ ရှင်ဘုရင်ကိုယ်တိုင်လည်း ထိုအောင်မြင်မှု၌ ဝမ်းမြောက်ခြင်းရှိခဲ့ပါသည်။ ဒါဝိဒ်ကို သတ်ခဲ့လျှင် အပြစ်မဲ့သောသူ၏ အသွေး၌ အပြစ်ကျူးလွန်ခဲ့မည်ဖြစ်ကြောင်း ယောနသန်က ခမည်းတော်ကို ပြောပြခဲ့ပါသည်။ ထို့ကြောင့် ရှောလုသည် မိမိ၏ ဆုံးဖြတ်ချက်ကို ပြန်လည် သုံးသပ်ခဲ့ပါသည်။ ထာဝရဘုရား၏နာမတော်ဖြင့် ဒါဝိဒ်သည် အသေသတ်ခြင်း ခံရမည် မဟုတ်ကြောင်း ရှောလု ကျိန်ဆိုခဲ့ပါသည်။ ယောနသန်သည် ဒါဝိဒ်အား အကျိုးအကြောင်း အစဉ် ပြောပြလျက်၊ သူတို့၏ မိတ်ဆွေဖြစ်ခြင်းသည် တည်မြဲခဲ့ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းဘက်၌ ရပ်တည်တိုက်လှန်ဖို့ရန် ရဲရင့်ခြင်း လိုအပ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ် အသက်တာ၌ ကိုယ်တော်၏ သမ္မာတရား ထင်ရှားပါစေ။

**၁ ရာ ၁၈**
ဧဖက် ၆း၁၀-၁၇

*"ဘုရားသခင်အားဖြင့်၎င်း၊
တန်ခိုးတော်အရှိန်အားဖြင့်၎င်း၊ ခိုင်ခန့်ခြင်းရှိကြလော့"*

## ဒါဝိဒ်သည် စစ်ပွဲတိုင်း၌ အောင်မြင်မှုရ၏

ရှောလုသည် ဒါဝိဒ်ကို သတ်ဖို့ရန် နည်းလမ်းမျိုးစုံရှာခဲ့ပါသည်။ စစ်မြေပြင်၌ အစဉ်ရှိနေခဲ့လျှင် ရန်သူလက်ဖြင့် ဒါဝိဒ် သေလိမ့်မည်ဟု သူထင်မှတ်ခဲ့၏။ မိမိ၏သမီးကို ဒါဝိဒ်အား ဇနီးအဖြစ် ပေးခဲ့လျက်၊ အစဉ် စောင့်ကြည့်ပြီး အချိန်ကောင်းရသောအခါ သတ်မည်ဟု ကြံစည်၏။ သို့သော်လည်း၊ ဒါဝိဒ်သည် အခက်အခဲတိုင်းကို ကျော်လွှားနိုင်ခဲ့ပါသည်။ ရှင်ဘုရင်က မိမိ၏သမီးအား ဒါဝိဒ်ထံ ပေးစားခြင်းအမှု၌ လက်ဖွဲ့အဖြစ် အခြားအရာ မတောင်းဘဲ ဖိလိတ္တိလူတို့၏ အရေဖျားတစ်ရာကို တောင်းခဲ့ပါသည်။ ရှောလု၏ရည်ရွယ်ချက်မူကား၊ ဖိလိတ္တိလူတို့လက်၌ ဒါဝိဒ် သေစေရန်ဖြစ်ပါသည်။ ဒါဝိဒ်သည် ထိုအမှုကို သဘောတူခဲ့ပါသည်။

ဒါဝိဒ်သည် ဖိလိတ္တိလူ နှစ်ရာကို သတ်ခဲ့ပါသည်။ ရှောလု တောင်းသောအရေအတွက်၏ နှစ်ဆဖြစ်ပါသည်။ ရှောလုက ဒုတိယ သမီးဖြစ်သော၊ မိခါလကို ဒါဝိဒ်အား ဇနီးအဖြစ်ပေးခဲ့ပါသည်။ အရာခပ်သိမ်းတို့သည် ကောင်းကျိုးအတွက် ဖြစ်ပျက်ကြပါသည်။ ဘုရားသခင်သည် ဒါဝိဒ်နှင့်အတူရှိတော်မူသောကြောင့်၊ ဒါဝိဒ်သည် ဘာကိုမှ မကြောက်ပါ။ ရှောလု၏ မကောင်းသော ကြံစည်မှုနှင့် ခက်ခဲသောအခြေအနေ၌လည်း ဒါဝိဒ်သည် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ပါသည်။

အနာဂတ် ရှင်ဘုရင် ဒါဝိဒ်သည် ရှောလု ပြုသောအမှုကို နားလည် သဘောပေါက်သော်လည်း၊ သူသည် ဘုရားသခင် ကြောက်ရွံ့ခြင်းသဘော၊ ဉာဏ်ပညာနှင့်ယှဉ်လျက် တုံ့ပြန်ခဲ့ပါသည်။ ရှောလု သမီးအား မိမိထံ ပေးစားသောအခါ၌လည်း နှိမ့်ချသောစိတ်သဘော ရှိခဲ့ပါသည်။ မိမိသည် ရှင်ဘုရင်၏သမက်တော်ဖြစ်ဖို့ ထိုက်တန်ခြင်း မရှိဟုဆိုခဲ့ပါသည်။ ဘုရားသခင်သည် ဒါဝိဒ်နှင့်အတူရှိတော်မူလျက်၊ စောင့်ရှောက်တော်မူခဲ့ပါသည်။ အတူပါရှိတော်မူခြင်းအကြောင်းသည် ဖိလိတ္တိလူ ဂေါလျတ် သတ်ခဲ့ခြင်းအမှု၌ ထင်ရှားခဲ့ပြီ ဖြစ်ပါသည်။ ဒါဝိဒ်သည် ပညာဉာဏ်နှင့်ယှဉ်လျက် ပြုမူ နေထိုင်သောကြောင့်၊ ရှောလုသည် ဒါဝိဒ်ကို ကြောက်ခဲ့ပါသည် (၁ ရာ ၁၈း၁၂-၁၄)။

ရှင်ဘုရင် ဖြစ်ဖို့ရန် ဒါဝိဒ် ဘိသိက်ပေးခြင်းခံရပြီးမှ ဤအမှုများ ဖြစ်ပျက်ခြင်း ဖြစ်ပါသည်။ ရှောလု၏နေရာကို ဆက်ခံမည်ဟု ထင်မှတ်ရသော ယောနသန်အား ဘုရားသခင်က ဒါဝိဒ်၏ အကောင်းဆုံး မိတ်ဆွေဖြစ်တော်မူစေခဲ့ပါသည်။ ရှောလုသည် ဒါဝိဒ်ကို သတ်မည်ဟု ဆုံးဖြတ်ခဲ့သော်လည်း၊ ဘုရားသခင်က ကွယ်ကာစောင့်ရှောက်တော်မူခဲ့ပြီး၊ အောင်မြင်မှုကို ပေးတော်မူခဲ့၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဉာဏ်ပညာအပေါင်း၏အရင်းအမြစ်ဖြစ်တော်မူ၏။ ယုံကြည်ကိုးစားထိုက်သောသူ ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏စုံလင်သော စစ်ဝတ်တန်ဆာကို ဝတ်ဆင်လျက်၊ ဝိညာဉ် စစ်ပွဲများ၌ အနိုင်ရ စေတော်မူပါ။





**၁ ရာ ၁၃**
သု ၂၇း၁-၆

*"နက်ဖြန်နေ့ကို အမှီပြု၍ မဝါကြွားနှင့်။
တရက်အတွင်းတွင် အဘယ်သို့ ဖြစ်လိမ့်မည်ကို မသိနိုင်"*

## ရှောလု၏ အားနည်းချက် ပေါ်လွင်လာခဲ့ပါသည်

ရှောလုသည် ဘုရင်ဖြစ်သော်လည်း၊ ဘုရားသခင်နှင့် ဘုရားသခင်၏လူ ရှမွေလ၏ လမ်းညွှန်မှု မပါဘဲ ကြီးသောအမှု မပြုနိုင်ပါ။ ရှင်ဘုရင်စနစ်၏ အားနည်းချက် စတင်ပေါ်လွင်လာခဲ့၏။ ဣသရေလသည် ထူးကဲသောလူမျိုးဖြစ်သောကြောင့် အခြားလူမျိုးများနှင့် မနှိုင်းယှဉ်သင့်ပါ။ သို့သော်လည်း၊ သူတို့သည် ရှင်ဘုရင်ကို အတင်းတောင်းခဲ့ကြပါသည်။ ရှောလု၏အားနည်းချက် စတင်ပေါ်လွင်လာခဲ့ပါသည်။

ဘုရားသခင်သည် မိမကိုယ်ကို မှန်ကန်စွာ မသုံးသပ်နိုင်သော ဣသရေလလူတို့ အပေါ်၌ ကရုဏာ ထားတော်မူခဲ့ပါသည်။ သို့သော်လည်း၊ သူတို့သည် မိမိတို့၏ခွန်အားဖြင့် မရပ်တည်နိုင်ကြကြောင်း သဘောပေါက်လာခဲ့ပါသည်။ ဘုရားသခင်၏ ပရောဖက်ဖြစ်သော ရှမွေလက သူတို့၏ ရှင်ဘုရင် တောင်းလျှောက်မှုကို အစ၌ ဆန့်ကျင်ခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်က သူတို့ တောင်းလျှောက်မှုကို လက်ခံဖို့ရန် မိန့်တော်မူခဲ့၏။ ယခုတွင်၊ ရှင်ဘုရင်သည် ကျဆုံးခြင်းဘက်သို့ ဦးတည်ခဲ့ပါသည်။ ဘုရားသခင်က သူတို့အား ခက်ခဲသောနည်းလမ်းဖြင့် သင်ခန်းစာ ပေးတော်မူခဲ့၏။ ရှမွေလသည် ဝိညာဉ်ရေးနှင့်ဆိုင်သော ခေါင်းဆောင်မှုကို ပံ့ဆောင်လျက်၊ ရှောလုသည် ဇာတိပကတိ သဘောနှင့်ဆိုင်သော ခေါင်းဆောင်မှုကို ပံ့ဆောင်ခဲ့ပါသည်။

အိမ်နီးချင်း ဖိလိတ္တိလူတို့က အရင်ဦးဆုံး ပြဿနာရှာခဲ့ကြ၏။ သူတို့သည် များစွာသော စစ်တပ်နှင့် မြင်းရထားများကို စုဆောင်းလျက်၊ ရှောလု၏ ပေါ်ပေါက်ခါစ စစ်တပ်ကို အနိုင်တိုက်မည်ဟု ယုံကြည်မှုအပြည့်ဖြင့် ဆုံးဖြတ်ချက် ချခဲ့ကြပါသည်။ သူတို့၌ မြင်းရထားများ၊ မြင်းစစ်သူရဲများနှင့် များစွာသော စစ်တပ်ရှိပါသည်။ သူတို့သည် ဣသရေလသို့ စစ်တိုက်ဖို့ရန် ချီတက် လာခဲ့ပါသည်။ ဣသရေလလူတို့သည် အောင်မြင်မှု ရဖို့ရန် အခွင့်အရေးနည်းကြောင်း သိခဲ့ကြပါသည်။ ဖိလိတ္တိလူတို့ကို မတိုက်ရဲခဲ့ကြပါ။ ထို့ကြောင့်၊ ဥမင်၊ တောနက်နှင့် ကျောက်ကြားများ၌ ပုန်းနေခဲ့ကြပါသည်။ အချို့သည် ယောဒန်မြစ် တဖက်ကမ်းသို့ ထွက်ပြေးခဲ့ကြ၏။ ရှောလုသည် ဂိလဂါလမြို့တွင်ရှိ၍ သူ့နောက်လိုက်များတို့သည် အလွန် ထိတ်လန့်ခြင်း ရှိခဲ့ကြပါသည်။

ရှမွေလသည် မီးရှို့ရာယဇ်ကို ပူဇော်ဖို့ရန် ချိန်းချက်သော အချိန်၌ ရှောလုထံ ရောက်မလာဘဲ နောက်ကျခဲ့ပါသည်။ ရှောလုနှင့်အတူ ရှိခဲ့ကြသောလူတို့သည်လည်း ထွက်သွားခဲ့ကြ၏။ ထိုအခါ ရှင်ဘုရင်သည် စိတ်မရှည်တော့ဘဲ၊ ယဇ်ပူဇော်ခြင်းအမှုကို ကိုယ်တိုင် ပြုခဲ့ပါသည်။ ထိုသန့်ရှင်းသောအမှုတော် ဆောင်ရွက်ခြင်းသည် သူ့အတွက် မပြုအပ်သောအမှု ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူများကို လမ်းပြ ဦးဆောင်သောသူသည် ဇာတိစိတ်သဘော ရှိသောသူ မဖြစ်ရပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ပေးအပ်တော်မူသော ဝတ္တရားများကို စုံလင်စေဖို့ရန် ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်များကို လမ်းပြကွယ်ကာတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၇)
**၁ ရာ ၁၃**
၆ ရာ ၂၆း၁၆-၂၁

*“ကိုယ်အကျိုးနည်းအောင် ထောင်လွှားသော စိတ်ထသဖြင့်၊ မိမိ ဘုရားသခင် ထာဝရဘုရားကို ပြစ်မှား၍”*

## ရှောလု၏ပထမဆုံးပြစ်မှားမှုက ကျဆုံးခြင်းသို့ပို့ဆောင်၏

တိုင်းပြည် ကာကွယ်ခြင်း တာဝန်တွင် ရန်သူများအား တိုက်ခိုက် မောင်းထုတ်ခြင်း ပါဝင်ပါသည်။ ထိုအမှုအတွက် စစ်တပ် စုဆောင်း စောင့်ရှောက်ခြင်း လိုအပ်ပါသည်။ ရန်သူကို တိုက်ခိုက်သောအခါ၊ စစ်သူရဲတို့သည် လက်နက် ကိုင်စွဲဖို့လိုပါသည်။ ထိုလက်နက်များကို အလှပြ ကိုင်ဆောင်ခြင်း မဟုတ်ဘဲ၊ မိမိကိုယ်ကို ကာကွယ်ဖို့ရန် လိုအပ်သောအချိန်၌ အသုံးပြုရပါမည်။ ထိုတိုင်းပြည် ကာကွယ်ခြင်းအမှုသည် ရှောလု၏တာဝန်ဖြစ်လာခဲ့ပါသည်။

သို့သော်လည်း၊ မီးရှို့ရာယဇ်ကို အလျင်စလို ပူဇော်ခဲ့ခြင်းသည် ရှောလု၏ စတင်ကျဆုံးခြင်းပင်ဖြစ်ပါသည်။ ရှမွေလ ရောက်လာသောအခါ၊ အဘယ်သို့ပြုသနည်းဟု ရှောလုကို မေးခဲ့ပါသည်။ ရှောလုက သူ၏စိုးရိမ်မှုကို ဖော်ပြခဲ့ပါသည်။ ရှမွေလက ရှောလုအား ဘုရားသခင်၏ပညတ်တရားကို မလိုက်လျှောက်ဘဲ၊ မိုက်မဲစွာ ပြုခဲ့ပြီဟု ပြောခဲ့၏။ သူသည် နာခံခြင်းရှိခဲ့ပါလျှင်၊ ဘုရားသခင်သည် သူ့ကို ဣသရေလ၌ တည်မြဲစေတော်မူခဲ့မည်ဖြစ်ပါသည်။ သို့သော်လည်း၊ သူ၏နာမခံခြင်းကြောင့် သူ၏အုပ်စိုးခြင်းအာဏာသည် ဆက်လက်တည်မည် မဟုတ်တော့ပါ။

ရှမွေလက ဘုရားသခင်သည် မိမိ၏စိတ်တော်နှင့်ညီညွတ်သောသူကို ရှာခဲ့ပြီဖြစ်ကြောင်း အသိပေးခဲ့ပါသည်။ ရှောလု၏ အုပ်စိုးခြင်းအာဏာကို ရုပ်သိမ်းခဲ့ပါသည်။ ရှောလု ပြုသကဲ့သို့ ယဒ ရှင်ဘုရင် ဩဇိသည်လည်း ပြုခဲ့ပါသည်။ ထို့ကြောင့် သူသည် သေသည်အထိ နူနာစွဲ ခဲ့ပါသည်။ ဤအဖြစ်အပျက်များက ဘုရားသခင်၏စကားတော်ကို အလုံးစုံ နာခံရမည်ဖြစ်ကြောင်း သွန်သင်လျက်ရှိပါသည်။ ထို့ကြောင့်၊ လိုအပ်သော အရည်အချင်း မရှိဘဲ အဘယ်သူကမျှ သန့်ရှင်းသော အမှုတော်ကို မဆောင်ရွက်ရပါ။

ရှောလုနှင့်သူ့သား ယောနသန်တို့သည် ဂိဗာမြို့၌ ကျန်နေခဲ့ကြ၏။ ရန်သူများသည် တိုက်ခိုက်ဖို့ရန် အသင့်ရှိခဲ့ကြပါသည်။ ဖိလိတ္တိလူတို့က ပန်းပဲဆရာများကို ဖယ်ရှားခဲ့သောကြောင့် (၁ ရာ ၁၃း၁၉) ဣသရေလသည် အောင်နိုင်ဖို့ အခွင့်အရေး နည်းပါးခဲ့ခြင်းဖြစ်ပါသည်။ သူတို့သည် မိမိတို့၏ သံနှင့်ပတ်သက်သော တန်ဆာပလာတို့တွင် ဖိလိတ္တိလူတို့ကို အားကိုးခဲ့ရ၏။ ထို့ကြောင့်၊ စစ်ပွဲဖြစ်သောအခါ၊ သူတို့သည် ရှုံးနိမ့်သူဖြစ်ခဲ့ကြရ၏။ ယခုတွင်လည်း၊ ဣသရေလူတို့နှင့် သူတို့၏ ရှင်ဘုရင်သည် သူတို့၏ပြည်ကို စောင့်ရှောက် ကာကွယ်ပေးဖို့ရန် ဘုရားသခင် လိုအပ်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူများကို စောင့်ရှောက်ဖို့ရန် စစ်မှန်သောတန်ခိုးသည် ဘုရားသခင်ကိုယ်တိုင် ပင်ဖြစ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ အပြစ်ကို ဆန့်ကျင်လျက် ကိုယ်တော်ဘက်၌ ရပ်တည်မည် ဟူသော ခိုင်မာသည့် ဆုံးဖြတ်ချက်ကို စွဲကိုင်လိုပါ၏။



တနင်္ဂနွေ၊ နိုဝင်ဘာ (၂၄)
**၁ ရာ ၁၈**
သု ၂၂း၄

*“စိတ်နှိမ့်ချခြင်း၊ ထာဝရဘုရားကို ကြောက်ရွံ့ခြင်း ကျေးဇူးကြောင့် စည်းစိမ်၊ ဂုဏ်အသရေ၊ အသက်ကို ရတတ်၏”*

## ဒါဝိဒ် ကျော်ကြားလာခြင်း

ဒါဝိဒ်သည် ဉာဏ်ပညာနှင့်ယှဉ်လျက် နေထိုင်ပြုမူခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ရှင်ဘုရင် ရှောလု စေလွှတ်သောနေရာတိုင်းသို့ သူ သွားခဲ့ပါသည်။ ဣသရေလလူအပေါင်းက သူ့ကို ချစ်ကြ၏။ ဂေါလျတ်ကို သတ်နိုင်ခဲ့ခြင်းက သူ့ကို ကျော်ကြားစေခဲ့ပါသည်။ သိုးထိန်းဘဝမှ တိုင်းပြည်သူရဲကောင်း ဖြစ်လာခဲ့ပါသည်။ သူသည် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ကြောင်း ပြသခဲ့၏။ ထိုအချက်သည် ရှင်ဘုရင် တဦး လိုအပ်သော ပထမဆုံးအရည်အချင်းဖြစ်ပါသည်။ တိုင်းပြည်တိုင်းက ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးကို လိုချင်ခဲ့ကြ၏။ ရှောလုသည် ကြိုးစားခဲ့သော်လည်း၊ ဂေါလျတ်ကို မနိုင်ခဲ့ပါ။ ဒါဝိဒ်က ထိုစိန်ခေါ်မှုကို ရင်ဆိုင်ခဲ့ပါသည်။ သူသည် ရှင်ဘုရင် နေရာအတွက် ဘုရားသခင် ရွေးချယ်တော်မူသောသူ ဖြစ်ပါသည်။

ဒါဝိဒ်သည် ဂေါလျတ်ကို သတ်ပြီး ပြန်လာသောအခါ၊ သီချင်းဖြင့် ကြိုဆိုခဲ့ကြပါသည်။ မိန်းမများက ရှောလုသည် အထောင်ထောင်၊ ဒါဝိဒ်သည် အသောင်းသောင်း သတ်ခဲ့ပြီဟု ကြွေးကြော်ခဲ့ပြီး၊ လူထုက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပါသည်။ ထိုအခါ ရှောလုသည် အလွန်အမျက်ထွက်၍ ဒါဝိဒ်ကို အစဉ် ချောင်းမြောင်းခဲ့ပါသည်။ ရှောလုအား ဘုရင်အဖြစ်မှ မငြင်းပယ်ခဲ့ကြသော်လည်း၊ မိမိသည် ဣသရေလလူတို့၌ နေရာ ပျောက်လျက်ရှိကြောင်း သိလာခဲ့ပါသည်။ တနေ့တွင် ဒါဝိဒ်သည် ရာဇပလ္လင်ကို ဆက်ခံမည်ကို သိမှတ်ခဲ့ပြီး၊ မကောင်းကြံစည်လျက် နေခဲ့၏။ သူ့သား ယောနသန်သည်လည်း ဒါဝိဒ်ကို သနားကျင်နာလျက်ရှိပြီး၊ သူ့အတွက် ရာဇပလ္လင်ကို စွန့်လွှတ် လိုခဲ့ကြောင်း သူသိခဲ့ပါသည်။

ရှောလုသည် ထိုသို့သော စိတ်သဘောထားရှိသော်လည်း၊ ဒါဝိဒ်သည် သူ့အပေါ်၌ သစ္စာရှိစွာ မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ခဲ့ပါသည်။ စောင်းတီးပေးလျက်၊ စစ်တိုက်ဖို့ရန် စေလွှတ်သောအခါ သွားခဲ့ပါသည်။ ဣသရေလလူအပေါင်းက ဒါဝိဒ်သည် တတ်စွမ်းနိုင်သော၊ အရည်အချင်းရှိသော ခေါင်းဆောင်ဖြစ်ကြောင်း သိခဲ့ကြ၏။ ဒါဝိဒ်သည် ရှောလု၏ လုပ်ကြံ ကြိုးစားမှု နှစ်ကြိမ်ကို ရှောင်ထွက်နိုင်ခဲ့ပါသည်။ ဘုရားသခင်သည် ဒါဝိဒ်နှင့်အတူရှိတော်မူပြီး၊ ရှောလုထံမှ ထွက်ခွါတော်မူခဲ့ပါသည်။ ဣသရေလလူအပေါင်းတို့က ဒါဝိဒ်ကို ချစ်ကြသောကြောင့်၊ ရှောလုသည် စိုးရိမ် ခဲ့ပါသည်။ ဒါဝိဒ်သည် တာဝန်သိလျက် လိမ္မာစွာ နေထိုင်ပြုမူသောကြောင့် အရာရာတိုင်းသည် သူ့အတွက် မျက်နှာသာရခြင်းကို ဖြစ်စေ၏။ သမ္မာကျမ်းစာက ဘုရားသခင်သည် ဖြစ်လာမည့် အရာတိုင်းကို မိမိ၏အဆုံးစွန်အာဏာတော်၏အလိုတော်အားဖြင့် ခွဲခန့်စီမံထားတော်မူခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ လူတို့အပေါ် ပြုသောအမှုအားဖြင့် ဘုရားသခင်သည် မိမိ၏အလိုတော်ကို လူတို့ထံ ဖော်ပြလေ့ရှိပါသည်။ ဘယ်အခြေအနေ၌မဆို ဘုရားသခင်သည် အစဉ် အနိုင်ရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းသည် ဘုရားသခင်အား အလုံးစုံ ကိုးစားခြင်း ဖြစ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို ကိုးစားသော အကျွန်ုပ်အား ကိုယ်တော်၏အလိုတော် အတိုင်း လမ်းပြ ပို့ဆောင်တော်မူပါ။

စနေ၊ နိုဝင်ဘာ (၂၃)

**၁ ရာ ၁၈**

၁ ပေ ၂း၁၃-၁၇

*"သခင်ဘုရား၏ မျက်နှာကို ထောက်လျက်၊ အထွဋ်အမြတ်တည်းဟူသော ရှင်ဘုရင်ဖြစ်စေ၊ . . . လူတို့တွင် စီရင်ခန့်ထားသမျှသော မင်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့"*

## ဣသရေလ ရှင်ဘုရင်အတွက် ဒါဝိဒ် ရာထားခြင်း ခံရ၏

ဖိလိတ္တိလူ လူကောင်ထွားကြိုင်းသောသူကို ဒါဝိဒ် သတ်ခဲ့ပြီးနောက်၊ ရှောလု၏သား ယောနသန်သည် ဒါဝိဒ်ကို ချစ်ခင်ခဲ့၏။ သူတို့၏ မိတ်ဆွေဖြစ်ခြင်းကို ပဋိညာဉ်ပြုခဲ့ကြပါသည်။ သို့သော်လည်း၊ ရှင်ဘုရင် ရှောလုသည် ဒါဝိဒ်အပေါ်၌ အဆိုးမြင်လျက် သတ်ဖို့ရန် ကြံရွယ်ခဲ့ပါသည်။ ဒါဝိဒ်အား ဣသရေလလူအပေါင်းက ချစ်ကြသောကြောင့် သူသည် စိတ်ဆိုးခဲ့ပါသည်။ ဒါဝိဒ်အား ဖိလိတ္တိလူတို့၏ ဓားဖြင့် သေစေခြင်းငှါ၊ စစ်မြေပြင် ရှေ့တန်းသို့ အကြိမ်ကြိမ် စေလွှတ်ခဲ့၏။

ဒါဝိဒ်သည် စစ်ပွဲကို ရှောင်လေ့ မရှိပါ။ အကြိမ်တိုင်း အောင်မြင်မှု ရခဲ့၏။ ထောင်ချောက်အဖြစ်၊ ရှောလုက မိမိ၏သမီးတော်ကို ဇနီးအဖြစ် ပေးခဲ့ပါသည်။ ထိုသို့ သူ့သမီးနှင့် လက်ထပ်ဖို့ရန် ဖိလိတ္တိလူတို့၏ အရေဖျား တရာကို တောင်းခဲ့ပါသည်။ ဒါဝိဒ်ကလည်း သဘောတူလျက်၊ တောင်းသော အရေမတွက်၏နှစ်ဆကို ပေးခဲ့ပါသည်။ ထိုသို့ ရှောလု၏သမီးကို လက်ထပ် ယူခဲ့ပါသည်။

ဒါဝိဒ်အပေါ် ထားရှိသော ယောနသန်၏ မိတ်ဆွေစိတ်သဘောသည် ညီအစ်ကို ချစ်ခြင်းပင်ဖြစ်ပါသည်။ ရှောလု၏သားဖြစ်သောကြောင့်၊ ယောနသန်သည် ရှင်ဘုရင်အရိုက်အရာကို အမွေခံရမည့်သူဖြစ်ပါသည်။ သို့သော်လည်း၊ တိုင်းပြည်၌ ဒါဝိဒ်၏နာမည် ကျော်စောခြင်းက ရှောလုကို စိုးရိမ်စေခဲ့ပါသည်။ သူသည် ယောနသန်အား မိမိနေရာကို ဆက်ခံစေလို၏။ သို့သော်လည်း၊ တကယ်တမ်းတွင်၊ ယောနသန်သည် ဒါဝိဒ်ကို ချစ်ခင်လျက်၊ ဣသရေလ၏ အနာဂတ် ရှင်ဘုရင်သည် ဒါဝိဒ်ဖြစ်ကြောင်း သိမှတ်ခဲ့ပါသည်။ ထို့ကြောင့် ဒါဝိဒ်ထံ ရာဇပလ္လင်ကို ပေးလိုခြင်းရှိ၏။ သူတို့အကြား ပြုခဲ့သော ပဋိညာဉ်က ဒါဝိဒ်သည် ဘုရားသခင် ရွေးချယ်တော်မူသောသူ ဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။

ရှမွေလက တိတ်တဆိတ် ဘိသိက်ပေးခဲ့ပြီဖြစ်သောကြောင့်၊ ဒါဝိဒ်သည် နောက်တတ်လာမည့် ရှင်ဘုရင်ဖြစ်ပါသည်။ ယောနသန်၏အပြုအမူသည် ငြိမ်းချမ်းသော ပြောင်းလဲ ဆက်ခံမှုအတွက် ဘုရားသခင် လက်တော်၏နည်းလမ်းဖြစ်ခဲ့ပါသည်။ ယောနသန်၏ အပြောအဆိုနှင့် အပြုအမူတို့သည် ဒါဝိဒ်အား ရှင်ဘုရင်အဖြစ် ကြေငြာသကဲ့သို့ဖြစ်ပါသည်။ မိမိ၏ဝတ်လုံနှင့် စစ်ဝတ်တန်ဆာပေးအပ်ခြင်းက ယောနသန်သည် ဒါဝိဒ်အား ဘုရင်အဖြစ် သတ်မှတ်ကြောင်း ဖော်ပြလျက်ရှိ၏။ အဖြစ်အပျက်အားလုံးက ဒါဝိဒ်သည် ရှောလု၏နေရာကို ဆက်ခံမည့်သူဖြစ်ကြောင်းကို ညွှန်ပြခဲ့ပါသည်။ ဒါဝိဒ်က မိမိသည် ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု သိခဲ့သော်လည်း၊ မတရားသောနည်းလမ်းဖြင့် မလှုပ်ရှားခဲ့ပါ။ ဒါဝိဒ်သည် ရာဇပလ္လင်ကို ဆက်ခံဖို့ရန် ဘုရားသခင် ဖော်ပြမည့် စစ်မှန်သောအချိန်ကို စောင့်လျက် နေခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ခန့်ထားတော်မူသောအမှုကို လူက မပြောင်းလဲစေနိုင်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်တို့အား နိုင်ငံ့ခေါင်းဆောင်ကောင်းများ ပေးသနားတော်မူပါ။



သောကြာ၊ နိုဝင်ဘာ (၈)

**၁ ရာ ၁၄း၁-၂၃**

တော ၁၃း၃၀-၃၃

*"ချက်ခြင်းချီသွား၍ ထိုပြည်ကို သိမ်းယူကြစို့။ အောင်နိုင်ကောင်းသည် ဟုဆို၍"*

## ယောနသန်က ခေါင်းဆောင်၏အရည်အချင်းများကို ပြသခဲ့၏

ရှောလု၏အကြီးဆုံးသား၊ ယောနသန်သည် တာဝန်သိတတ်သောသူဖြစ်ပါသည်။ ဣသရေလ၏ ရာဇပလ္လင်သည် ရှောလုမိသားစု၌ ဆက်လက်တည်ခဲ့ပါလျှင်၊ သူသည် သူ့ခမည်းတော်ထက်ပိုကောင်းသော ဘုရင်ဖြစ်မည်ဟု ထင်ရပါသည်။ သူသည် ဖိလိတ္တိတပ်ရှိရာသို့ စွန့်စားသွားခဲ့ပါသည်။ သူသည် မိမိ၏လက်နက်ဆောင်လုလင်နှင့်သာ သွားခဲ့ခြင်းဖြစ်ပါသည်။ သူသည် ရန်သူတပ်ကို မိမိ၏နည်းပရိယာယ်ဖြင့် တိုက်ခိုက်ခဲ့ပါသည်။ ထိုအမှုသည် ဖိလိတ္တိလူတို့အပေါ် ဣသရေလ၏အောင်မြင်မှု ပထမခြေလှမ်းဖြစ်ခဲ့ပါသည်။ ထိုအောင်မြင်မှု၌ ဘုရားသခင် လက်တော်၏လမ်းပြဦးဆောင်မှု ထင်ရှားစွာ တွေ့ရပါသည်။

ဖိလိတ္တိလူတို့အား သွားရောက်ရင်ဆိုင်ခြင်းအမှု၌ ယောနသန်ပြုသောမှတ်ချက်က ဘုရားသခင်သည် ကယ်တင်တော်မူနိုင်သောဘုရားဟု သူ ယုံကြည်ခဲ့သည်ကို ထင်ရှားစေပါသည်။ သူသည် ဣသရေလ၏ဘုရားသခင်ကို ယုံကြည်သောသူ၊ သတ္တိရှိသောသူဖြစ်ပါသည်။ စစ်တပ်ကြီးကို လူနှစ်ဦးတည်းဖြင့် အနိုင်ယူခြင်းသည် မယုံနိုင်စရာကောင်းသောအမှုဖြစ်သည် မဟုတ်လော။ ဘုရားသခင်နှင့်အတူ အရာခပ်သိမ်း ဖြစ်နိုင်သည်ဟု သူယုံကြည်ခဲ့ပါသည်။ ယောနသန်သည် မိမိ၏ရည်ရွယ်ချက်ကို လက်နက်ဆောင်လုလင်ထံ ပြောပြခဲ့ပြီး၊ ထိုသူကလည်း သဘောတူခဲ့ပြီး၊ ရဲရင့်စွာ လိုက်ခဲ့ပါသည်။ လုံးဝ ထင်မှတ်မထားသော အခြေအနေ၌ စိတ်ဓာတ်ရင့်ကျက် လိမ္မာသော သူနှစ်ဦးသည် အောင်မြင်မှု ရခဲ့ပါသည်။

ရှင်ဘုရင်၏သား၊ ယောနသန်သည် ခမည်းတော်ကို မတိုင်ပင်ဘဲ မိမိသဘောဖြင့် ဆုံးဖြတ်ချက်ချနိုင်သောအခွင့် ရှိပါသည်။ သူသည် မိမိ၏ရာထူးကို လိမ္မာပါးနပ်စွာ အသုံးပြုခဲ့ပါသည်။ ဖိလိတ္တိလူတို့က ဟေဗြဲလူတို့သည် သူတို့ပုန်းခိုသောနေရာမှ ထွက်လာကြသည်ဟု ဆိုခဲ့ကြ၏။ ယောနသန်သည် ဘုရားသခင်ကို ကိုးစားလျက် ရန်သူကို ချဉ်းကပ်ခဲ့ပါသည်။ ယောနသန်၏စိတ်နှလုံးသည် မောရှေနှင့်ယောရှု နည်းတူ ရဲရင့်ခြင်းရှိပါသည်။ သူသည် ဣသရေလလူတို့၏ရန်သူများကို ဘုရားသခင်၏မစတော်မူခြင်းဖြင့် အောင်မြင်ခဲ့ကြကြောင်း သိမှတ်ခဲ့ပါသည်။

ဘုရားသခင်က ရှမွေလအား မိမိသည် ဣသရေလ၏ရှင်ဘုရင်ဖြစ်တော်မူကြောင်း ပြောပြတော်မူခဲ့ပါသည်။ သူသည် အရင်ခေါင်းဆောင်များနှင့် တရားသူကြီးများကို အသုံးပြုတော်မူလျက် ဣသရေလပြည်ကို ပြင်ပရန်သူလက်မှ ကွယ်ကာတော်မူခဲ့ပါသည်။ စစ်ပွဲတိုင်းတွင်၊ အောင်နိုင်သူနှင့် ရှုံးနိမ့်သူ ဟူ၍ရှိတတ်ပါသည်။ သို့သော်လည်း၊ လှုပ်ရှားမှု အဖြစ်အပျက်အားလုံး ကဲ့သို့ပင်၊ ဖြစ်လာမည့် ရလဒ်သည် ဘုရားသခင်၏လက်တော်ထဲ၌ရှိ၏။ သူသည် ဤစကြဝဠာနှင့်လောကတခုလုံးကို အစိုးရတော်မူသော၊ ရှင်ဘုရင်ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ မစတော်မူခြင်းသည် အခြေအနေပေါ်၌ မမှီခိုပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်အတွက် ကျွန်ုပ်၏တာဝန် ဝတ္တရားများကို စုံလင်စေမည်အကြောင်း ဉာဏ်ပညာနှင့် ရဲရင့်ခြင်း ပေးသနားတော်မူပါ။

စနေ၊ နိုဝင်ဘာ (၉)
**၁ ရာ ၁၄း၁-၂၃**
ဟေဗြဲ ၁၁း၁-၆

*"ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်း ဖြစ်၏"*

## ယုံကြည်ခြင်းခြေလှမ်းသည် ရန်သူ၏စိတ်ကိုချောက်ခြားစေ၏

ယုံကြည်သူများသည် အမှုတခုခု၌ ယုံကြည်ခြင်းရှိလျက် ဘုရားသခင်ကို ကိုးစားသောအခါ၊ သူတို့နှင့်အတူ ဘုရားသခင်ရှိတော်မူ၏။ ယခုတွေ့ရသော ယောနသန်၏အမှုသည်လည်း ထိုကဲ့သို့ဖြစ်ပါသည်။ ဘုရားသခင်၏လက်တော်သည် သူတို့ကို ဧကန်အမှန် မစတော်မူမည်ဟု လုံးဝယုံကြည်ခဲ့ပါသည်။ သူ၏လက်နက်ဆောင်လုလင်ကလည်း နာခံခဲ့ပါသည်။ ထိုနာခံမှုသည် ယောနသန်အတွက် စိတ်ခွန်အားဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် ဖိလိတ္တိလူတို့ကို သူတို့လက်ထဲသို့ အပ်ပေးလိမ့်မည်ဟု ယုံကြည်ခဲ့ပါသည်။

ယောနသန်နှင့်သူ့လက်နက်ဆောင်လုလင်တို့သည် ရန်သူတပ်၌ စိတ်ချောက်ခြားမှုကို ဖြစ်စေခဲ့ကြပါသည်။ ဖော်ပြခဲ့သည်အတိုင်း၊ စစ်ပွဲ၌ အောင်မြင်မှုသည် ဘုရားသခင်ကို ယုံကြည်ကိုးစားသောစိတ်ဖြင့် စတင်တတ်ပါသည်။ ဤသည်ကား ဘုရားတရား သိသောသူ၏ ယုံကြည်မှုပင်ဖြစ်ပါသည်။ ယခုအမှုဖြစ်သော လူနှစ်ဦး၏ စစ်တပ် အောင်နိုင်ခြင်းသည် လူ့အသိဉာဏ် မဟုတ်ဘဲ၊ ဘုရားသခင်၏ဉာဏ်တော်ပင်ဖြစ်ပါသည်။ ပထမအခေါက်တွင်၊ ယောနသန်နှင့် မိမိ၏လက်နက်ဆောင်လုလင်သည် လူအယောက် နှစ်ဆယ် သတ်ခဲ့ပါသည်။

ဘုရားသခင်က ရန်သူများကို ဣသရေလ၏လက်ထဲသို့ အပ်ခဲ့သည်ဟု ယောနသန် ဆိုခဲ့ပါသည်။ ထိုအစအောင်မြင်မှုသည် ရန်သူကို ဆက်လက် တိုက်ခိုက်ဖို့ရန် ခွန်အားဖြစ်ခဲ့ပြီး၊ အောင်မြင်မှုရမည်ကိုလည်း သိခဲ့ကြပါသည်။ ဖိလိတ္တိ စစ်တပ်ထဲတွင် ထိတ်လန့်မှုရှိလျက်၊ တုန်လှုပ်ခဲ့ကြပြီး၊ မြေကြီးလည်း လှုပ်ခဲ့ပါသည်။ ဤသည်ကား၊ အံ့ဘွယ်အမှုဖြစ်၍ အထက်မှလာသော တန်ခိုးတော်ဖြစ်ကြောင်း သက်သေပင်ဖြစ်ပါသည်။ ဤလူနှစ်ဦးတို့သည် ဖြစ်ပျက်သောအရာကြောင့် ရဲရင့်ခြင်းရှိလျက်၊ နောက်မဆုတ်၊ ခမည်းတော်ထံမှ စစ်ကူလည်း မခေါ်ခဲ့ကြပါ။ ရန်သူတို့သည်လည်း စိတ်ရှုပ်ထွေးကြလျက်၊ ယောနသန် နောက်၌ များစွာသောလူရှိသည်ဟု ထင်မှတ်ပြီး စစ်ကူ မပေးရဲကြပါ။ ယောနသန်က ဘုရားသခင်သည် မိမိတို့နှင့်အတူရှိတော်မူကြောင်း ယုံကြည်ခဲ့ပါသည်။

ဘုရားသခင်၏တန်ခိုးတော်သည် အကန့်အသတ် မရှိပါ။ လူ့အမြင်၌ အခြေအနေသည် ကျွန်ုပ်တို့ဘက်တွင် မရှိဖြစ်နိုင်ပါသည်။ ယုံကြည်ခြင်း မရှိလျှင်၊ ကျွန်တော်တို့သည် စိတ်ပျက်လျက် အရှုံးပေး ပါလိမ့်မည်။ သို့သော်လည်း၊ စိတ်နှလုံးထဲ၌ ဘုရားသခင်ကို သတိရ အောက်မေ့သောအခါ၊ ကျွန်တော်တို့သည် အလွန်အရေးကြီးသော အချိန်တွင် ရဲရင့်ခြင်းရှိလာမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းအတွက် ကြိုးစားတိုင်လှန်သောသူတိုင်းအတွက် ရဲရင့်ခြင်းသည် ဘုရားသခင် ပေးသနားတော်မူသော ကောင်းကြီးမင်္ဂလာ ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ မမြင်နိုင်သောအရာကို မြင်ခြင်းငှါ အကျွန်ုပ်အား ယုံကြည်ခြင်း မျက်စိ ပေးသနားတော်မူပါ။



သောကြာ၊ နိုဝင်ဘာ (၂၂)
**၁ ရာ ၁၇း၂၉-၅၈**
ဆာလံ ၁၀၃း၁-၅

*"အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော် အပေါင်းကို မမေ့လျော့နှင့်"*

## ဒါဝိဒ်သည် ဂေါလျတ်ကို သတ်ခဲ့၏

သူ့အစ်ကို၏ ဆန့်ကျင်မှုစကားကို တုံ့ပြန်သောအားဖြင့်၊ ဒါဝိဒ်က "အကျွန်ုပ်သည် အဘယ် အမှုကို ပြုမိသနည်း။ ယခု ပြောစရာအကြောင်း မရှိလော" (၁ ရာ ၁၇း၂၉) ဟု ဆိုခဲ့ပါသည်။ နောက်ဆုံးတွင်၊ ရှင်ဘုရင်က ဒါဝိဒ်သည် ဂေါလျတ်ကို ရင်ဆိုင် သတ်လိုကြောင်း ကြားသိခဲ့၏။ ထိုအခါ၊ ဒါဝိဒ်က ရှင်ဘုင်အား ဘယ်သူမှ စိတ်မပျက်ရန်နှင့် ဖိလိတ္တိလူကို မိမိတိုက်ခိုက်ဖို့ အသင့်ရှိကြောင်း ပြောကြားခဲ့ပါသည်။ ထိုလူကောင်ထွားကြိုင်းသောသူကို မိမိ သတ်မည်ဟု ယုံကြည်စိတ်ချစွာ ပြောခဲ့၏။ သူ့မျှော်လင့်ချက် အတိုင်းအမှန်ဖြစ်လာမည်အကြောင်းကို မိမိသိုးထိန်းစဉ် ကြုံတွေ့ခဲ့သောအဖြစ်အပျက်များ ပြောပြခြင်းဖြင့် သက်သေထူခဲ့ပါသည်။ မိမိသိုးများကို ခြင်္သေ့နှင့် ဝက်ဝံတို့က ချဉ်းကပ်လာသောအခါ၊ မိမိသည် လက်ချည်းသက်သက်ဖြင့် ထိုအကောင်များကို သတ်လျက် သိုးတို့ကို ကယ်တင်ခဲ့၏။ ထိုနည်းတူ၊ ဂေါလျတ်ကို မိမိ သတ်မည်ဟု ဆိုခဲ့ပါသည်။ ထိုအခါ၊ ရှင်ဘုရင်က ခွင့်ပြုခဲ့ပါသည်။ ဒါဝိဒ်သည် အခြားသူများ လျစ်လျူရှုခြင်း ခံရသော လူငယ်ဖြစ်သော်လည်း၊ သူသည် စိတ်ဓာတ်ပိုင်းတွင် ရှင်ဘုရင်ထက် ပို၍ရင့်ကျက်သောသူဖြစ်ပါသည်။ သူသည် နောက် ရှင်ဘုရင် ဖြစ်မည့်သူ ဖြစ်ပါသည်။

ရှင်ဘုရင် ရှောလုက ဒါဝိဒ်အား မိမိ၏စစ်ဝတ်တန်ဆာ၊ ခမောက်ကို အသုံးပြုစေခဲ့၏။ သို့သော်လည်း၊ ဒါဝိဒ် စမ်းဝတ်ကြည့်ပြီးနောက်၊ မသုံးခဲ့ပါ (၁ ရာ ၁၇း၃၈-၃၉)။ ဒါဝိဒ်၌ သိုးထိန်းသောအခါ အသုံးပြုသော တောင်ဝှေး၊ လွယ်အိတ်နှင့် လောက်လွှဲ သာရှိပါသည်။ သူသည် သွား၍ ချောင်းထဲက ကျောက် ငါးလုံးကို လွယ်အိတ်ထဲ ထည့်ခဲ့ပါသည်။ ထိုအရာတို့သည် ဒါဝိဒ် အတွက် လုံလောက်ခြင်းရှိပါ၏။ ဂေါလျတ်သည် ဒါဝိဒ်အား ကဲ့ရဲ့လျက် မိမိ၏ဘုရားများအားဖြင့် ကျိန်ဆဲခဲ့ပါသည်။ ဒါဝိဒ်က ဂေါလျတ်သည် ဒိုင်း၊ လှံနှင့်အတူ လာခဲ့ပြီး၊ မိမိသည် ဣသရေလ စစ်တပ်၏ ဘုရားသခင်အပေါ် ယုံကြည်ကိုးစားမှုဖြင့် လာခဲ့ကြောင်း ဆိုခဲ့ပါသည်။ ထာဝရဘုရားသည် စစ်မှုကို ပိုင်တော်မူ၏ ဟုဖော်ပြခဲ့ပါသည်။ ထိုအရပ်၌ စုဝေးကြသော ပရိသတ်အပေါင်းတို့က ဘုရားသခင်သည် ဓါး လှံအားဖြင့် ကယ်တင်တော် မမူကြောင်းနှင့် မြေကြီးသားအပေါင်းတို့က "ဣသရေလ၌ ဘုရားသခင် ရှိတော်မူကြောင်း" (၁ ရာ ၁၇း၄၆) ကို သိကြလိမ့်မည်ဟု ဆိုခဲ့ပါသည်။

ဒါဝိဒ်သည် ဂေါလျတ်ကို တချက်တည်းဖြင့် သတ်နိုင်ခဲ့ပါသည်။ ချောင်းထဲမှ ကျောက်ခဲ ငါးလုံး ကောက်ခဲ့သော်လည်း၊ လူကောင်ထွားကြိုင်းသောသူကို သတ်ဖို့ရန် တစ်လုံးတည်းသာ အသုံးပြုခဲ့ပါသည်။ ဒါဝိဒ် အနိုင်ရသည်ကို လူအပေါင်း မြင်ခဲ့ကြရ၏။ ထိုအခါ၊ ဣသရေလလူတို့သည် ရဲရင့်ခြင်းရှိကြလျက်၊ ဖိလိတ္တိလူတို့အား သူတို့၏မြို့များအထိ လိုက်လံ သတ်ခဲ့ကြပါသည်။ ဘုရားသခင်က ဒါဝိဒ်ကို ဣသရေလ၏ သူရဲကောင်းအသစ် ဖြစ်စေတော်မူ၏။ ဘုရားသခင်၏ မစခြင်း အရင်အတွေ့ကြုံသည် အသစ်သောအောင်မြင်မှုအတွက် သာဓကဖြစ်ပါသည်။ ဘုရားသခင်နှင့်အတူ မဖြစ်နိုင်သောအရာ မရှိကြောင်း ဒါဝိဒ် သင်ယူခဲ့ပြီးဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်အတွက် ကြီးသောအမှုကို ကြိုးစားဆောင်ရွက်ပါလော့။

**ဆုတောင်းချက်** - အဖဘုရား၊ ဒါဝိတ်၏စိတ်နှလုံးကဲ့သို့သော စိတ်ကို ကျွန်ုပ်အား ပေးသနားတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၂၁)

**၁ ရာ ၁၇း၁-၂၈**

ဆာလံ ၁၀၁း၁-၅

*"စုံလင်သော တရားအတိုင်း ပညာသတိနှင့် ကျင့်ပါမည်"*

## ဒါဝိဒ်သည် ဖိလိတ္တိလူကို သတ်မည်ဟု ဂတိပေးခဲ့၏

ထိုစစ်မြေပြင်တွင်၊ ဂေါလျတ်သည် ရက်ပေါင်း လေးဆယ်လုံးလုံး နံနက်တိုင်း၊ ညနေတိုင်း ထိုသို့ လာအော်လေ့ရှိ၏။ ဣသရေလစစ်တပ်သည် ဘာလုပ်ရမှန်း မသိဖြစ်ခဲ့ကြပါသည်။ ယေရှဲသည် ဒါဝိဒ်အား အစ်ကိုတို့ထံ အစားအစာ သွားပို့ဖို့ရန် စေလွှတ်သောအခါ၊ နာခံလျက်၊ သိုးများကို သိုးထိန်းထံအပ်ပြီးမှ သွားခဲ့ပါသည်။ ထိုခရီး၏အရေးပါမှုကို သူ မသိခဲ့ပါ။

ဒါဝဒ်သည် ဣသရေလ တပ်ချသောနေရာကို ရောက်လာခဲ့ပါသည်။ ဣသရေလ ခြိမ်းခြောက် စိန်ခေါ်ခံရခြင်းနှင့် ဖိလိတ္တိ စစ်သူရဲ၏ ကြွေးကြော်သံကို သူကြားခဲ့ပါသည်။ ဣသရေလ လူတို့သည် အလွန်ထိတ်လန့်ကြလျက် ထွက်ပြေးခဲ့ကြပါသည်။ စစ်မြေပြင်၌ ကျန်နေကြသော ဣသရေလလူအပေါင်းတို့သည် စစ်ပွဲကို နိုင်မည်ဟု မျှော်လင့်သောကြောင့် မဟုတ်ဘဲ၊ အမိန့်ကို နာခံသောကြောင့်သာ ရှိနေကြခြင်းဖြစ်ပါသည်။ သူတို့စိတ်ထဲတွင် အရှုံးပေးခဲ့ကြပြီ ဖြစ်၏။ စစ်ပွဲ၌ အောင်မြင်မှုရရန် အဆုံးထိ ရဲရင့်ဖို့ လိုအပ်ကြောင်းကို သူတို့ မသိခဲ့ကြပါ။ ဒါဝိဒ်သည် ရှောလု၏ တပ်၌ ပါဝင်ခြင်း မရှိခဲ့ပါ။ သို့သော်လည်း၊ ဂေါလျတ်၏စကားကို ကြားသောအခါ၊ ဣသရေလအတွက် အောင်မြင်မှုကို ရယူလိုခဲ့၏။ သူ၏လျို့ဝှက်ချက်သည် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းဖြစ်၏။

ဤဖိလိတ္တိလူကို သတ်နိုင်သောသူအား၊ "ရှင်ဘုရင်သည် ကြီးသော စည်းစိမ်နှင့် ချီးမြှောက်၍ သမီးတော်ကိုလည်း ပေးစားတော်မူ မည်။ ထိုသူ၏ အဆွေအမျိုးကိုလည်း ဣသရေလ နိုင်ငံတွင် မင်းမှု လွှတ်တော်မူမည်" (၁ ရာ ၁၇း၂၅) ဟု ဒါဝိတ်အား ပြောပြကြ၏။ ထိုဆုလာဒ်သည် လိုချင်စရာကောင်းသော်လည်း၊ ဘယ်သူကမှ မစွန့်စားရဲခဲ့ကြပါ။ ဒါဝိဒ်သည် ကြောက်စိတ် လုံးဝ မရှိခဲ့ပါ။ သူသည် ဣသရေလထံမှ ဤအရှက်ကွဲခြင်းကို ဖယ်ရှားဖို့ရန် ဆုံးဖြတ်ခဲ့၏။ ဂေါလျတ်အား အသက်ရှင်တော်မူသော ဘုရားသခင်၏စစ်တပ်ကို ကြိမ်းပခဲ့သော၊ အရေဖျားလှီးခြင်း မခံသော ဖိလိတ္တိလူဟု ဒါဝိဒ်က ခေါ်ခဲ့ပါသည်။

မိမိခွန်အား မဟုတ်ဘဲ၊ ဘုရားသခင်သည် ဒါဝိဒ်၏မျှော်လင့်ချက် ဖြစ်တော်မူ၏။ မိမိ၏ ဘုရားသခင် ယုံကြည်ကိုးစားခြင်းသည် မိမိ၏မျှော်လင့်ချက်ဖြစ်၍ ဣသရေလအတွက် အောင်မြင်မှု ရမည်ဟု ယုံကြည်ခဲ့ပါသည်။ ရှင်ဘုရင် ဆုချမည့်လက်ဆောင်သည် အဘယ်အရာများဖြစ်သည်ကို ဘေး၌ရှိနေကြသောသူများကို အတည်မေးပြီးမှ၊ ဒါဝိဒ်က ဣသရေလ၏ အရှက်ကွဲခြင်းကို ဖယ်ရှားပေးမည်ဟု ဂတိပြုခဲ့ပါသည်။ သူတို့ကလည်း ရှင်ဘုရင်၏ဂတိစကားကို ပြောပြခဲ့ကြ၏။ သူ့အစ်ကို ဧလျာဘသည် သူ့ကို အားမပေးခဲ့ပါ။ သူသည် နားကျည်းစရာကောင်းသော စကားများ ဆိုခဲ့သော်လည်း၊ ဒါဝိဒ်သည် စိတ်ဓာတ်ခွန်အား လျော့သွားခြင်း မရှိခဲ့ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကျွန်တော် အစဉ် ကြောက်ရွံ့ရိုသေပါမည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ ငြိမ်သက်ခြင်းနှင့် လုံခြုံမှု အရင်းအမြစ် ဖြစ်တော်မူသောကြောင့်၊ ခက်ခဲသောအခြေအနေ၌ပင် မျှော်လင့်ခြင်း ရှိပါ၏။



တနင်္ဂနွေ၊ နိုဝင်ဘာ (၁၀)

**၁ ရာ ၁၄း၁-၂၃**

သု ၂၅း၂-၈

*"ရှင်ဘုရင် ထံတော်၌ ကိုယ်ကို မချီးမြှောက်နှင့်။ လူကြီးနေရာ၌ မနေနှင့်"*

## ဘုရားသခင် ဝင်ရောက် စီရင်တော်မူနိုင်၏

ဂိဗာမြို့၌ ရှောလု၏ကင်းစောင့်တို့က ဖိလိတ္တိလူတို့သည် တဖြည်းဖြည်းလျော့၍ အချင်းချင်း ထိုးရိုက်ကြသည်ကို မြင်ခဲ့ကြ၏ (၁ ရာ ၁၄း၁၆)။ ရှင်ဘုရင်သည် သူ့သားပြုသောအမှုကို မသိခဲ့ပါ။ ဘုရင်က သူနှင့်အတူရှိသောလူများကို ရေထွက်ဖို့ရန် အမိန့်ပေးခဲ့ပါသည်။ အဘယ်သူ မရှိသည်ကို သိလိုခဲ့ပါသည်။ ထိုအခါ၊ ယောနသန်နှင့်သူ၏လက်နက်ဆောင်လုလင် မရှိကြောင်း သိခဲ့ကြ၏။ ထိုအချိန်တွင်၊ သူတို့နှစ်ဦးသည် အောင်မြင်မှု ရလျက်ရှိနေခဲ့ပါသည်။

ရှင်ဘုရင်ကို ထားခဲ့လျက် ရန်သူကို မိမိသဘောဖြင့် ရင်ဆိုင်တိုက်ခိုက်ခြင်းသည် သစ္စာဖောက်ခြင်းဟု မှတ်ယူနိုင်ပါသည်။ ရှင်ဘုရင်က စစ်တိုက်ရန်အမိန့် ထုတ်ရမည်ဖြစ်ပါသည်။ သို့သော်လည်း၊ ယောနသန်သည် ရှင်ဘုရင်၏သားဖြစ်သောကြောင့် ထိုအခွင့်အရေးကို အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။ ထိုအခွင့်အရေးကို မှားယွင်းသောအမှု၌ အသုံးပြုခြင်းလည်း မဟုတ်ပါ။ တိုင်းပြည် အကျိုးအတွက် အသုံးပြုခြင်းဖြစ်ပါသည်။ သူသည် မိမိ၏တာဝန်ကို ဆောင်ရွက်လျက်၊ ဘုရားသခင်ကို ကိုးစားခဲ့ပါသည်။ မိမိလူမျိုး ကောင်းကျိုးအတွက် အမှုပြုခဲ့ပါသည်။ ထို့ပြင်၊ ထိုအမှု၌ ဘုရားသခင်၏လက်တော်ကို မြင်တွေ့ရပါသည်။

ဖိလိတ္တိလူတို့သည် စိတ်ရှုပ်ထွေးခြင်းရှိလျက် အချင်းချင်း တိုက်ခိုက်ခဲ့ကြပါသည်။ ထို့ပြင်၊ ဖိလိတ္တိလူများအကြား၌ နေထိုင်ခဲ့သော ဟေဗြဲလူတို့သည်လည်း ဣသရေလလူတို့ကို ကူညီခဲ့ကြ၏။ ထိုသို့ဖြင့်၊ ဘုရားသခင်သည် ထိုနေ့၌ ဣသရေလကို ကယ်တင်ခဲ့ပါသည်။

ယောနသန် ပြုခဲ့သောအမှုက ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းနှင့် လူ၏ တာဝန် ဝတ္တရားအကြောင်းကို သူနားလည်ခဲ့ကြောင်း ပြသလျက်ရှိပါသည်။ မိမိ၏ရည်ရွယ်ချက်များ ပြည့်စုံစေဖို့ရန် လူတို့၏လှုပ်ရှားမှု၌ ဘုရားသခင် ဝင်ရောက် အမှုပြုတော်မူကြောင်း တွေ့ရပါသည်။ ထိုသို့ပြုရာတွင်၊ ဘုရားသခင်သည် အံ့ဘွယ်အမှုအားဖြင့် သော်၎င်း၊ လမ်းပြပို့ဆောင်တော်မူခြင်းအား ဖြင့်သော်၎င်း၊ မိမိ၏အလိုတော်နှင့် ညီညွတ်သောအမှုသို့ လူတို့၏အတွေးကို တိမ်းညွတ်စေခြင်း အားဖြင့်သော်၎င်း ဆောင်ရွက်တော်မူပါသည်။ ယောနသန်သည် ဘုရားသခင်၏မစတော်မူခြင်းကို ယုံကြည်ကိုးစားလျက် မိမိတာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ထာဝရဘုရားသည် ဣသရေလ အမျိုးကို ထိုနေ့၌ ကယ်တင်တော်မူခဲ့ပါသည် (၁ ရာ ၁၄း၂၃)။ သမ္မာကျမ်းစာထဲမှ သမိုင်းအကြောင်း အရာများတွင် ဘုရားသခင်၏ အဆုံးစွန်အာဏာရှိတော်မူခြင်းနှင့် လူ၏တာဝန် ဝတ္တရား အကြောင်း ကို ထင်ရှားစွာ ဖော်ပြသက်သေထူသော သာဓကများစွာ တွေ့ရပါသည်။

**ဆင်ခြင်ရန်** - စိုးရိမ် အားငယ်သောအချိန်၌ ဘုရားသခင်သည် မိမိလူတို့အဖို့ ကြီးသောအမှု ပြုတော်မူနိုင်၏။

**ဆုတောင်းချက်** - အဖဘုရား၊ သစ္စာရှိသော ဝိညာဉ်ခေါင်းဆောင်တိုင်းသည် ကိုယ်တော်၏ ဂတိတော်၌ ရပ်တည်လျက်၊ ကောင်းသော အောင်မြင်ခြင်း ရကြပါစေသော။

တနင်္လာ၊ နိုဝင်ဘာ (၁၁)
**၁ ရာ ၁၄း၂၄-၅၂**
ဒေ ၂း၂၄-၂၆

*“စားသောက်ခြင်းငှါရင်း၊ ကြိုးစားအားထုတ်ရာ၌ စိတ်နှလုံး ပျော်မွေ့ခြင်းငှါရင်း၊ လူ၌ကောင်းသော အခွင့် မရှိ”*

## ရှောလု၏ မပြတ်သားသော ခေါင်းဆောင်မှုက သူ၏စစ်တပ်ကို ထိခိုက်စေခဲ့ပါသည်

ရှင်ဘုရင် ရှောလုက အားနည်းချက်ပါသော အမိန့်ကို ထုတ်ခဲ့ပါသည်။ လူတို့အား ဘာမှ မစားဖို့ရန် ကျိန်ဆိုခြင်းဖြင့် ရှောလုက တားမြစ်ခဲ့၏။ ထို့နောက်၊ ယောနသန်သည် တောထဲမှ ပျားရည်ကို စားခဲ့ကြောင်း သတင်း ပေါ်ထွက်ခဲ့ပါသည်။ သူသည် ရှောလု၏ကျိန်ခြင်းဖြင့် အစာမစားဖို့ရန် တားမြစ်ခြင်းကို မသိခဲ့ပါ။

ရန်သူများနှင့် တိုက်ခိုက်နေစဉ်၊ ရှောလုက လူတို့အား တနေ့လုံး ဘာမှ မစားဖို့ရန် ကျိန်ခြင်းဖြင့် တားမြစ်ခဲ့ပါသည်။ ထိုအမိန့်ကို ရှင်ဘုရင် ထုတ်ခဲ့စဉ်၌ ယောနသန်သည် ဖိလိတ္တိလူတို့ကို သွားတိုက်ခဲ့ပြီး၊ ဘုရားသခင်က အောင်မြင်မှု ပေးတော်မူခဲ့၏။ ဘုရားသခင်၏ နှစ်ဦးတည်းပါသော တပ်သည် ကြီးသောအမှုကို ပြုခဲ့ပါသည်။ များစွာသောလူတို့က ရန်သူများ၏စိတ်ကို ပျက်စေခဲ့သော ယောနသန်၏အောင်မြင်မှုကို သိခဲ့ကြပါသည်။ ထို့အမှုက ရှင်ဘုရင် ဦးဆောင်သော ဣသရေလတပ်ကို များစွာအကျိုးပြုခဲ့ပါသည်။ စစ်တိုက်ဖို့ရန် သွားကြစဉ်၊ သူတို့သည် ရှင်ဘုရင်၏အမိန့်ကို နာခံရမည်ဖြစ်ပါသည်။ ပြုခဲ့သော ကျိန်ခြင်းအမှု ဖောက်ဖျက်ခြင်းသည် သေဒဏ်ပေးခြင်း ခံရနိုင်ပါသည်။

ရှင်ဘုရင် ရှောလုသည် ဉာဏ်ပညာနှင့်ယှဉ်လျက် ကောင်းကောင်း မဆင်ခြင်ခဲ့ပါ။ အကြောင်းမှာ တနေ့လုံး အစာမစားဘဲနေခြင်းသည် စစ်တပ်အတွက် မိမိကိုယ်ကို သတ်သေခြင်းပင်ဖြစ်ပါသည်။ သူတို့ သွားရာ တောထဲ၌ ပျားလပို့နှင့်ပျားရည် ပေါများသောနေရာဖြစ်ပါသည်။ သို့သော်လည်း၊ ကျိန်ခြင်းကို ကြောက်ကြသဖြင့် ထိုပျားရည်ကို ဘယ်သူမှ မထိရဲကြပါ။ မိမိလူတို့သည် စစ်မြေပြင်၌ ရှိကြပြီး၊ အစာအစား လိုအပ်ခဲ့ကြလိမ့်မည် ဟူသော အခြေအနေကို ရှင်ဘုရင်သည် မတွေး မိခဲ့ပါ။ ထိုသို့ ကျိန်ခြင်းအမှု မပြုမီ ဘုရားသခင်၏အလိုတော်ကို တောင်းခံခဲ့လျှင် အလွန် အဆင်ပြေခဲ့ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ခေါင်းဆောင်ကောင်းဖြစ်ဖို့ ဘုရားပေးသော ဉာဏ်ပညာ လိုအပ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော့်လူတို့၏ ခေါင်းဆောင်များကို ဉာဏ်ပညာများစွာ ပေးသနားတော်မူပါ။



ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၂၀)
**၁ ရာ ၁၇း၁-၂၈**
ဆာလံ ၁၈း၁-၅

*“ထာဝရဘုရားသည် ငါ၏ကျောက်၊ ငါ၏မြို့ရိုး၊ ငါ့ကို ကယ်လွှတ်သော သခင်၊ ငါ၏ဘုရား ငါကိုးစားသော အစွမ်းသတ္တိ”*

## ဂေါလျတ်ကို ရင်ဆိုင်သောဒါဝိဒ်နှင့်အတူ ဘုရားသခင်ရှိတော်မူ၏

ဖိလိတ္တိလူ လူကောင်ထွားကြိုင်းသော ဂေါလျတ်အား ဒါဝိဒ် အနိုင်ရခြင်းသည် ကျမ်းစာထဲမှ အကြောင်းအရာများထဲတွင် လူသိများသောအကြောင်းဖြစ်ခဲ့ပါသည်။ သူ့အစ်ကို သုံးဦးတို့က ဖိလိတ္တိလူတို့ကို တိုက်ဖို့ရန် ရှောလုနှင့်အတူ သွားခဲ့ကြစဉ် ဒါဝိဒ်သည် ဗက်လင်မြို့သို့ ပြန်သွားခဲ့၏။ ဖခင်က ဒါဝိဒ်အား စစ်မြေပြင်၌ရှိသော သူ့အစ်ကိုတို့ထံ စားစရာ သွားပို့ဖို့ရန် စေလွှတ်ခဲ့ပါသည်။ ဖိလိတ္တိလူ လူကောင်ထွားကြိုင်းသော ဂေါလျတ်က ဣသရေလလူတို့အား မိမိနှင့်ရင်ဆိုင်ဖို့ စစ်သူရဲ စေလွှတ်ကြရန် စိန်ခေါ် နေစဉ် ဒါဝိဒ်ရောက်ရှိခဲ့ပါသည်။ ရှင်ဘုရင် ရှောလုက ထိုသူကို သတ်နိုင်သောသူအား ဆုချီးမြှင့်မည်ဟု မိန့်တော်မူခဲ့ပါသည်။ ဒါဝိဒ်သည် ဂေါလျတ်၏ စိန်ခေါ်စကားကို ကြားခဲ့ရပါသည်။ ထိုအခါ သူသည် လူတို့ကို မေးခဲ့ပြီး၊ ရှင်ဘုရင်၏စကားကို ပြောပြခဲ့ကြပါသည်။ သူသည် ဂေါလျတ်ကို ရင်ဆိုင်မည်ဟု ဆိုသောအခါ၊ သူ့အစ်ကို အကြီးဆုံး ဧလျာဘသည် သူ့အပေါ် ဒေါသထွက်ခဲ့၏။ ရှင်ဘုရင် ရှောလုကလည်း သူ့ကို မယုံကြည်ခဲ့ပါ။ ဒါဝိဒ်သည် ဘုရားသခင်က မိမိကို မစတော်မူမည်ဟု ယုံကြည်ကိုးစားခြင်းဖြင့် မိမိကိုယ်ကို စိတ်ချလျက် ပြောခဲ့ပါသည်။ နောက်ဆုံးတွင်၊ သူသည် ဂေါလျတ်ကို ကျောက်ခဲတလုံးဖြင့် သတ်နိုင်ခဲ့ပါသည်။ ဘုရားသခင်က ဣသရေလကို အောင်မြင်မှု ပေးတော်မူခဲ့၏။

ဖိလိတ္တိလူတို့သည် ရှောလုနှင့်ဣသရေလကို တိုက်ဖို့ တပ်ချသောအခါ၊ ထိုတပ် နှစ်တပ်တို့သည် ဣသရေလ ပိုင်နက်ထဲ၌ အချင်းချင်း ရင်ဆိုင်ခဲ့ကြ၏။ တောင်ပေါ်၌ နေရာယူခဲ့ကြပြီး၊ သူတို့တပ် နှစ်တပ်အကြား၌ ချိုင့်ဝှမ်းရှိပါသည်။ ဂေါလျတ်သည် စစ်ရေးကျွမ်းကျင်သော စစ်သူရဲဖြစ်ပါသည်။ သူသည် ကိုးပေကျော် မြင့်လျက်၊ စစ်ဝတ်တန်ဆာ ပြည့်စုံစွာ ဝတ်ဆင်ခဲ့၏။ အကောင်းဆုံးသောလက်နက်များဖြစ်သော၊ လှံ၊ ဓါးနှင့် ဒိုင်းများ ပိုင်ဆိုင်ခဲ့ပါသည်။ ထိုလက်နက်များနှင့် သူ့အရုပ်ကြီးကို ကြည့်လျှင် ထိတ်လန့်စရာကောင်းလှပါသည်။ သူသည် ဣသရေလလူတို့အား မိမိနှင့် ရင်ဆိုင်တိုက်ခိုက်မည့် စစ်သူရဲကို ရွေးချယ်လျက် တိုက်ခိုက်စေရန် စိန်ခေါ်ခဲ့ပါသည်။ သူအနိုင်ရလျှင်၊ ဣသရေလလူတို့သည် သူတို့၏ကျွန်ဖြစ်ကြလိမ့်မည်။ ဣသရေလ အနိုင်ရလျှင်၊ ဖိလိတ္တိလူတို့သည် သူတို့၏ကျွန်ဖြစ်ကြမည်ဟု ခြိမ်းခြောက် ပြောဆိုခဲ့ပါသည်။ သူသည် လုံးဝအနိုင်ရမည်ဟု စိတ်ထင်ဖြင့် မာနထောင်လွှားလျက် ပြောဆိုခဲ့ပါသည်။ ထို့ကြောင့်၊ ရှောလုနှင့် ဣသရေလလူတို့သည် စိတ်ပျက်လျက် နေခဲ့ကြရ၏။ ဣသရေလလူတို့သည် ဂေါလျတ်ကို မြင်ပြီး ထွက်ပြေးခဲ့ကြ၏။

ယေရှဲ၏သား သုံးဦးသည် စစ်မြေပြင်၌ ရှောလုနောက်သို့ လိုက်ခဲ့ကြ၏။ သားအကြီးဆုံး ဧလျာဘနှင့် အဘိနဒပ်၊ ရှိမာ တို့ဖြစ်ကြပါသည်။ သားရှစ်ဦးတွင် ဒါဝိဒ်သည် အငယ်ဆုံးဖြစ်ပါသည်။ သူသည် ရှောလု၏လက်နက်တော်ဆောင်နှင့် စောင်းတီးသမားဖြစ်ခဲ့သော်လည်း၊ ဗက်လင်မြို့သို့ ပြန်သွားခဲ့ပါသည်။ ထိုသို့ ဒါဝိဒ် ဗက်လင်မြို့သို့ပြန်သွားခြင်းသည် စစ်မြေပြင်သို့ စေလွှတ်ခံရဖို့ရန် ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုဦးဆောင်မှုပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အမှုခပ်သိမ်းကို ကောင်းမွန်စွာ ပြုတော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်အား ကျွန်တော် အစဉ် ယုံကြည်ကိုးစား လိုပါ၏။

*"ရှမွေလအားဖြင့် ထာဝရဘုရား
ဗျာဒိတ်ထားတော်မူသည် နှင့်အညီ၊ သူတို့သည် ဒါဝိတ်ကို
ဘိသိက်ပေး၍ ဣသရေလ ရှင်ဘုရင် အရာ၌ ချီးမြှောက်ကြ၏"*

## ထာဝရဘုရားသည် ဒါဝိတ်အား ရှင်ဘုရင်အရာ၌ ခန့်ထားရန် ပြင်ဆင်တော်မူ၏

ဒါဝိဒ် ဘိသိက်ပေးခံရခြင်းအကြောင်းကို ရှောလု မသိခဲ့ပါ။ တရားဝင် လူထုထံ အသိပေးခြင်းသည် နောက်မှဖြစ်လာမည့်အမှု ဖြစ်ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ရှောလုထံမှ ထွက်သွားခဲ့ပြီး၊ သူ့အပေါ်၌ ဝိညာဉ်ဆိုးသက်ရောက်ခဲ့ပါသည်။ သူ့ကျွန်များက သူ့ကို ဖျော်ဖြေမည့် စောင်းသမားကို ခေါ်ပေးရန် အကြံပြုခဲ့ကြပါသည်။ ရှင်ဘုရင်ကလည်း သဘောတူခဲ့၏။ ထိုအခါ၊ စောင်းသမားကို မိမိထံ ခေါ်လာဖို့ရန် အမိန့်ပေးခဲ့ပါသည်။ သူတို့သည် ဒါဝိဒ်ကို ခေါ်ဖို့ရန် ရည်ညွှန်းခဲ့ကြ၏။ ဒါဝိဒ်သည် ရှင်ဘုရင်အဖြစ် ဘိသိက်ပေးခြင်းခံခဲ့ပြီးဖြစ်ကြောင်းကို ရှောလု မသိဘဲ ထိုသို့ ဖြစ်လာခဲ့ပါသည်။ သို့သော်လည်း၊ ဤအမှုအပေါင်းကို ဘုရားသခင် ထိန်းချုပ်တော်မူ၏။ ယခုအချိန်၌၊ ထိုအကြောင်းကို ရှောလုနှင့် ဣသရေလပြည်သူတို့သည် မသိခဲ့ကြပါ။

ထိုအခါ ဒါဝိဒ်သည် ရှောလု၏နန်းတော်သို့ ဖိတ်ခေါ်ခြင်း ခံရခဲ့၏။ ဘုရင်သည် ယေရှဲထံ လူများကို စေလွှတ်လျက် သူ့သား ဒါဝိဒ်ကို မိမိထံ ပို့ပေးရန် ဆိုခဲ့ပါသည်။ ထိုအခါ ယေရှဲသည် မုန့်တင်သော မြည်း၊ စပျစ်ရည်ဘူး၊ ဆိတ်သငယ်ကို ယူလျက် ဒါဝိဒ်နှင့်အတူ ထိုအရာများကို ရှင်ဘုရင်ထံ ပို့ပေးခဲ့ပါသည်။ ဤသို့ဖြင့်၊ ဒါဝိဒ်သည် ရှောလု၏အိမ်တော်နှင့် ပတ်သက်သောသူ ဖြစ်လာခဲ့ပါသည်။ သူသည် တတ်ကျွမ်းသောအရာများစွာရှိသည့် ပါရမီရှင် လူငယ်တယောက် ဖြစ်ပါသည်။ စိန်ခေါ်မှုများကို ကျော်ဖြတ်ရန် စိတ်နှလုံးအသင့် ရှိသောသူ ဖြစ်ပါသည်။ သူသည် စောင်းတီးသမား သာသာ မဟုတ်၊ ဘုရင့်တပ်၌ ပါဝင်လာခဲ့ပါသည်။ ရှင်ဘုရင်၏ လက်နက်တော် ဆောင်အရာ၌ ခန့်ထားခြင်း ခံရ၏။ ထိုရာထူးသည် စစ်တပ်ထဲတွင် အမြင့်ဆုံး ရာထူးဖြစ်နိုင်ပါသည်။

ရှင်ဘုရင်သည် ဒါဝိဒ်၏ လုပ်ဆောင်မှုကို အလွန်သဘောကျခဲ့ပါသည်။ ထို့ကြောင့်၊ ယေရှဲထံ လူလွှတ်လျက် ဒါဝိဒ်သည် မိမိထံ ခစားပါစေဟု ဆိုခဲ့ပါသည်။ ဒါဝိဒ်သည် ရှောလု၏ သဘောကျမှုကို ခံခဲ့ရပြီး၊ ရှင်ဘုရင်၏ အိမ်သားတယောက်ကဲ့သို့ ဖြစ်လာခဲ့ပါသည်။ ထိုအမှုအပေါင်း၏နောက်ကွယ်၌ ဘုရားသခင်၏လက်တော်သည် အမှုပြုတော်မူခဲ့၏။ ဒါဝိဒ်သည် ကြီးသောအမှုကို ပြုဖို့ရန် ရည်ရွယ်ခြင်း ခံရသောသူဖြစ်ပါသည်။ သူသည် သစ္စာရှိစွာ မိမိတာဝန်ကို ဆောင်ရွက်သောကြောင့်၊ ရှောလုအပေါ် ဝိညာဉ်ဆိုး သက်ရောက်သောအခါ၊ ဒါဝိဒ်သည် ရှင်ဘုရင်အတွက် စောင်း တီးပေးခဲ့ပါသည်။ ထိုအခါ၊ ဘုရင်သည် သက်သာရာရလျက် ပြန်ကောင်းလာခဲ့ပါသည်။ ထိုသို့ဖြင့် ရှင်ဘုရင်ထံမှ ဝိညာဉ်ဆိုးသည် ထွက်သွားတတ်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ မမြင်ရသောလက်တော်သည် အစဉ် အမှုပြုတော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူကြောင်း ကျွန်တော် အစဉ် သတိပြုလိုပါသည်။





*"ငါ့ဝိညာဉ်ဘက်၌ ဘုရားသခင်ကို ငါတိုင်တည်၏"*

## ရှောလု၏ အကျိုးယုတ်သော ကျိန်ခြင်း

သမ္မာကျမ်းစာက ဂတိသစ္စာပြုခြင်း ခွင့်ပြုခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်၏ နာမတော်အားဖြင့် ပြုသည်ဖြစ်သောကြောင့် ထိုဂတိကို အမှန်စောင့်ဖို့လိုပါသည်။ ဣသရေလတွင်၊ ထိုအမှုသည် အားလုံး သိသောအမှုဖြစ်ပြီး၊ ထိုကျိန်ဆိုမှု ဖောက်ဖျက်ခြင်း၏ နောက်ဆက်တွဲ ရလဒ်ကိုလည်း သိခဲ့ကြပါသည်။ ဤဂတိသစ္စာပြုခြင်းကို ယနေ့တွင် ရာထူးလက်ခံခြင်းနှင့် တရားရုံး၏အမှုသက်သေ မှန်ကန်ကြောင်း အတည်ပြုဖို့ရန် အသုံးပြုခဲ့ကြပါသည်။ ထို့ကြောင့် အလွန် မွန်မြတ်သော အမှုဖြစ်သောကြောင့် ဘယ်သူမှ ပေါ့ပေါ့ ဆဆ မပြုရပါ။ အမှုတိုင်း၌ ဖြစ်လာနိုင်သော ဆိုးကျိုးကောင်းကျိုးကို ဆင်ခြင်တွေးဆ ဖို့လိုပါသည်။ ယခုအမှုတွင်၊ ရှင်ဘုရင် ရှောလုသည် လူတို့အား ကျိန်ခြင်းကို မပြုစေမီ လိုအပ်သော ဆင်ခြင်းတွေးတောမှု မပြုခဲ့ပါ။

ထိုကျိန်ခြင်းက လူတို့ကို စိတ်မသက်မသာဖြစ်စေလျက်၊ ယုံကြည်မှု လျော့နည်းစေခဲ့၏။ ယောနသန်သည် ထိုကျိန်ခြင်းကို မသိသောကြောင့်၊ အလွန်ပေါများလှသော ပျားရည်ကို တွေ့သောအခါ ဖြစ်သင့်သည်အတိုင်း ပျားရည်ကို စားသုံးခဲ့ပါသည်။ ထိုအခါ သူသည် မျက်စိ ကြည်လင်လန်းဆန်းလာခဲ့ပါသည်။ ပျားရည်သည် အားအင်လျော့နည်းသော စစ်သူရဲများကို အားအင်ဖြည့်ဆည်းပေးနိုင်သော အစာအစားဖြစ်ပါသည်။ သူတို့သည် စားခဲ့ကြလျှင်၊ ရန်သူကို ပိုတိုက်နိုင်လျက် အောင်မြင်ခြင်း ပိုရလိမ့်မည်ဖြစ်ပါသည် (၁ ရာ ၁၄း၃၀)။ ရှောလုသည် စစ်နည်းဗျူဟာ အားနည်းသောသူဖြစ်ပါသည်။ ယောနသန်သည် ပိုတတ်ကျွမ်းသောသူဖြစ်၏။ သို့သော်လည်း သူ့လုပ်နိုင်မှု၌ အကန့်အသတ်ရှိပါသည်။ ယောနသန် ပျားရည်စားသည်ကို လူတို့သည် သိသဖြင့်၊ ရှင်ဘုရင်၏အမိန့်ကို သူ့ထံကြားပြောခဲ့ကြ၏။ သူက ထိုသို့ မိန့်တော်မမူ ခဲ့သင့်ကြောင်း မှတ်ချက်ချခဲ့ပါသည်။ ထိုအချိန်၌ လူတို့သည် ဆာလောက်လျက် အားနည်း မောပန်းနေခဲ့ကြ၏။ ယောနသန်က ပျားရည်ကို စားသောကြောင့် မိမိသည် လန်းဆန်းအားပြည့်လာကြောင်း ပြောပြခဲ့ပါသည်။ သူတို့သည်လည်း ပျားရည်ကို စားသုံးခဲ့ကြလျှင် များစွာ အထောက်အကူပေးလိမ့်မည်ဖြစ်ပါသည်။ ထို့ပြင်၊ ဖိလိတ္တိလူတို့ကို တိုက်ခြင်း၌ ပို၍ စွမ်းဆောင်နိုင်ကြမည် ဖြစ်ပါသည်။ စစ်သူရဲတိုင်းသည် ဗိုက်ပြည့်လျက် စစ်တိုက်ကြရ၏။ ရှောလုသည် ထိုအမိန့်ကို ထုတ်ခဲ့သောကြောင့် အခွင့်အရေး ဆုံးရှုံးခဲ့ပါသည်။

လူတို့သည် မပြုသင့်သောမှုကို ပြုလာသောကြောင့် ဘုရားသခင် ဝင်ရောက် အမှုပြုဖို့ လိုအပ်ခဲ့ပါသည်။ သူတို့သည် ရန်သူဥစ္စာကို လုယူ၍ သိုး၊ နွားများကို သတ်လျက် အသွေးနှင့်တကွ စားခဲ့ကြ၏။ ဤလူတို့သည် အလွန် ဆာလောင်သောကြောင့် သွေး မစားရဟူသော ပညတ်တရားကို မေ့လျော့ခဲ့ကြ၏။ ဘုရားသခင်အပေါ် လူတို့သည် အပြစ်ကျူးလွန်ခဲ့ကြောင်း ထိုအမှုကို ရှင်ဘုရင်ထံ တိုင်ကြားခဲ့ကြပါသည်။ ထိုအခါ၊ ရှင်ဘုရင်က အသားကို အသွေးနှင့်တကွ မစားရဟု အမိန့်သစ်ကို ထုတ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကျိန်ခြင်းသည် ယုံကြည်ခြင်းတရား၌ အဖြစ်မနေ အခြေအနေ၌အသာ နောက်ဆုံးပြုရသော အမှုဖြစ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ပြုသော သစ္စာစကားကို စောင့်မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၃)

**၁ ရာ ၁၄း၂၄-၅၂**

ယာကုပ် ၃း၁၃-၁၈

*"ပညာ၏သိမ်မွေ့ခြင်းနှင့်တကွ၊ ကောင်းမြတ်သော ကျင့်ကြံပြုမူခြင်းအားဖြင့် မိမိအမှုတို့ကို ပြပါစေ"*

## ဖိလိတ္တိလူတို့နှင့် ရှောလု တိုက်ခိုက်ခြင်း

ထို့နောက်၊ ရှင်ဘုရင်သည် ထာဝရဘုရားကို အောက်မေ့လျက်၊ ထာဝရဘုရား အဘို့ ယဇ်ပလ္လင်ကို တည်ခဲ့ပါသည်။ သူ့အတွက် ဣသရေလသည် ယေဟောဝါဘုရားကို ကိုးကွယ်ကြောင်း အတည်ပြုခြင်းလည်းဖြစ်ပါသည်။

ဘုရင်သည် မိမိလူတို့အား ညအခါ ဖိလိတ္တိလူတို့ နောက်သို့လိုက်ရန် အမိန့်ပေးခဲ့၏။ သူတို့သည် နာခံလျက်၊ အဆင်သင့် ရှိခဲ့ကြသော်လည်း၊ ယဇ်ပုရောဟိတ်က တားခဲ့ပါသည်။ သူက ဘုရားသခင်ထံ အရင် ချဉ်းကပ်ကြဖို့ ဆိုခဲ့၏။ ထိုအခါ၊ ရှင်ဘုရင်က ထာဝရဘုရားအား ယခုသည် ဖိလိတ္တိလူတို့ကို တိုက်ခြင်းငှါ အချိန်ကောင်း ဖြစ်ပါသလားဟု မေးလျှောက်ခဲ့ပါသည်။ ဣသရေလလူတို့သည် မိမိတို့ ပြသနာကို အရင် မဖြေရှင်းဘဲလျက် ဖိလိတ္တိလူတို့အား သွားတိုက်ခြင်းသည် အဆင်မပြေ သေးပါ။ ကျိန်ဆိုခြင်းအမှုအကြောင်း ရှိသေး၏။ ဘုရင်က ထိုအမိန့်ကို တစုံတယောက်က လွန်ကျူးခဲ့ကြောင်း သိခဲ့ပါသည်။ အပြစ်ရှိလျှင် စစ်မြန်းခြင်း ပြုရပါသည်။ ထိုအမှုကို လွန်ကျူးသောသူသည် ဘုရင့်သားတော်ဖြစ်၏။ သေဒဏ်ခံရနိုင်သော အပြစ်ဖြစ်ပါသည်။ ယောနသန်သည် အသေခံဖို့ အသင့်ရှိခဲ့၏။ ရှင်ဘုရင်ကလည်း ယောနသန် သေရမည်ဟု အတည်ပြုခဲ့ပါသည်။ လူထုက ဝင်တားခဲ့ကြပြီး ယောနသန်ကို မသတ်ဖို့ရန် တောင်းဆိုခဲ့ကြ၏။ ယောနသန်သည် ရန်သူကို တိုက်လျက် တိုင်းပြည်အတွက် အောင်မြင်မှု ရယူပေးခဲ့ကြောင်း ဆိုလျက် လူထုက ကာကွယ်ပေးခဲ့ကြပါသည်။ လူထုသည် ရှင်ဘုရင်၏ဆုံးဖြတ်ချက်ကို ပြောင်းလဲစေနိုင်ခဲ့ပါသည်။

နိဂုံးတွင်၊ ရှောလု၏ အုပ်ချုပ်မှု စနစ်ပုံစံကို အကျဉ်းချုပ် ဖော်ပြထားပါသည်။ သူသည် ရန်သူများကို အကြိမ်ကြိမ် တိုက်ခိုက် ခဲ့ပါသည်။ ဖိလိတ္တိလူတို့နှင့် ရှည်လျားကြာရှည်သော စစ်ပွဲကို ဆင်နွှဲလျက် ခိုင်မာသော စစ်တပ်ကို တည်ဆောက်ခဲ့ပါသည်။ ရှင်ဘုရင်၏ မိသားစုအမျိုးများနှင့် နိုင်ငံ့ ခေါင်းဆောင်များ၏နာမည်ကိုလည်း ဖော်ပြခဲ့ပါသည်။ ရှောလုအား ရှင်ဘုရင်အဖြစ် ဘုရားသခင် ခန့်ထားတော်မူသောအခါ၊ သူ၏အားနည်းချက်များကို သိတော်မူလျက်၊ ဦးဆောင်မှုကို ပြုနိုင်မည်အကြောင်း ဘုရားသခင်သည် ကျေးဇူးပြုလျက် မစတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - လူ၏အသိဉာဏ်သည် အကန့်အသတ်ရှိ၏၊ ဘုရားသခင်မူကား အဆုံးစွန် အာဏာ ရှိတော်မူသောသူဖြစ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ ဆုံးဖြတ်ချက်ချခြင်းအမှု၌ ကိုယ်တော်၏အလိုတော်ကို ရှာမည်အကြောင်း သွန်သင်ပေးတော်မူပါ။



တနင်္လာ၊ နိုဝင်ဘာ (၁၈)

**၁ ရာ ၁၆**

ကမ္ဘာ ၄၉း၈-၁၂

*"ရာဇလှံတံသည် ယုဒထံ၌၎င်း၊ မင်းအာဏာသည် သူ၏အမျိုးအနွယ် ထံမှ၎င်း မရွေ့ရ"*

## ဣသရေလ၏ စစ်မှန်သော ရှင်ဘုရင်

ဘုရားသခင်သည် ဣသရေလကို အုပ်စိုးမည့် မင်းမျိုးမင်းနွယ်အဖြစ် ယုဒအမျိုးကို ရွေးချယ်တော်မူခဲ့၏။ ထိုအကြောင်းကို မိမိ၏သားဆယ့်နှစ်ယောက်တို့အပေါ် ယာကုပ် ကောင်းကြီးမင်္ဂလာပေးခြင်းအမှု၌ ဖော်ပြခဲ့ပါသည်။ ရှောလုအား ရှင်ဘုရင်အဖြစ် ဘိသိက်ပေးခြင်း၌ ထိုအမှုပြည့်စုံခြင်း မရှိခဲ့ပါ။ ဘုရားသခင်သည် ဒါဝိဒ်အား ဘိသိက်ပေးခြင်းဖြင့် ထိုအမှုကို စုံလင်စေတော်မူမည်ဖြစ်ပါသည်။ သူသည် ယုဒအမျိုးမှ ဆင်းသက်လာခဲ့ပါသည်။ ထိုမင်းဆက်သည် မျိုးဆက်နှစ်ဆယ်ဆက်အထိ ကြာမြင့်ခဲ့ပါသည်။ ထို့နောက် ထိုတိုင်းပြည်သည် ကျွန်ကျခံရခဲ့ပါသည်။

ဣသရေလ၏ စစ်မှန်သော ရှင်ဘုရင်သည် သခင်ယေရှု ခရစ်တော်ဖြစ်ပါသည်။ သူသည် အစေခံကျွန်ကဲ့သို့ ကြွလာတော်မူလျက် ပရောဖက်နှင့်ယဇ်ပုရောဟိတ် အမှုကို ဆောင်ရွက်တော်မူခဲ့၏။ ဒုတိယအကြိမ် ကြွလာတော်မူသောအခါ၊ သူသည် ရှင်ဘုရင်အဖြစ် ကြွလာတော်မူလိမ့်မည်။ ထိုအခါ ယခု ပရောဖက်ပြုချက်သည် ပြည့်စုံလိမ့်မည်ဖြစ်ပါသည်။ သူသည် ဒါဝိဒ်၏သားတော်ဟု ဖော်ပြခဲ့ကြပါသည်။ ထို့ကြောင့် ရှင်ဘုရင်အဖြစ် ဒါဝိဒ် ဘိသိက်ပေးခံရခြင်းသည် အလွန်အရေးကြီးသောအခိပ္ပါယ် ဆောင်ခဲ့ပါသည်။

ဘုရားသခင်သည် ယေရှဲ၏သားများတွင် ဒါဝိဒ်ကို ရွေးချယ်ခဲ့ပါသည်။ ရှေး ရှင်ဘုရင်စနစ်တွင်၊ ခမည်းတော်၏ရာဇပလ္လင်ကို အကြီးဆုံးသားက ဆက်ခံခဲ့ကြ၏။ ဗက်လင်မြို့သို့ သွားစဉ် ရှမွေလသည် ထိုကဲ့သို့ဖြစ်မည်ဟု ထင်မှတ်ခဲ့ပါသည်။ ရှမွေလသည် ယေရှဲအား မိမိပြုမည့်အမှုကို ပြောပြခဲ့ပြီး ယဇ်ပူဇော်ဖို့အတွက် ဖိတ်ခေါ်ခဲ့ပါသည်။ ယေရှဲကလည်း သားအကြီးဆုံးကို ရှင်ဘုရင်အဖြစ် ဘုရားသခင် ရွေးချယ်မည်ဟု ထင်မှတ်ခဲ့ပါသည်။ ဘုရားသခင်သည် ရှမွေလနှင့်အတူ ရှိတော်မူ၏။ သားအကြီးဆုံးဖြစ်သော၊ ဧလျာဘ လာသောအခါ ရှမွေလက ရွေးချယ်သောသူဖြစ်မည်ဟု ထင်ခဲ့၏။ သို့သော်လည်း၊ ဘုရားသခင်က မဟုတ်ဟု မိန့်တော်မူ၏။ ဘုရားသခင်က ရှမွေလအား အပြင်ပန်းကို မကြည့်ဖို့ မိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်သည် စိတ်နှလုံးကို ကြည့်တော်မူ၏။ ပရောဖက်က ဘုရားသခင်၏စိတ်သဘောကို သိခဲ့ရပါသည်။ ယေရှဲက မိမိ၏သား ခုနစ်ဦးကို ခေါ်ခဲ့သော်လည်း၊ ရှမွေလက သူတို့အားလုံးကို ဘုရားသခင် ရွေးချယ်တော်မမူကြောင်း ပြောပြခဲ့ပါသည်။ ထိုအခါ၊ ရှမွေလက ယေရှဲအား သားရှိသေးသလောဟု မေးလျှောက်ခဲ့ပါသည်။ ယေရှဲက ငယ်ရွယ်သောသူ တဦး ရှိသေးကြောင်း၊ သူသည် သိုးတို့ကို ကျောင်းနေကြောင်း ပြန်ပြောခဲ့၏။ ထိုအငယ်ဆုံးသား မရောက်လာ မချင်း ဘာမှ မလုပ်ဘဲနေမည်ဟု ဆိုခဲ့ပါသည်။ ယေရှဲက ဒါဝိဒ်ကို ခေါ်စေခဲ့ပြီး၊ ဘုရားသခင်က ရှမွေလအား ဒါဝိဒ်ကို ဘိသိက်ပေးဖို့ရန် မိန့်တော်မူ၏။ ရှမွေလသည် ထ၍ ဒါဝိဒ်ကို နောက်ဖြစ်လာမည့် ရှင်ဘုရင်နေရာအတွက် ဘိသိက်ပေးခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိ၏အစီအစဉ်ကို ဘယ်တော့မှ ပြောင်းလဲစေတော် မမူ။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ဂတိတော်များ၌ အကျွန်ုပ်၏ယုံကြည်ခြင်းကို တိုးပွားစေတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၁၇)
**၁ ရာ ၁၆**
ဝတ် ၂၆း၃-၉ *"သင်တို့ကို ငါစောင့်မသဖြင့် တိုးပွါးများပြားစေ၍"*

## ရှောလု ငြင်းပယ်ခြင်းခံရ၍ ဒါဝိဒ်သည် ဘိသိက်ပေးခြင်းခံရ၏

ဣသရေလ ရာဇပလ္လင်မှ ရှောလုဖယ်ရှားခြင်းသည် တိုင်းပြည် ငြိမ်းချမ်းရေးကို မထိခိုက်စေဘဲ ဖြည်းဖြည်းချင်း ဆောင်ရွက်ရသောအမှုဖြစ်ပါသည်။ ဘုရားသခင်သည် ရှောလုကို ငြင်းပယ်လျက်၊ ရာထူးမှ ဖြည်းဖြည်းချင်း ဖယ်ရှားတော်မူ၏။ သူ့နေရာအတွက်၊ ယေရှဲ၏သား ဒါဝိဒ်ကို ဘိသိက်ပေးတော်မူ၏။ ဘုရားသခင်က ရှမွေလအား ဒါဝိဒ်ကို ဘိသိက်ပေးဖို့ရန် စေလွှတ်တော်မူ၏။ ဘုရားသခင်၏ဝိညာဉ်တော်သည် ရှောလုထံမှ ထွက်သွားပြီးနောက်၊ ရှောလုသည် အတော်အတန် ဘုရင့်အမှုကို ထမ်းရွက်ခဲ့ပါသည်။ ဒါဝိဒ်သည် ရှောလုအိမ်တော်သို့ ဘုရင်၏စိတ် ပျော်စေဖို့ရန် စောင်းတီးသမားအဖြစ် ဖိတ်ခေါ်ခြင်းခံရ၏။ ဤအမှုက ဒါဝိဒ်အား နန်းတွင်း အတွေ့အကြုံ ခံစားစေခဲ့ပါသည်။ ဘုရားသခင်သည် ဤအပြောင်းအလဲကို ပြုတော်မူလျက်၊ ဒါဝိဒ်သည် ဣသရေလ ရာဇပလ္လင်တော်သို့ ဦးတည်လျက် ခြေလှမ်း လှမ်းခဲ့ပါသည်။

ရှင်ဘုရင်ရာထူးကို စွန့်လွှတ်ဖို့ရန် ရှောလုသည် အပြစ်ကို လွန်ကျူးခဲ့ပါသည်။ သို့သော်လည်း၊ အဆုံးစွန် အာဏာရှိတော်မူသော ဘုရားသခင် လက်တော်၏ အခွင့်တော် အောက်၌ ဖြစ်ပျက်ခြင်း ဖြစ်ပါသည်။ ဣသရေလ ရှင်ဘုရင်အဖြစ် ရှောလု ဘိသိက်ပေးခံရခြင်းသည် ဘုရားသခင်၏ ရွေးချယ်မှုကြောင့် ဖြစ်ပါသည်။ ထိုအချိန်၌ ဣသရေလသည် ခါနန်ပြည်တွင် ရှင်ဘုရင် မရှိဘဲ နှစ်ပေါင်း ၄၀၀ နီးပါး နေထိုင်ခဲ့ပါသည်။ ဘုရားသခင်သည် သူတို့၏ရှင်ဘုရင်ဖြစ်၍ အမျိုးမျိုးသော ခေါင်းဆောင်များတို့အားဖြင့် စောင့်ရှောက်တော်မူခဲ့၏။ ရှောလုသည်လည်း ရွေးချယ်ခံရသောအချိန်၌ ရှင်ဘုရင်အဖြစ် ထိုက်တန်ခြင်း မရှိခဲ့ပါ။

ဘုရားသခင်က ဣသရေလ ရှင်ဘုရင်၏ အရည်အချင်းများကို မောရှေထံ ဖော်ပြတော်မူခဲ့ပါသည်။ သို့သော်လည်း၊ ယခုမှသာ ရှင်ဘုရင် ပိုင်ဆိုင်လာခဲ့ကြ၏။ ဒါဝိဒ်အား ဘိသိက်ပေးဖို့ရန် ရှမွေလအား မိန့်တော်မူခြင်းသည် ထာဝရဘုရား၏အလိုတော်အားဖြင့်ဖြစ်ပါသည်။ ရှမွေလကို ဗက်လင်မြို့သို့သွား၍ ယေရှဲ၏သားများထဲမှ တယောက်ကို ဘိသိက်ပေးဖို့ရန် ဘုရားသခင် မိန့်တော်မူ၏။ ထိုအခါ၊ ရှမွေလသည် ရှောလုကို ကြောက်သဖြင့် မချင့်မရဲဖြစ်ခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်က အထင်လွဲစရာကင်းသော နည်းလမ်းကို ပေးတော်မူခဲ့ပါသည်။ သူသည် နွားမတကောင်ကို ယူ၍ ယဇ်ပူဇော်မည်ဟု ယေရှဲနှင့်သူ့မိသားစုကိုလည်း ဖိတ်ခဲ့ပါသည်။ ထိုမြို့သားတို့သည် ရှမွေလကို မြင်ကြသောအခါ ကြောက်ကြ၏။ ပရောဖက်က စိုးရိမ်စရာ မရှိကြောင်း ပြောပြခဲ့ပါသည်။ ထို့နောက် ယေရှဲ၊ သူ့သားများနှင့် ယဇ်ပူဇော်ဖို့ရန် ပြင်ဆင်ခဲ့ပါသည်။

ဓမ္မဟောင်း ဝတ်ပြုခြင်းတွင် ယဇ်ပူဇော်ခြင်း ပါလေ့ရှိပါသည်။ ထိုအမှုကိုပြုဖို့ရန် ရှမွေလသည် ဘုရားသခင်၏ယဇ်ပုရောဟိတ်နှင့် ခေါင်းဆောင်ဖြစ်ပါသည်။ ယခု ယဇ်ပူဇော်ခြင်းသည် ရှမွေလ လာရခြင်း၏အဓိကအချက်ကို ကာကွယ်ခဲ့ပါသည်။ ထိုအမှုကို ပြီးစီးဆောင်ရွက်ခြင်း၌ ဘုရားသခင်က ရှမွေလကို လမ်းပြဦးဆောင်တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အစဉ် အဆုံးစွန်အာဏာ ရှိတော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ခေါင်းဆောင်တင်မြှောက်ခြင်း၌ ကိုယ်တော်၏အလိုတော်ကို ဝန်ခံမည်အကြောင်း မစတော်မူပါ။



ကြာသပတေး၊ နိုဝင်ဘာ (၁၄)
**၁ ရာ ၁၅း၁-၉**
ဆာလံ ၁၂၈ *" ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းခရီးတော်သို့ လိုက်သွားသမျှသောသူတို့သည် မင်္ဂလာရှိကြ၏"*

## ရှောလု၏ မစုံလင်သော နာခံခြင်း (၁)

တိုင်းပြည်တိုင်း၌ ဖြစ်သခဲ့သို့၊ ဣသရေလပြည်၌ ရှင်ဘုရင် ရာထူးသည် အလွန်အရေးကြီးလှပါသည်။ ရှင်ဘုရင်၏အားနည်းချက်တိုင်းသည် တိုင်းပြည်ကို ထိခိုက်စေနိုင်ပါသည်။ ရှောလုသည် မိမိ၏ရာထူးကို အလေးမထားခဲ့ဘဲ၊ ရှမွေလအားဖြင့် ဘုရားသခင် ပေးတော်မူသော ပညတ်တရားကို စုံလင်စွာ မလိုက်လျှောက်ခဲ့ပါ။ ရှောလု၏ နာမခံမှုသည် ကြီးမားသော ဆိုးကျိုးကို ဖြစ်စေမည်ဖြစ်ပါသည်။ ဤသည်ကား ရှင်ဘုရင်နှင့် ဣသရေလလူအပေါင်းအတွက် သင်ခန်းစာ ဖြစ်သင့်ပါသည်။ ဘုရားသခင်၏ ပညတ်တော်သည် အဆုံးစွန်အာဏာရှိတော်မူသည်ဖြစ်သောကြောင့်၊ လူတိုင်းသည် ဘုရားသခင်၏စကားတော်ကို အလေးထား နာခံရမည်ဖြစ်ပါသည်။

ရှောလုသည် ရှင်ဘုရင်ခဲ့ပြီး၊ ဣသရေလ၏ အိမ်နီးချင်းနိုင်ငံရန်သူများကို များစွာ တိုက်ခိုက်ခဲ့ပါသည်။ ပြည်သူလူထု၏ လက်ခံမှုနှင့် နာခံမှုကိုလည်း ရရှိခဲ့ပါသည်။ သူသည် အားနည်းချက်များ ရှိခဲ့သော်လည်း၊ ရှင်ဘုရင်အဖြစ် ဘုရားသခင် ဘိသိက်ပေးခြင်းခံရသောသူဖြစ်၏။ ထိုသို့ တိုင်းပြည်ကို ဦးဆောင် အုပ်ချုပ်စဉ်တွင် အရေးကြီးသတင်း ပေးဖို့ရန် ဘုရားသခင်က ရှမွေလကို စေလွှတ်တော်မူခဲ့ပါသည်။ မောရှေနှင့်ယောရှုခေတ်ကာလနည်းတူ၊ ဘုရားသခင်၏ပညတ်တရားတို့သည် တိကျ သေချာလှပါသည်။ ထို့ကြောင့် ဘုရားသခင်၏အမိန့်တော်ကို သေချာ နာခံဖို့လိုပါသည်။

ရှင်ဘုရင်သည် အာမလက်လူတို့အပေါ် လက်တုံ့ပြန်ဖို့ရန် အမိန့်ပေးခြင်းခံရ၏။ ထိုသို့ လက်တုံ့ပြန်ရခြင်းမှာ အဲဂုတ္တုပြည်မှ ဣသရေလ ထွက်လာခဲ့စဉ်တွင် အာမလက်လူတို့က တိုက်ခိုက်ခဲ့သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ယခုတွင် လက်တုံ့ပြန်ဖို့ရန် အချိန်ကျလာခဲ့သည်ဖြစ်၍ ဘုရားသခင်၏အမိန့်သည် ရှင်းလင်းလှပါသည်။ ရှောလုသည် အာမလက်မြို့၌ရှိသော သက်ရှိမှန်သမျှကို သတ်ရမည်ဖြစ်ပါသည်။

ရှောလုသည် ချက်ချင်း ဆောင်ရွက်ခဲ့ပါသည်။ တေလိမ်မြို့၌ ဣသရေလလူများကို စုဝေးစေလျက် ထောင်ပေါင်းများစွာရှိခဲ့ကြ၏။ အာမလက်မြို့ကို တိုက်ဖို့ရန် အသင့်ရှိခဲ့ကြပါသည်။ ရှောလုက ကေနိလူများအား အာမလက်လူတို့နှင့်အတူ ဖျက်ဆီးခြင်း မခံရဖို့ရန် သူတို့ထံမှ ထွက်သွားကြဖို့ မှာထားခဲ့ပါသည်။ အဲဂုတ္တုပြည်မှ ဣသရေလ ထွက်လာခဲ့စဉ် ကေနိလူတို့သည် ကောင်းမွန်စွာ ဆက်ဆံခဲ့သောကြောင့် ထိုသို့ မှာကြားခဲ့ခြင်းဖြစ်ပါသည်။ သူတို့သည်လည်း နာခံလျက် အာမလက်လူတို့ထံမှ ထွက်သွားခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - အပြစ်သား စီရင်ခြင်းအမှု၌ ဘုရားသခင်၏ တရားမျှတခြင်း ပေါ်လွင်၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ပညတ်တရားအားလုံးကို နာခံလိုပါ၏။

သောကြာ၊ နိုဝင်ဘာ (၁၅)

**၁ ရာ ၁၅**

ရောမ ၁၃း၁-၄

*"အစိုးရသော မင်းအာဏာစက်၏ အုပ်စိုးခြင်းကို လူတိုင်း ဝန်ခံစေ"*

## ရှောလု၏ မစုံလင်သော နာခံခြင်း (၂)

ထိုသို့ ကေနိလူများထွက်သွားပြီးနောက်တွင်၊ ရှောလုသည် အာမလက်လူတို့ကို တိုက်ခိုက်ခဲ့ပါသည်။ ဣသရေလသည် ကျယ်ပြန့်စွာ တိုက်ခိုက်လျက် အောင်မြင်မှုရခဲ့ပါသည်။ ထိုသို့ အောင်နိုင်သော်လည်း၊ ရှောလုသည် ဘုရားသခင်၏ပညတ်ချက်ကို ပြောင်းလဲ ပြင်ဆင်စပြုခဲ့၏။

သူတို့သည် ရှင်ဘုရင် အာဂတ်ကို အရှင်ဖမ်းခဲ့ကြပါသည်။ ထို့ပြင်၊ ဝဖြိုးသော သိုးနွားများနှင့် ကောင်းသောအရာများကို ယူခဲ့ကြ၏။ ရှောလု၏ အခွင့်ဖြင့် ဣသရေလလူတို့သည် ထိုအမှုကို ပြုကြခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်၏ပညတ်ချက်နှင့် ဆန့်ကျင်လျက်ရှိပါသည်။ ရှင်ဘုရင် ရာထူးသည် အလွန်အရေးကြီးသော ရာထူးဖြစ်ပြီး၊ ပြည်သူများကို စစ်ပွဲ၌ မည်သို့ဦးဆောင်သနည်းဟူသောအချက်နှင့် ဘုရားသခင်၏ပညတ်တရား လိုက်လျှောက်ခြင်းအမှုသည် သူ့အတွက် အဓိကကျသောအရာဖြစ်ပါသည်။ ဘုရားသခင်က ယခုတိုက်ပွဲတွင် ဣသရေလကို အောင်မြင်မှု ပေးတော်မူခဲ့၏။ သူ၏အစအဦး မှားယွင်းမှုက သူ၏အနာဂတ် ခရီးကို ညွှန်ပြခဲ့ပါသည်။ မိမိ၏အုပ်စိုးခြင်း အာဏာစက် တည်မြဲဖို့ရန် ဘုရားသခင်ထံမှ ဉာဏ်ပညာကို တောင်းလျှောက်ခဲ့သင့်ကြောင်း ရှောလု သိခဲ့ဖို့ လိုပါသည်။ ယခုတွင်၊ သူသည် ဘုရားသခင်၏လမ်းညွှန်ချက်များထက် လူ့အသိဉာဏ်ကို ရွေးချယ်ခဲ့ပါသည်။

ဆန့်ကျင်ခြင်းလမ်းကို သူ စလျှောက်လှမ်းခဲ့ပါသည်။ ဘုရားသခင်၏စကားတော်သည် ရှမွေလအားဖြင့် ရှောလုထံ ရောက်လာခဲ့ပါသည်။ ဤသတင်းသည် နှစ်သက်စရာကောင်းသော စကား မဟုတ်ခဲ့ပါ။ ရှောလု၏နာမခံခြင်းကြောင့် ရောက်လာသော စကားတော်ဖြစ်ပါသည်။ ထိုအမှုကြောင့် ဘုရားသခင်က ရှမွေလအား ဤသို့မိန့်တော်မူ၏ - "ငါသည် ရှောလုကို ရှင်ဘုရင်အရာ၌ ခန့်ထားသည် အမှုကြောင့် နောင်တရ၏။ သူသည် ငါ၏ပညတ်တို့ကို မကျင့် ငါ့နောက်သို့ မလိုက်၊ လမ်းလွှဲပြီဟု မိန့်တော်မူ၏။ ရှမွေလသည် ဝမ်းနည်း၍ တညဉ့်လုံး ထာဝရဘုရားအား ဟစ်ကြော်ပြီးလျှင်" (၁ ရာ ၁၅း၁၁)။ ဘုရားသခင်သည် ရှောလုကို ငြင်းပယ်ခဲ့သောကြောင့်၊ ရှမွေလသည် ဝမ်းနည်းခဲ့ပါသည်။

ရှမွေလသည် ရှောလုအတွက် တောင်းလျှောက်မှု ပြုခဲ့ပါသည်။ ဘုရင်က ဘုရားသခင်၏ ပညတ်ချက်ကို မိမိပြုခဲ့ပြီဟု ဆိုခဲ့ပါသည်။ ဘုရားသခင်သည် ရှမွေလထံ ဖော်ပြခဲ့ပြီး၊ ပရောဖက်ကလည်း ဘုရင်ပြုခဲ့သောအမှုကို သိခဲ့ပါသည်။ ရှမွေလသည် ဖြစ်ပျက်သောအရာအားလုံးကို သိလျက်၊ ရှောလုအား ဘုရားသခင်၏စိတ်သဘောကို ပြောပြခဲ့ပါသည်။ ရှောလုသည် ယောရှုခေတ်၌ ဖြစ်ပျက်ခဲ့သော အာခန်၏အမှုမှ သင်ခန်းစာ ယူခဲ့သင့်ပါသည်။ သို့သော်လည်း၊ ယခုအမှုတွင် ရှောလုသည် အပြစ် ကျူးလွန်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ထိရောက်သော ခေါင်းဆောင်မှုသည် ပညာနှင့်ယှဉ်သော အသိဉာဏ်မှ ပေါ်ပေါက်ခြင်း ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော် ပေးသော အသိဉာဏ်ကို လျစ်လျူမရှု မည်အကြောင်း မစတော်မူပါ။



စနေ၊ နိုဝင်ဘာ (၁၆)

**၁ ရာ ၁၅း၁၀-၃၅**

ဟေဗြဲ ၁၂း၂၅-၂၉

*"သင်တို့သည် မိန့်တော်မူသောသူ၏စကားတော်ကို မငြင်းမပယ်မည်အကြောင်း သတိပြုကြလော့"*

## ဘုရားသခင်သည် ရှောလုအား ရှင်ဘုရင်အဖြစ်မှ ဖယ်ရှားတော်မူ၏

ရှောလု၏နာမခံခြင်းကြောင့် ဘုရားသခင်က "ငါသည် ရှောလုကို ရှင်ဘုရင်အရာ၌ ခန့်ထားသည် အမှုကြောင့် နောင်တရ၏" (၁ ရာ ၁၅း၁၁) ဟု မိန့်တော်မူခဲ့ပါသည်။ Gill က ဤသို့ ရှင်းပြခဲ့ပါသည် - "ဤနောင်တရခြင်းသည် ဘုရားသခင်၏ ပြောင်းလဲခြင်း မရှိသော ဇာတိသဘောနှင့်ဆန့်ကျင်လျက် ဘုရားသခင်၏ စိတ်၊ ရည်ရွယ်ချက်နှင့် နှုတ်ထွက်စကား ပြောင်းလဲခြင်း မဟုတ်ပါ။ လူသည် တခုခု အမှား ကျူးလွန်သောအခါ၊ နောင်တရလျက် ထိုလမ်းမှ အခြားလမ်းသို့ လိုက်လျှောက် သကဲ့သို့ လူတို့သဘောပေါက်နိုင်အောင် ဖော်ပြခြင်းသာဖြစ်ပြီး၊ အပြင်ပန်းအဖြစ်အပျက် ပြောင်းလဲခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ဘယ်တော့မှ စိတ်နှင့်အလိုတော် ပြောင်းလဲခြင်း မရှိ၊ မပြောင်းလဲနိုင် ဖြစ်သောကြောင့်၊ မိမိ၏ အခွင့်တော်အောက်၌ ဖြစ်ပျက်သောအရာများသည် ပြောင်းလဲခြင်းရှိနိုင်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်သည် ဘယ်တော့မှ ပြောင်းလဲခြင်းမရှိပါ . . . " (John Gill's Exposition of the Entire Bible)။

ရှောလု၏နာမခံခြင်းသည် ထင်ရှားခဲ့၏။ ရှမွေလသည် သိုးနွားများ၏မြည်သံကို ကြားခဲ့ရပါသည်။ ရှမွေလ ရှောလုထံ ရောက်ခါစ၌ ရှောလုက အပြစ်မရှိသကဲ့သို့၊ ဘုရားသခင်၏ ပညတ်ချက်ကို ဆောင်ရွက်ခဲ့ပြီဟု ဆိုခဲ့ပါသည် (၁ ရာ ၁၅း၁၃)။ ထို့ဆိုလျှင်၊ ဤသိုးနွားများ၏မြည်သံသည် အဘယ်က လာသနည်းဟု မေးခဲ့ပါသည်။ ထိုသိုးနွားတို့ကို မသတ်ဘဲ နေရခြင်းမှာ ပြည်သူလူထုက ဘုရားသခင်ထံ ယဇ်ပူဇော်ဖို့ရန် ဖြစ်သည်ဟု ဆင်ခြေပေးခဲ့ပါသည် (၁ ရာ ၁၅း၁၅)။ အမိန့်တော်မူကား ထိုအရာအားလုံးကို ရှင်းရှင်း ဖျက်ဆီးရန်ဖြစ်ပါသည်။ သို့သော်လည်း၊ ရှောလုသည် ဘုရားသခင်၏ အမိန့်တော်ကို ဆန့်ကျင်ခဲ့ပါသည်။ ထိုသိုးနွားများနှင့် ရှင်ဘုရင် အာဂတ်ကို အသတ်ဘဲ ထားခဲ့၏။ စစ်ပွဲကို အောင်မြင်ခဲ့သော်လည်း၊ ဘုရားသခင်၏အမိန့်တော် နာမခံခြင်းက ရှင်ဘုရင်အဖြစ်မှ ကျဆုံးစေခဲ့ပါသည်။

ရှမွေလက ရှောလုအား၊ "ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့၊ မီးရှို့ရာယဇ် အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော။ အလိုတော်သို့ လိုက်ခြင်းသည် ယဇ်မျိုးထက် သာ၍ ကောင်း၏။ နားထောင်ခြင်းသည် သိုးထီး ဆီဥထက်သာ၍ ကောင်း၏" (၁ ရာ ၁၅း၂၂) ဟု မိန့်ဆိုခဲ့ပါသည်။ ရှင်ဘုရင် ပြုသည့်အပြစ်၊ နာခံမှု မရှိ၊ ဆန့်ကျင်ခြင်းအမှုသည် နတ်ဆိုးနှင့်ပေါင်းခြင်း၊ ခိုင်မာသောစိတ်သဘော ကဲ့သို့ဖြစ်ပါသည်။ ရှောလသည် ရှမွေလအား ဆွဲထားသဖြင့် ဝတ်လုံ စုတ်ပြဲခဲ့ပါသည်။ ထိုအဖြစ်အပျက်ကို လက္ခဏာအဖြစ် ရှမွေလ အသုံးပြုလျက် နိုင်ငံတော် ခွဲခြမ်းလိမ့်မည်ဟု ဟောခဲ့ပါသည်။ ရှင်ဘုရင်သည် ဘုရားသခင်၏စကားကို စုံလင်စွာ နာခံရမည်အကြောင်း မသိခဲ့သောကြောင့်၊ ရှောလုသည် ငြင်းပယ်ခြင်းခံရခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်ရေးရာအမှု ခေါင်းဆောင်ခြင်း၌ ဘုရားသခင်၏စကားတော် နာခံခြင်းသည် အဓိကကျသောအမှုဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖရာဘုရား၊ ကိုယ်တော်၏ပညတ်တရားအားလုံးကို ကိုယ်တော်၏သားသမီးတို့သည် သတိပြုကြမည်အကြောင်း မစတော်မူပါ။